http://www.dhammadownload.com

ဤစာအုပ်၌ နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ
၁၃၁၅-ခုနှစ်မှ ၁၃၆၄-ခုနှစ်အထိ မေးခဲ့ဖူးသော
ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း၊ သမုစ္စည်းပိုင်း၊
ပစ္စည်းပိုင်းနှင့် ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ
မေးခွန်းဟောင်းများကို စနစ်တကျ ဖြေဆိုထားသဖြင့်
စာသင်သားတိုင်း အားရပါးရ ကျက်မှတ်
ရတော့မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စာမျက်နှာ ညွှန်းသော အက္ခရာဝလိပါဝင်သည်။

သင်္ဂြိုဟ်မေးကွက် (အတွဲ-၂) အရှင်စန္ဒဇောတိ

နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲ
သင်္ဂြိုဟ်ဘာသာအတွက် အထူးထုတ်

# သင်္ဂြိုဟ်မေးကွက်

## (အတွဲ-၂)

ဒုတိယအကြိမ်

အရှင်စန္ဒဇောတိ
(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

http://www.dhammadownload.com



http://www.dhammadownload.com

အရှင်စန္ဒဇောတိ
(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

# သင်္ဂြိုဟ်မေးကွက်

## (အတွဲ-၂)

ရွှေမိုးအိမ်စာပေ
အမှတ်၁၉၊၂၀၊ ရွှေတိဂုံဘုရား
တောင်ဘက်ဈေးတော်ရုံ၊
ရန်ကုန်မြို့။
ဖုန်း (၀၁)၃၈၃၄၂၇၊ ၃၈၃၅၁၁၊ လိုင်းခွဲ-၁၈၄

http://www.dhammadownload.com

# သဂြိုဟ်မေးကွက် (အတွဲ-၂)

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အုပ်ရေ-၁၀၀၀

**အဖုံးဒီဇိုင်း** - မစိုးစိုး (စတားကာလာ)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၄၆၉/၂၀၀၄ (၈)နှင့် **စာမူခွင့်ပြုချက်အမှတ်** - ၄၈၉/၂၀၀၄ (၇)တို့အရ ဦးကျော်ဟင်း၊ **ယုံကြည်ချက်စာပေ၊** အမှတ် ၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဒေါ်စမ်းစမ်းအေး၊ **ရတနာ့ဂုဏ်ပုံနှိပ်တိုက်** အမှတ် ၅၁၊ လမ်း ၁၄၀၊ မအူကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

**တန်ဖိုး** - ၅၅၀ ကျပ်

**ဖြန့်ချိရေး**
ရွှေမိုးအိမ်စာပေ
အမှတ် ၁၉-၂၀၊ ရွှေတိဂုံဘုရား
တောင်ဘက်ဈေးတော်ရုံ၊
ရန်ကုန်မြို့။
ဖုန်း - (၀၁)၃၈၃၄၂၇၊ ၃၈၃၅၁၁၊ လိုင်းခွဲ- ၁၈၄

http://www.dhammadownload.com

# မာတိကာ


နိဒါန်း ... က

သောတုဇနများထံမှ ပေးစာများ ... ဍ

ဝိထိမုတ်ပိုင်းမေးကွက် ... ၁

ရုပ်ပိုင်းမေးကွက် ... ၁၂၁

သမုစ္စည်းပိုင်းမေးကွက် ... ၁၉၉

ပစ္စည်းပိုင်းမေးကွက် ... ၂၆၉

ကမ္မဋ္ဌာန်းပိုင်းမေးကွက် ... ၃၂၀

ထုတ်ဝေပြီးသောကျမ်းစာများ ... ၃၆၉

http://www.dhammadownload.com



http://www.dhammadownload.com



## နိဒါန်းစကားမှန်

### ကြောက်ဒူးတုန်ရသော ဘာသာ

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာများအနက် **အဘိဓမ္မာသင်္ဂြိုဟ်ဘာသာသည်** သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်၍ ခက်ခဲနက်နဲလှ၏။ သာမန်ဉာဏ်, လုံ့လ, ဝီရိယဖြင့် လွယ်ကူစွာ မသိနိုင်ပေ။

ကျမ်းရင်းအဓိပ္ပာယ်ကိုပင် ပိုင်နိုင်ကျွမ်းကျင်ဖို့ ခက်ခဲ၏။ အကယ်၍ ပိုင်နိုင်ကျွမ်းကျင်စေကာမူ လောကသဘာဝများနှင့် ဆက်စပ်၍ လှည့်ပတ်မေးသောအခါ

http://www.dhammadownload.com


စာသင်ပို့နှ မြတ်သောတုတို့ မဖြေတတ်ကြဘဲ စမ်းတဝါးဝါး နိုင်လှပေသည်။ ထို့ကြောင့် သင်္ချိုဟ်ဘာသာကို စာသင်သား တိုင်း ကြောက်ဒူးတုန်ရသော ဘာသာအဖြစ် ထင်မှတ်ကြလေ သည်။

## ကယ်မ,နေသော ကျမ်းစာများ

ခက်ခဲနက်နဲသော သင်္ချိုဟ်ဘာသာကို အလွယ်တကူ လေ့လာနိုင်ရန် စာရေးဆရာပေါင်းစုံတို့က မိမိတို့ ရှုထောင့်မှ နေ၍ ကျမ်းစာအုပ်များရေးသားခဲ့ရာ သင်္ချိုဟ်ဘာသာဋီကာ၊ သင်္ချိုဟ်ဗားကရာနိဿယ၊ အခြေပြုသင်္ချိုဟ်၊ ကိုင်းကုန်း သင်္ချိုဟ် ဆိုးရိုးကျမ်း၊ သင်္ချိုဟ်သရုပ်ခွဲကျမ်း၊ အဘိဓမ္မာ လက်ဆောင်၊ ကူညီရေးအဘိဓမ္မာ၊ သင်္ချိုဟ်ရှင်းတမ်း၊ တကယ့်သင်္ချိုဟ်၊ အာဂုံဆောင်အဘိဓမ္မာ စသည်အားဖြင့် များပြောင်လှပေသည်။

## စာမေးပွဲတို့၏ လမ်းပြကြယ်

စာမေးပွဲတစ်ပွဲကို ထိပ်တန်းက ထူးထူးချွန်ချွန် အောင်မြင်စေရန် ကျက်စားရရုံဖြင့် မပြီးသေးပေ။ စာမေးပွဲ ဖြေဆိုတတ်ဖို့လည်း အရေးကြီးသည်။ စာမေးပွဲဖြေဆို

http://www.dhammadownload.com



တတ်ရန်မှာလည်း ပုစ္ဆာဟောင်းများကို စနစ်တကျ လေ့လာမှသာ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် အကျော်အမော် ဆရာတော်တို့က **ပုစ္ဆာဟောင်းထက် ကောင်းသော ဆရာ မရှိ**ဟု မှတ်ချက်ပြုထားလေသည်။ စာရေးသူက အကျော် အမော် ဆရာတော်တို့၏ အဆိုအမိန့်ကိုမပယ်ဝံ့ပါ။ သို့သော် လည်း စာဖြေသူတွေ စာဖြေတတ်အောင် လမ်းပြတတ်သဖြင့် **စာမေးပွဲတို့၏ လမ်းပြကြယ်**ဟုတော့ ထပ်ဆင့် ဆိုချင်ပေ သည်။

## အဖြေစုံတို့၏ ကျေးဇူးရှင်များ

စာမေးပွဲတို့၏ လမ်းပြကြယ်ဖြစ်သော ပုစ္ဆာဟောင်း များကို စနစ်တကျဖြေဆိုပြီး ကျမ်းစာပြုစုသူများအနက် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် **တိုက်အုပ်ဆရာတော် အရှင်တိလောကာဘိဝံသ (အနေကဂန္ထကာရက)**သည် ပထမ ဦးဆုံး ပုဂ္ဂိုလ်ထူးဖြစ်သကဲ့သို့ ကျေးဇူးအများဆုံး ပုဂ္ဂိုလ်ထူး အဖြစ်လည်း မှတ်တမ်းတင်ထိုက်လှသည်။ ဆရာတော်သည် အစိုးရပါဠိပထမပြန် စာမေးပွဲပုစ္ဆာဟောင်းများကို စနစ်တကျ ဖြေဆို၍ **အဖြေစုံကျမ်းစာများကို** အတန်းလိုက် ခွဲခြား ထုတ်ဝေခဲ့ရာ စာသင်သားတိုင်း လက်စွဲပြု ကြရလေသည်။

http://www.dhammadownload.com


ရန်ကုန်တိုင်း၊ သာသနာရေးမှူး **ဦးစံသင်းလှိုင် (သ–စ–အ ဓမ္မာစရိယ၊ ပထမကျော်)** က ပထမပြန်အဖြေစုံများ ထုတ်ဝေခဲ့ပြီး **၄–ဘွဲ့ရဓမ္မာစရိယ အရှင်သီလာစာရာဘိဝံသ** ကလည်း အစိုးရဓမ္မာစရိယ ပုစ္ဆာဟောင်းများကို ဖြေဆို၍ **နည်းပြဓမ္မာစရိယ** အဖြစ်ထုတ်ဝေခဲ့ရာ အဖြေစုံတို့၏ ကျေးဇူးရှင်များအဖြစ် မှတ်တမ်းတင်ထိုက်ပေသည်။

## တစ်ခါတုန်းက ရှေးအိပ်မက်များ

စာမေးပွဲပုစ္ဆာထုတ်ရာ၌ အဓိပ္ပါယ်ကောင်းနိုးရာရာတို့ကိုသာ ရွေးချယ်၍ ထုတ်တတ်ကြ၏။ စာရေးသူ စာသင်သားငယ်ဘဝတွင်လည်း ကောင်းနိုးရာရာတွေကိုသာ ရွေးချယ်၍ ဆွမ်းခံသွားရင်းပင် အားလပ်ချိန်မထားဘဲ ကျက်မှတ်ဖူး၏။ ထို့ကြောင့်ပင် ဆွမ်းခံသွားချိန်၌ ယာဉ်အန္တရာယ်ကို ဂရုမစိုက်ဘဲ စာကိုသာဖိကျက်ခဲ့ရာ ဆိုက်ကားတစ်ကြိမ်, မော်တော်ကားတစ်ကြိမ် ဝင်တိုးဖူး၏။ ကံကောင်းထောက်မ၍သာ အသက်မသေခြင်း ဖြစ်သည်။ ထိုစဉ်က ကောင်းနိုးရာရာတွေကိုသာ ထုတ်နှုတ်ရေးသားထားသော ကျမ်းစာအုပ်များ ပေါ်ထွက်လာလျှင် ကောင်းမှာပဲဟု ရှေးအိပ်မက်များ မက်ကာ ကောင့်တဖူးလေသည်။

http://www.dhammadownload.com



## ရွှေအိပ်မက်မှ နိုးထခြင်း

ယခုအခါ တစ်ခါတုန်းက ရွှေအိပ်မက်များမှ နိုးထသည့်အနေဖြင့် နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ၁၃၂၃–ခုနှစ်မှ ၁၃၆၄–ခုနှစ်အထိ မေးခဲ့သမျှ ပုစ္ဆာပဟောင်းများကို စုစုစည်းစည်း ဖြေဆိုကာ **သဂြိုဟ်မေးကွက်**ဟူသော အမည်ဖြင့် ရေးသားခဲ့ရာ စာမျက်နှာ–၆၀၀ ကျော်သဖြင့် အင်မတန်ထူထဲသော စာအုပ်ကြီးတစ်အုပ် ဖြစ်နေပေသည်။ ထို့ကြောင့် **ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း၊ သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်းနှင့် ကမ္မဋ္ဌာန်းပိုင်း**တို့ကိုခွဲထုတ်၍ **အတွဲ–၂** အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။

## စာသင်သားတိုင်းက မေးကြပြီ

စာရေးသူ ရေးသားထုတ်ဝေထားသော စာအုပ်တိုင်း၌ **သဂြိုဟ်မေးကွက်နှင့် သဒ္ဒါမေးကွက်**များ ထုတ်ဝေမည်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် စာသင်သားတိုင်းက စာအုပ်ဈေးကွက်၌ ၎င်းစာအုပ်များ ရ–မရ နေ့စဉ်နီးပါး ကြွရောက်မေးမြန်းကြသည်။ အချို့က စာရေးသူထံ ဖုန်းဆက်၍ပင် အားမလိုအားမရ တိုက်ရိုက် မေးကြပြန်လေသည်။

http://www.dhammadownload.com


## စင်္ကာပူမှာ တစ်လကြာ

စာသင်သားတိုင်းက မေးကြသည့်အလျောက် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်၏ အဖြေစုံကျမ်းများ၊ အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ အခြေပြုသင်္ဂြိုဟ်၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ သင်္ဂြိုဟ်ရှင်းတမ်းစသော ကျမ်းပေါင်းများစွာကို မှီငြမ်း၍ သင်္ဂြိုဟ်မေးကွက်ကို ရေးသားခဲ့ရာ နတ်တော်လကပင် ပြီးစီးခဲ့သည်။ သို့သော်လည်း ၎င်းလထဲမှာပင် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ တစ်လကြာ သာသနာပြုခရီးကြွရသဖြင့် စာအုပ်အဖြစ် မရောက်ဘဲ ကြန့်ကြာနေရလေသည်။

## သံသရာရိက္ခာထုပ် ထုပ်ပါရစေ

စင်္ကာပူမှပြန်ရောက်ပြီးနောက် သင်္ဂြိုဟ်မေးကွက်စာအုပ်ရိုက်ရန်စိစဉ်သော်လည်း စာရေးသူမှာ ဇာတိရပ်ရွာဖြစ်သော တပ်ကုန်းမြို့နယ် အင်ပင်တောင်ရွာ **အင်ပင်တောင်ကျောင်း**၌ မိမိအတွက် သံသရာရိက္ခာထုပ် ထုပ်ရန်နှင့် ကွယ်လွန်ကြပြီးသော **ခမည်းတော် ဦးတင်အောင်+မယ်တော် ဒေါ်ခင်ကြည်** ကျေးဇူးရှင် မိဘနှစ်ပါးတို့အား ကျေးဇူးဆပ်အမျှဝေရန်

http://www.dhammadownload.com



ဟူသော ရည်ရွယ်ချက်နှစ်ရပ်တို့ဖြင့် **သိက္ခာထပ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ**လုပ်ရန် စီစဉ်ထားပြီးဖြစ်၍ နှောင့်နှေးနေရပြန်သည်။

ချဲ့ပါဦးမည်– စာရေးသူသည် ၁၃၆၄–ခုနှစ် တော်သလင်းလတွင် အသက်ခန္ဓာ စိုးရိမ်ရလောက်အောင် ကျန်းမာရေးပျက်ယွင်းနေစဉ် "ဒီအချိန်မှာ သေရဲပြီလား" ဟု မိမိကိုယ်ကို မေးကြည့်ရာ ကုသိုလ်အားနည်းသေးလို့ မသေရဲသေးကြောင်း အဖြေရသဖြင့် မှတ်မှတ်ရရ ကုသိုလ်များများပြုမည်ဟုဆုံးဖြတ်ပြီး ၁၃၆၅–ခုနှစ် တပေါင်းလဆန်း ၈–ရက် (၂၇–၂–၂၀၀၄) နေ့တွင် ဇာတိရွာ အင်ပင်တောင်ကျောင်း၌–

၁။ ငွေတောင်ဆရာတော်၊ မြို့ဦးဆရာတော်၊ မဟာသီဟ နာဒဆရာတော်၊ မြောက်မြို့ကျ်ဆရာတော်၊ အိုင့်ကျယ်ကျောင်းသစ် ဆရာတော်၊ အရှေ့သရက်ပင် ဆရာတော်၊ အင်ပင်တောင်ကျောင်း ဆရာတော်၊ အင်ပင် အရှေ့ကျောင်း ဆရာတော်၊ အင်ပင် မြောက်ကျောင်း ဆရာတော်၊ ကျောင်းရွာကျောင်း ဆရာတော် စသော တပ်ကုန်း မြို့နယ်မှ သက်တော်ရှည်ဆရာတော်ကြီး ၁၀ ပါး

http://www.dhammadownload.com



တို့အား သိက္ခာထပ်ပူဇော်ခြင်း၊

၂။ ပင့်သံဃာတော် ၈၁-ပါးတို့အား ခရီးဆောင်အိတ်နှင့် နဝကမ္မများ လှူဒါန်းခြင်း၊

၃။ သာမဏေ ၆၂-ပါးတို့အား နဝကမ္မနှင့် ဆပ်ပြာမွှေးများ လှူဒါန်းခြင်း၊

၄။ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ၁၀-ပါးတို့အား ဝတ်စုံများ လှူဒါန်းခြင်း၊

၅။ ဘိုးသက်ရှည်၊ ဘွားသက်ရှည် (၁၁၇) ဦးတို့အား ဝတ်စုံများ လှူဒါန်းခြင်း၊

၆။ ညှော့ပရိသတ်များအား ပလပ်စတစ်ယပ်တောင်များ လှူဒါန်းခြင်း၊

၇။ ပင့်သံဃာတော်များ၊ သာမဏေများနှင့် သာသနာ့နွယ် သီလရှင်ဆရာကြီးများအား ဆွမ်းများ ဆက်ကပ်ခြင်း၊

၈။ ညှော့ပရိသတ်များအား ညှော့ခံကျွေးမွေးခြင်း၊

၉။ ၂၃-ဌာန အလှူတော်များ ရေစက်ချလှူဒါန်းခြင်း

http://www.dhammadownload.com



စသည်ဖြင့် သံသရာရိက္ခာထုပ်ကို မှတ်မှတ်ရရ ကြီးကြီးမားမား ထုပ်ခွင့်ရလေသည်။

ထိုသို့ သံသရာရိက္ခာထုပ် ထုပ်ရာ၌ **တပ်ကုန်း၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ** ထင်ရှားကျော်ကြား တော်မူကြသော အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ **ဇောတိကဓဇ၊** စာချဘွဲ့တံဆိပ်တော်ရ သက်တော်ရှည် ဆရာ တော်ကြီးများကိုယ်တိုင် စုံစုံလင်လင် ကြွရောက် ချီးမြှောက် တော်မူကြသဖြင့် အင်မတန် ကြည်နူးဖွယ်ကောင်းလှသည်။ တပ်ကုန်းမြို့မှ **ငွေတောင်တောရ ဆရာတော်၊ မြို့ဦး ဆရာတော်၊ မဟာသိဟနာဒ ဆရာတော်၊ ရွှေးစုဆရာတော်၊ ဝဲကြီးဆရာတော်**တို့ ကြွတော်မူကြ၍ ရမည်းသင်းမြို့မှ **မုစလိန္ဒာဆရာတော်၊ ရန်အောင်မင်းကျောင်း ဆရာတော်၊ ရန်အောင်မြင် ဆရာတော်**တို့ ကြွတော်မူပြီး ပျော်ဘွယ်မြို့မှ **နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ရေလယ် ဆရာ တော်ကြီး**တို့ မအားလပ်သည့်ကြားမှ ဖုန်တထောင်းထောင်း ထနေသော အင်ပင်ရွာကို ကြွရောက် ချီးမြှောက်တော်မူ ကြသဖြင့် သာသနာတော်ကို အားပေးချီးမြှောက်တော်မူ ကြသည့်ဂုဏ်ကို ကြည်ညိုလို့ မဆုံးနိုင်ပေ။

ထို့အပြင် **တပ်ကုန်းမြို့ သင်္ဂီရတနာ သီလရှင်စာသင်**

http://www.dhammadownload.com



**တိုက် ပဓာနနာယက ဆရာကြီးဒေါ်ပညာသီဂီ (မဟာဂန္ထဝါစကပဏ္ဍိတ)** နှင့် ဥက္ကာရာဓေယျ **သီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီး**တို့သည် တပ်ကုန်းမြို့နယ်မှ မည်သည့် တောရွာများကိုမျှ မရောက်ဖူးကြဘဲ ဖုန်တထောင်းထောင်း ထနေသော အင်ပင်ကျေးတော ဇနပုဒ်သို့ ထူးထူးခြားခြား ကြွရောက်၍ ချီးမြှောက်အားပေးကြသည့်အပြင် အချို့ပွဲများပါ စေတနာသဒ္ဒါ ရက်ရောစွာ လှူဒါန်းကြမှုများကား ချီးကျူးရမည့် ပါရမီရှင်ကြီးများပင်။ ထို့အပြင် ရန်ကုန်မြို့မှ **ချမ်းသာအောင်မြင်နှင့် သုခစုစ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးချမ်းသာ**နှင့် မိဘများ၊ **ဦးမင်းနောင်+ဒေါ်ရီရီလေး၊ ကေတုဝင်းထွန်း၊ သန်းမြတ်စိုး၊ တင်ဦးလေး၊ တက္ကသိုလ်ကိုကိုဇော်၊ မောင်ဟာမာ(ခ) ဘေးသံရှင် မောင်မောင်အေး၊ အကယ်ဒမီ မြင့်မြင့်ခင်၊ ရွှေရိုဝင်း၊ စိမ်းလဲ့လဲ့၊ စောင်း–ခင်မာသီ** စသော နိုင်ငံကျော် အဆိုတော်များနှင့် **စန္ဒယားမောင်ခင်လှ**နှင့် တီးဝိုင်းအဖွဲ့တို့ကလည်း တက်ရောက်ကြည်ညို၍ ကုသိုလ်ယူဖျော်ဖြေကြရာ ကြီးမားသော သံသရာရိက္ခာထုပ်ပွဲကြီးကား အောင်မြင် စည်ကားလှပေသည်။

http://www.dhammadownload.com



## တကယ့်သဂြိုဟ် ထွက်ဦးမည်

အထက်ပါ ကုသိုလ်ပွဲများပြုလုပ်ပြီးနောက် စာသင်သားတိုင်း မျှော်လင့်နေသော **သဂြိုဟ်မေးကွက်**ကို အမြန်ရိုက်နှိပ်ကာ ဖြန့်ဝေလိုက်ပါပြီ။ သို့သော် ဤစာအုပ်၌ သဂြိုဟ်အဓိပ္ပါယ်ကို ပြည့်ပြည့်စုံစုံ ရေးသားထားမည် မဟုတ်ပါ။ ပုစ္ဆာပဟောင်းများကိုသာ စနစ်တကျ ဖြေဆိုထားပေသည်။ ထို့ကြောင့် စာသင်သားတိုင်း လက်ကိုင်သုံးစွဲနိုင်ရန် သဂြိုဟ်အဓိပ္ပါယ်များကို ပြည့်ပြည့်စုံစုံ ရေးသား၍ **တကယ့်သဂြိုဟ်**အမည်ဖြင့် စာအုပ်ထုတ်ဝေရန် စီစဉ်နေပါပြီ။ ယခုအချိန်၌မူ ဤမျှဖြင့်သာ ကျေနပ်နှစ်သိမ့်တော်မူကြပါရန် အနူးအညွတ် ခွင့်ပန်အပ်ပါသည်။

ဤကျမ်းစာအုပ်ဖြင့် တပ်ကုန်းမြို့နယ် အင်ပင်တောင်ကျောင်း ဆရာတော် ဦးကုသလ၊ ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Phd. တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ)၊ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ (တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇ မဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသ

http://www.dhammadownload.com



(Phd. အဂ္ဂမဟာပဏ္ဍိတ) စသော ကျေးဇူးရှင်ဆရာသမား အပေါင်းအား ဦးနှိပ်ကော်ရော် ပူဇော်အပ်ပါသည်။

**အရှင်စန္ဒောဘာသ**
(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)
အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်
အောင်သိဒ္ဓိကျောင်း၊ ပရိယတ္တိစာသင်တိုက်
ဓမ္မသုခကျောင်းတိုက်
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်။
ဖုန်း–(၀၉) ၅၀၁၀၅၀၆၊ (၀၁) ၃၈၀၈၇၅
(၁၈–၃–၂၀၀၄)



http://www.dhammadownload.com



# သောတုဇနများထံမှ ပေးစာများ

ဆရာတော် အရှင်စန္ဒဇောတိဘုရား၊ ဆရာတော်ထွက်ပေါ်ခဲ့ပြီးလေသမျှ စာအုပ်များသည် ဘုရား တပည့်တော်တို့ စာမေးပွဲများကို လုံး၀ အထောက်အကူများများ ပေးနိုင်ပါတယ်။ အခုဆိုရင် **မင်းမရှိတဲ့တိုင်းပြည်၊ လင်မရှိတဲ့မယား** မသင့်တော်သလို အာဂုံဆောင်မရှိတဲ့ စာသင်သားဟာလဲ မသင့်တော် မတိုးတက်လို့ ဆိုနေကြပါတယ်ဘုရား။ ဆရာတော့် စာအုပ်များမှာ လိုလေသေးမရှိအောင် ပြည့်စုံကောင်းမွန်နေပါတယ်ဘုရား။ ဒါကြောင့် ဆရာတော့် **အာဂုံဆောင်ကျမ်းစာများ**ကို စာသင်သားတိုင်း အမြဲလက်ကိုင် အားထားအသုံးပြုနေကြပါတယ်ဘုရား။ ဆရာတော့် အာဂုံဆောင်ကျမ်းစာအုပ်များ ပေါ်ထွက်လာတာ ဘုရားတပည့်တော်နှင့် စာသင်

http://www.dhammadownload.com



သားအများအတွက် **အနည်းကပ် ဆရာတစ်ဆူ**ပေါ်ထွက်သကဲ့သို့ ဝမ်းသာမဆုံး ဖြစ်နေကြပါတယ်။ အာဂုံဆောင်ကျမ်းများကို ဒီထက်မက ပြုနိုင်ပါစေလို့လဲ ဘုရားတပည့်တော် ဆုတောင်းနေပါတယ်။ ဆရာတော့်စာအုပ်များဟာ ဈေးနှုန်းမျှသောကြောင့် **သဂြိုဟ်သရုပ်ခွဲကျမ်း**ကို ထပ်မံ၍ ထုတ်စေစေချင်ပါတယ်ဘုရား။ စာသင်သားများဟာ တောင်းမျှော်မှန်းလျက် ရှိနေပါတယ်ဘုရား။ ဆရာတော်ကိုယ်တိုင်လာရောက်သင်ကြားမပေးပေမယ့် ကိုယ်တိုင်လာရောက် သင်ကြားပေးသကဲ့သို့ ဆရာတော့် အာဂုံဆောင်ကျမ်းများဟာ ဉာဏ်ပညာများ တိုးတက်မှုရှိပါတယ်ဘုရား။ အချိန်ကုန်လူပမ်းလဲ သက်သာပါတယ်ဘုရား။ အခုဆိုရင် ဘုရားတပည့်တော်မှာ **ပါတိမောက်အဓိပ္ပာယ်၊ (အငယ်) အာဂုံဆောင်ရူပသိဒ္ဓိနှင့် အာဂုံဆောင်ဋီကာကျော်** ဤကျမ်းစာများလိုအပ်နေ၍ ပညာရေးနှင့်စာမေးပွဲမှာ အခက်အခဲ ဖြစ်နေပါတယ်ဘုရား။

ဘုရားတပည့်တော်အား ဤစာများဖြင့် ပညာရည်နို့ချို တိုက်ကျွေးပေးတော်မူပါဘုရား။ ပညာပါရမီဖြည့်ဆည်းပေးတော်မူပါဘုရား။

http://www.dhammadownload.com



သဒ္ဒါတရား ပြည့်ဝတဲ့ အရှင်သခင်
သောတုဇနေတိုင်းရဲ့ အာဂုံဆောင်ဆရာသခင်
အရှင်စန္ဒောဘတိ အသက်ရှည်ကျန်းမာ၍
အာဂုံဆောင်ကျမ်းများ ပြုနိုင်ပါစေလို့
ဘုရားတပည့်တော်က ထာဝရဆုမွန်ချွေလျက် –

ရှင်သီဟ (စ/လ)
သိက်ကုန်းကျောင်းတိုက်
အမှတ် (၂) ရပ်ကွက်၊
မြင်းခြံမြို့။

မှတ်ချက်။ ။ သောတုဇန စာသင်သားများစွာတို့ ထံတော်မှ စာရေးသူထံ စာပေါင်းများစွာ ရောက်ရှိလာကြပါသော်လည်း စာမျက်နှာကို ငဲ့ကွက်၍ ဤတစ်စောင်ကိုသာ ဖော်ပြခြင်းကို သည်းခံကျေနပ်ကြစေချင်ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

# သဂြိုဟ်မေးဖြေ

## အတွဲ-၂

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၅-ဝီထိမုတ်ပိုင်းမေးဖြေ

## ဘူမိစတုက္က

□ သန္ဓိယံ ဒါနိဝုစ္စတိ-၌ သန္ဓိ-အရ မုချ ဥပစာ

သန္ဓိ-အရ မုချအားဖြင့် ပဋိသန္ဓေအခါ၊

ဥပစာအားဖြင့် ပဋိသန္ဓေနှင့်နီးသော စုတိအခါ။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ၃၁–ဘုံအမည်များ

နေဝသညာနာသညာယတန၊ အာကိဉ္စညာယတန၊ ဝိညာဏဉ္စာယတန၊ အာကာသာနဉ္စာယတန၊ အကနိဋ္ဌာ၊ သုဒဿီ၊ သုဒဿာ၊ အတပ္ပါ၊ အဝိဟာ၊ ဝေဟပ္ဖိုလ်၊ အသညသတ်၊ ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘ ကိဏှာ၊ ပရိတ္တာဘာ၊ အပ္ပမာဏာ၊ အာဘဿရာ၊ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မာပုရောဟိတာ၊ မဟာဗြဟ္မာ၊ ပရနိမ္မိတ ဝသဝတ္တီ၊ နိမ္မာနရတီ၊ တုသိတာ၊ ယာမာ၊ တာဝတိံသာ၊ စာတုမဟာရာဇ်၊ လူ့ဘုံ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်။ (၁၃၆၂–ခု အကြီးတန်း)

## ❑ နိရယအဓိပ္ပာယ်

ချမ်းသာသုခမှကင်းသောကြောင့် နိရယ မည်သည်။ (၁၃၆၃–ခု အကြီးတန်း)

## ❑ တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံဟူသည်

တိရစ္ဆာန်, ပြိတ္တာတို့အတွက် သီးခြားပိုင်းခြားသတ်မှတ်ထားသော ဘုံမရှိသောကြောင့် ထိုတိရစ္ဆာန်, ပြိတ္တာတို့၏ ခန္ဓာကိုယ်သည်ပင်လျှင် တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ ဖြစ်သည်။ (၁၃၆၁–ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ တစ်နည်း

ထိုတိရစ္ဆာန်, ပြိတ္တာတို့၏အမြဲနေရာ တော, တောင်ခြေ စသည်သည် တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ ဖြစ်သည်။
(၁၃၆၁-ခု အလတ်တန်း၊ ၆၂-ခု, ၆၃-ခုအကြီးတန်း)

## ❑ လူမိန်းမ၏ဝမ်း၌ ပဋိသန္ဓေနေ၍ မွေးဖွားလာသော သတ္တဝါကို တိရစ္ဆာန်၌ သွင်းယူရခြင်းအကြောင်း

လူမိန်းမမှမွေးသော တိရစ္ဆာန်သတ္တဝါကို တိရစ္ဆာနယောနိ၌ အကျုံးဝင်သောကြောင့် ထိုတိရစ္ဆာန်၌သာ ရေတွက်ယူရမည်။ (၁၃၆၄-ခု အကြီးတန်း)

## ❑ လူ့ဘုံ၌နေထိုင်ကြသော တိရစ္ဆာန်, ပြိတ္တာတို့၏ ဘုံအရ

တိရစ္ဆာန်, ပြိတ္တာတို့အတွက် သီးခြားသတ်မှတ်ထားသော အရပ်မရှိသောကြောင့် တိရစ္ဆာန်ပြိတ္တာတို့၏ ခန္ဓာကိုယ်ကိုပင် ဘုံအရ ယူရမည်။

တစ်နည်း။ ။ တိရစ္ဆာန်ပြိတ္တာတို့ အမြဲနေရာ ဖြစ်သော တော, တောင်ခြေ စသော အရပ်သည် တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံဖြစ်သည်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



## ❑ အသုရကာယော–အရ

ပြိတ္တာအသုရာ၊ နတ်အသုရာနှစ်မျိုးတို့တွင် နတ်အသုရာ ကို တာဝတိံသာနတ်တို့၌ သွင်းယူခြင်းကို အလိုရှိအပ်သောကြောင့် အသုရကာယော၌ ပြိတ္တာ အသုရာ တို့ကိုသာ ယူရမည်။

(၁၃၆၄–ခု အလတ်တန်း၊ ၂၉–ခု, ၆၁–ခု, ၆၂–ခု, **၆၄–ခု အကြီးတန်း**)

## ❑ မနုဿအဓိပ္ပာယ်

သတိ, သူရဘာဝ, ဗြဟ္မစရိယ, ယောဂျ အစ ရှိသော ဂုဏ်တို့ဖြင့် မြင့်မြတ်သောစိတ်ရှိသောကြောင့် မနုဿ မည်ပါသည်။ (တစ်နည်း) ကမ္ဘာဦးအခါက မနုအမည်ရှိသော အစစ္စာသော မင်း၏ သားသမီးများ ဖြစ်ကြသောကြောင့် မနုဿမည်ပါသည်။

## ❑ (က) မုချမနုဿ=လူအစစ်

## (ခ) ဥပစာရမနုဿ=လူအတု

(က) ဇမ္ဗူဒိပ်ကျွန်းနေ လူများ။

(ခ) အခြားကျွန်းနေလူများ (၁၃၆၄–ခု အလတ်တန်း)

## ❑ အကနိဋ္ဌအဓိပ္ပာယ်

အကောင်းမြတ်ဆုံး စည်းစိမ်ရှိကုန်သည်ဖြစ်၍ သေးငယ်သည်၏အဖြစ် မရှိသောကြောင့် အကနိဋ္ဌ မည်ပါသည်။ (၁၃၆၁–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ကမ္ဘာပေါ်ရှိ ပုထုဇဉ်လူသားအမျိုးအစား

ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် ပုထုဇဉ်အားဖြင့် ၄-ယောက်။

၁၃၆၄-ခု အကြီးတန်း)

## ❑ ရန်ကုန်မြို့၌ နေထိုင်ကြသော ပုထုဇဉ်များ

ဒုဂ္ဂတိအဟိတ်ပုထုဇဉ်၊ သုဂတိအဟိတ် ပုထုဇဉ်၊ ဒွိဟိတ်ပုထုဇဉ်၊ တိဟိတ်ပုထုဇဉ်အားဖြင့် လေးမျိုးသော ပုထုဇဉ်များ မှီတင်းနေထိုင်လျက်ရှိကြပါသည်။

(၁၃၄၆-ခု အငယ်တန်း)

## ❑ မန်းမြို့တနိုး စည်တယ်ဆို့ ပုဂ္ဂိုလ်ဘယ်နှစ်ယောက်

၁၂-ယောက်

## ❑ လူ့ပြည်၌ ရနိုင်သောပုဂ္ဂိုလ်များ

သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်အားဖြင့် ပုထုဇဉ် ၃-ယောက်၊ မဂ္ဂဋ္ဌာန် ၄-ယောက်၊ ဖလဋ္ဌာန် ၄-ယောက်အားဖြင့် အရိယာ ၈-ယောက်၊ ပေါင်း ၁၁-ယောက်။ (၁၃၆၂-ခု အလတ်တန်း)

## ❑ ပုထုဇဉ်သာ ရသောဘုံ

အသညသတ်ဘုံ၊ အပါယ်ဘုံ

http://www.dhammadownload.com


❑ **အရိယာသာ ရသောဘုံ**

သုဒ္ဓါဝါသ ၅-ဘုံ။ (၁၃၆၁-ခု၊ ၆၃-ခု အငယ်တန်း)

❑ **နှစ်ပါးစုံရှိသောဘုံ**

ကာမသုဂတိ ၇-ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် သော ရူပါ ၀၈၇-၁၀၊ အရူပ ၄-ဘုံ။

(၁၃၆၃-ခု, ၆၄-ခု အလတ်တန်း)

❑ **(က) ပုထုဇဉ်ပုဂ္ဂိုလ် လုံးဝမရှိသောဘုံ**
**(ခ) အရိယာပုဂ္ဂိုလ် လုံးဝမရှိသောဘုံ**
**(ဂ) ပုထုဇဉ်အရိယာနှစ်ပါးစုံရှိသောဘုံ**

(က) သုဒ္ဓါဝါသငါးဘုံ၊
(ခ) အသညသတ်ဘုံ, အပါယ်ဘုံ
(ဂ) သုဒ္ဓါဝါသ, အသညသတ်, အပါယ်မှ ကြွင်းသော ဘုံများ။

❑ **၃၁-ဘုံတွင် ပုထုဇဉ်တို့ မကျင်လည်ဘူးသောဘုံ**

အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌာဘုံ။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



**❒ သုဒ္ဓါဝါသ ၅-ဘုံ၌ တိဟိတ်ပုထုဇဉ် မဖြစ်နိုင်**

ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ-ကို ထောက်၍ သုဒ္ဓါဝါသဘုံ၌ တိဟိတ်ပုထုဇဉ် မဖြစ်နိုင်ပါ။ (၁၃၆၄-ခု အလတ်တန်း)

**❒ ပုထုဇဉ်တို့ မဖြစ်ဘူးသောဘုံ**

သုဒ္ဓါဝါသ ၅-ဘုံ။ (၁၃၆၄-ခု အငယ်တန်း)

**❒ အရိယာမရှိနိုင်သောဘုံ**

အသညသတ်ဘုံ၊ အပါယ်လေးဘုံ။

(၁၃၆၄-ခု အငယ်တန်း)

**❒ အပါယ်ဘုံ၌ ရသော ပုဂ္ဂိုလ်အမျိုးအစား**

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တစ်ယောက်၊

**❒ ဖြစ်ခွင့်ရှိသောစိတ်**

အကုသိုလ်စိတ် ၁၂-ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ ပေါင်း ၃၇-ပါး။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ သုဒ္ဓါဝါသဘုံ၌ စံမြန်းနေကြသော ပုဂ္ဂိုလ်များ

အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်အားဖြင့် အရိယာထိပ်ဖျား ပုဂ္ဂိုလ် ၃–ယောက်။ (၁၃၆၂–ခု အကြီးတန်း)

## ❑ အရိယာမရောက်သည့်ဘုံ

အသညသတ်ဘုံနှင့် အပါယ်ဘုံ။

သာဓက – အရိယာ နောပလဗ္ဘန္တိ၊အသညာပါယ ဘူမိသု။ (၁၃၆၃–ခု အငယ်တန်း)

## ❑ သတ္တဝါအားလုံး ၃၁–ဘုံ၌ ကျင်လည်နေကြသည် ဟူသော စကား မမှန်

ဘူမိစတုက္က၌ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်သည် သုဒ္ဓါဝါသဘုံ၌ မရနိုင်၊ အရိယာတို့သည် အသညသတ်, အပါယ်ဘုံတို့၌ မရနိုင်၊ ကြွင်းသောဘုံတို့၌ အရိယာ, ပုထုဇဉ်တို့ ရနိုင်၏ဟု ဆိုသောကြောင့် အဘိဓမ္မာ သဘာဝယုတ္တိ မရှိပါ။ (၁၃၆၁–ခု အကြီးတန်း)

## ❑ ပုထုဇ္ဇနာ န လဗ္ဘန္တိ စသောပါဠိ၌ ပုထုဇ္ဇန–အရ

http://www.dhammadownload.com


❑ **သောတာပန္န-အရ**

သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်ကို ယူရမည်။

❑ **သကဒါဂါမိနော-အရ**

သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်ကို ယူရမည်။

(၁၃၆၂-ခု အကြီးတန်း)

## ပဋိသန္ဓိစတုက္က

❑ **ဖားသတ္တဝါ၏ ပဋိသန္ဓေစိတ်**

အကုသလဝိပါက် ဥပေက္ခာသန္တီရဏ၊

အထောက်-တတ္တ အကုသလဝိပါကောပေက္ခာ ဒါဟာဂတသန္တီရဏံ အပါယဘူမိယံ ဩက္ကန္တိက္ခဏေ ပဋိသန္ဓိ ဟုတွာ။ (၁၃၆၃-ခု အငယ်တန်း)

❑ **ဆင်ကြီး၏ ပဋိသန္ဓေစိတ်**

အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဆင်ကြီး၏ ပဝတ္တိအခါ ရနိုင်သောစိတ်

အကုသိုလ်စိတ် ၁၂-ခု၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ ပေါင်း ၃၇-ခု။ (၁၃၆၁-ခု အကြီးတန်း)

## ❑ ဆင်ကြီးသေပြီးနောက် ရောက်နိုင်သောဘုံ

ကာမ ၁၁-ဘုံလုံးသို့ ရောက်နိုင်ပါသည်။
(၁၃၆၁-ခု အကြီးတန်း)

## ❑ အပါယ်သတ္တဝါတို့၏ သန္တာန်၌ သောမနဿဘဝင် စိတ်များ မကျနိုင်

တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတသန္တီ ရဏံ အပါယဘူမိယံ ဩက္ကန္တိက္ခဏေ ပဋိသန္ဓိ ဟုတွာ တတော ပရံ ဘဝင်္ဂ, ပရိယောသာနေ စဝနံ ဟုတွာ ဝေါစ္ဆိဇ္ဇတိ။

ပဋိသန္ဓိဘဝင်္ဂ၌၊ တထာ စဝနမာနသံ။

ဧကမေဝ တထေဝေကာ၊ ဝိသယဉ္စေကဇာတိယံ- ကို ထောက်၍ မကျပါ။ (၁၃၄၀-ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ လူစဉ်မမှီ သူ၏ အတိတ်ကံ

ဒွိဟိတ် ဩမကဖြစ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ခု။

သာဓက - ဒွိဟေတုက မောမကာံ ပန ကုသလံ အဟေတုက မေဝ ပဋိသန္ဓိံ ဒေတိ။

(၁၃၆၂-ခု အကြီးတန်း:)

## ❑ ဆွံ့အ, နားပင်းသူတို့၏ ပဋိသန္ဓေစိတ်

လူပင်ဖြစ်သော်လည်း လူဖြစ်ရှုံးရရှာသော ဆွံ့အ-နားပင်းသူတို့၏ ပဋိသန္ဓေစိတ်အရ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြစ်ပါသည်။

(၁၃၅၁-ခု အငယ်တန်း:)

## ❑ ယောက်ျားဖြစ်ပါလျက် မိန်းမစိတ်ပေါက်နေသူ၏ ပဋိသန္ဓေစိတ်

အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြစ်ပါသည်။ အထောက် - ကုသလဝိပါကောပေက္ခာသဟဂတ သန္တီရဏံ ပန ကာမသုဂတိယံ မနုဿာနဉ္စေဝ ဇစ္စန္ဓာဒီနံ ဘုမ္မဿိတာနဉ္စ ဝိနိပါတိကာသုရာနံ ပဋိသန္ဓိ ဘဝင် စုတိဝသေန ပဝတ္တတိ။

(၁၃၆၂-ခု အကြီးတန်း:)

http://www.dhammadownload.com


## ❑ သားဆုပေးသော ဘုမ္မစိုဝ်းနတ်ကြီး၏ (က)ဘုံ၊ (ခ) ပဋိသန္ဓေ (ဂ) တရားထူး

(က) စတုမဟာရာဇ်ဘုံ၊ (ခ)ကာမသုဂတိ ပဋိသန္ဓေ ကိုးခု၊ (ဂ) အဟိတ်, ဒွိဟိတ်ဖြစ်က တရား ထူး မရနိုင်၊ တိဟိတ်ဖြစ်က တရားထူးရနိုင်သည်။

(၁၃၅၀-ခု အကြီးတန်း)

## ❑ ဘုမ္မဿိတ စသည်အဓိပ္ပာယ်

ဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်တတ်သောကြောင့် ဘုမ္မ ဿိတ မည်ပါသည်။

သုခအပေါင်းမှ ဖောက်ပြန်ပျက်စီး၍ ကျတတ် သောကြောင့် ဝိနိပါတိကမည်ပါသည်။

(၁၃၆၁-ခု အလတ်တန်း)

## ❑ ကာမသုဂတိယံ မနုဿာနဋ္ဌဝဋ္ဌ ကာမသုဂတိ-အရ

ကာမသုဂတိယံ ပန မနုဿာနဋ္ဌဝ ဇစ္စန္ဓာဒီနံ ဘုမ္မိဿိတာနဥ္စ ဝိနိပါတိကာ သုရာနံ-ကိုထောက်၍ လူ့ဘုံ, စတုမဟာရာဇ်ဘုံတို့ကို ရပါသည်။

(၁၃၆၁-ခု အငယ်တန်း)

http://www.dhammadownload.com



## ❑ ဧစွန္နာဒိနံ-၌ အာဒိ-အရ

ဧစွမဓိရ -ပဋိသန္ဓေအားဖြင့် နားပင်းသူ၊ ဧစ္စမူဂ -ပဋိသန္ဓေအားဖြင့် ဆွံ့အသူ၊ ဧစ္စဇဠ - ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ၊ ဧစ္စုမ္မတ္တက - ပဋိသန္ဓေအားဖြင့် ရူးသွပ်သူ ပဏ္ဍက-ပဏ္ဍုက်၊ ဥဘတောဗျဉ္စနက - ဥဘတောဗျည်း၊ နပုံသက - နပုံး၊ မမ္မ - စကားထစ်အသူ။

(၁၃၆၁-ခု၊ ၆၃-ခု အလတ်တန်း)

**(ဆောင်)** ဧစ္စန္နာဒိ, သဒ္ဒါရှိဝယ်, အာဒိအရ, ဗဓိရနှင့်, မူဂ-ဇဠာ, ဥမ္မတ္တာ-ပဏ္ဍကော, ဥဘတောဗျည်း, တစ်နည်း ထုံးပြ, နပုံသကပြင်, မမ္မတွင်သည့်, လူစင်မမှီ, လူမည်ကာ သား, ထိုလူများကို, သွယ်ပွား ယူရလေသတည်း။

## ❑ သက်တမ်းမမြဲသော ပုဂ္ဂိုလ်များ

အပါယ်ဘုံသားတို့အား ကံသာလျှင် ပဓာနဖြစ်သောကြောင့် လည်းကောင်း၊ လူနှင့် ဝိနိပါတိကအသုရာတို့သည် ရံခါ အလွန် သက်တမ်းရှည်၍ ရံခါ အလွန် သက်တမ်းတို ကြသောကြောင့်လည်းကောင်း သက်တမ်း မမြဲပါ။

(၁၃၃၇-ခု အငယ်တန်း၊ ၆၁-ခု အလတ်တန်း၊ အကြီးတန်း)

**(ဆောင်)** အပါယ် လူဇာတ်, ဝိနိပါတ်တို့, တချို့တစ်ရက်, တစ်နံနက်နှင့်, အသက်အသချေ်၊ တချို့နေ, မှတ်လေ သက်တမ်း မမြဲတည်း။

http://www.dhammadownload.com



## ❑ လူသားတို့ သက်တမ်း မမြဲခြင်းအကြောင်း

ကုသိုလ်အားကြီးရာအခါ၌ အသချေ်မျှ အသက်ရှည်သောကြောင့်လည်းကောင်း၊ အကုသိုလ်အားကြီးရာအခါ၌ ဆယ်နှစ်မျှသာ အသက်ရှည်သောကြောင့်လည်းကောင်းတည်း။ (၁၃၆၃-ခု အကြိုးတန်း)

## ❑ အပါယ်ဘုံ၌ အသက်အပိုင်းအခြားမမြဲခြင်းအကြောင်း

အပါယ်ဘုံ၌ ကံသာလျှင် အတိုင်းအရှည်ရှိသည်ဖြစ်၍ ကံမကုန်သမျှ စုတေမှုမဖြစ်သောကြောင့် အပါယ်ဘုံ၌ အသက်အပိုင်း အခြားမမြဲပါ။

(၁၃၆၁-ခု အလတ်တန်း)

## ❑ မျက်မှောက်ခေတ် လူသားတို့၏သက်တမ်း ၇၅-နှစ်ဟူသော စကား မမှန်ကန်

တေသု စတုန္နံ အပါယာနံ, မနုဿာနံ, ဝိနိပါတိကာ သုရာနဉ္စ အာယုပ္ပမာဏဂဏနာယ နိယမော နတ္ထိ-ကို ထောက်ပါ။ (၁၃၆၁-ခု အငယ်တန်း)

## ❑ ယခုခေတ်လူများ အသက်တစ်ထောင်ပြည့်အောင် မနေနိုင်

ယခုခေတ် တစ်ရာသက်တမ်းဖြစ်၍ အနည်းငယ်တစ်ရာအထက် အပိုအလွန် ရှိနိုင်သည်။ နှစ်ရာပြည့်

http://www.dhammadownload.com



အောင် မရောက်နိုင်ဟု ဆိုသောကြောင့် အသက်တစ်ထောင်ပြည့်အောင် မနေနိုင်ပါ။

(၁၃၆၄-ခု အလတ်တန်း)

## ❐ လူတို့သတ်မှတ်ထားသော ဆင် အသက် (၆၀)သည် ဗုဒ္ဓအဘိဓမ္မာနှင့် ဆန့်ကျင်-

တေသု စတုန္နံ အပါယာနံ မနုဿာနံ ဝိနိပါတိကာသုရာနဥ္စ အာယုပ္ပမာဏ ဂဏနာယ နိယမော နတ္ထိနှင့် အညီ အပါယ်ဘုံသား သတ္တဝါများ သက်တမ်းမမြဲသောကြောင့် ဗုဒ္ဓအဘိဓမ္မာအမြင်နှင့် ဆန့်ကျင်ပါသည်။

(၁၃၆၁-ခု အကြီးတန်း)

## ❐ လူ့ပြည်နတ်ပြည် နေ့ညအချိန်သတ်မှတ်ချက် မတူ

လူ့ပြည်၌ စက်နာရီအားဖြင့် နေ့အချိန်၌ ၁၂-နာရီ၊ ညအချိန်၌ ၁၂-နာရီဖြစ်သည်။ နေ့ညနှစ်ခုပေါင်း ၂၄-နာရီမှ တစ်ရက်ဖြစ်သည်။ စတုမဟာရာဇ်နတ်ပြည်၌ကား လူတို့၏ ၂၄-နာရီ ရက်ပေါင်း ၃၀-လျှင် ၁-လ၊ ၁၂-လလျှင် တစ်နှစ်၊ ဤနည်းဖြင့်တွက်၍ လူတို့၏ နှစ်ပေါင်း ၅၀-ကြာမှ စတုမဟာရာဇ်နတ်တို့၏ တစ်နေ့တစ်ည ဖြစ်သည်။

လူတို့၏ နှစ်ပေါင်း ၁၀၀ ကြာမှ တာဝတိံသာနတ်တို့၏ တစ်နေ့တစ်ညဖြစ်သည်။ ဤသို့ စသည်ဖြင့်

http://www.dhammadownload.com



အထက်ထက် နတ်ပြည်များစွာ၌ နှစ်ဆနှစ်ဆ တိုးသွားသည်။ ထို့ကြောင့် လူ့ပြည်နှင့်နတ်ပြည် နေ့ညအချိန် သတ်မှတ်ချက် မတူပါ။ (၁၃၅၀-ခု အကြီးတန်း)

## ❑ သက်တမ်းတိုသော ကာမဘုံသား

စတုမဟာရာဇ်

သက်တမ်း – နတ်အရေအတွက် အနှစ် ၅၀၀၊

လူ့အရေအတွက် – အနှစ် ၉-သန်းဖြစ်ပါသည်။

(၁၃၆၃-ခု အကြီးတန်း)

## ❑ စတုမဟာရာဇ်နတ်တို့ သက်တမ်း လူတို့အနှစ် ၉-သန်း ဖြစ်ရပုံ

စတုမဟာရာဇ်နတ်တို့၏ တစ်ရက်လျှင် လူတို့မှာ အနှစ်ငါးဆယ်ရှိ၍ ရက်ပေါင်း ၃၀ လျှင် တစ်လ၊ ၁၂-လ တစ်နှစ်နည်းဖြင့် နတ်တို့က တစ်လပြည့်လျှင် လူတို့မှာ ၁၅၀၀-နှစ်ရှိလေပြီ၊ ဤသို့ မြှောက်ပွား၍ နတ်တို့ အနှစ်ငါးရာပြည့်သောအခါ လူတို့တွက်ကိန်းအားဖြင့် အနှစ် ၉-သန်း ဖြစ်ရလေသည်။

(၁၃၃၆-ခု အလတ်တန်း)

http://www.dhammadownload.com



**❒ သိကြားမင်း၏ (က)ပဋိသန္ဓေစိတ် (ခ)သက်တမ်း**

(က) ကာမတိဟိတ် ပဋိသန္ဓေစိတ်။ (ခ) တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း တစ်ထောင်၊ လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း ၃-ကုဋေ, ၆- သန်း။ (၁၃၅၀-ခု အကြိုးတန်း)

**❒ စာတုမဟာရာဇ်နှင့် ဝသဝတ္တီတို့နတ်သက်**

စတုမဟာရာဇ် နတ်သက်မှာ လူအရေအတွက် အနှစ်ကိုးသန်း၊ နတ်အရေအတွက် ငါးရာ။

ဝသဝတ္တီ နတ်သက်မှာ လူအရေအတွက် ၉၂၁ - ကုဋေ, ၆-သန်း၊ နတ်အရေအတွက် ၁-သောင်း, ၆- ထောင်။ (၁၃၆၃-ခု အငယ်တန်း)

**❒ တာဝတိံသာနတ်တို့၏ နတ်သက်တမ်းကို လူတို့၏ အရေအတွက်**

သုံးကုဋေခြောက်သန်း ဖြစ်ပါသည်။

(၁၃၆၄-ခု အလတ်တန်း)

**❒ တုသိတာနတ်တို့၏ ပဋိသန္ဓေစိတ်နှင့် သက်တမ်း**

ပဋိသန္ဓေစိတ်-မဟာဝိပါက်စိတ်။

http://www.dhammadownload.com



သက်တမ်း-နတ်တို့၏ အရေအတွက်အားဖြင့်
၄၁၀၀၊ လူ့အရေအတွက်အားဖြင့် ၅၇-ကုဋေ, ၆-သန်း။
(၁၃၆၄-ခု အလတ်တန်း)

## ❒ ဝသဝတ္တီနတ်သက် လူတို့အရေအတွက်

၉၂၁-ကုဋေ, ခြောက်သန်း ဖြစ်ပါသည်။
(၁၃၃၇-ခု အငယ်တန်း)

## ❒ ဝသဝတ္တီမာရ်နတ်မင်း၏ သက်တမ်း

၉၂၁-ကုဋေ၊ ၆-သန်း (၁၃၆၃-ခု အငယ်တန်း)

## ❒ အသက်အရှည်ဆုံး ကာမဘုံသား၏ သက်တမ်း

ပရနိမ္မိတဝသဝတ္တီနတ်တို့သည် လူ့အသက်တမ်းအားဖြင့် ၉၂၁-ကုဋေ ၆-သန်း ရှည်သည်။

သာဓကေ-နဝသတဉ္စေကဝီသ၊ ဝဿာနံ ကောဋိယော တထာ။

ဝဿ သတသဟဿာနိ၊ သဋ္ဌိ စ ဝသဝတ္တိသု။
(၁၃၆၄-ခု အငယ်တန်း၊ ၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



## ❐ အထက်ဆုံးနတ်ပြည်၌ဖြစ်သော ပုဂ္ဂိုလ် စသည်

**ပုဂ္ဂိုလ်**

ဒွိဟိတ်, တိဟိတ် ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ၈–ယောက်။

**ပဋိသန္ဓေ။**

မဟာဝိပါက်စိတ် ၈–ပါး။

သာစေ– မဟာဝိပါကာနိ ပန အဋ္ဌ သဗ္ဗထာပိ ကာမသုဂတိယံ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပဝတ္တန္တိ။

## ❐ ပဝတ္တိစိတ်

မဟာဂ္ဂုတ်ဝိပါက် ၉–ခုကြဉ် စိတ် ၈၀။

**ပဋိသန္ဓေအခါရုပ်**

သဒ္ဒကြဉ် နိပ္ဖန္နရုပ် ၁၇–ခု၊ အာကာသဓာတ်၊ ဥပစယ, သန္တတိ ၂–ခု။

မှတ်ချက်။ ။ ပဋိသန္ဓေအခါ မရသော ရုပ် ၈–ပါးကို ကြဉ်ထားခြင်းဖြစ်သည်။

**ပဝတ္တိအခါရုပ်**

ရုပ် ၂၈–ပါး။

http://www.dhammadownload.com


**သက်တမ်း**

၉၂၁-ကုဋေ၊ ၆-သန်း (၁၃၄၀-ခု အလတ်တန်း)

## ❑ ရူပဝိပါက်စိတ်တို့ ပဋိသန္ဓေ စသည် အကျိုးပေးရာဘုံ

ပထမဈာန် ဝိပါက်စိတ်သည် ပထမဈာန်ဘုံ၌၊ ဒုတိယ, တတိယဈာန် ဝိပါက်စိတ်သည် ဒုတိယဈာန် ဘုံ၌၊ စတုတ္ထဈာန်ဝိပါက်စိတ်သည် တတိယဈာန်ဘုံ၌၊ ပဉ္စမ ဈာန် ဝိပါက်စိတ်သည် စတုတ္ထဈာန်ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သည်။ (၁၃၃၇-ခု အငယ်တန်း)

## ❑ ရူပစတုတ္ထဈာန်ဘုံသား ဖြဟ္မာကြီး၏ ပဋိသန္ဓေစိတ်

ရူပါဝစရပဉ္စမဈာန်ဝိပါက်စိတ်

(၁၃၆၂-ခု အကြီးတန်း)

## ❑ ပဋိသန္ဓေစိတ်မရှိဘဲ ဘဝရပ်တည်နိုင်သောပုဂ္ဂိုလ်

အသညသတ်ပုဂ္ဂိုလ် (၁၃၆၂-ခု ကြီးတန်း)

## ❑ ရုပ်ဘဝင် ရှိနိုင်

အသညသတ္တာနံ ပန ရူပမေဝ ပဋိသန္ဓိ ဟောတိ၊ တထာ တတော ပရံ ပဝတ္တိယံ စဝနကာလေ စ ရူပ မေဝ ပဝတ္တိတွာ နိရုဇ္ဈတိ - ကိုထောက်၍ အသညသတ်

http://www.dhammadownload.com


ဖြဟ္မာတို့၏ ပဝတ္တိအခါဖြစ်သော ဇီဝိတ နဝကကလာပ်ရုပ် သည် ဘဝင်ကိစ္စတပ်သည်။(၁၃၄၀-ခု အလတ်တန်း)

## ❒ အသညသတ် ပဋိသန္ဓေ

ဇီဝိတနဝကကလာပ်ရုပ်။

အထောက် – အသညသတ္တာနံ ပန ဇီဝိတနဝကမေဝ ပဋိသန္ဓိဘာဝေန ပတိဋ္ဌာတိ။

(၁၃၆၁-ခု အကြီးတန်း)

## ❒ ရုပ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်

အသညသတ်ပုဂ္ဂိုလ်

သာကေ။ ။အသညသတ္တာနံ ပနစသော ပုဒ်စဉ် ၉၅-ပါဠိ။ (၁၃၆၄-ခု အကြီးတန်း)

## ❒ နာမ်ပဋိသန္ဓေနေသော ပုဂ္ဂိုလ်

အရူပပုဂ္ဂိုလ်။

ပါဠိထောက်– အာရုပ္ပါ အရူပပဋိသန္ဓိကာ၊

(၁၃၆၄-ခု အကြီးတန်း)

## ❒ ရုပ်နာမ်နှစ်ပါး ပဋိသန္ဓေနေသော ပုဂ္ဂိုလ်

အသညသတ် အရူပမှ ကြွင်းသောပုဂ္ဂိုလ်။

ပါဠိထောက်– သေသာ ရူပါရူပပဋိသန္ဓိကာ။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ကပ္ပသ တတိယော ဘာဂေါ-၌ ကပ္ပ-အရ

ပဌမဈာန်သုံးဘုံသားတို့သည် တစ်ခုသောကပ်၌ မပျက်စီးခြင်းမည်သည် မရှိ၊ ပျက်စီးသည်သာဖြစ်၍ မဟာကပ်၌ မဖြစ်သင့်သောကြောင့် အသင်္ချေယျကပ်ကိုသာ ယူရပါသည်။ (၁၃၆၃-ခု အလတ်တန်း)

## ❑ ပထမဈာန်သုံးဘုံကို မဟာကပ်ဖြင့် မရေတွက်ရခြင်းအကြောင်း

ပထမဈာန် ၃-ဘုံတို့သည် တစ်ခုသောကပ်၌ မပျက်စီးခြင်းမည်သည် မရှိ၊ ပျက်စီးသည်သာဖြစ်၍ ပြည့်စုံစွာ ဖြစ်သော မဟာကပ်၌ မဖြစ်သင့်သောကြောင့် အသင်္ချေယျကပ်ကိုသာ ယူရမည်။ (၁၃၆၃-ခု အကြီးတန်း)

## ❑ အန္တရကပ်၏ ပမာဏ

အသင်္ချေယျတမ်းမှ တရွေ့ရွေ့ဆုတ်၍ ဆယ်နှစ်တမ်းတိုင်အောင်၊ ဆယ်နှစ်တမ်းမှ တရွေ့ရွေ့တက်၍ အသင်္ချေယျတမ်းထိုင်အောင် ဆုတ်ကပ်, တက်ကပ် တစ်စုံသည် အန္တရကပ်မည်၏။ (၁၃၃၄-ခု အလတ်တန်း)

## ❑ အသင်္ချေယျကပ်၏ ပမာဏ

အန္တရကပ်ပေါင်း ၆၄-ကပ်သည် အသင်္ချေယျကပ် မည်၏။ (၁၃၃၄-ခု အလတ်တန်း)

http://www.dhammadownload.com



## ❒ မဟာကပ်၏ပမာဏ

အသင်္ချေယျကပ် ၄ ကပ်သည် မဟာကပ်မည်၏။

## ❒ ကပ္ပနှစ်ခုတို့အထူး

"ကပ္ပဿ တတိယာ ဘာဂေါ"၌ ကပ္ပ-အရ အသင်္ချေယျကပ်ကို ယူရမည်။ ဧကော ကပ္ပေါ၌လည်း အသင်္ချေယျကပ်ကိုပင် ယူရမည်ဖြစ်၍ ကပ္ပအရခြင်း မထူးပါ။

(အသင်္ချေယျကပ် ၃-ပုံ ၁-ပုံနှင့် အသင်္ချေယျတစ်ကပ်လုံး ယူခြင်းမျှသာ ခြားနားသည်။) (၁၃၃၆-ခု အလတ်တန်း)

## ❒ တာသု ဗြဟ္မပါရိသဇ္ဇာနံ, ဒေဝါနံ ကပ္ပဿ တတိယော- ၌ ကပ္ပ-အရ

တစ်ခုသော ကမ္ဘာ၌လည်း ထိုပထမဈာန်ဘုံသား ဗြဟ္မာတို့သည် မပျက်မရှိဘဲ ပျက်စီးရသည်သာ ဖြစ်သည့် အတွက် ပြည့်စုံလုံလောက်သောကမ္ဘာ၌ မဖြစ်သင့်သော ကြောင့် မဟာကပ်၏ အစွမ်းအားဖြင့် အသက်အပိုင်း ခြား မဖြစ်သင့်ပါ။ ထို့ကြောင့် ကပ္ပ-အရ အသင်္ချေယျကပ် ကိုသာ ယူရသည်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



**❒ (က) မဟာဗြဟ္မာနံ့ ကောဘ ကပ္ပေါ**

**(ခ) ပရိတ္တာဘာနံ့ ဒွေ ကပ္ပါနိ၌ ပါသော ကပ္ပနှစ်ခုတို့**

**အထူး**

(က) ပထမဈာန်ဘုံသား မဟာဗြဟ္မာတို့သည် တစ်ခုသော ကမ္ဘာမှာ မပျက်စီးသည် မည်သည် မရှိ (ဝါ) ကေန် ပျက်စီးမည်ဖြစ်၍ ပြည့်စုံသောကမ္ဘာ၌ မဖြစ်သင့်သောကြောင့် ကပ္ပ-အရ အသင်္ချေယျကပ်ကိုသာ ယူရပါသည်။

(ခ) ပြည့်စုံသောကမ္ဘာ၌ ဖြစ်သင့်သောကြောင့် ကပ္ပ အရ မဟာကပ်ကို ယူရသည်။ ဤသို့ ထူးပါသည်။

(၁၃၆၄-ခု အလတ်တန်း)

**❒ ၃၁-ဘုံတွင် အလည်တည့်တည့်ကျသောဘုံကို ပုဂ္ဂိုလ်, အသက်တမ်းနှင့်တကွပြပုံ**

အလယ်တည့်တည့်ဘုံ- အပ္ပမာဏာဘုံ

သက်တမ်း- အသင်္ချေယျ လေးကပ်။

(၁၃၆၄-ခု အငယ်တန်း)

**❒ သုဘကိဏှာ ဗြဟ္မာများ၏ ပဋိသန္ဓေစိတ်နှင့်သက်တမ်း**

စတုတ္ထဈာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေသည်၊ မဟာကပ် ၆၄-ကပ် သက်တမ်းရှည်သည်။

http://www.dhammadownload.com



အကိုးပါဠိ – ပရိတ္တသုဘာ အပ္ပမာဏသုဘာ သုဘကိဏှာ စေတိ တတိယဇ္ဈာနဘူမိ။

စတုတ္ထဇ္ဈာနဝိပါကံ တတိယဇ္ဈာနဘူမိယံ (ပဋိသန္ဓိ ဘဝင်္ဂစုတိ ဝသေန ပဝတ္တတိ)

သုဘကိဏှာနံ စတုသဋ္ဌိ ကပ္ပါနိ။

(၁၃၆၁–ခု အကြီးတန်း)

## ❐ ဝေဟပ္ဖိုလ်နှင့် အသညသတ်တို့ သက်တမ်းတူရခြင်း အကြောင်း

ဝေဟပ္ဖိုလ်နှင့် အသညသတ်တို့သည် ပဋိသန္ဓေ ကွဲပြား သော်လည်း ပဉ္စမဈာန်ဟူသော ကုသိုလ်အကြောင်း ကံလည်း တူသည်၊ စတုတ္ထဈာန်ဘုံချင်းလည်း တူသည်၊ ထို့ကြောင့် သက်တမ်းတူသည်။ (၁၃၆၁–ခု အကြီးတန်း)

## ❐ အသညသတ်ဘုံသားတို့၏ (က) ပဋိသန္ဓေ (ခ) သက်တမ်း (ဂ) နှောင်းနိုင်သော ပဋိသန္ဓေ

(က) ဇီဝိတနဝက ကလာပ်၊ (ခ) မဟာကပ် ၅၀၀။ (ဂ) မဟာဝိပါက် ပဋိသန္ဓေ ၈–ခု။

(၁၃၆၄–ခု အလတ်တန်း၊ ၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



❑ **ဝေဟပ္ဖိုလ်ဘုံ၌ ရနိုင်သောပုဂ္ဂိုလ်၊ သက်တမ်း၊ ပဋိသန္ဓေ**

တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ၈-ယောက် ပေါင်း ၉-ယောက်။

**ပဋိသန္ဓေ** – ရူပါဝစရ ဝိပါက်ပဉ္စမဈာန် ပဋိသန္ဓေ၊

**သက်တမ်း** – မဟာကပ် ၅၀၀။

❑ **သုဒ္ဓါဝါသ ဘုံသားများသက်တမ်း**

အဝိဟာ– မဟာကပ်တစ်ထောင်၊

အတပ္ပါ– မဟာကပ်နှစ်ထောင်။

သုဒဿာ– မဟာကပ်လေးထောင်၊

သုဒဿီ– မဟာကပ် ရှစ်ထောင်၊

အကနိဋ္ဌာ– မဟာကပ် တစ်သောင်းခြောက်ထောင်။

(၁၃၆၃-ခု အကြီးတန်း)

❑ **သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေနိုင်သော ပုဂ္ဂိုလ်နှင့် ပဋိသန္ဓေ စိတ်**

အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၊

ပဋိသန္ဓေစိတ်ကား–ရူပပဉ္စမဈာန် ဝိပါက်စိတ်။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



### ❐ သုဒ္ဓါဝါသဗြဟ္မာမင်းကြီး၏ ပဋိသန္ဓေစိတ်

ရူပါဝစရ ပဉ္စမဈာန်, ဝိပါကိစိတ်။

သာဓကေ-ပဉ္စမဇ္ဈာနဝိပါကံ စတုတ္ထဇ္ဈာနဘူမိယံ။

(၁၃၆၄-ခု အကြီးတန်း)

### ❐ အရူပဗြဟ္မာကြီးများ၏ သက်တမ်း

အာကာသာနဉ္စာယတန - မဟာကပ် ၂-သောင်း၊

ဝိညာဏဉ္စာယတန - မဟာကပ် ၄-သောင်း၊

အာကိဉ္စညာယတန - မဟာကပ် ၆-သောင်း၊

နေဝသညာနာသညာယတန - မဟာကပ် ၈-သောင်း, ၄-ထောင်။ (၁၃၆၁-ခု အလတ်တန်း)

### ❐ ၃၁-ဘုံသားများတွင် အသက်အရှည်ဆုံးပုဂ္ဂိုလ်နှင့် သက်တမ်း

နေဝသညာနာသညာယတနပုဂ္ဂိုလ်အား မဟာကပ် ၈၄၀၀၀-အသက် ရှည်သည်။ (၁၃၆၃-ခု အလတ်တန်း)

### ❐ တစ်ဘဝ၌ တူမြဲတရား ၃-ပါး

ပဋိသန္ဓေ ဘဝင်, စုတိ။ (၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com


## ❐ ရူပ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့ တူပုံ

ပဋိသန္ဓေသည် ရူပဖြစ်လျှင် ဘဝင်, စုတိတို့လည်း ရူပဖြစ်ကြရသည် (ဘူမိ)၊ ပဋိသန္ဓေသည် ရူပဝိပါက် ဖြစ်လျှင် ဘဝင်, စုတိတို့လည်း ရူပဝိပါက်ဖြစ်ကြသည်၊ (ဇာတိ)၊ ပဋိသန္ဓေသည် စေတသိက် ၃၅–ပါးနှင့်ယှဉ်လျှင် ဘဝင်, စုတိတို့လည်း စေတသိက် ၃၅–ပါးနှင့် ယှဉ်သည်။ (သမ္ပယုတ္တဓမ္မတူပုံ) ပဋိသန္ဓေသည် ပထဝီကသိုဏ်း စသည်ကို အာရုံပြုလျှင် ဘဝင်, စုတိတို့လည်း ပထဝီကသိုဏ်း ပညတ်ကို အာရုံပြုသည်။ (အာရုံတူပုံ)

(၁၃၆၃–ခု အလတ်တန်း)

## ❐ တူမြဲတရား ၃ ပါးတို့ တူပုံ

ပဋိသန္ဓေ, ဘဝင်, စုတိတို့သည် ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သင်္ခါရ, အာရုံအားဖြင့် တူကြသည်။

ဥပမာ – ပဋိသန္ဓေစိတ်သည် ကာမဖြစ်လျှင် ဘဝင်, စုတိတို့လည်း ကာမဖြစ်ကြသည်၊ ပဋိသန္ဓေသည် ဝိပါက်ဖြစ်လျှင် ဘဝင်, စုတိတို့လည်း ဝိပါက်ဖြစ်ကြသည်၊ ပဋိသန္ဓေစိတ်သည် စေတသိက် ၃၃–ပါး၌ယှဉ်လျှင် ဘဝင်, စုတိတို့လည်း စေတသိက် ၃၃–ပါး၌ ယှဉ်ကြသည်။ ပဋိသန္ဓေသည် အသင်္ခါရိက ဖြစ်လျှင် ဘဝင်, စုတိတို့လည်း အသင်္ခါရိက ဖြစ်ရသည်၊ ပဋိသန္ဓေသည် ကံကို အာရုံကို

http://www.dhammadownload.com


ပြုလျှင် ဘဝင်, စုတိတို့လည်း ကံကို အာရုံပြုကြသည်။ ဤသို့ စသည်ဖြင့် ဘူမိစသည်အားဖြင့် တူကြသည်။

(၁၃၆၁-ခု အကြီးတန်း)

## ❑ ပဋိသန္ဓေ, ဘဝင်, စုတိတို့ ဘူမိဇာတိ စသည်ဖြင့် တူကြ၏ ဟူသော စကား မှူယ မဟုတ်

အာဂန္တုကဘဝင် စသော အနည်းငယ်သော အရာတို့၌ မတူသောအရာလည်း ရှိသေးသောကြောင့် ၎င်းစကားကို မုချ မမှတ်သင့်ပါ။ (၁၃၆၁-ခု အလတ်တန်း)

## ❑ ပဋိသန္ဓိဘဝင်ဠ စသော ဂါထာအဓိပ္ပာယ်

တစ်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိတို့သည် ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သင်္ခါရအားဖြင့် တစ်မျိုးတည်း သဘောတူ၏။

ဥပမာ- ပဋိသန္ဓေစိတ်သည် မဟာဝိပါက် ပထမစိတ်ဖြစ်လျှင် ဘဝင်, စုတိစိတ်တို့သည်လည်း ၎င်းမဟာဝိပါက် ပထမစိတ်ပင် ဖြစ်သည်။

အခြားသောစိတ်များလည်း နည်းတူပင်ဖြစ်၏

အာရုံအားဖြင့်လည်း တူရမည်၊ ပဋိသန္ဓေစိတ်က ကံကိုအာရုံပြုလျှင် ဘဝင်, စုတိစိတ်များလည်း ကံကိုပင် အာရုံပြုကြသည်။ ကမ္မနိမိတ်, ဂတိနိမိတ်များလည်း နည်းတူပင်ဖြစ်၏။ (၁၃၃၁-ခု အငယ်တန်း)

http://www.dhammadownload.com

# ကမ္မစတုက္က

## ❑ ကိစ္စ၏ အစွမ်းအားဖြင့်ပြားသော ကံလေးမျိုး

ဇနကကံ၊ ဥပတ္ထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပဃာတကကံ။

သာဓက–ဇနကံ ဥပတ္ထမ္ဘကံ ဥပပီဠကံ ဥပဃာတကဉ္စေတိ ကိစ္စဝသေန။ (၁၃၆၄–ခု အလတ်တန်း)

## ❑ ဥပတ္ထမ္ဘကကံစသည်တို့ အရ

### ဥပတ္ထမ္ဘကကံ

ထောက်ပံ့ကူညီသော ကုသိုလ်, အကုသိုလ် စေတနာ။

## ❑ ဥပဃာတကကံ

သတ်ဖြတ်တတ်သော ကုသိုလ်, အကုသိုလ် စေတနာ။

## ❑ အာသန္နကံ

သေခါနီးကာလ၌ ပြုအပ်အောက်မေ့အပ်သော ကုသိုလ်၊ အကုသိုလ် စေတနာ။

http://www.dhammadownload.com


## ❒ အာစိဏ္ဏကံ

မပြတ်လေ့ကျက်အပ်သော ကုသိုလ်, အကုသိုလ် စေတနာ။

## ❒ သေခါနီးချိန်၌ ဖြစ်ပေါ်လာသော ကုသိုလ်, အကုသိုလ်ဇော စေတနာများကို ကံအားဖြင့် ခွဲခြားပုံ

သေဆုံးရန် အလွန်နီးကပ်သောအချိန်၌ ဖြစ်ပေါ်လာသော ကုသိုလ်ဇော စေတနာသည် ပဋိသန္ဓေကို ဖြစ်စေလျှင် ဇနကကံ၊ အခြားကုသိုလ်ကံများကို အထောက်အပံ့ပေးလျှင် ဥပတ္ထမ္ဘကကံ၊ အကုသိုလ်ကံများကို အားနည်းအောင် ပြုလုပ်လျှင် ဥပပီဠကကံ၊ အကုသိုလ်ကံများကို လုံးဝပြတ်တောက်အောင် ပြုလုပ်လျှင် ဥပဃာတကကံမည်သည်။

(၁၃၅၅-ခု အကြီးတန်း)

## ❒ ဇနကကံနှင့် ဥပဃာတကကံတို့အထူး

ဇနကကံသည် ကံတစ်ပါး၏ အကျိုးကို မဖြတ်မူ၍သာလျှင် အကျိုးကိုဖြစ်စေပါသည်။ ဥပဃာတကကံသည် ကံ တစ်ပါး၏အကျိုးကိုဖြတ်၍ မိမိ၏အကျိုးကို ဖြစ်စေပါသည်။။ ဤသို့ထူးပါသည်။ (၁၃၂၃-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ အာသန္နကံ ကို အာစိဏ္ဏကံ ရှေးက ထားရခြင်းအကြောင်း

ဥပမာ – နွားတွေပြည့်နေသော နွားခြံတံခါးကို ဖွင့်သည့်အခါ နွားပျိုနွားသန်တွေရှိသော်လည်း နွားခြံတံခါးပေါက်နှင့် နီးနေသော နွားအိုကြီးသာလျှင် အရင်ဆုံးထွက်နိုင်သလို နွားအိုကြီးပင်ဖြစ်သော်လည်း ပထမဆုံးထွက်နိုင်သလို ထို့အတူ ဂရုကကံမှ အခြားသောကုသိုလ်, အကုသိုလ်ကံများ ရှိကြသော်လည်း သေခါနီးနေသောကြောင့် သေခါနီး၌ပြုသော အောက်မေ့သတိရသော အာသန္နကံကသာ ပထမအကျိုးပေးပါသည်။ ထို့ကြောင့် သင်္ဂဟ၌ အာသန္နကံကို အာစိဏ္ဏကံ၏ ရှေ့က ဆိုထားပါသည်။ (၁၃၆၁၊ ၆၂–ခု အကြီးတန်း)

## ❒ နေ့စဉ် ကုသိုလ်လုပ်နေပါလျက် မကောင်းကျိုးခံစားရခြင်းအကြောင်း

အတိတ်က ပါလာခဲ့သော ကဋတ္တာကံ, အာစိဏ္ဏကံ, အပရာပရိယဝေဒနီယကံများ အကျိုးပေးခွင့်သာနေသောကြောင့် နေ့စဉ် ကုသိုလ်ကြိုးစားအားထုတ်နေပါလျက် မကောင်းကျိုးကိုသာ ခံစားရပါသည်။

(၁၃၆၂–ခု အကြီးတန်းတန်း)

http://www.dhammadownload.com



## ❑ အကျိုးမပေးသော ဂရုကကံ

ပဉ္စာနန္တရိယကံ ၂-ပါး, ၃-ပါး ကျူးလွန်လျှင် အင်အားအကြီးဆုံး ပဉ္စာနန္တရိယကံမှ ကြွင်းသောကံတို့သည် လည်းကောင်း၊ ရရှိပြီး မဟဂ္ဂုတ်ဈာန်တို့တွင် အထက်အမြင့်ဆုံး ဈာန်မှကြွင်းသော ဈာန်တို့သည်လည်းကောင်း အကျိုးမပေးသော ဂရုကကံမည်၏။

(၁၃၃၁-ခု အကြီးတန်း)

## ❑ ကုသိုလ်ဂရုကကံ

မဟဂ္ဂုတ်ကုသိုလ်ကံသည် စုတိ၏အခြားမဲ့၌ အကျိုးပေးသောအားဖြင့် ကြီးလေးသောကြောင့် ကုသိုလ်ဂရုကကံမည်၏။

(၁၃၂၃-ခု, ၃၇-ခု, ၆၁-ခု, ၆၃-ခု အလတ်တန်း၊ ၃၄-ခု, ၆၁-ခု အကြီးတန်း)

## ❑ အကုသိုလ်ဂရုကကံ

ပဉ္စာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် စုတိ၏ အခြားမဲ့၌ အကျိုးပေးသောအားဖြင့် ကြီးလေးသောကြောင့် အကုသိုလ် ဂရုကကံမည်၏။

(၁၃၂၃-ခု, ၆၁-ခု, ၆၃-ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ အဟောသိကံ

အကျိုးမပေးဘဲ အကျိုးပေးရာကာလကို လွန်သွားသော စေတနာ။ (၁၃၆၃–ခု အလတ်တန်း)

## ❑ ဇနကကံ မိပွားယ်

ပဋိသန္ဓေ, ပဝတ္တိအခါတို့၌ ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို မိမိကိုယ်တိုင် ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ် စေတနာ။

**(ဆောင်)** ဝိပါက်စိတ် စေ, ရုပ်ထွေထွေကို, သန္ဓေပဝတ္တိ, ခွင့်ခါရှိသော်, မိမိကိုယ်တိုင်, ဖြစ်စေနိုင်, ခေါ်ပိုင် "ဇနက"ကံ။

## ❑ ဥပထမ္ဘကကံ

ကိုယ်တိုင်ကား အကျိုးမပေးနိုင်၊ တစ်ပါးကံ အကျိုးပေးခွင့်ရလေအောင်, အကျိုးပေးခွင့်ရပြီးသော ကံကိုလည်း အကျိုးပေးသန်အောင်, အကျိုးပေးသော အခါမှလည်း ထိုအကျိုးများ ကြာရှည်ဖွံ့ဖြိုးလေအောင် ထောက်ပံ့ကူညီတတ်သော ကုသိုလ်, အကုသိုလ်ကံ။

**(ဆောင်)** အကျိုးပေးခွင့်, အခါသင့်ဖို့, အခွင့်သင့်ပြန်, ကျိုးပေးသန်အောင်, ပေးပြန်ပြီးခါ, ရှည်မြင့်ကြာဖို့, လျော်စွာထောက်မ, ကူညီက, "ဥပတ္ထမ္ဘက" ကံ။

http://www.dhammadownload.com


## ❑ ဥပပီဠကကံ

ဇနကကံ၏ အကျိုးကို အားနည်းချိနဲ့အောင်, မဖွံ့ဖြိုးအောင်, ကြာရှည်စွာမဖြစ်အောင် ကပ်၍ နှိပ်စက်တတ်သော ကုသိုလ်, အကုသိုလ်ကံ။

**(ဆောင်)** အကျိုးပေးခွင့်, မရလင့်ဖို့, ရသင့်လေပြန်, ကျိုးမသန်အောင်, ရပြန်အကျိုး, မဖွံ့ဖြိုးဖို့, အမျိုးမျိုးက, နှိပ်စက်လှ, "ဥပပီဠက"ကံ။

## ❑ ဥပဃာတကကံ

အားနည်းနေသော ဇနကကံ၏ (အကျိုးတို့ဖြစ်စေတတ်သော) အစွမ်းသတ္တိကိုဖြတ်၍ ပဝတ္တိ ပဋိသန္ဓေနှစ်ပါးလုံး၌ မိမိ၏အကျိုးပေးသော ကုသိုလ်, အကုသိုလ်။

(၁၃၃၁-ခု အကြီးတန်း)

**(ဆောင်)** နှပ်စက်ရုံတွင်, မကချင်ဘဲ, ယခင်ထက်တိုး, ကံအကျိုးကို, ပယ်ချိုးနှိပ်ချ, သတ်ဖြတ်က, "ဥပဃာတက"ကံ။

## ❑ ကဋတ္တာကံဟူသည်

ဂရုက စသော ကံအဖြစ်သို့ မရောက်ဘဲ ပြုကာမျှသာဖြစ်သော ကံတည်းဟု ဆိုကာမျှဖြစ်သောကံသည် ကဋတ္တာကံ မည်ပါသည်။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ ပါကကာလက်များ

ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ, အဟောသိကံအားဖြင့် ၄-ပါး။

(၁၃၃၆-ခု အငယ်တန်း)

## ❑ ဒိဋ္ဌဓမ္မဝေဒနီယကံ ဟူသည်

ဒိဋ္ဌ- ဆန့်ကျင်ဘက်တရားတို့သည် မလွှမ်းမိုးအပ်သောကြောင့် လည်းကောင်း၊ အကြောင်းတို့ကြောင့် ရအပ်သော သတ္တိထူးရှိသောကြောင့်လည်းကောင်း ထိုကဲ့သို့ ရှုအပ်သော ပုဗ္ဗာဘိ သင်္ခါရအစွမ်းဖြင့် လွန်ကဲသော သတ္တိရှိသော အားရှိသည်အဖြစ်သို့ရောက်သော ပစ္စုပ္ပန်အတ္တဘော၌ အကျိုးပေးခြင်း သဘောရှိသော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်ပါသည်။ (၁၃၆၄-ခု အကြီးတန်း)

## ❑ ပထမဇောစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးဘဲ ပဝတ္တိအကျိုးကိုသာပေးခြင်းအကြောင်း

ပဌမဇောစေတနာသည် အာသေဝနပစ္စည်းကိုမရ၍ အားနည်းသောကြောင့် ပဋိသန္ဓေကျိုးကိုမပေးဘဲ ပဝတ္တိအကျိုးကိုသာ ပေးပါသည်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးစိတ်

အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံအတွက် အကုသလဝိပါက်စိတ် ၇-ပါး၊ ကုသိုလ်ဒိဋ္ဌ ဓမ္မဝေဒနီယကံအတွက် အဟိတ်ကုသလ ဝိပါက်စိတ် ၈-ပါး။

(၁၃၂၈-ခု အလတ်တန်း)

## ❑ ရဟန္တာများ၏ ပါကကာလကံ

ရဟန္တာသခင်တို့ ပြုလုပ်အပ်သောကံသည် အကျိုးမပေးသောကြောင့် အဟောသိကံဖြစ်သည်။ အရှင်မဟာကဿပ, အရှင်မဟာမောဂ္ဂလာန်, ဘုရားရှင်တို့၏ ဖောရှင်တရားနာရသဖြင့် ဝမ်းမြောက်စွာ စားသော ကြိယာဇောများကြောင့် ရောဂါပျောက်သည်ကို ထောက်လျှင် ဒိဋ္ဌဓမ္မဝေဒနီယကံလည်း ရနိုင်သည်။

(၁၃၆၃-ခု အလတ်တန်း)

## ❑ ကံတရားများ အကျိုးပေးနေကြသော ကာလ ၄-မျိုး

(၁) ပထမဇောအကျိုးပေးရာမျက်မှောက် ကာလ။

(၂) သတ္တမဇောစေတနာ၏ အကျိုးပေးရာ ဒုတိယဘဝကာလ။

(၃) အလယ်ဇော ၅-ချက် စေတနာ၏အကျိုး

http://www.dhammadownload.com


ပေးရာ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝ တိုင်အောင် ကာလ။

(၄) ဖော်ပြပါ ကာလသုံးမျိုးကို ကျော်လွန်သော ကာလ။ (၁၃၆၁–ခု အလတ်တန်း)

## ❑ အဟောသိကံ

အကျိုးပေးပြီးသည်လည်း မဟုတ်၊ ပေးဆဲလည်း မဟုတ်၊ ပေးလတ္တံ့လည်းမဟုတ်၊ ကံသည် ဖြစ်ပြီးပြီဟု ဆိုရသောကံသည် အဟောသိကံမည်၏။

## ❑ အကျိုးပေးရာကာလမရှိသော အဟောသိကံကို ပါကကာလ၏အစွမ်းဖြင့် ခေါ်ဆိုရခြင်းအကြောင်း

ဒိဋ္ဌဓမ္မဝေဒနိယ စသော ကံသုံးပါးတို့၏ အကျိုးပေးရာကာလကို လွန်သောကြောင့်သာလျှင် အဟောသိကံကို ပါကကာလ၏အစွမ်းအားဖြင့် ဆိုရသည်။

(၁၃၆၄–ခု အလတ်တန်း)

## ❑ အကျိုးပေးရာကာလမရှိဘဲ အဟောသိကံမည်ပုံ

ဒိဋ္ဌဓမ္မဝေဒနိယစသော ကံ ၃–ပါးတို့ အကျိုးပေးရာ ကာလကို လွန်ခြင်းသည်သာလျှင် အဟောသိကံ၏ အကျိုးပေးရာ ကာလမည်ပါသည်။ (၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



### ❒ ပထမဈာနစေတနာတိုင်း ဒိဋ္ဌဓမ္မအကျိုး မပေး

ဆန့်ကျင်ဘက်တရားတို့သည် မလွှမ်းမိုးအပ် သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အကြောင်းထူးကြောင့် ရအပ်သော သတ္တိထူးရှိသည်၏အဖြစ်ကြောင့် လည်းကောင်း အားရှိသည်၏အဖြစ်သို့ရောက်သော လွန်ကဲသော သတ္တိရှိသော ပထမဈာနစေတနာသည်သာလျှင် ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်သည်။ (၁၃၃၈-ခု အလတ်တန်း)

### ❒ ရူပေ ယထာရဟံ စတုသဋ္ဌိ ရူပေ-အရ မပါဝင်သော ရူပဘုံ

အသညသတ်ဘုံ

အထောက် - အသညသတ္တာနံ ပန သဗ္ဗတ္ထာပိ စိတ္တပ္ပဝတ္တိ နတ္ထေဝါတိ။ (၁၃၆၃-ခု အငယ်တန်း)

### ❒ ဒွစရိုက်တရားများ

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ ဟူသော ကာယကံ (၃)ပါး၊ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဟူသော ဝစီကံ (၄)ပါး။ အဘိဇ္ဈာ, ဗျာပါဒ,မိစ္ဆာဒိဋ္ဌိ ဟူသော မနောကံ( ၃)ပါးတို့ ဖြစ်ကြပါသည်။ (၁၃၅၀-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ကာယသုစရိုက် ၃-ပါး

ပါဏာတိပါတဝိရတိ၊ အဒိန္နာဒါနဝိရတိ၊ ကာမေသုမိစ္ဆာစာရဝိရတိ။ (၁၃၆၁-ခု အငယ်တန်း)

## ❑ ပကိဏ်းပိုင်းနှင့် ဝီထိမုတ်ပိုင်းတို့၌ ပါရှိသော ကာယဒွါရတို့အထူး

ပကိဏ်းပိုင်း၌ ကာယဒွါရ-အရ ကာယပသာဒရုပ်ကို ယူရမည်။ ဝီထိမုတ်ပိုင်း၌ ကာယဒွါရ-အရ ကာယ ဝိညတ်ကို ယူရမည်။

(၁၃၆၁-ခု, ၆၃-ခု အလတ်တန်း)

## ❑ ကာယကံအမိပ္ပာယ်

ကာယဝိညတ္တိ သင်္ခါတေ ကာယဒွါရေ ဗဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ-ကိုထောက်၍ ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရ၌ အဖြစ်များသောကံဖြစ်သောကြောင့် ကာယကံမည်ပါသည်။ (၁၃၆၁-ခု အလတ်တန်း)

## ❑ ကာယကမ္မ-၌ ကာယ-အရ

ကာယဝိညတ်

http://www.dhammadownload.com



## ❑ ကာယကမ္မ-အရ

ပါဏာတိပါတ၊ အဒိန္နာဒါန၊ကာမေသု မိစ္ဆာစာရ စေတနာ (၁၃၆၂-ခု အကြီးတန်း)

## ❑ ခိုးခိုင်းသော ခေါင်းဆောင်ကံ

"သတ်မှု ခိုးမှု, ကာမေသု၊ သုံးခု ကာယကံ"ဟူသည်နှင့်အညီ ခိုးမှုသည် ကာယကံဖြစ်သော်လည်း ကာယဒွါရ၌အဖြစ်များသော ကြောင့်သာ ကာယကံဟုဆိုခြင်းဖြစ်သည်၊ ဝစီဒွါရ၌လည်း အနည်းငယ် ဖြစ်နိုင်သည်။ နှုတ်ဖြင့်စေခိုင်းမှုသည် ကာယကံမဟုတ်၊ ဝစီကံသာ ဖြစ်သောကြောင့် ခေါင်းဆောင်၍ဖြစ်သော ခိုးမှုသည် ဝစီကံဖြစ်ပါသည်။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ကာယကံ, ဝစီကံ ၂-မျိုးဖြစ်နိုင်သောတရား

ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊

## ❑ ကံ ၃-ပါးနှင့်ဆိုင်သောတရား

မနောကံ ၃-ပါး။ (၁၃၆၃-ခု အလတ်တန်း)

သာကေ - ကာယဝိညတ္တိသခ်ါတေ ကာယဒွါရေ ဗာဟုလ္လ ဝုတ္တိတော ကာယကမ္မံ နာမ၊ ဝစီဝိညတ္တိသခ်ါတေ

http://www.dhammadownload.com



ဝစီဒွါရေ ဗာဟုလ္လဝုတ္တိကော ဝစီကမ္မံ နာမ၊ အညတြာပိ ဝိညတ္တိယာ မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော မနောကမ္မံ နာမ။

## ❑ သေရည်အရက်သောက်ခြင်းကို အကုသလကမ္မပထ တရား (၁၀) ပါး၌ မပြခြင်းအကြောင်း

ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ များယွင်းသောအကျင့်ဖြစ်သည့်အတွက် သေရည်အရက်သောက်ခြင်းကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူနိုင်သောကြောင့် သေရည် အရက်သောက်ခြင်းကို အကုသလကမ္မပထ တရား ဆယ်ပါး၌ သွင်းမထားပါ။ (၁၃၆၄-ခု အကြီးတန်း)

## ❑ သုရာပါနကို ကာမေသု၌ သွင်းရခြင်းအကြောင်း

ရသာရုံဟုဆိုအပ်သော ကာမဂုဏ်တို့၌ များယွင်းသောအကျင့် ဖြစ်သောကြောင့် သုရာပါနကို ကာမေသုမိစ္ဆာစာရ၌ သွင်းယူရသည်။ (၁၃၆၁-ခု, ၆၄-ခု အလတ်တန်း)

## ❑ ဒုစရိုက် ၁၀-ပါးတို့တွင် သုရာပါန မပါဝင်ခြင်းအကြောင်း

သုရာပါနသည် ရသဟုဆိုအပ်သော ကာမတို့၌ များသော အကျင့်ဖြစ်၍ ကာမေသု မိစ္ဆာစာရ၌ အကျုံးဝင်ပြီး ဖြစ်သောကြောင့် သုရာပါန မပါဝင်ပါ။

(၁၃၃၂-ခု အလတ်တန်း

http://www.dhammadownload.com



### ☐ မိဘ, ဆရာသမားတို့က သားသမီးတို့အား ဆဲဆို ကြိမ်းမောင်းရာ၌ ဖရုသဝါစာမဖြစ်

အနာဆိုးပမာမခံသာသော အရှက်ကို ဖြတ်တောက်မှုပြုတတ်သော ဝစီပယောဂကို ဖြစ်စေတတ်သည့် ကောန်ကြမ်းတမ်းသော စေတနာသည်သာ ဖရုသဝါစာ ဖြစ်သည်။ စိတ်နူးညံ့လတ်သော် ဖရုသဝါစာ မဖြစ်။

မိဘ, ဆရာသမားတို့သည် သားသမီးတို့အား ဆဲရေးကြိမ်းမောင်းရာ၌ စိတ်နူးညံ့သောကြောင့် ဖရုသဝါစာ မဖြစ်ပါ။ (၂၃၆၄-ခု အလတ်တန်း)

### ☐ မနောကံဟူသည်

ကာယဝိညတ်, ဝစီဝိညတ်ကိုကြဉ်၍ စိတ်တည်းဟူသော မနောဒွါရ၌သာ များသောအားဖြင့် ဖြစ်ခြင်းကြောင့် မနောကံ မည်၏။

အထောက် = အညတြာပိ ဝိညတ္တိယာ မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော မနောကမ္မံ နာမ။

(၁၃၆၃-ခု အလတ်တန်း)

### ☐ ပကိဏ်းပိုင်းလာ မနောဒွါရနှင့် ဝိထိမုတ်ပိုင်းလာ မနောဒွါရတို့အထူး

မနောဒွါရ၏ ပန ဘဝင်္ဂန္တိ ပပုစ္စတိ-ဟူသော ဒွါရသင်္ဂဟကို ထောက်၍ ပကိဏ်းပိုင်း၌ ဘဝင်သည်

http://www.dhammadownload.com



မနောဒွါရ၊ မနောဒွါရေ ပဝတ္တံ မနောကမ္မံ ဗွေတိ-ဟူသော ဝိထိမုတ်ပိုင်းကိုထောက်၍ ဝိထိမုတ်ပိုင်း၌ လောကီကုသိုလ် အကုသိုလ်စေတနာသည် မနောဒွါရ။

(၁၃၆၃-ခု အလတ်တန်း)

## ❑ ဒွါရသင်္ဂဟလာ ကာယဒွါရနှင့် ကမ္မစတုက္ကလာကာယဒွါရတို့အထူး

ဒွါရသင်္ဂဟလာ ကာယဒွါရ-အရ ကာယပသာဒရုပ်၊ ကမ္မစတုက္ကလာ ကာယဒွါရ-အရ ကာယဝိညတ် ရုပ်ပါသည်။ ဤသို့ ထူးပါသည်။

(၁၃၆၄-ခု အလတ်တန်း)

## ❑ ဒေါသကြောင့်သာဖြစ်သော ဒုစရိုက်

ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ။

(၁၃၆၃-ခု, ၆၄-ခု အကြီးတန်း)

## ❑ လောဘမူလကြောင့်ဖြစ်သည့် အကုသိုလ် ဒုစရိုက်များ

(က) ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ။

(၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com



## ❑ လောဘမူလ, ဒေါသမူလနှစ်ပါးတို့ကြောင့်ဖြစ်သည့် အကုသိုလ်ဒုစရိုက်များ

(ခ) ပိသုဏဝါစာ, မုသာဝါဒ, သမ္ဖပ္ပလာပ, အဒိန္နာဒါန။

သာဓက–ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။

သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ။

(၁၃၆၄–ခု အငယ်တန်း)

## ❑ အကုသိုလ်ကာယကံ ၃ ပါးတို့နှင့် ဖြစ်ကြောင်းများ

ပါဏာတိပါတ – ဒေါသကြောင့်ဖြစ်ရသည်။

အဒိန္နာဒါန – လောဘ, ဒေါသကြောင့် ဖြစ်ရသည်။

ကာမေသု မိစ္ဆာ စာရ – လောဘကြောင့်ဖြစ်ရသည်။

(၁၃၆၃–ခု အငယ်တန်း)

## ❑ ကမ္မပထမြောက် ပါဝင်သော မိစ္ဆာဒိဋ္ဌိအမျိုးအစား

နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ။

(၁၃၆၄–ခု အလတ်တန်း)

## ❑ အကုသလကမ္မပထနှင့် အကြောင်းများ

ကာမေသု မိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိတို့သည် လောဘမူလကြောင့် ဖြစ်ရသည်။

http://www.dhammadownload.com



ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒတို့သည် ဒေါသမူလကြောင့် ဖြစ်ရသည်။

အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ တို့သည် လောဘမူလ, ဒေါသမူလ ၂-ပါးကြောင့်ဖြစ်ရသည်။ (၁၃၅၅-ခု အကြီးတန်း)

မှတ်ချက်။ ။အပါယ်ရောက်သံသရာခရီးသည်တို့၏ မူလအကြောင်းများဟုလည်း မေးနိုင်သည်။

## ❑ ဒုစရိုက်နှင့် ဖြစ်ကြောင်း မူလများ

လောဘ – ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ၊ ဒေါသ – ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ၊ လောဘ, ဒေါသ – အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ။ (၁၃၅၃-ခု အကြီးတန်း)

## ❑ အကုသိုလ်ဖြစ်ရန် အခြေခံအကြောင်းတရား ၃-ပါး

လောဘ, ဒေါသ, မောဟ။

သာကေ – တေသု ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါ စ ဒေါသမူလေန ဇာယန္တိ။

ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန၊ သေသာနိ စတ္တာရိပိ ဒွီဟိ မူလေဟိ သမ္ဘဝန္တိ။ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ဒေါသထွက်မှုကြောင့်ဖြစ်သော ဒုစရိုက်

ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ အကုသိုလ် ဒုစရိုက်များ ဖြစ်ကြသည်။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ရယ်မြူးလိုစိတ်ဖြင့် သတ္တဝါတစ်ကောင်ကို ကစားရာ၌ ထိုသတ္တဝါသေလျှင် ပါဏာတိပါတကံ မထိုက်

တေသု ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါ စ ဒေါသမူလေန ဇာယန္တိ-ကိုထောက်၍ မဖြစ်ပါ။

(၁၃၄၈-ခု အကြီးတန်း)

## ❑ လောဘရမှုကြောင့်ဖြစ်သော ဒုစရိုက်

ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ။

(၁၃၆၁-ခု, ၆၂-ခု, ၆၃-ခု အကြီးတန်း)

## ❑ အယူမှားခြင်းသည် လောဘကြောင့်

ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ဗုဒ္ဓဘာသာမှ အခြားအယူသို့ ပြောင်းသူ၏ အဓိက အကြောင်းတရား

လောဘ။

အထောက် - ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ ကာမေသုမိစ္ဆာစာရ၏ ဖြစ်ရာဌာနနှင့် အကြောင်းရင်း

ကာမေသု မိစ္ဆာစာရသည် လောဘမူကြောင့် ကာယဒွါရ၌ ဖြစ်ပေါ်လာရသည်။

## ❒ ခိုးခြင်း၏ အကြောင်း

ခိုးခြင်းသည် လောဘ၊ ဒေါသ ၂-မျိုးကြောင့် ဖြစ်ရသည်။

အထောက် – သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ။ (၁၃၆၃-ခု အကြီးတန်း)

## ❒ မုသာဝါဒ၏ မူလ

မုသားစကားကို ရေလဲသုံးနေကြခြင်း၏ အကြောင်းရင်းမူလမှာ လောဘ, ဒေါသ နှစ်ပါးဖြစ်ပါသည်။

သာဓက – သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ။

(၁၃၆၃-ခု အလတ်တန်း)

## ❒ မူလနှစ်ပါးကြောင့် ဖြစ်သောကံ

အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ (ဆောင်) ပိသု, မုသာ၊ သမ္ဖပ်ပါ၊ ဒိန္နာ နှစ်ပါးကြောင့်။

(၁၃၃၇-ခု, ၆၃-ခု အငယ်တန်း)

http://www.dhammadownload.com


## ❒ ဒုစရိုက်တရားကိုယ်

အကုသိုလ်စိတ် ၁၂-ခု

သာဓကေ - စိတ္တုပ္ပါဒဝသေန ပနေတံ အကုသ...ံ သဗ္ဗထာပိ ဒွါဒသဝိဓံ ဟောတိ။

## ❒ ဆွမ်းလောင်းသူသန္တာန်၌ ဖြစ်ခွင့်ရှိသောစေတနာ

မဟာကုသိုလ်စိတ်

သင်္ဂဟအထောက် - တထာ ဒါန သီလ ဘာဝနာ ဝသေန။

## ❒ ပုညကြိယာဝတ္ထု ၁၀-ပါးတို့တွင် နောက်ဆုံး ၃-ပုဒ်

ဓမ္မဿဝန-တရားနာမှု၊ ဓမ္မဒေသနာ- တရားဟောမှု၊ ဒိဋ္ဌိဇုကမ္မ-ဖြောင့်မှန်စွာ ယူမှု။

(၁၃၆၄-ခု အကြီးတန်း)

## ❒ ဒါန၏တရားကိုယ်

အနုသယရှိသူ၏ သန္တာန်၌ဖြစ်သော သူတစ်ပါးတို့အား ပူဇော်ချီးမြှောက်လိုသောအားဖြင့် မိမိ၏ ထင်ရှားရှိသော ဝတ္ထုကို စွန့်လှူသောအစွမ်းအားဖြင့်ဖြစ်သော ပရိစ္စာဂစေတနာသည် ဒါနမည်ပါသည်။

(၁၃၃၄-ခု အငယ်တန်း၊ ၆၁-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ ဒါနမယ-၌ သွင်းရမည့် ပုညကြိယာများ

ဣဿာ, မစ္ဆရိယတို့နှင့် ဆန့်ကျင်ဘက်ချင်းတူသည်ဖြစ်၍ ဒါနသဘော ရှိသောကြောင့် ပတ္တိဒါန, ပတ္တာနုမောဒန ၂-ပါးကို ဒါနမယ-၌ သွင်းယူရသည်။

(၁၃၆၃-ခု အလတ်တန်း)

## ❒ ချစ်ကြိုက်၍ပေးလှူလျှင် ဒါနမဖြစ်

ပူဇော်ချီးမြှောက်လို၍ ပေးလှူမှသာလျှင် ဒါနကုသိုလ် ဖြစ်သောကြောင့် ချစ်ကြိုက်၍ ပေးလှူလျှင် ဒါနကုသိုလ် မဖြစ်ပါ။ (၁၃၆၄-ခု အကြီးတန်း)

## ❒ ထောင်မြင်ရာစွန့်သူများ ဒါနမမြောက်

ပူဇော်ချီးမြှောက်လိုခြင်း ဟူသော ရည်ရွယ်ချက်ဖြင့် မိမိမှာ ထင်ရှားရှိခဲ့သော ဝတ္ထုကို စွန့်ကြဲလှူဒါန်းသော စေတနာသည်သာ ဒါနမြောက်သည်။ ထောင်မြင်၍ ရာစွန့်သော အလှူများသည် ဒါနမမြောက်ပါ။

(၁၃၆၄-ခု အလတ်တန်း)

## ❒ သီလစေတနာဖြစ်ခွင့်ရှိသော ပုဂ္ဂိုလ်များ

ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလတို့ကို ဆောက်တည်သောသူအား လည်းကောင်း၊ ဖြည့်ကျင့်သောသူအား

http://www.dhammadownload.com


လည်းကောင်း၊ မဆောက်တည်ဘဲလည်း ရောက်လာသော ဒုစရိုက်ဝစီဒုစရိုက်မှ ရှောင်ကြဉ်သောသူအားလည်းကောင်း၊ ရှင်သာမဏေပြုသူအား လည်းကောင်း၊ သိမ်တွင်း၌ ရဟန်းခံသောသူအားလည်းကောင်း၊ စတုပါရိသုဒ္ဓိ သီလကို ဖြည့်ကျင့်သူအား လည်းကောင်း သီလစေတနာတို့ ဖြစ်ခွင့် ရှိကြပါသည်။ (၁၃၆၄-ခု အလတ်တန်း)

## ❒ ဘာဝနာမယပုညကိရိယဖြစ်အောင် စာသင်ယူနည်း

အပြစ်ကင်းသော အတတ်စသည်ကို သင်ယူခြင်းသည် ဘာဝနာမယ ပုညကြိယာကုသိုလ် ဖြစ်သည်။ (၁၃၆၃-ခု အလတ်တန်း)

## ❒ ပုညကြိယာဝတ္ထုလာ ဘာဝနာ-အံရ

ကမ္မဋ္ဌာန်း ၄၀-တို့၌ လည်းကောင်း၊ ခန္ဓာ စသောဘုံတို့၌လည်းကောင်း၊ ပရိကံပြုခြင်း, သုံးသပ်ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော အပ္ပနာသို့ မရောက်သေးသော ဂေါတြဘု အဆုံးရှိသော စေတနာသည် ဘာဝနာ မည်၏။ အပြစ်ကင်းသော အတတ်ပညာ စသည်တို့ကို သင်ယူကြောင်း စေတနာသည်လည်း ဘာဝနာပင် ဖြစ်သည်။

(၁၃၆၄-ခု အလတ်တန်း၊ ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ ဒါနၶ၌ပါဝင်သော ပုညကြိယာဝတ္ထုများ

ဒါနသည်လည်း ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ပတ္တိဒါန, ပတ္တာနုမောဒနတို့သည်လည်း ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ထိုသို့ ဣဿာ, မစ္ဆရိယတို့နှင့် ဆန့်ကျင်ဘက်ခြင်းတူ၍ ဒါနသဘောရှိသောကြောင့် ပတ္တိဒါန, ပတ္တာနုမောဒနတို့ကို ဒါန၌ သွင်းယူရမည်။ (၁၃၆၁-ခု အလတ်တန်း)

## ❒ မိန်းမပျိုလေးတစ်ဦးအား ပိုးကြေးပန်းကြေးပေးရာ၌ ဒါန မဖြစ်

ပူဇော်ချီးမြှောက်လိုသောအားဖြင့် မိမိ၌ ထင်ရှားရှိသော ပစ္စည်းဝတ္ထုကို စွန့်ကြဲခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော စေတနာသည် ဒါနမည်သင့်သောကြောင့် ပူဇော်ချီးမြှောက်လိုသော သဘောပါလျှင် ဒါနဖြစ်သည်၊ မပါလျှင် မဖြစ်။ (၁၃၆၁-ခု အလတ်တန်း)

## ❒ ပတ္တာနုမောဒန

အမျှဝေသည်ဖြစ်စေ, မဝေသည်ဖြစ်စေ မစ္ဆေရ အညစ်အကြေးကင်းသောစိတ်ဖြင့် ဝမ်းမြောက်ပါက ပတ္တာနုမောဒန ဖြစ်သည်။

http://www.dhammadownload.com



## ❐ သူတစ်ပါးတို့က မပေးသော ကောင်းမှုကုသိုလ်ကို ဝမ်းမြောက်ကာမျှဖြင့် ပတ္တာနုမောဒနာ ဖြစ်နိုင်

မစ္ဆေရအညစ်အကြေးကင်းလွတ်သောစိတ်ဖြင့် အဖန်ဖန် ဝမ်းမြောက်လျှင် သူတစ်ပါးတို့က မပေးသော်လည်း ပတ္တာနုမောဒန ဖြစ်နိုင်သည်။

(၁၃၆၄-ခု အကြီးတန်း)

## ❐ ဒါန, သီလ, ဘာဝနာ၌ သွင်းယူပုံ

ပတ္တိဒါနနှင့် ပတ္တာနုမောဒနတို့ကို ဒါန၌ သွင်းယူသင့်ပါသည်။

အပစာယနနှင့် ဝေယျာဝစ္စတို့ကို သီလ၌ သွင်းယူသင့်ပါသည်။

ဓမ္မဿဝနနှင့် ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတို့ကို ဘာဝနာ၌ သွင်းယူသင့်ပါသည်။

တစ်နည်း- ဒိဋ္ဌိဇုကမ္မကို ဒါန, သီလ, ဘာဝနာ ၃-မျိုးလုံး၌ သွင်းယူရသည်။ (၁၃၆၃-ခု အလတ်တန်း)

**(ဆောင်)** ဒါန-သီလာ, ဘာဝနာ, သုံးဖြာစဉ်၍ ခင်း။ ။

စ-နှစ်ကို လယ်, လယ်နှစ်ကို စ, နောက်မှ နောက်ချင်းသွင်း။

http://www.dhammadownload.com


## ❐ အမျှပေးဝေသောကုသိုလ်ကို ဒါန၌သွင်း

ဣဿာ, မစ္ဆရိယတို့၏ ဆန့်ကျင်ဘက်အဖြစ် တူသည်ဖြစ်၍ ဒါနနှင့် သဘောလက္ခဏာတူသောကြောင့် အမျှပေးဝေမှုကို ဒါန၌ သွင်းယူရသည်။ ပတ္တိဒါနသည် ဣဿာ, မစ္ဆရိယတို့နှင့် ပဋိပက္ခဖြစ်သည်။

(၁၃၆၁-ခု အလတ်တန်း)

## ❐ သာဓုခေါ်ခြင်းသည် ဒါန

ဣဿာ, မစ္ဆရိယဆန့်ကျင်ဘက်ခြင်း တူသည်ဖြစ်၍ ဒါနသဘောရှိသော သာဓုခေါ်သော ပတ္တာနုမောဒနသည် ဒါန ဖြစ်ပါသည်။ (၁၃၆၃-ခု အလတ်တန်း)

## ❐ ဓမ္မဒေသနာကို ဘာဝနာ၌ သွင်းခြင်းအကြောင်း

ကုသိုလ်တရားကို ပွားစေခြင်းတူသောကြောင့် ဓမ္မဒေသနာကို ဘာဝနာ၌ သွင်းယူရသည်။

(၁၃၆၂-ခု အကြီးတန်း)

## ❐ ဓမ္မဒေသနာကို ဘာဝနာနှင့် ဒါန၌ ထည့်သွင်းရခြင်း အကြောင်း

ဓမ္မဒေသနာကို ကုသိုလ်တရားတို့ကို အဖန်ဖန်မှီဝဲ တတ်သည်၏ အဖြစ်ကြောင့် ဘာဝနာ၌ ထည့်သွင်း၍

http://www.dhammadownload.com



တရားကို ပေးခြင်းသဘော၏ အဖြစ်ကြောင့် ဒါနဌ ထည့်သွင်းရခြင်း ဖြစ်ပါသည်။ (၁၃၆၁-ခု အလတ်တန်း)

### ❐ ဘွဲ့ထူးဂုဏ်ထူးရလို၍ တရားဟောလျှင် ဓမ္မဒေသနာမဖြစ်

လာဘ, သက္ကာရ စသည်ကိုမငဲ့ဘဲ ယောနိသော မသိကာရဖြင့် အစီးအပွားကို ညွှန်ပြကြောင်း စေတနာ သည်သာ ဓမ္မဒေသနာမည်သောကြောင့် ဂုဏ်ထူးဘွဲ့ထူးကို ရလိုသော စိတ်ဆန္ဒဖြင့် တရားဟောသူမှာ "ဓမ္မဒေသနာ" ကုသိုလ် မဖြစ်ပါ။ (၁၃၆၂-ခု အကြီးတန်း)

### ❐ စာပေကျမ်းဂန် သင်အံပို့ချရာ၌ ဖြစ်သင့်သော ပုညကိရိယ ဝတ္ထု

သင်အံရာ၌ ဓမ္မဿဝန၊ ပို့ချရာ၌ ဓမ္မဒေသနာ။

(၁၃၆၂-ခု အကြီးတန်း)

### ❐ သုစရိုက်တရားကိုယ်

မဟာကုသိုလ်စိတ် ၈-ခု

သာဓကေ - စိတ္တုပ္ပါဒဝသေန ပဓနေတံ အဋ္ဌဝိဓံ ဟောတိ။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ တံ ပနေတံ ဝိသတိ ဝိဓမ္မံ ဥ ဝိသတိ–အရ

အကုသိုလ်ကံ ၁၂–ပါး၊ ကာမာဝစရကုသိုလ်ကံ ၈–ပါး၊ ပေါင်း ၂၀–ပါး။ (၁၃၃၉–ခု အငယ်တန်း)

## ❑ ရူပကုသိုလ် မနောကမ္မ, ဘာဝနာမယ, အပ္ပနာပတ္တ မည်ခြင်းအကြောင်း

ဝိညတ်ကို မဖြစ်စေတတ်သဖြင့် ကာယဒွါရစသည် တို့၌ မဖြစ်သောကြောင့် မနောကံသာဖြစ်ရသည်။

ဒါနစသည်တို့၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် ဘာဝနာမယသာ ဖြစ်ရသည်။

ရှေ့အဖို့၌ဖြစ်ကုန်သော တရားတို့၏ ကာမာဝစရ ဖြစ်သောကြောင့် အပ္ပနာပတ္တ ဖြစ်သည်။

(၁၃၆၁–ခု, ၆၃–ခု အလတ်တန်း)

## ❑ ဈာန်ကုသိုလ်တို့ကို ဒါန, သီလ ကုသိုလ်ကောင်းမှုတို့ဖြင့် မရနိုင်

ဈာန် ကုသိုလ်တို့ကို ဒါန, သီလ ကုသိုလ်အမှုဖြင့် မရနိုင်ပါ။ ဘာဝနာကုသိုလ်အမှုဖြင့်သာ ရနိုင်ပါသည်။ ဒထောက်– ရူပါဝစရ ကုသလံ ပန မနောကမ္မမေဝ၊ ဟဥ္စ ဘာဝနာမယံ စသော နှစ်ပုဒ်ကို ထောက်လေ။

(၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com



## ❑ ဝက်သတ်မှု အကုသိုလ်ကံ၏ ပဋိသန္ဓေကျိုး

ဝက်သတ်မှုအကုသိုလ်ကံသည် အပါယ်ဘုံ၌ အကုသလဝိပါက်ဥပေက္ခာသန္တီရဏပဋိသန္ဓေကို ဖြစ်စေသည်။

## ❑ အကုသိုလ်ကံ၏ ပဋိသန္ဓေအကျိုးပေးရာဘုံ

အပါယ် ၄-ဘုံ

## ပဝတ္တိအခါ အကျိုးပေးရာဘုံ

ကာမဘုံ, ရူပဘုံ။ (၁၃၆၁-ခု အငယ်တန်း)

## ❑ အကုသိုလ်ကာယကံ အကျိုးပေးရာဘုံဌာန

ပဋိသန္ဓေအခါ-အပါယ် ၄-ဘုံ၊
ပဝတ္တိအခါ - ကာမဘုံ, ရူပဘုံ

## ❑ ကြက်တစ်ကောင်ကိုသတ်သည့် အကုသိုလ်ကံ

ဗြဟ္မာပြည်အထိ အကျိုးပေးနိုင်သောအခါ ရှိပါသည်။ ထိုအခါမှာ ပဝတ္တိအခါ ဖြစ်ပါသည်။

အကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌သာ အပါယ်အကျိုးကိုပေးပြီး ပဝတ္တိအခါ၌ကား ကာမဘုံ, ရူပဘုံ၌ အကျိုး ပေးပါသည်။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



### ❒ အပါယ်ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်သော ကံများ

ဥဒ္ဓစ္စကြဉ်သော အကုသိုလ်ကံ ၁၁-ခု။

သာဓက-ဥဒ္ဓစ္စာကုသလကမ္မ မုဒ္ဓစ္စရဟိတံ အပါယ ဘူမိယံ ပဋိသန္ဓိံ ဇနေတိ။ (၁၃၆၄-ခု အငယ်တန်း)

### ❒ အကုသိုလ်ကံဖြစ်တိုင်း အပါယ်ပဋိသန္ဓေကို မပေးနိုင်

ဥဒ္ဓစ္စကံသည် အပါယ်ပဋိသန္ဓေကို မပေး၊ ကြွင်းသော အကုသိုလ်ကံ ၁၁-ခုသည် အပါယ်ပဋိသန္ဓေကို ပေးသောကြောင့် အကုသိုလ်ကံဖြစ်တိုင်း အပါယ် ပဋိသန္ဓေကို မပေးပါ။ (၁၃၆၃-ခု အလတ်တန်း)

### ❒ တစ်ခုသော ကံတရား၏ ဘဝအရေအတွက်အလိုက် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးပေးပုံ

တစ်ခုသောကံတရားသည် တစ်ဘဝမျှသာ ပဋိသန္ဓေ အကျိုး ပေးနိုင်ပါသည်။

ပဝတ္တိကျိုးကား- ဘဝပေါင်းရာထောင်နှင့်ချီ၍လည်း အကျိုးပေးနိုင်ပါသည်။ (၁၃၆၄-ခု အကြီးတန်း)

### ❒ အပါယ်ကျနိုင်စွမ်းမရှိသော အကုသိုလ်ကံ

ဥဒ္ဓစ္စစေတနာ၊

အထောက် - ဥဒ္ဓါကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။ (၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ အကုသိုလ်ကံအကျိုး

ဥဒ္ဒစ္စကြည်သော အကုသိုလ်ကံ ၁၀-ခုသည် အပါယ်လေးဘုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ပဋိသန္ဓေ ၁-ပါးကို ဖြစ်စေသည်၊ ပဝတ္တိအခါ အကုသိုလ်ကံ ၁၂-ပါးလုံးပင် ကာမဘုံ, ရူပဘုံတို့၌ အကုသလဝိပါက် ၇-ခု အကျိုးကို ဖြစ်စေသည်။ (၁၃၆၂-ခု, ၆၃-ခု အကြီးတန်း)

## ❒ ဥဒ္ဒစ္စစေတနာ၏ အပါယ်ပဋိသန္ဓေကျိုး မပေးနိုင်ခြင်းအကြောင်း

ဒဿနေန ပဟာတဗ္ဗတရားတို့၌ မလာသောကြောင့် ဥဒ္ဒစ္စ သဟဂုတ်စေတနာသည် အပါယ်ပဋိသန္ဓေကျိုးကို မပေးနိုင်ပါ။

(၁၃၆၃-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

## ❒ ဧတ္တာကုသလကမ္မမုဒ္ဒစ္စရဟိတံ၌ ဥဒ္ဒစ္စကြည်ရခြင်းအကြောင်း

ဥဒ္ဒစ္စသည် ပဋိသန္ဓေအကျိုး မပေးသောကြောင့် ကြည်ရပါသည်။ (၁၃၃၁-ခု အလတ်တန်း)

## ❒ ဒေါသကြီးသူတို့ ဖြစ်နိုင်သည့် ဘုံဌာန

အပါယ်ဘုံဌာန

http://www.dhammadownload.com



သင်္ဂဟာအထောက် - ဇွေဒ္ဓာကုသလ ကမ္မမုဒ္ဒစ္စ ရဟိတံ အပါယဘူမိယံ ပဋိသန္ဓိ ဇနေတိ။

(၁၃၅၀-ခု အငယ်တန်း)

## ❐ အကုသိုလ်ကံ၏ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး

ဥဒ္ဓစ္စကြဉ်သော အကုသိုလ်ကံ ၁၁-ခုသည် အပါယ်ဘုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ပဋိသန္ဓေကို ဖြစ်စေသည်၊ ပဝတ္တိအခါ၌ကား အကုသိုလ်ကံ ၁၂-ပါးလုံးပင် ကာမဘုံ, ရူပဘုံတို့၌ ထိုက်သင့်သလို အကုသလဝိပါက် ၇-ပါးအကျိုးကို ဖြစ်စေသည်။

(၁၃၆၁-ခု အကြီးတန်း)

## ❐ အပါယ်ဘုံ၌ ပဝတ္တိအကျိုးကိုပေးသော အကုသိုလ်ကံ

ဥဒ္ဓစ္စစေတနာသည် နာနာက္ခဏိက ကမ္မပစ္စည်း မတပ်၊ နာနာက္ခဏိက ကမ္မပစ္စည်းနှင့် ကင်း၍လည်း ပဋိ သန္ဓေအကျိုးကို မပေးနိုင်။ ပဋိသန္ဓေအကျိုးကို မပေးသောကြောင့် ပဝတ္တိအကျိုးကိုသာ ပေးပါသည်။

(၁၃၆၄-ခု အလတ်တန်း)

## ❐ အပါယ်ပဋိသန္ဓေမျိုးစေ့ကို မချပေးနိုင်သော အကုသိုလ်+ ချပေးနိုင်သော အကုသိုလ်

အပါယ်ပဋိသန္ဓေမျိုးစေ့ကို မပေးနိုင်သော အကုသိုလ်ကား ဥဒ္ဓစ္စ၊ ပေးနိုင်သော အကုသိုလ်ကား ဥဒ္ဓစ္စ

http://www.dhammadownload.com


ကြဉ်သော အကုသိုလ် ၁၁-ခု။
သာဓက- တွေ့ာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယ ဘူမိယံ ပဋိသန္ဓိ ဇနေတိ။ (၁၃၆၄-ခု အကြီးတန်း)

**❑ ပဝတ္တိအခါ၌သာ အကျိုးပေးနိုင်သော အကုသိုလ်ကံ**

ဥဒ္ဓစ္စ အကုသိုလ်ကံ ဖြစ်ပါသည်။
(၁၃၆၄-ခု အငယ်တန်း)

**❑ ပဋိသန္ဓေ, ပဝတ္တိအခါ အကျိုးပေးနိုင်သော အကုသိုလ်ကံ**

ဥဒ္ဓစ္စမှကြွင်းသော အကုသိုလ်ကံ ၁၁-ခု ဖြစ်ပါသည်။ (၁၃၆၄-ခု အငယ်တန်း)

**❑ ပဝတ္တိအကျိုးကိုသာပေးသော ကာမာဝစရကံ**

ဥဒ္ဓစ္စစေတနာ
သာဓက - တွေ့ာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယ ဘူမိယံ ပဋိသန္ဓိ ဇနေတိ။

**❑ အကုသိုလ်ကံကြောင့် ရှုပဘုံ၌ ပဝတ္တိအကျိုးဝိပါက်**

အကုသလဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏအားဖြင့် ၄-ပါး။
(၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com



**❒ စေတနာကံတစ်ခုက ပဋိသန္ဓေဘဝများစွာကို မဖြစ်စေနိုင်**

တစ်ခုသောစေတနာကံသည် များစွာသော ပဋိသန္ဓေဘဝတို့ကို မဖြစ်စေနိုင်ပါ၊ ပဋိသန္ဓေတစ်ခုကိုသာ ဖြစ်စေနိုင်ပါသည်။ တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခါ တဗ္ဗာ စသော ပါဠိတော်ကား စေတနာပေါင်း မြောက်မြားစွာဖြစ်သည်ကို ရည်ရွယ်၍ ဟောထားခြင်း ဖြစ်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

**❒ ကာမာဝစရကံတို့တွင် ပဝတ္တိအကျိုးကိုသာ ပေးစွမ်းနိုင်သောကံ**

ဥဒ္ဓစ္စသဟဂတ စေတနာ။ ပဋိသန္ဓိံ ဇနေတိ ပဝတ္တိယံ ပန သဗ္ဗမ္ပိ ဒွါဒသဝိဓံ သတ္တာကုသလပါကာနိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ-ကိုထောက်၍ ဥဒ္ဓစ္စစေတနာဖြစ်ပါသည်။ (၁၃၃၉-ခု အလတ်တန်း)

**❒ ကာမကုသိုလ်ကံ၏ ပဝတ္တိအခါ၌ ခံစားရမည့် မကောင်းကျိုးများကို ဘုံအလိုက်**

ကာမဘုံ၌ အကုသလဝိပါက် ၇-ခု၊ ရူပဘုံ၌ စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ဟူသော အကုသလဝိပါက် ၄-ခု။

(၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com


## ❏ လှူဒါန်းမှုကုသိုလ်ကံ၏ ပဝတ္တိကျိုး

လှူဒါန်းမှုကုသိုလ်ကံသည်

၁။ ဉာဏ်လည်းပါ, ကုသိုလ်လည်း ခြံရံလျှင် မဟာဝိပါက် ၈-ပါး, အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၆-ပါးသောအကျိုးကို ကာမ,ရူပဘုံ၌ ဖြစ်စေသည်။

၂။ ဉာဏ်ပါသော်လည်း အကုသိုလ် ရောလျှင်သော်လည်းကောင်း၊ ဉာဏ်မပါသော်လည်း ကုသိုလ်ခြံရံလျှင်သော်လည်းကောင်း မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ပါး၊ အဟိတ် ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂- ပါးသောအကျိုးကို ကာမ, ရူပဘုံ၌ ဖြစ်စေသည်။

၃။ ဉာဏ်လည်းမပါ အကုသိုလ်လည်းခြံရံလျှင် အဟိတ် ကုသလဝိပါက် ၈-ပါးကိုသာ ကာမ, ရူပဘုံ၌ ဖြစ်စေသည်။ (၁၃၆၁-ခု အလတ်တန်း)

**(ဆောင်)** ကုသိုလ်ပြုစဉ်, ကံကျိုးမြင်သိ, ဉာဏ်ယှဉ်ဘိက, တိဟိတ်ကုသိုလ်, ခေါ်ဆိုကြရိုး၊ အကျိုးမမြင်, ဉာဏ်မယှဉ်သော်, ခေါ်တွင် ဒွိဟိတ်-ကုသိုလ်စိတ်တည်း၊ ကြိတ်လိပ်သေသပ်, ရှေ့နောက် နှစ်ရပ်ဝယ်, ညှပ်မူကုသိုလ်-ဥက္ကဋ္ဌဆို၏၊ ထိုထိုနှစ်တန်, အကုခြံလျှင်, တစ်ဖန် ဩမက-မည်တုံ့ကြသည်, မှတ်ကြလွယ်ဖို့ အချုပ်တည်း။

http://www.dhammadownload.com


## ❑ ပဝတ္တိကောင်းကျိုးဝိပါက်စိတ်

မဟာဝိပါက်စိတ် ၈–ခုတို့ကို ကာမသုဂတိ ၇–ဘုံ၌ ဖြစ်စေသည်၊ အဟိတ်ကုသလဝိပါက်စိတ် ၈–ခုတို့ကို ကာမဘုံ, ရူပဘုံတို့၌ ဖြစ်စေသည်။

(၁၃၆၁–ခု အကြီးတန်း)

## ❑ ဒါနပြုရုံဖြင့် သံသရာစခန်း မသိမ်း

လှူဒါန်းသော ဒါနကုသိုလ်သည် ကာမကုသိုလ်သာဖြစ်၍ သံသရာစခန်း မသိမ်းနိုင်ပါ၊ မဂ်ကုသိုလ်သည်သာ သံသရာစခန်း သိမ်းနိုင်သည်။

သာဓက – ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ။ (၁၃၆၁–ခု အကြီးတန်း)

## ❑ ဒါနပြုရုံသက်သက်ဖြင့် နိဗ္ဗာန်မရောက်နိုင်

ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ၊ တထာပဝတ္တိယဉ္စ မဟာဝိပါကာနိ၊ အဟေတုကဝိပါကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ ကိုထောက်၍ ဒါနကုသိုလ်သည် ကာမကုသိုလ်ဖြစ်၍ ၎င်းဒါနကုသိုလ်သက်သက်ဖြင့် နိဗ္ဗာန်သို့ တိုက်ရိုက် မရောက်နိုင်။

(၁၃၆၄–ခု အငယ်တန်း၊ အလက်တန်း၊ ၃၂–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ နိစ္စ ငါးပါးသီလရှိကြသည့် ပုဂ္ဂိုလ်တို့ စုတေကြသောအခါ ရောက်နိုင်သော ဘုံဘဝ

ကာမသုဂတိ ၇-ဘုံ။

အကိုးပါဠိ- ကာမာဝစရကုသလမ္ဘိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ။

## ❑ ဥက္ကဋ္ဌဟူသည်

ရှေ့နောက် ကုသိုလ်ခြံရံသောကံသည်လည်းကောင်း၊ ပြုပြီး နောက်အဖို့၌ အဖန်ဖန် ထုံမွမ်းမှုရသောကံသည်လည်းကောင်း ဥက္ကဋ္ဌမည်၏။ (၁၃၆၂-ခု အကြီးတန်း)

## ❑ လူ့ဘဝ၏အကြောင်းကံ

မဟာကုသိုလ်စိတ် ၈-ခု။

သာဓက- ကာမာဝစရ ကုသလမ္ဘိ ကာမသုဂတိယ မေဝ ပဋိသန္ဓိံ ဇနေတိ။ (၁၃၆၄-ခု အကြီးတန်း)

## ❑ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံကြောင့် ရူပဘုံ၌ဖြစ်သော ဝိပါက်စိတ်များ

အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ ၂-ခု၊ ပေါင်း ၅-ခု။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ တိဟိတ်ဩမကကုသိုလ်၏ အကျိုးပေးပုံ

တိဟိတ်ဩမကကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေ ၄-ခုကို ဖြစ်စေ၍ ပဝတ္တိအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ်-၄၊ အဟိတ်ကုသလဝိပါက်-၈၊ ပေါင်း ၁၂-ပါးသောအကျိုးကို ဖြစ်စေသည်။ (သမာနဝါဒ)

တိဟိတ်ဩမက အသင်္ခါရိက ၂-ပါးသည် ဒွိဟိတ် အသင်္ခါရိက ပဋိသန္ဓေ ၂-ပါ ကို ဖြစ်စေ၍ ပဝတ္တိအခါ မဟာဝိပါက်ဉာဏဝိပ္ပယုတ် အသင်္ခါရိက-၂၊ အဟိတ် ကုသလဝိပါက်-၈၊ ပေါင်း ၁၀-ပါးသော အကျိုးကို ဖြစ်စေသည်။ တိဟိတ်ဩမက အသင်္ခါရိက ၂-ပါးသည် ဒွိဟိတ် သသင်္ခါရိကပဋိသန္ဓေ ၂-ပါးကို ဖြစ်စေ၍ ပဝတ္တိအခါ မဟာဝိပါက်ဉာဏ ဝိပ္ပယုတ် သသင်္ခါရိက-၂၊ အဟိတ်ကုသလဝိပါက်-၈၊ ပေါင်း ၁၀-ပါးသော အကျိုးကို ဖြစ်စေသည်။ (ကေစိဝါဒ)

(၁၃၆၃-ခု အလတ်တန်း)

## ❑ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဋိသန္ဓေအကျိုးပေးနိုင်သော စိတ္တုပ္ပါဒ်နှင့် ဘုံ

မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်၊ ကာမသုဂတိ ၇ ဘုံ။

http://www.dhammadownload.com


## ❒ ၄င်းကံ၏ ပဝတ္တိအကျိုးပေးနိုင်သော စိတ်အုပ္ပါဒ်နှင့် ဘုံ

မဟာဝိပါက် ၈–ခု၊ အဟိတ်ကုသလဝိပါက် ၈–ခု၊ ပေါင်း ၁၆–ပါး၊ ကာမ ၁၁–ဘုံ၊ ရူပ ၁၅–ဘုံ။
(၁၃၃၉–ခု အလတ်တန်း:)

## ❒ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုး

ပဋိသန္ဓေအခါ – ကာမသုဂတိ ၇ ဘုံ၌ တိဟိတ်ပဋိသန္ဓေ ၄–ခုကို ပေးသည်၊ ပဝတ္တိအခါ မဟာဝိပါက် ၈–ခုကို ကာမသုဂတိ ၇–ဘုံ၌ ဖြစ်စေသည်၊ အဟိတ်ကုသလဝိပါက် ၈–ခုကိုကား ကာမဘုံ, ရူပဘုံ၌ ထိုက်သင့်သလို ဖြစ်စေသည်။ (၁၃၆၃–ခု အလတ်တန်း၊ အကြီးတန်း:)

## ❒ ဒွိဟိတ်ဥက္ကဋ္ဌနှင့် ဒွိဟိတ်ဩမက ကုသိုလ်ကံအကျိုး

ဒွိဟိတ်ဥက္ကဋ္ဌကံကြောင့် ဒွိဟိတ်ပဋိသန္ဓေ ၄–ခု အကျိုး ဖြစ်သည်။ ပဝတ္တိအခါ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄–ခု၊ အဟိတ်ကုသလဝိပါတ် ၈–ခု၊ ပေါင်း ၁၂–ပါးသော အကျိုးဖြစ်သည်။ ဒွိဟိတ်ဩမကကုသိုလ်ကံကြောင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ပဋိသန္ဓေ ဖြစ်သည်။ ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈–ပါးဖြစ်သည်။ (၁၃၆၃–ခု အကြီးတန်း:)

**❑ ကုသိုလ်ကြောင့် လူဖြစ်တာခြင်း တူပါလျက် ဆွံ့အ နားမကြား လူစဉ်မမှီသူ ဖြစ်ရခြင်းအကြောင်း**

ကုသိုလ်ပြုစဉ်က ဉာဏ်လည်းမပါ အကုသိုလ် လည်း ခြံရံခဲ့သည်ဖြစ်၍ ဒွိဟိတ် ဩမက ကုသိုလ်ကံ ကြောင့် လူစဉ်မမှီဘဝရောက်ရသည်။

(၁၃၆၄-ခု အကြီးတန်း)

**❑ တိဟိတ်ဥက္ကဋ္ဌ ကာမာဝစရ ကုသိုလ်ကံ၏ အကျိုးပေးပုံ (ကောစိဝါဒ)**

တိဟိတ် မဟာဝိပါက် အသင်္ခါရိက ကုသိုလ်ကံ သည် ပဋိသန္ဓေအခါ တိဟိတ် မဟာဝိပါက် အသင်္ခါရိက ၂-ပါး ပဋိသန္ဓေကိုပေး၍ ပဝတ္တိအခါ မဟာဝိပါက် အသင်္ခါရိက ၄-ပါး၊ အဟိတ်ကုသလ ဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသောအကျိုးကို ဖြစ်စေသည်။ တိဟိတ် ဥက္ကဋ္ဌ သသင်္ခါရိကကုသိုလ်သည် ပဋိသန္ဓေအခါ သသင်္ခါ ရိက တိဟိတ် ဝိပါက် ၂-ပါးကို ဖြစ်စေ၍ ပဝတ္တိအခါ မဟာဝိပါက် သသင်္ခါရိက ၄-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသောအကျိုးကို ဖြစ်စေသည်။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com


## ❏ ကေစိဝါဒအရ တိဟိတ် ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ်, သသင်္ခါရိကကုသိုလ်ကံတို့၏ အကျိုးစိတ်များ

တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ်သည် တိဟိတ် ဥက္ကဋ္ဌ အသင်္ခါရိကနှစ်ပါးကို ပဋိသန္ဓေအကျိုးပေး၍ ပဝတ္တိအခါ တိဟိတ် အသင်္ခါရိက နှစ်ပါး၊ ဒွိဟိတ် အသင်္ခါရိက နှစ်ပါး၊ အဟိတ် ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသောအကျိုးကို ပေးသည်။

တိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိကကုသိုလ်သည် တိဟိတ် ဥက္ကဋ္ဌ သသင်္ခါရိကနှစ်ပါးကို ပဋိသန္ဓေအကျိုးပေး၍ ပဝတ္တိအခါ တိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိက နှစ်ပါး၊ ဒွိဟိတ် သသင်္ခါရိကနှစ်ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၂-ပါးသောအကျိုးကို ပေးသည်။

(၁၃၆၄-ခု အကြီးတန်း)

## ❏ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ကြောင့် ရုပဘုံ၌ဖြစ်သော ဝိပါက်စိတ်များ

အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်, သောတ ဝိညာဏ်, သမ္ပဋိစ္ဆိုင်း၊သန္တီရဏ ၂-ပါးအားဖြင့် ၅-ပါး ဖြစ်သည်။ (၁၃၃၆-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ မဟာကုသိုလ်ကံ၏ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး

ကာမာဝစရကုသိုလ်ကံကြောင့် ကာမသုဂတိ ၇-ဘုံ၌ ၉-ခုသော ပဋိသန္ဓေကို ဖြစ်စေသည်။ ပဝတ္တိအခါ၌ မဟာဝိပါက် ၈-ခုကို ကာမဘုံ၌ဖြစ်စေသည်။ အဟိတ်အကုသလဝိပါက်ကိုကား ကာမဘုံ, ရူပဘုံတို့၌ ထိုက်သင့်သလိုဖြစ်စေသည်။

ထိုတွင် -

၁။ တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ တိဟိတ်ပဋိသန္ဓေ ၄-ခုအကျိုးကို ဖြစ်စေ၍ ပဝတ္တိအခါ တိဟိတ်, ဒွိဟိတ်, အဟိတ် ၁၆-ပါးသော အကျိုးကို ဖြစ်စေသည်။

၂။ တိဟိတ်ဩမကနှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် ပဋိသန္ဓေအခါ ဒွိဟိတ်ပဋိသန္ဓေ ၄-ခုကို ဖြစ်စေ၍ ပဝတ္တိအခါ ဒွိဟိတ်, အဟိတ် ၁၂-ပါးသော အကျိုးကို ဖြစ်စေသည်။

၃။ ဒွိဟိတ်ဩမကကုသိုလ်ကံသည် ပဋိသန္ဓေအခါ အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ၁-ခုကိုဖြစ်စေ၍ ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈-ခုကို ဖြစ်စေသည်။

ကေစိဆရာတို့ကား - "အသင်္ခါရိကကုသိုလ်ကံသည် အသင်္ခါရိကအကျိုးကိုသာ ဖြစ်စေသည်၊ သသင်္ခါရိက

http://www.dhammadownload.com



ကုသိုလ်ကံ သည်လည်း သသင်္ခါရိကအကျိုးကိုသာ ဖြစ်စေသည်”ဟု ဆိုကြသည်။
(၁၃၆၃-ခု အငယ်တန်း၊ ၃၀-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

## ❑ ဩမကဟူသည်

ရှေ့နောက် အကုသိုလ်ခြံရံသော ကံသည် လည်းကောင်း၊ ပြုပြီးရာနောက်ကာလ၌ နှလုံးမသာယာခြင်းကို ဖြစ်စေခြင်းဖြင့် အဖန်ဖန် ထုံမွမ်းအပ်သောကံသည် လည်းကောင်း ဩမကမည်၏။ (၁၃၆၂-ခု အကြီးတန်း)

## ❑ လူဖြစ်ကြောင်းကံ

ကာမာဝစရ ကုသိုလ်ကံ ၈-ခုကြောင့် လူဖြစ်လာရသည်။

## ❑ လူစဉ်မမှီခြင်းအကြောင်းကံ

ဒွိဟိတ် ဩမကကုသိုလ်ကံ ၄-ပါး။

## ❑ ယင်းကံ၏ ပဋိသန္ဓေအကျိုး

ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁-ပါး

http://www.dhammadownload.com



## ❑ ယင်းကံ၏ ပဝတ္တိအကျိုး

အဟိတ်ကုသလဝိပါတ် ၈–ပါး။

(၁၃၆၃–ခု အကြီးတန်း)

## ❑ ဒွိဟိတ်ဥက္ကဋ္ဌကံ၏ ပဋိသန္ဓေ, ပဝတ္တိအကျိုး

ဒွိဟိတ်ဥက္ကဋ္ဌကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄–ပါးကို ဖြစ်စေ၏။

ပဝတ္တိအခါ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄–ပါး, အဟိတ်ကုသလဝိပါက် ၈–ပါး၊ ပေါင်း ၁၂– ပါးသော အကျိုးကို ဖြစ်စေ၏။

သာဂေ။ ။ တိဟေတုက မောမကံ ဒွိဟေတုက မုက္ကဋ္ဌ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ တိဟေတုကရဟိတာနိ ဒွါဒသဝိပါကာနိ ဝိပစ္စတိ။

(၁၃၃၇–ခု အငယ်တန်း)

## ❑ ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ၏ ကေစိဝါဒပဝတ္တိအကျိုး

အသင်္ခါရိက ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ၂–ပါး၊ အဟိတ်ကုသလဝိပါက် ၈–ပါး၊ ပေါင်း ၁၀–ပါးသောအကျိုးကို ဖြစ်စေသည်။

http://www.dhammadownload.com



သသင်္ခါရိကဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံသည် မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ၂-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါး၊ ပေါင်း ၁၀-ပါးသောအကျိုးကို ဖြစ်စေသည်။ (၁၃၆၁-ခု အလတ်တန်း)

## ❒ ဒွိဟိတ်ဥက္ကဋ္ဌပုဂ္ဂိုလ်၏ ပဋိသန္ဓေ

မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခု။

## ❒ ပဝတ္တိအကျိုး

မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခု၊ အဟိတ်ကုသလဝိပါက် ၈-ခု၊ ပေါင်း ၁၂-ခု။

(၁၃၆၂-ခု အကြီးတန်း)

## ❒ ပဋိသန္ဓေကဏ်းစသည်တို့ အကုသိုလ်ကြောင့် မဟုတ်

ပဋိသန္ဓေအားဖြင့် မျက်မမြင်, နားမကြားဖြစ်သူတို့သည် အကုသိုလ်ကံကြောင့်သာ ဖြစ်ရသည် မဟုတ်ပါ။ ကုသိုလ်ကံကြောင့်လည်း ဖြစ်ရသည်။ ဒွိဟိတ်သြမက ကုသိုလ်ကံကြောင့် ကာမသုဂတိဘုံ၌ ပဋိသန္ဓေအားဖြင့် မျက်မမြင်, နားမကြားရ ဖြစ်ရသည်။

(၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ ဒွိဟိတ်ဩမက ကုသိုလ်ကံ၏ ပဋိသန္ဓေအကျိုးပေးသော ဘုံ

လူ့ဘုံ, ဘုမ္မသိတ ဝိနိပါတိက အသုရာ ဟူသော စတုမဟာရာဇ်ဘုံအားဖြင့် ကာမသုဂတိ ၂-ဘုံ။

## ❐ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၏ ပဋိသန္ဓေကျိုး, ပဝတ္တိကျိုး

ဒွိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိက ကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ၂-ပါးကို ဖြစ်စေ၏။

ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး, မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ၂-ပါး၊ ပေါင်း ၁၀-ပါးကို ဖြစ်စေသည်။

ဒွိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိကကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ်သသင်္ခါရိက ၂-ပါးကို ဖြစ်စေ၏။

ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက် ၈-ပါး, မဟာဝိပါက် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ၂-ပါး၊ ပေါင်း ၁၀- ပါးကို ဖြစ်စေ၏။ (ကေစိဝါဒ)

(၁၃၂၄-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ အဟိတ်ကုသလဝိပါက်စိတ်တို့ သခၤါရဝိမုတ်

အသခၤါရံ သသခၤါရ- ဝိပါကာနိ န ပစ္စတိ။
သသခၤါရ မသခၤါရ- ဝိပါကာနိတိ ကေစန-

ဟူသော သင်္ဂဟာကိုထောက်၍ အဟိတ်ကုသလဝိပါက်စိတ်သည် အသင်္ခါရိကဖြစ်က သ,သင်္ခါရိက အကျိုးမပေးရာ၊ သ,သင်္ခါရိက ဖြစ်ကလည်း အသင်္ခါရိကအကျိုးမပေးရာ။ ယခုမူ အသင်္ခါရိက က်, သသင်္ခါရိကက် နှစ်မျိုးလုံး၏ အကျိုးဝိပါက် ဖြစ်သောကြောင့် သင်္ခါရဝိမုတ္တအမျိုးအစားတွင် ပါဝင်သည်ဟု ဆိုရမည်။ (၃၃၅၁-ခု အကြီးတန်း)

## ❒ မိန်းမများ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်+မရောက်နိုင်

မိန်းမများသည်လည်း ဈာန်သမာပတ် ရရှိလျှင် ဗြဟ္မာဖြစ်နိုင်သည်။ သို့သော် ဗြဟ္မပါရိသဇ္ဇာကဲ့သို့သော အငယ်စားဗြဟ္မာများသာ ဖြစ်သည်။

(၁၃၆၄-ခု အလတ်တန်း)

## ❒ ပရိတ္တစသည်အခွဲ

မှိုဝ်မူ အာသေဝနနည်းလျှင် ပရိတ္တ၊ အလတ်စားဖြစ်လျှင် မဇ္ဈိမ၊ အလွန်များလျှင် ပဏီတ(တစ်နည်း) ဈာန်ကို ရအောင် အားထုတ်စဉ်အခါ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတို့ ယုတ်ညံ့နေလျှင် ပရိတ္တ၊ အလယ် အလတ်ဖြစ်လျှင် မဇ္ဈိမ၊ ထက်မြက်လျှင် ပဏီတ။

http://www.dhammadownload.com


**(ဆောင်)** ဓိပတိထိုက်ငြား, တစ်ပါးပါးပင်, ယုတ်လျှင်ပရိ, လယ်မရှိ, ထက်ဘိ ပဏီတ။

## ❑ လူ့ပြည်မှ ဈာန်မရသော အနာဂါမ်များ ဗြဟ္မာ့ပြည်ရောက်ပုံ

အနာဂါမ်ပုဂ္ဂိုလ်တို့သည် သမာဓိတရား ပြည့်စုံပြီးသူများဖြစ်၍ သေသောအခါ ကေန်မုချ သမာဓိဈာန်ကို ရပြီး ဗြဟ္မာ့ဘုံ၌ ဖြစ်ရသည်။ (၁၃၆၁-ခု အကြီးတန်း)

## ❑ စတုတ္ထဈာန်ကိုပွားသဖြင့် ရောက်နိုင်သောဘုံများ

ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာ ဟူသော တတိယဈာန် ၃-ဘုံသို့ ရောက်နိုင်သည်။

(၁၃၃၀-ခု အငယ်တန်း)

## ❑ စတုတ္ထဈာန်စုတိနောင် နောင်းနိုင်သော ပဋိသန္ဓေများ

စတုတ္ထဈာန်စုတိနောင် သဟိတ်ပဋိသန္ဓေ သတ္တရသ နောင်းနိုင်ပါသည်။

(မှတ်ချက်)။ ။ ပ-ဒု-တ ဈာန်ကြဉ် သဟိတ်ပဋိသန္ဓေ ၁၄-ပါးဟုလည်း ဆိုကြသေး၏။

(၁၃၃၀-ခု အငယ်တန်း)

## ❑ ပဉ္စမဈာန် ဘာဝေတွာ-၌ ပဉ္စမဈာန်-အရ

အဘိညာဉ်အဖြစ်သို့ရောက်သော ပဉ္စမဈာန်သည် အကျိုးပေးခြင်းသဘော မရှိသောကြောင့် အဘိညာဉ် အဖြစ်သို့ မရောက်သော ပဉ္စမဈာန်ကို ယူရမည်။

http://www.dhammadownload.com



## ❑ ပဋ္ဌမရျာန် ဘာဝေတွာ-၌ အဘိညာဉ်ကိစ္စတပ်သော ပဋ္ဌမရျာန် မပါဝင်သင့်ခြင်းအကြောင်း

အဘိညာဉ်ကိစ္စတပ်သော ပဋ္ဌမရျာန်သည် အာသေဝန ပစ္စည်းကို မရ၍ အားနည်းသောကြောင့် အကျိုးဝိပါက်ကို မဖြစ်နိုင်၊ ထို့ကြောင့် မပါဝင်သင့်ပါ။

(၁၃၃၃-ခု အလတ်တန်း)

## ❑ ပဋ္ဌမရျာန် ဘာဝေတွာ ဝေဟပ္ပလေသု၌ ယူရမည့် ပဋ္ဌမရျာန်

မဟဂ္ဂုတ်ကုသိုလ်သည် တူသောဘုံ၌ရှိသောဇောမှ အာသေဝနပစ္စည်းကိုရရှိ၍ အားရှိမှသာလျှင် အကျိုးပေးသည်။

အဘိညာဉ်ကုသိုလ်ဇောသည် တစ်ကြိမ်သာဖြစ်၍ အာသေဝနပစ္စည်းကို မရသဖြင့် အားနည်းသည့်အတွက် အကျိုးပေးခြင်းသဘော မရှိသောကြောင့် အဘိညာဉ်အဖြစ်သို့ မရောက်သော ပဋ္ဌမရျာန်ကိုသာ ယူရမည်။

(၁၃၆၄-ခု အလတ်တန်း)

## ❑ ပဋ္ဌမရျာန်အပြား

အဘိညာဉ်အဖြစ်သို့ မရောက်သော ပဋ္ဌမရျာန်၊ ရောက်သော ပဋ္ဌမရျာန်ဟု နှစ်မျိုးပြားပါသည်။

http://www.dhammadownload.com



အဘိညာဉ်အဖြစ်သို့ရောက်သော ပဌမဈာန်သည် အကျိုးပေးခြင်း မရှိသောကြောင့် အဘိညာဉ်အဖြစ်သို့ မရောက်သော ပဌမဈာန်ကိုသာ ဤနေရာ၌ ယူသင့်သည်။
(၁၃၆၃-ခု အလတ်တန်း)

## ❑ အဘိညာဉ်ကိစ္စတပ်-မတပ်သော ရူပပဌမဈာန် ကုသိုလ်၊ ကြိယာစိတ်တို့၏ အာရုံ

အဘိညာဉ်ကိစ္စတပ်သော ရူပါဝစရကုသိုလ် ပဌမဈာန်စိတ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသည်။ အဘိညာဉ်ကိစ္စတပ်သော ရူပါဝစရ ကြိယာ ပဌမဈာန်စိတ်သည် အလုံးစုံကို အာရုံပြုသည်။

အဘိညာဉ်ကိစ္စမတပ်သော ရူပါဝစရကုသိုလ်, ကြိယာ ပဌမဈာန်စိတ်သည် (ကသိဏ်းပညတ် ၁၀-ပါး, ပေါင်း ၁၂ ပါး သော)ပညတ်ကို အာရုံပြုသည်။
(၁၃၆၁-ခု အကြီးတန်း)

## ❑ ပဌမဈာန်ကုသိုလ်နှင့် ဈာနအကျိုး

၁။ အဘိညာဉ်အဖြစ်သို့ မရောက်သော ပဌမဈာန် ကုသိုလ်သည် ဝေဟပ္ဖိုလ်ဘုံ၌ ရူပပဌမဈာန်ဝိပါက်ကို

http://www.dhammadownload.com


ပဋိသန္ဓေ, ဘဝင်, စုတိအကျိုးကို ဖြစ်စေသည်။

၂။ ဃင်းပဉ္စမဈာန်သည်ပင် သညာကင်းအောင် ပွားများလျှင် အသညသတ်ဘုံ၌ ဇီဝိတနဝကကလာပ်ရုပ်ကို ပဋိသန္ဓေ, ဘဝင်, စုတိအကျိုးကို ဖြစ်စေသည်။

၃။ အနာဂါမ်ပုဂ္ဂိုလ်တို့၌ဖြစ်သော ရူပပဉ္စမဈာန် ကုသိုလ်သည် သုဒ္ဓါဝါသဘုံတို့၌ ရူပပဉ္စမဈာန်ဝိပါက်ကို ပဋိသန္ဓေ, ဘဝင်, စုတိအကျိုးကို ဖြစ်စေသည်။

(၁၃၆၁-ခု အကြီးတန်း)

## ❑ အသညသတ်ဘုံရောက်အောင် ပွားများနည်း

ရူပပဉ္စမဈာန်ကို သညာကင်းအောင် ပွားများရမည်။

(၁၃၅၃-ခု အကြီးတန်း)

## ❑ အသညသတ်ဘုံသို့ရောက်ရန် နည်းလမ်း

အဘိညာဉ်အဖြစ်သို့ မရောက်သော ပဉ္စမဈာန် ကုသိုလ်ကံကို သညာကင်းအောင် ပွားများလျှင် အသည သတ်ဘုံသို့ ရောက်သည်။ (၁၃၆၃-ခု အလတ်တန်း)

## ❑ သုဒ္ဓါဝါသငါးဘုံ၌ ပဋိသန္ဓေနေနိုင်သော ပုဂ္ဂိုလ်များ

အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။

အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com


**(ဆောင်)** သဒ္ဒါ-ဝိရိ, သတ်-သမာ, ဓိပညာ, ငါးဖြာ ဣန္ဒြေခင်း။
သဒ္ဒါဘုံငါး, ထက်သူများ, စံစား စဉ်တိုင်းသွင်း။

## ❒ သုက္ခဝိပဿက အနာဂါမ် သဒ္ဒါဝါသဘုံ၌ ဖြစ်နိုင်

သမာဓိသိက္ခာ၌ ဖြည့်ကျင့်ပြီးဖြစ်၍ သုက္ခဝိပဿက အနာဂါမ်များသည်လည်း သေခါနီးအခါ၌ သမာပတ်ကို ဖြစ်စေနိုင်သောကြောင့် သုဒ္ဓါဝါသဘုံ၌ ဖြစ်နိုင်ပါသည်။

(၁၃၆၃-ခု အလတ်တန်း)

## ❒ ရုပ်ပြစ် ၈-ပါးသို့ ရောက်စေသောကုသိုလ်

အသညသတ်ဘုံ ရုပ်ပြစ်ဌာနသို့ ရောက်စေနိုင်သော သညာကင်းအောင် ပွားများသည့် ရူပါဝစရကုသိုလ် ပဉ္စမဈာန်။ (၁၃၆၁-ခု အကြီးတန်း)

## ❒ ဈာနလာဘီ ရုပ်ဝါဒီသမားတို့ လာရောက်ရမည့်ဘုံ

အသညသတ်ဘုံ ဖြစ်ပါသည်။

သာဓက-တဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု။ (၁၃၄၈-ခု အငယ်တန်း)

http://www.dhammadownload.com


❒ **ဗြဟ္မာဘုံသို့ရောက်ရှိရာ ယောကျ်ား၊ မိန်းမတို့နှစ်ဦးသား အခွင့်အရေး ကွာဟချက်**

ယောကျ်ားများသည် မဟာဗြဟ္မာကြီးများ တိုင်အောင် ဖြစ်နိုင်သည်၊ မိန်းမသားများမှာကား မဟာဗြဟ္မာကြီးများတိုင်အောင် မဖြစ်နိုင်။ (၁၃၆၁-ခု အလတ်တန်း)

❒ **ဝေဟပ္ဖိုလ်စသော အမြတ်ဆုံး ၃-ဘုံ၌ ဖြစ်ကြသော ဗြဟ္မာများ တစ်ပါးဘုံသို့ပြောင်း၍ မဖြစ်ခြင်းအကြောင်း**

ဝေဟပ္ဖိုလ်ဘုံ၊ အကနိဋ္ဌဘုံ၊ နေဝသညာ နာသညာယတနဘုံတို့သည် သေဋ္ဌဖြစ်သောကြောင့် ယင်းဘုံတို့၌ ဖြစ်သော အရိယာဗြဟ္မာများ အခြားဘုံသို့ မပြောင်းတော့ပါ။ (၁၃၆၁-ခု အကြီးတန်း)

❒ **အကနိဋ္ဌဗြဟ္မာများ အခြားဘုံသို့ မပြောင်း**

အကနိဋ္ဌဘုံသည် သေဋ္ဌဘဝဖြစ်သောကြောင့် အကနိဋ္ဌဗြဟ္မာများ အခြားဘုံသို့ မပြောင်းကြပါ။

(၁၃၆၁-ခု အကြီးတန်း)

❒ **အနာဂါမ်များ သုဒ္ဓါဝါသဘုံ၌ ဖြစ်ရခြင်းအကြောင်း**

ကာမရာဂနှင့် ပဋိဃကို ပယ်ပြီးဖြစ်၍ စင်ကြယ်သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် အနာဂါမ်ပုဂ္ဂိုလ်များ စင်ကြယ်သော သုဒ္ဓါဝါသဘုံ၌ ဖြစ်ကြသည်။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



**❑ သုဏ္ဍဝိပဿကအနာဂါမ်တို့ ကာမဘုံ၌ ပြန်မဖြစ်နိုင်**

အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုက္ခဝိပဿကဖြစ်စေကာမူ သမာဓိ၌ ဖြည့်ဆည်းပူးပြီး ဖြစ်သည့်အတွက် သေခါနီးကာလ၌ ကေန်စင်စစ်အားဖြင့်သာလျှင် သမာဓိကို ဖြစ်စေကုန်သောကြောင့် ကာမဘုံ၌ ပြန်မဖြစ်ကြပါ၊ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံသို့သာ သွားကြသည်။

(၁၃၆၃-ခု အကြီးတန်း)

**❑ ပဋိသန္ဓေအကျိုး မပေးသောကုသိုလ်**

အဘိညာဉ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်။

(၁၃၅၄-ခု အကြီးတန်း)

**❑ ပဋိသန္ဓေအကျိုးမပေးသော အကုသိုလ်**

ဥဒ္ဓစ္စသဟဂုတ်စိတ် (၁၃၅၄-ခု အကြီးတန်း)

**❑ ပဥ္စမဈာနဝိပါကံ စတုတ္ထဈာနဘူမိယံဟုလည်းကောင်း၊ ပဥ္စမဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု-ဟု လည်းကောင်း ဆိုရာ၌ ဣတ္ထံ မဟဂ္ဂတံ ပုည် ဂါထာနှင့် ကိုက်ညီအောင် ယူပုံ**

အရှင်အနုရုဒ္ဓါဆရာသည် ဈာန်ကိုပြဆိုရာ၌ ပဉ္စက နည်းအားဖြင့် ပ-ဒု-တ-စ-မဈာန်ဟု ပြဆိုသည်။

http://www.dhammadownload.com



ဘုံကို ပြဆိုရာ၌ကား စတုက္ကနည်းအားဖြင့် ပ-ဒု-တ-စ ဈာန်ဘုံဟု ပြဆိုထားသည်။

ဘုံကို စတုက္ကနည်းအားဖြင့် ပြသကဲ့သို့ ဈာန်ကိုလည်း စတုက္ကနည်းအားဖြင့် ပြမည်ဆိုလျှင် ပဉ္စမဈာန်သည် စတုတ္ထဈာန်အရာ၌ တည်၏။

ပဉ္စမဈာနဝိပါကံနှင့် ပဉ္စမဈာနံ ဘာဝေတွာတို့ကား ပဉ္စကနည်းအားဖြင့်ဆိုသော စကားဖြစ်သည်။

စတုတ္ထဈာနဘူမိယံနှင့် ဝေဟပ္ဖလေသုတို့ကား စတုက္ကနည်းအားဖြင့်ဆိုသော စကားဖြစ်သည်။

ထို့ကြောင့် မဟဂ္ဂုတ်ကံသည် တူသောအကျိုးကို ပေးသည်ဟူသော ဣတ္တံ့ မဟဂ္ဂတံ ပုညံ - စသော ဂါထာ စကားနှင့် မဆန့်ကျင်ကြပါ။ (၁၃၃၆-ခု အကြီးတန်း)

## ❑ နေတိ သဒိသံ ပါကံ အစိပ္ပာယ်

ပထမဈာန်ကုသိုလ်က ပထမဈာန်ဝိပါက် အကျိုးကိုပေး၏။ ဒုတိယဈာန်ကုသိုလ်က ဒုတိယဈာန်ဝိပါက် အကျိုးကို ပေး၏။ တတိယဈာန်ကုသိုလ်က တတိယဈာန် ဝိပါက်အကျိုးကို ပေး၏။ စတုတ္ထဈာန်ကုသိုလ်က စတုတ္ထဈာန် ဝိပါက်အကျိုးပေး၏။ ပဉ္စမကုသိုလ်က ပဉ္စဈာန် ဝိပါက်အကျိုးပေး၏။ အာကာသာနဉ္စာယတနကုသိုလ်က အာကာသာနဉ္စာယတနဝိပါက်အကျိုးပေး၏။

http://www.dhammadownload.com

ဝိညာဏဥ္စာယတနကုသိုလ်က ဝိညာဏဥ္စာယတန ဝိပါက် အကျိုးပေး၏။ အာကိဉ္စညာယတနကုသိုလ်က အာကိဉ္စညာယတနဝိပါက် အကျိုးပေး၏။ နေဝ - ကုသိုလ်က နေဝသညာနာသညာယတနဝိပါက် အကျိုးပေး၏။ ဤသို့ မဟဂ္ဂုတ်ကုသိုလ်များ တူသော အကျိုးပေးသည်ကို "ဧနေတိ သဒိသံ ပါကံ"ဟု ခေါ်သည်။

(၁၃၃၃-ခု အငယ်တန်း)

## စုတိပဋိသန္ဓိက္ကမ

### ❒ ဥဘယကမ္မယ မရဏ၏ အဓိပ္ပါယ်

အသက်, ကံနှစ်ပါးစုံတို့၏ အညီအမျှ ကုန်ခန်းခြင်းကြောင့် သေခြင်းသည် ဥဘယကမ္မယသေခြင်း မည်ပါသည်။ (၁၃၆၄-ခု အလတ်တန်း)

### ❒ သေခြင်း ၄-မျိုး အဓိပ္ပါယ်

၁။ အာယုက္ခယ- အသက်တမ်းကုန်ဆုံး၍ ပေးခြင်း။

၂။ ကမ္မက္ခယ- ကံကုန်၍သေခြင်း။

၃။ ဥဘယက္ခယ- အသက်, ကံနှစ်ပါး ကုန်ဆုံး၍ သေခြင်း။

၄။ ဥပစ္ဆေဒက-ကံဆိုးဖြတ်ခြွေ၍ လတ်တလောသေခြင်း။

(၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com


## ❑ လေယာဉ်ပျံပျက်ကျသေဆုံးသူများ၏ကံ

အကုသိုလ် ဥပစ္ဆေဒကကံကြောင့် ဖြစ်သည်။

(၁၃၆၂-ခု အကြီးတန်း)

## ❑ ဥပစ္ဆေဒကမရဏဖြင့် မသေနိုင်သောပုဂ္ဂိုလ်များ

ငရဲသူ/သားများ၊ မြောက်ကျွန်းသူ/သားများ၊ အချို့သော နတ်များ၊ ဤပုဂ္ဂိုလ်များသည် ဥပစ္ဆေဒကမရဏဖြင့် မသေနိုင်ပါ။

(၁၃၆၃-ခု အလတ်တန်း၊ ၂၉-ခု, ၆၁-ခု, ၆၂-ခု, ၆၃-ခု အကြီးတန်း)

## ❑ ကမ္မနိမိတ်အဓိပ္ပာယ်

ကံကိုပြုစဉ်အခါတုန်းက ကံနှင့် ဆက်စပ်၍ တိုက်ရိုက်ရအပ်သူသည်လည်းဖြစ်, ကံပြီးမြောက်ရုံ အဆောက်အအုံ လည်းဖြစ်သော ရူပါရုံစသော အာရုံ ၆- ပါးသည် ကမ္မနိမိတ်မည်ပါသည်။

သာဓက - တံ ကမ္မကရဏကာလေ ရူပါဒိက မုပလဒ္ဓပုဗ္ဗ မုပကရဏဘူတဉ္စ ကမ္မနိမိတ္တံ။

(၁၃၂၈-ခု အကြီးတန်း)

## ❑ ကာမပဋိသန္ဓေယူမည့် သတ္တဝါတို့၏ ကမ္မနိမိတ်

အပါယ်ပဋိသန္ဓေယူရမည့်သတ္တဝါတို့အား စိတ်သန္တာန် ညစ်နွမ်းစွာဖြင့် ကံပြုစဉ်က တွေ့ကြုံခံစားခဲ့ရသည့်

ရူပါရုံစသော ကမ္မနိမိတ်နှင့် အခြားမဲ့ လားရောက်မည့် ဘဝ၌ ဖြစ်လတ့်သော အာရုံဂဟိနိမိတ်များ၊

ကာမသုဂတိပဋိသန္ဓေယူမည့် သတ္တဝါတို့အား စိတ်သန္တာန် ဖြူစင်သန့်ရှင်းစွာဖြင့် ကံပြုစဉ်က တွေ့ကြုံခဲ့ရသည် ရူပါရုံစသော ကမ္မနိမိတ်နှင့် အခြားမဲ့လားရောက်မည့်ဘဝ၌ ဖြစ်လတ့်သော အာရုံနိမိတ်များ။

သာဓက- ဝိပစ္စမာနက ကမ္မာနုရူပံ ပရိသုဒ္ဓံ ဥပက္ကိလိဋ္ဌံ ဝါ ဥပလဘိတဗ္ဗဘဝါနုရူပံ။ (၁၃၆၃-ခု အလတ်တန်း:)

## ❑ ၎င်းကမ္မနိမိတ်သက်သက်ကိုသာ အာရုံပြုနိုင်သော စိတ်များ

ရူပ, အရူပ ပဋိသန္ဓေစိတ်များဖြစ်သည်။

အထောက်- ရူပါဝစရ ပဋိသန္ဓိယာ ပန ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါရမ္မဏံ ဟောတိ။

တထာ အရူပါဝစရပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဥ္စ ကမ္မနိမိတ္တမေဝ ယထာရဟမာရမ္မဏံ ဟောတိ။

## ❑ သတ္တဝါများစုတေခါနီး အာရုံထင်ပုံ

သေခါနီးကာလ၌ ရှေးရှုသည်ဖြစ်၍ ဖြစ်သော ဘဝတစ်ပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအာရုံသည် လည်းကောင်း၊ ထိုကံပြုစဉ်အခါက ဥပလဒ္ဓ, ဥပ

http://www.dhammadownload.com



ကရဏဖြစ်သော ရူပါရုံစသော ကမ္မနိမိတ်သည် လည်းကောင်း၊ အခြားမဲ့ဖြစ်လတ့်သောဘဝ၌ ဥပလဘိတဗ္ဗ, ဥပဘောဂဖြစ်သော ဂတိနိမိတ်သည်လည်းကောင်း ကံ၏ အစွမ်းကြောင့် ၆-ဒွါရတွင် အမှတ်မရှိ တစ်စုံ တစ်ခုသော ဒွါရ၌ ထင်လာ၏။ (၁၃၃၃-ခု အလတ်တန်း)

## ❑ ကံထမ်းလာတာ မမြင်နိုင်ဟူသောစကား

သတိမမူ ဂူမမြင်ဆိုသည့်အတိုင်း သတိမမူက ကံထမ်းတာကို မမြင်နိုင်သော်လည်း သတသမူမိလျှင် ကံအာရုံများကို မြင်နိုင်သည်။ ထို့ကြောင့် ကံထမ်းလာတာ မမြင်နိုင်ဟူသော စကားသည် အဘိဓမ္မာသဘာနှင့် မညီပါ။ (၁၃၅၀-ခု အကြီးတန်း)

သာဓက။ ။ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ (ပ)ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ၊ တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပ္ပတ္တံ ဟောတိ။

## ❑ စုတေခါနီးကာလ၌ ကံစသော နိမိတ်ထင်ခြင်းအကြောင်း

ကံ၏အစွမ်းကြောင့်သာ နိမိတ်ထင်ရသည်။

သာဓက-ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။ (၁၃၆၁-ခု အငယ်တန်း)

http://www.dhammadownload.com



❒ **ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ထင်လာရာ၌ မိဘဆွေမျိုး၊ ရင်းနှီးသည့် သူငယ်ချင်းတို့က ထင်စေသောကြောင့် ထင်သည်ဟု မှတ်ရမည်လော။**

ကမ္မံ ဝါ။ ပ။ ကမ္မနိမိတ္တံ ဝါ။ ပ။ ဂတိနိမိတ္တံ ဝါ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိနှင့် အညီ မိဘဆွေမျိုး စသည်တို့က ထင်စေသောကြောင့် ထင်သည်ဟု မမှတ်ရပါ။ ကံ၏အစွမ်းကြောင့်သာ ထင်ပါသည်။ (၁၃၆၄-ခု အကြီးတန်း

❒ **ဒုဂ္ဂတိဘဝသွားရမည့်ပုဂ္ဂိုလ် ထင်လာသော ဂတိနိမိတ်**

ငရဲမီး, ငရဲထိန်း အစသည်၌ တည်သော ရူပါရုံ

(၁၃၆၄-ခု အလတ်တန်း

❒ **စုတေခါနီးကာလ၌ သုဂတိဘဝသို့ သွားရမည့် ပုဂ္ဂိုလ် ထင်လာသော ဂတိနိမိတ်**

နတ်သမီး, ဗိမာန်, ပဒေသာပင်, အမိဝမ်းဧ စသည်တို့၌ တည်သော ရူပါရုံ။ (၁၃၆၄-ခု အလတ်တန်း

❒ **ဂတိနိမိတ်များ**

လူ့ဘဝ၌ ပြန်ဖြစ်မည့်သူ - အမိဝမ်းရေ၊

အပါယ် လေးပါးသို့ ကျရောက်မည့်သူ - ငရဲအိုး ငရဲထိန်း၊ ငရဲမီးလျှံ၊ ခွေးနက်ကြီး စသည်။

(၁၃၆၁-ခု အလတ်တန်း

http://www.dhammadownload.com



## ဥပလဒ္ဓ စသည်တို့အဓိပ္ပါယ်

ဥပလဒ္ဓ-ကံပြုစဉ်က တွေ့ကြုံရသော ကျောင်းကန်, ဘုရား, စေတီ, သား, ငါး, သူ့ဥစ္စာ, သူ့အိမ်ရာ စသော တိုက်ရိုက် ရအပ်သည့်အာရုံများ။

ဥပကာရဏ-ဆွမ်း, သင်္ကန်း, ပန်း, လှံတံ စသော ကံကြမ္မာပြီးမြောက်ရန် အဆောက်အအုံ အခြံအရံ ဖြစ်သည့် အာရုံများ။

ဥပလဘိတဗ္ဗ-အခြားမဲ့ ဖြစ်လတ့်သောဘဝ၌ တိုက်ရိုက် ရောက်အပ်သော အမိဝမ်းရည်, ငရဲဘုံ, တော, တောင်, ရေကန်, နတ်ဗိမာန် စသော အာရုံများ။

ဥပဘောဂ-လားရောက်ရမည့်ဘဝ၌ တွေ့ကြုံရမည့် လင်းတ၊ ခွေး၊ ကျီး၊ ငရဲမီးလျှံ၊ ငရဲထိန်း၊ နတ်သား၊ နတ်သမီး၊ ဥယျာဉ်၊ ပဒေသာပင် စသော အတွင်း ၂၊ အသုံးအဆောင်များ။

**(ဆောင်)** ၁။ ကျောင်းကန်ဘုရား၊ စေတီများနှင့်၊ သားငါး ဥစ္စာ၊
သူ့အိမ်ရာ၊ များစွာ ဥပလဒ်

၂။ ကျောင်းဆောက်လှူဒါန်း၊ ဆွမ်းသင်္ကန်းတည့်၊ ပန်းနှင့်
ဘုရား၊ သားငါးတို့တွက်၊ လက်နက် လှံတံ၊ ခြံရံဟူသမျှ၊
အဝဝ၊ ဥပကာရဏ မှတ်။

၃။ တိုက်ရိုက်ကပ်၍၊ ရအပ်လေမည့်၊ အမိဝမ်းရည်၊ ငရဲ
ပြည်နှင့်၊ တောခြေမြစ်ကမ်း၊ နတ်ဘုံနန်းဟု၊ အစုစု၊
ဥပလဘိတဗ်။

http://www.dhammadownload.com



၄။ တွင်းပသုံးဆောင်၊ များမြောင်စွာလှ၊ ခွေး, လင်းတ, ကျီး၊ ငရဲမီးနှင့်၊ နတ်သမီးဝေဆာ၊ ပဒေသာဟု၊ အစုစု၊ ဥပဘောဂမှတ်။ (၁၃၆၄-ခု အကြီးတန်း)

## ❑ အဘိဏှ ပဝတ္တတိ ဗာဟုလ္လေန-၌ ဗာဟုလ္လသဒ္ဒါဖြင့် အထူးပြု၍ ဖွင့်ဆိုရခြင်းအကြောင်း

ဖြေးဖြေးနှေးနှေး သေသော သတ္တဝါတို့အား စိတ်အစဉ်မပြတ် ဖြစ်သကဲ့သို့ အဆောတလျင် သေသော သတ္တဝါတို့အား စိတ်အစဉ်မပြတ် ဖြစ်ခြင်းမရှိ၊ မပြတ်ဖြစ်ဖို့ အချိန်မရှိတော့ဟူသောအဓိပ္ပါယ်ကို သိစေလို၍ ဗာဟုလ္လေန-သဒ္ဒါဖြင့် အထူးပြု၍ ဆိုသည်။ (၁၃၆၄-ခု အကြီးတန်း)

## ❑ သုဂတိဘုံသို့ ရောက်မည့်သူအား သေခါနီးထင်လာမည့် ဂတိနိမိတ်

အခြားမဲ့ဖြစ်လတ္တံ့သောဘဝ၌ တိုက်ရိုက်ရောက်အပ်သော အမိဝမ်း ရေ, နတ်ဗိမာန်စသော ဥပလဘိတဗ္ဗ အာရုံများနှင့် ထိုလားရောက်ရမည့် တွေ့ကြုံရမည့် နတ်သမီး, နတ်သား, ဥယျာဉ်, ပဒေသာပင် စသော အတွင်းအပ အသုံးအဆောင် ဥပပရိဘောဂအာရုံများ။

http://www.dhammadownload.com


## ❑ ငရဲရောက်မည့်သူအား ထင်လာမည့် ဂတိနိမိတ်

ငရဲဘုံ, တော,တောင် စသော ဥပလဘိတဗ္ဗ အာရုံများ နှင့် ငွေတ၊ ခွေး၊ ကျီး၊ ငရဲမီးလျှံ၊ ငရဲထိန်း စသော အတွင်းအပ အသုံးအဆောင် ဥပဘောဂအာရုံများ။
(၁၃၆၂-ခု အကြီးတန်း)

## ❑ သေခါနီး၌ နတ်သမီးစသည်ကိုမြင်မှုသည် ထာဝရဘုရားရှင်ကြောင့် မဟုတ်

အနန္တ ရမုပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗ ဥပဘောဂဘူတဥ္စ ဂတိနိမိတ္တံ ဝါ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ-ကို ထောက်၍ ကံ၏အစွမ်းကြောင့် ထင်လာခြင်းဖြစ်သည်။ (၁၃၆၂-ခု အကြီးတန်း)

## ❑ အသညသတ်ဘုံမှ စုတေသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ် အာရုံ

ထိုအခြားမဲ့ဘဝက ပြုခဲ့သော အပရာပရိယကံသည် ထင်စေအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါး တို့တွင် တစ်ပါးပါးကို အာရုံပြုသည်။
(၁၃၆၃-ခု အငယ်တန်း)

http://www.dhammadownload.com



## ❐ ဝါဆိုသင်္ကန်းကပ်ရာ၌ ဖြစ်နိုင်သော ကမ္မနိမိတ်

ဥပလဒ္ဓပုပ္ပကဗ္ဗနိမိတ် – ဝါဆိုသင်္ကန်း၊

ဥပကရဏ ဘူတကမ္မနိမိတ် – အလှူခံပုဂ္ဂိုလ် စသည်။

## ❐ ဝိပစ္စမာနကကမ္မာနုရူပ်ဖြင့် ပြအပ်သောအဓိပ္ပါယ်

ကုသိုလ်ကံအကျိုးပေးတော့မည်ဖြစ်လျှင် ဖြူစင်သော ကုသိုလ်စိတ်အစဉ် ဖြစ်သည်။

အကုသိုလ်ကံအကျိုးပေးတော့မည်ဖြစ်လျှင် ညစ်နွမ်းသော အကုသိုလ်စိတ်အစဉ် ဖြစ်နေပါသည် ဟူသော အဓိပ္ပာယ်ကို သိစေသည်။ (၁၃၃၇-ခု အကြီးတန်း)

## ❐ ဥပလာဘိတဗ္ဗဘဝါနုရူပ်ဖြင့် ပြအပ်သောအဓိပ္ပါယ်

လူ့ပြည်ရောက်မည့်စိတ်အစဉ်သည် လူ့ပြည်ကို ညွတ်ကိုင်းလျက်ရှိသည်။ ငရဲဘုံကိုရောက်မည့်သူ၏ စိတ်အစဉ်သည် ငရဲဘုံသို့ ညွတ်ကိုင်းလျက်ရှိသည် စသည်ဖြင့် စုတေပြီးနောက် ရောက်ထိုက်သော ဘဝအားလျော်စွာ စိတ်အစဉ်ညွတ်ကိုင်းနေသည်ဟူသော အဓိပ္ပာယ်ကို သိစေသည်။ (၁၃၃၇-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ အဘိနဝကရဏာဝသေနဖြင့် ပြအပ်သောအဓိပ္ပါယ်

ပဋိသန္ဓေအကျိုးကိုပေးမည့်ကံသည် ရှေးဘဝပေါင်းများစွာက ပြုခဲ့သောကံဖြစ်စေကာမူ ယခုထပ်၍ အသစ်ပြုနေသကဲ့သို့ စိတ်ထဲ၌ ထင်ယောင်မြင်ယောင်ဖြစ်သည်ဟူသော အဓိပ္ပာယ်ကို သိစေသည်။ (၁၃၃၇-ခု အကြီးတန်း)

## ❑ မရဏာသန္န ၄-ဝိထိ

၁။ တဒါရုံနှောင် စုတိကျသော မရဏာသန္နဝိထိ၊

၂။ ဇောနှောင် စုတိကျသော မရဏာသန္နဝိထိ၊

၃။ တဒါရုံ, ဘဝင်နှောင် စုတိကျသော မရဏာသန္နဝိထိ

၄။ ဇော, ဘဝင်နှောင် စုတိကျသော မရဏာသန္နဝိထိ
အားဖြင့် ၄ - ဝိထိ။

သာဓက – ပစ္စာသန္နမရဏဿ တဿ ဝိထိစိတ္တာဝသာနေ ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန။
(၁၃၃၀-ခု, ၆၁-ခု အကြီးတန်း)

## ❑ တဒါရုံဘဝင်နှောင် စုတိကျသောဝိထိ

တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ-ဘ-စုတိ-ပဋိ-ဘ။
(၁၃၃၀-ခု, ၆၁-ခု, ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



**❑ စုတိစိတ်နှင့် ပဋိသန္ဓေအကြား ယာယီဘဝ မရှိ**

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ ကို ထောက်ပါ။ (၁၃၆၂-ခု အကြီးတန်း)

**❑ လူသေလျှင် အိမ်မှာ ၇-ရက်နေသည် ဟူသောစကား**

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ- ကိုထောက်၍ မမှန်ပါ။ (၁၃၆၃-ခု အလတ်တန်း)

**❑ သေယ်ဓားနှင့် မျောနေသူ၏ စုတိအနန္တရရှေ့စိတ်**

ဒုတိယတဒါရုံ၊ မရဏာသန္နပဉ္စမဇော၊ ဘဝင်စိတ် များ ဖြစ်သည်။ (၁၃၆၃-ခု အကြီးတန်း)

**❑ မျှော်လင့်ချက်ဖြင့် ကုသိုလ်ပြုသူ၏ မူလအခြံအရံများ**

အဝိဇ္ဇာ, တဏှာ၊

အထောက် – အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန တဏှာ နုသယမူလကေန သင်္ခါရေန ဇနိယမာနံ။

**❑ ပဋိသန္ဓေ၏ အကူအညီအထောက်အပံ့တရား**

အဝိဇ္ဇာ၊ တဏှာ၊ လောကီကုသိုလ်, အကုသိုလ်ကံ သင်္ခါရ၊ ပဋိသန္ဓေနှင့် ယှဉ်သော သမ္ပယုတ်တရား။

(၁၃၆၁-ခု အငယ်တန်း)

http://www.dhammadownload.com


## ❒ သင်္ခါရေန စနိယမာန်–၌ သင်္ခါရ–အရ

ကုသိုလ်, အကုသိုလ်စေတနာ (တစ်နည်း) ထိုစေတနာနှင့် တကွဖြစ်သော ဖဿစသော ယှဉ်ဘက်တရားများ၊ (တစ်နည်း) မရဏာသန္နဇောနှင့်တကွဖြစ်သော စေတနာ၊ (တစ်နည်း) ထိုစေတနာနှင့်တကွဖြစ်သော ဖဿ စသော တရားအပေါင်း။

(၁၃၆၃–ခု အလတ်တန်း၊ ၆၂–ခု အကြီးတန်း)

## ❒ လောက်လမ်းသဖွယ် ဝိညာဉ်တွယ်

ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ–ကို ထောက်၍ ပဋိသန္ဓေစိတ်သည် ဘဝသစ်၌ ဥပါဒ်လျှင် ဥပါဒ်ခြင်းဖြစ်သောကြောင့် လောက်လန်း သဖွယ် ဝိညာဉ်တွယ်ဟူသော ပြောစကား မမှန်ပါ။

(၁၃၆၁–ခု အငယ်တန်း)

## ❒ ပဋိသန္ဓေစိတ်အဓိပ္ပာယ်

ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်တတ်သောကြောင့် ပဋိသန္ဓေမည်သည်။ သာကေ – ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိ သင်္ခါတံ မာနသံ။

(၁၃၆၁–ခု အလတ်တန်း)

**❒ အသင်္ခါရဝိပဿနာဉ်သည် ခန္ဓာဟောင်းကိုစွန့်၍ ခန္ဓာသစ်သို့ သွားရောက်သည်ဟူသော စကားမမှန်**

ဘဝဟောင်းက ရုပ်နာမ်ခန္ဓာများလည်း ဘဝဟောင်း၌ပင် ချုပ်ဆုံးခဲ့သည်၊ ဘဝသစ် ရုပ်နာမ် ခန္ဓာများကား အတိတ်ကံကြောင့် အသစ်ဖြစ်ပေါ်လာသော ခန္ဓာများပင် ဖြစ်သည်။ ထို့ကြောင့် မမှန်ပါ။

သာဓက–ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပန္နမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။ (၁၃၆၃–ခု အလတ်တန်း)

**❒ သတ္တဝါတို့၏ ဘဝတစ်ခု၌ အစဦးဆုံး ဖြစ်ပေါ်လာသော စိတ်၏ (က) အကြောင်းတရား (ခ) ထို၏ အရင်းခံတရား (ဂ) အခြေခံတရားများ**

(က) လောကီကုသိုလ် အကုသိုလ်ကံ။

(ခ) တဏှာနုသယ

(ဂ) အဝိဇ္ဇာနုသယ။ (၁၃၆၄–ခု အကြီးတန်း)

**❒ ဘဝသစ်ပဋိသန္ဓေကို ပေးတတ်သောတရား**

အဝိဇ္ဇာနုသယ ခြံရံအပ်သော, တဏှာနုသယ အရင်းခံရှိသော လောကီ ကုသိုလ်ကံ အကုသိုလ်ကံ။

သာဓက–အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန တဏှာနုသယ

http://www.dhammadownload.com


မူလကေန သန္ဓာရေန ဇနိယမာနံ။ ပ။ ပဋိသန္ဓိသန္ဓာတံ မာနသံ ဥပ္ပန္နမာနမေဝ ပတိဋ္ဌာတိ ဘဝင်္ဂရေ။

(၁၃၆၄-ခု အကြိုးတန်း)

## ❑ ဘဝတစ်ခု၌အစဦးဆုံးဖြစ်သောစိတ် ရှေ့သွားခေါင်းဆောင် ဖြစ်ခြင်းအကြောင်း

သဟဇာတာန မဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ-ကို ထောက်၍ မိမိနှင့်အတူတကွဖြစ်ကုန်သော တရားတို့၏ မှီရာ တည်ရာဖြစ်သောကြောင့် ရှေ့သွားခေါင်းဆောင် ဖြစ်ပါသည်။

## ❑ ငင်းစိတ်၏ သမ္ပယုတ်စေတသိက်များ

အဟိတ်ပဋိသန္ဓေအတွက်-ဆန္ဒ, ပီတိ, ဝီရိယကြဉ်သော အညသမာန်းစေ ၁၃-ခု၊ ဝိရတိ, အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀-ခု၊ ပေါင်း ၃၃-ခု။

(၁၃၆၄-ခု အကြိုးတန်း)

မှတ်ချက်- ဤ၌ ကာမပဋိသန္ဓေအတွက် ရည်ရွယ်သည်၊ ရူပပဋိသန္ဓေအတွက် ၃၅-ပါး၊ အရူပပဋိသန္ဓေအတွက် ၃၀-ပါးတို့လည်း မဟဂ္ဂုတ်စိတ် သင်္ဂဟနည်းအရ သိလေ။

http://www.dhammadownload.com


## ❑ သေပြီးနောက် ဘဝတစ်ခု၌ ဖြစ်ရမည်ဟူသော အယူဝါဒ၌ မမှန်ကန်

အဝိဇ္ဇာနုသယ အခြံအရံရှိသော တဏှာနုသယ အရင်းခံရှိသော ကံကြောင့်သာလျှင် ဘဝ၌ ပဋိသန္ဓေဖြစ်ရသောကြောင့် သတ္တဝါမှန်သမျှ သေပြီးနောက် ဘဝတစ်ခု၌ ဖြစ်ရမည်ဟူသော အယူသည် မမှန်ပါ။

(၁၃၆၄-ခု အကြီးတန်း)

## ❑ နောက်ထပ်တစ်ဖန် ဘဝသစ်ကို ဖြစ်ပေါ်အောင် တည်ဆောက်နိုင်စွမ်းရှိသော အကြောင်းကံတရားများ

အဝိဇ္ဇာနုသယ အခြံအရံရှိသော တဏှာနုသယ အရင်းခံရှိသော ကုသိုလ်ကံ, အကုသိုလ်ကံ။

(၁၃၆၄-ခု အလတ်တန်း)

## ❑ ပဉ္စာသန္နမရဏ ဟူသည်

တစ်ဝိထိ, တစ်ဝိထိထက် အနည်းငယ်ပိုလွန် သောစိတ္တက္ခဏသက် အကြွင်းကျန် ရှိသော ပုဂ္ဂိုလ်။

(၁၃၆၃-ခု အလတ်တန်း)

## ❑ တသာနန္တရမေဝ-အဓိပ္ပါယ်

အန္တရာဘဝ-အယူရှိသူတို့၏ အယူကို တားမြစ်လို၍ တသာနန္တရမေဝ-ကို မိန့်ဆိုသည်။

(၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ ပြဟ္မာမင်းကြီး ဖန်ဆင်းမှုကြောင့် သတ္တဝါဖြစ်လာရသည် ဟူသော အယူအဆ မမှန်

သာစေ-အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ။ ပ။ ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

## ❒ လူနှင့် တိရစ္ဆာန်ကို ထာဝရဘုရားသခင် ဖန်ဆင်းသည် ဟူသော စကား မမှန်ကန်

အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ သဟဇာတာနမဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

ဇဝမေတသ္မိံ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-ကို ထောက်ပါ။ (၁၃၆၂-ခု အကြီးတန်း)

## ❒ လူဒါန်းမှုဒါနသည် သံသရာလည်ကြောင်း မဟုတ်

လူဒါန်းမှုဒါနသည် သံသရာလည်ကြောင်း မဟုတ်ပါ။ သံသရာရှည်ခြင်းသည် ရှည်လိုသော တဏှာကြောင့်သာဖြစ်၍ အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံဟုဆိုသည့်အတိုင်း

http://www.dhammadownload.com


အဝိဇ္ဇာနုသယခြံရံ သည့် တဏှာအရင်းခံရှိသောကံကြောင့် ဘဝသံသရာ၌ ပဋိသန္ဓေနေခြင်း, သံသရာလည်ခြင်း ဖြစ်ရသည်။ (၁၃၆၃-ခု အကြိုးတန်း)

## ❐ ပဋိသန္ဓေစိတ်ကို ရှေ့သွားခေါင်းဆောင်ဟုဆိုခြင်းအကြောင်း

မနောပုဗ္ဗင်္ဂမာ ဓမ္မာ – ဟု ဟောထားသောကြောင့် ပဋိသန္ဓေစိတ်ကို ရှေ့သွားခေါင်းဆောင်ဟု ဆိုရပါသည်။ (၁၃၆၃-ခု အကြိုးတန်း)

## ❐ ယုံမှားသံသယကိုလွန်မြောက်နိုင်ရေးအတွက် ပိုင်းခြားသိမြင်အပ်သော နာမ်ရုပ်တို့၏ ပဋိသန္ဓေအခါ အကြောင်းများ

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဟူသော အကြောင်းများ။ (၁၃၅၅-ခု အကြိုးတန်း)

## ❐ ပဋိသန္ဓိစိတ္တ–အရ

ဥပေက္ခာသန္တီရဏ ၂-ခု၊ မဟာဝိပါက် ၈-ခု၊ မဟဂ္ဂုတ်ဝိပါက် ၉-ခု။ (၁၃၅၄-ခု အကြိုးတန်း)

http://www.dhammadownload.com


## ❐ ပဋိသန္ဓေ-အရ

ဥပေက္ခာသန္တီရဏ ၈-ခု၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉-ခု၊ ကမ္မဇကလာပ် ၉-စည်း၊ အာကာသ ဓာတ် ၁-ပါး။ (၁၃၅၄-ခု အကြီးတန်း)

## ❐ ပဋိသန္ဓေစိတ် ဖြစ်ပုံအခြင်းအရာ

ပဋိသန္ဓေစိတ်သည် စုတိ၏အခြားမဲ့၌သာလျှင်ဖြစ်သည်။ မရဏာသန္နဇောသည် ယူအပ်သောအာရုံကို အာရုံပြုသည်။ ပဉ္စဝေါကာရဘုံ၌ ဟဒယဝတ္ထုကို မှီ၍လည်းကောင်း၊ စတုဝေါကာရဘုံ၌ ဝတ္ထုရုပ်ကို မမှီဘဲလည်းကောင်း ဖြစ်သည်၊ အဝိဇ္ဇာနုသယ ခြံရံလျက် တဏှာနုသယအရင်းခံရှိသော ကုသိုလ်, အကုသိုလ် ကံကြောင့် ဖြစ်သည်။ သမ္ပယုတ်တရားများလည်း ခြံရံလျက်ပါသည်။ တကွဖြစ်ဘက်တရားတို့၏ တည်ရာမှီရာလည်းဖြစ်, ရှေ့သွားခေါင်းဆောင်လည်းဖြစ်သည်။ ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့သို့ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ ဖြစ်သည်။

(၁၃၅၆-ခု, ၆၃-ခု အကြီးတန်း)

## ❐ လောက်လန်းသဖွယ် ဝိညာဏ်တွယ်ဟူသော စကား ယထာဘူတ မကျ

လောက်လန်းသတ္တဝါသည် အမြီးပိုင်းဖြင့် တစ်

http://www.dhammadownload.com


နေရာ၌ တည်ပြီးလျှင် ခေါင်းပိုင်းက အခြားတစ်နေရာကို ရှာဖွေ ကုတ်တွယ်ရ၏။ ခေါင်းပိုင်းက ကုတ်တွယ်မိမှ သာလျှင် အမြီးပိုင်းကို လွှတ်သကဲ့သို့ ပဋိသန္ဓေဝိညာဏ် သည်လည်း ဘဝဟောင်း၌ ဥပါဒ်ခဲ့ပြီး ဋ္ဌီအခိုက်ကျမှ ဘဝသစ်သို့ ပြောင်းရွှေ့လာသည် မဟုတ်ပါ။

ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ–ကိုထောက်၍ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ တည်သည်။ ထို့ကြောင့် လောက်လန်းသဖွယ် ဝိညာဉ် တွယ်ဟူသော လောကဝေါဟာရသည် ယထာဘူတ မကျပါ။ (၁၃၃၂–ခု အကြိုးတန်း)

## ❒ သတ္တဝါများကို ထာဝရဘုရားရှင် ဖန်ဆင်းသည်ဟူသော စကား မမှန်

သင်္ခါရေန ဇနိယမာနံ (ပ) ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ–ကိုထောက်၍ ဘုရားသခင် ဖန်ဆင်းမှုကြောင့် သတ္တဝါတွေ ဖြစ်လာ သည်ဟူသော အယူအဆ မဟုတ်ပါ။ (ကံ, သင်္ခါရကြောင့် သာ ဖြစ်ရသည်။)

(တစ်နည်း)။ ။ဝေမေတာသ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိကိုလည်း ထောက်နိုင်သည်။

(၁၃၃၂–ခု, ၆၃–ခု အကြိုးတန်း)

http://www.dhammadownload.com



## ❐ ဘဝဟောင်းက စုတိစိတ်သည် ဘဝသစ်သို့ မလိုက်

စုတိစိတ်ဟူသော ဝိညာဏ်သည် ဘဝသစ်သို့လိုက်၍ မဖြစ်ပါ။ လောက်လန်းသဖွယ် ဝိညာဏ်တွယ်ဟူသော ဆိုရိုးအရ လောက်လန်း သတ္တဝါသည် အမြီးပိုင်းဖြင့် တစ်နေရာ၌ တည်ပြီးလျှင် ခေါင်းပိုင်းဖြင့် အခြားတစ်နေရာသို့ ရှာဖွေ၏။ ရှာဖွေ၍ မတွေ့သမျှ အမြီးပိုင်းတည်ရာကို မလွှတ်သေး။ တွေ့သည့်အခါမှ ခေါင်းပိုင်းဖြင့် ထိုနေရာကို တွယ်၍ နောက်ပိုင်းပါ ပြောင်းရွှေ့သည်။

ထို့အတူ ဝိညာဏ်သည်လည်း ဥပါဒ်, ဌီ, ဘင် သုံးပိုင်းတွင် ဥပါဒ်ပိုင်းကာလဖြင့် ဘဝဟောင်း၌ ဥပါဒ်စွဲပြီး ဌီအပိုင်းကျမှ ဘဝသစ်သို့ ပြောင်းရွှေ့လာသည်ဟု ယူဆ မည်စိုးသော ကြောင့် သင်္ဂြိုဟ်ဆရာသည် ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ-ဟု မိန့်ဆိုသည်။ လောက်လန်း သဖွယ် ဝိညာဉ်တွယ်သကဲ့သို့မဟုတ်၊ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ တည်သည်ဟု မှတ်ရမည်။ (၁၃၄၈-ခု အကြီးတန်း)

## ❐ ပဋိသန္ဓေအဓိပ္ပာယ်

ဘဝဟောင်းနှင့် ဘဝသစ်ကို စပ်ခြင်း။

http://www.dhammadownload.com



## ❒ ဘဝင်အဓိပ္ပာယ်

ဥပပတ္တိဘဝ၏ အကြောင်းဖြစ်သော စိတ်၏ မပြတ်ဖြစ်ကြောင်းဖြစ်သော ဆက်သွယ်ပေးမှု။

(၁၃၆၃-ခု အငယ်တန်း)

## ❒ စုတိအဓိပ္ပာယ်

ထင်ရှားရှိသော ပစ္စုပ္ပန်ဘဝမှ ရွေ့လျောခြင်း။

(၁၃၆၃-ခု အငယ်တန်း)

## ❒ သတ္တဝါများ သေခါနီး၀ယ် ဇော ၅-ကြိမ်သာ ဇောခြင်း အကြောင်း

မီရာ ဟဒယရုပ်အားနည်းသည်ဖြစ်၍ နုံ့နှေးချိနဲ့သော အရှိန်အဟုန်ရှိသောကြောင့် ၇-ကြိမ်ပြည့်အောင် မဇောနိုင်ဘဲ ၅-ကြိမ်သာ ဇောရပါသည်။

(၁၃၆၁-ခု အလတ်တန်း)

## ❒ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ကာလ, အာရုံတို့ဖြင့် ခွဲဖန်ပုံ

**ကံ**

အတိတ်ကာလ၊ ဓမ္မာရုံ။

http://www.dhammadownload.com



### ကမ္မနိမိတ်

ပစ္စုပ္ပန်, အတိတ်, ကာလဝိမုတ်, အာရုံ ၆-ပါး။

### ဂတိနိမိတ်

ပစ္စုပ္ပန်ကာလ, ရူပါရုံ (၁၃၃၂-ခု အကြီးတန်း)

### ❑ ဆန္ဒါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဥ္စ-၌ ကမ္မနိမိတ်, ဂတိနိမိတ် နှစ်ပါးလုံး ဆန္ဒါရဂ္ဂဟိတ မဟုတ်

ဆန္ဒါရဂ္ဂဟိတံ ချည်းမမှတ်ရပါ။

ကမ္မနိမိတ်သည် ဆန္ဒါရဂ္ဂဟိတဖြစ်၍ ဂတိနိမိတ်သည် မနောဒွါရဂ္ဂဟိတ ဖြစ်ပါသည်။

(၁၃၄၁-ခု အလတ်တန်း)

### ❑ ပစ္စုပ္ပန္နမတီတာရမ္မဏံ-၌ ပစ္စုပ္ပန္နသဒ္ဒါထည့်ဆိုရခြင်း အကြောင်း

မရဏာသန္နဇောသည် ငါးကြိမ်သာ ဇောသော ကြောင့် ပစ္စုပ္ပန်အာရုံ ထင်ရှားရှိစဉ်ပင်လျှင် သေဘုံးသူ ဖြစ်ပါက ပဋိသန္ဓေ, ဘဝင်တို့လည်း ပစ္စုပ္ပန်အာရုံကိုပင် ဆက်လက် အာရုံပြုကြသည်။ ထို့ကြောင့် ပစ္စုပ္ပန္နမတီတာ

http://www.dhammadownload.com


ရမ္မဏ်ဟု ပစ္စုပ္ပန္နသဒ္ဒါထည့်၍ ဆိုပါသည်။
(၁၃၆၂-ခု အကြီးတန်း)

## ❒ ရူပါဝစရပဋိသန္ဓေ၏အာရုံ

ရူပါဝစရပဋိသန္ဓိယာ ပန ပညတ္တိဘူတံ ကမ္မနိမိတ္တ မေဝါရမ္မဏံ ဟောတိ-ဂါကိုထောက်၍ ပညတ်ကမ္မ နိမိတ် အာရုံ။ (၁၃၃၄-ခု အလတ်တန်း)

## ❒ အရူပပဋိသန္ဓေ၏အာရုံ

အာကာ, အာကိဉ် ပဋိသန္ဓေသည် ပညတ် ကမ္မ နိမိတ်ကို အာရုံပြုသည်။ (၁၃၆၃-ခု အလတ်တန်း)

## ❒ လူသေလျှင် လူသာဖြစ်ရမည်ဟူသောအဆို

သဗ္ဗာ ကာမတိဟေတုမှာ - နှင့်အညီ တိဟိတ် လူသေလျှင် လူ,နတ်, ဗြဟ္မာ, အပါယ်ဘုံသားအားလုံး ဖြစ်နိုင်သည်၊ ကာမသွေဝ ပနေတရာနှင့်အညီ ဒွိဟိတ်လူ, အဟိတ်လူသေလျှင် လူ, နတ်, အပါယ်ဘုံသား ဖြစ်နိုင် သည်။ ထို့ကြောင့် လက်မခံထိုက်ပါ။
(၁၃၆၁-ခု အလတ်တန်း၊ ၆၁-ခု, ၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ နေဝသညာ နာသညာ ဗြဟ္မာကြီး၏ သက်တမ်း

မဟာကပ် ၈၄-သောင်း, ၄-ထောင်။

## ❒ နှောင်းနိုင်သော ပဋိသန္ဓေ

နေဝသညာနာသညာယတနပဋိသန္ဓေနှင့် ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု။

## ❒ ရောက်နိုင်သောဘုံ

နေဝသညာနာသညာယတနဘုံ၊ ကာမသုဂတိ ၇-ဘုံ။ (၁၃၆၃-ခု အကြီးတန်း)

## ❒ အသညသတ်စုတိနှောင် ပဋိသန္ဓေ

ကာမတိဟိတ်, ဒွိဟိတ်ဟူသော မဟာဝိပါက် ၈-ခု နှောင်းနိုင်သည်။

**(ဆောင်)** အသညဘုံ၊ စုတိတုံက၊ ကာမဒွိဟိတ်၊ တိဟိတ် သန္ဓေ၊ ရှစ်ခုနေ၏။

## ❒ ရုပ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်

အသညသတ် ပုဂ္ဂိုလ်

http://www.dhammadownload.com

❒ **နာမ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်**

အရူပပုဂ္ဂိုလ်

❒ **နှစ်ပါးစုံဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်**

ကြွင်းသောပုဂ္ဂိုလ် (၁၃၆၁–ခု အငယ်တန်း)

❒ **ရုပ်တရားသက်သက်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်, ဘုံ**

သုဂတိအဟိတ်ပုဂ္ဂိုလ်၊ အသညသတ်ဘုံ။

❒ **နာမ်တရားသက်သက်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ် ဘုံ**

တိဟိတ်ပုထုဇဉ်၊ အထက်မဂ္ဂဋ္ဌာန် ၃–ယောက်, ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်၊ အရူပဘုံ။

(၁၃၆၃–ခု အကြီးတန်း)

❒ **ရုပ်သာ ပဋိသန္ဓေရှိသောသတ္တဝါ**

အသညသတ်ဗြဟ္မာ။

❒ **(ခ) နာမ်သာ ပဋိသန္ဓေရှိသောသတ္တဝါ**

အရူပဗြဟ္မာ

http://www.dhammadownload.com



## ❐ (ဂ) ရုပ်နာမ်နှစ်ပါးစုံ ပဋိသန္ဓေရှိသောသတ္တဝါ

ကြွင်းသောသတ္တဝါ (ပဉ္စဝေါကာရ သတ္တဝါ)

(၁၃၂၆-ခု, ၆၁-ခု အလွတ်တန်း၊ ၆၃-ခု အကြီးတန်း)

## ❐ အရူပပဋိသန္ဓေ၏ နိမိတ်အာရုံ

အာကာသပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ် ကမ္မနိမိတ် အာရုံ။

ဝိညာဏပဋိသန္ဓေစိတ်သည် ပဌမာရုပ္ပဝိညာဏ် မဟဂ္ဂုတ် ကမ္မနိမိတ်အာရုံ၊ အာကိဉ္စပဋိသန္ဓေစိတ်သည် နတ္ထိဘာဝပညတ်ကမ္မနိမိတ်အာရုံ။ နေဝပဋိသန္ဓေစိတ်သည် တတိယာရုပ္ပဝိညာဏ် မဟဂ္ဂုတ်ကမ္မနိမိတ်အာရုံ။

(၁၃၃၇-ခု၊ ၆၂-ခု အကြီးတန်း)

**(ဆောင်)** ကောင်းကင်ခေါ်မှတ်-ပညတ်တဖြာ, ပဌမာရုပ္ပ ဝိညာဏနှင့်, ဘာဝနတ္ထိ, တတိယာရုပ္ပ-ဝိညာဏ်, လေးတန် အာရုံ စဉ်တိုင်းတည်း။

## ❐ ခွေးကလေး၏ အနာဂတ်ဘဝ

ခွေးကလေးသေပြီးနောက် ကာမ ၁၁-ဘုံရောက်နိုင်သည်။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


## ❐ ဖားသဏ္ဍာဝါသေလျှင် ရောက်နိုင်သောဘုံ

ကာမ ၁၁-ဘုံ-။

အထောက် - ကာမေဿဝ ပနေတရာ။

(၁၃၆၃-ခု အငယ်တန်း)

## ❐ လူတို့၏ စုတိစိစစ်ချက်

တိဟိတ်လူစုတိနောင် ပဋိသန္ဓေအားလုံး နှောင်းနိုင်သည်၊ ဒွိဟိတ်, အဟိတ်လူစုတိနောင် ကာမပဋိသန္ဓေ (၁၀) နှောင်းနိုင်သည်။ ဤသို့ ပဋိသန္ဓေရှိနိုင်လျှင် နောင်ဘဝလည်း ရှိနိုင်သောကြောင့် နောင်ဘဝ ရှိနိုင်ပါသည်။ (၁၃၆၂-ခု အကြီးတန်း)

## ❐ ဈာန်မရသော သောတာပန်ပုဂ္ဂိုလ်၏ စုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေ

ကာမ တိဟိတ်ပဋိသန္ဓေ ၄-ခု၊

## ❐ ၎င်းပုဂ္ဂိုလ် ရောက်နိုင်သောဘုံ

ကာမသုဂတိ ၇-ဘုံသို့ ရောက်နိုင်သည်။

(၁၃၅၆-ခု အကြီးတန်း)

## ❐ သုဒ္ဓါဝါသ အနာဂါမ် စုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေ

ရူပပဉ္စမဈာန် ပဋိသန္ဓေတစ်ခုသာ နှောင်းနိုင်သည်။

http://www.dhammadownload.com


❒ **အရဟတ္တမဂ္ဂဋ္ဌာန်စုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေ**

မရှိနိုင်ပါ။

❒ **အရဟတ္တဖလဋ္ဌာန် စုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေ**

ပဋိသန္ဓေမရှိ။ (၁၃၆၂-ခု အကြီးတန်း)

❒ **ရူပဗြဟ္မာကြီး စုတေသော် အဟိတ်တိရစ္ဆာန် တိုက်ရိုက်မဖြစ်**

ရူပါဝစရစုတိယာ အဟေတုရဟိတာ သိယုံ-ကို ထောက်၍ မဖြစ်နိုင်ပါ။ (၁၃၃၂-ခု အလတ်တန်း)

❒ **ဗြဟ္မာ့သတ္တဝါသေလျှင် နတ်ဖြစ်နိုင်**

ကာမေသွေဝ ပနေတရာ ကိုထောက်၍ ဖြစ်နိုင်သည်။ (၁၃၃၂-ခု အလတ်တန်း)

❒ **ရူပဗြဟ္မာကြီး ဝက်ဘဝသို့ တိုက်ရိုက် မရောက်**

ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ-ကို ထောက်၍ ရူပစုတိနောင် အဟိတ်ပဋိသန္ဓေ မနှောင်းနိုင်သောကြောင့် ဗြဟ္မာကြီးများ ဝက်ဘဝသို့ တိုက်ရိုက် မရောက်နိုင်ပါ။ (၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


## ❐ ရူပစုတိ ၅-ခုနောင် နောင်းနိုင်သော ပဋိသန္ဓေ

ရူပစုတိ ၅-ခုနောင် သဟိတ်ပဋိသန္ဓေ ၁၇-ခု။

(၁၃၆၃-ခု အလတ်တန်း)

## ❐ ပထမအရူပဘုံ၌ (က) ဖြစ်ကောင်းသော ကာမစိတ် (ခ) ဖြစ်သော သတ္တဝါတို့၏ သက်တမ်း (ဂ) စုတေခဲ့သော် နောင်းနိုင်သော ပဋိသန္ဓေ

(က)လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာအားဖြင့် ၂၇-ပါး။

(ခ) မဟာကပ် ၂၀၀၀၀။

(ဂ) အရူပ ပဋိသန္ဓေ ၄-ခု၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု၊ ပေါင်း ၈-ခု။ (၁၃၆၄-ခု အကြီးတန်း)

## ❐ ဝိညာနဉ္စာယတန ဖြဟ္မာကြီး စုတေသောအခါ ရောက်နိုင်သောဘုံ

ဝိညာနဉ္စာယတန၊ အာကိဉ္စညာယတန၊ နေသညာနာသညာယန ဟူသော အရူပ သုံးဘုံ၊ ကာမတိဟိတ် ဘုံ။ (၁၃၆၄-ခု အလတ်တန်း)

## ❐ ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း, ဝက်စားကျင်းမှာ တရှုတ်ရှုတ် ဟူသော စကားမမှန်ကန်

ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ-ကို ထောက်၍ ဗြဟ္မာစုတိနောင် အဟိတ်စုတိ မနောင်း

http://www.dhammadownload.com



နိုင်သောကြောင့် ဗြဟ္မာ့ပြည်မှာ တခင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုတ် ဟူသော စကားမမှန်ပါ။

(၁၃၆၄-ခု အကြီးတန်း)

❒ **(က) ဝိညာဏဉ္စာယတန ဗြဟ္မာကြီး၏ သက်တမ်း၊ (ခ) ယင်းဗြဟ္မာကြီးဖြစ်ကြောင်း အကျင့် (ဂ) ယင်းဗြဟ္မာကြီး စုတေသောအခါ ရောက်နိုင်သောဘုံ။**

(က) မဟာကပ် ၄၀၀၀၀။

(ခ) ဝိညာဏဉ္စာယတန ကုသိုလ်ကံကို ပွားများခြင်း။

(ဂ) အာကာကြဉ်သော အရူပ ၃-ဘုံ၊ ကာမသုဂတိ ၇-ဘုံ။ (၁၃၆၄-ခု အလတ်တန်း)

❒ **အာကိဉ္စညာယတနဘုံမှ စုတေသော ပုထုဇဉ်ဗြဟ္မာ ဖြစ်ရမည့်ဘဝနှင့် ဖြစ်သင့်ရာ ပဋိသန္ဓေ**

အာကိဉ္စညာယတန, နေဝသညာ နာသညာယတန, ကာမသုဂတိ ဟူသော ဘဝသုံးမျိုးနှင့် ယင်းအရူပပဋိသန္ဓေနှစ်မျိုးနှင့် ကာမတိဟိတ် ပဋိသန္ဓေ လေးမျိုးပေါင်း ပဋိသန္ဓေစိတ် ၆-ပါး။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



### ❑ အာကိဉ္စညာယတနဘုံမှ စုတေသော အနာဂါမ်ပြဟ္မာကြီး၏ ဖြစ်ရမည့်ဘဝနှင့် ဖြစ်သင့်ရာ ပဋိသန္ဓေ

အနာဂါမ်ပြဟ္မာကြီးအား အာကိဉ္စညာယတန, နေဝသညာနာသညာယတန ဟူသော အရူပဘဝနှစ်မျိုးနှင့် အရူပပဋိသန္ဓေစိတ်နှစ်မျိုးတို့ ဖြစ်ပါသည်။

(၁၃၆၄-ခု အလတ်တန်း)

### ❑ နေဝသညာနာသညာ ယတနဘုံသို့ ရောက်နိုင်သောပုဂ္ဂိုလ်

နေဝသညာ နာသညာယနစျာန်ရ ကာမသုဂတိဘုံသား, ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဘုံသား, နေဝသညာ နာသညာယတနဘုံသား တိဟိတ်ပုထုဇဉ်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် များသည် နေဝသညာ, နာသညာ ယတနဘုံသို့ ရောက်နိုင်သည်။ (၁၃၆၁-ခု အလတ်တန်း)

### ❑ နေဝသညာနာသညာယတနစုတိနောင် နောင်းနိုင်သော ပဋိသန္ဓေ

နေဝသညာနာသညာယတန ပဋိသန္ဓေ ၁-ခု၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု။ (၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



## ❑ အရူပ စုတိနောင် အောက်အောက် ပဋိသန္ဓေ မနောင်းခြင်း အကြောင်း

အထက်အထက်အရူပဗြဟ္မာတို့သည် အောက်အောက်၌ဖြစ်သော အရူပဘုံသို့ရောက်ကြောင်းကံကို အားမထုတ်တော့သောကြောင့် အရူပစုတိနောင် အောက်အောက် အရူပပဋိသန္ဓေ မနောင်းနိုင်ပါ။

(၁၃၆၃-ခု အကြီးတန်း)

## ❑ အရူပစုတိနောင် နောင်းနိုင်သော ပဋိသန္ဓေများ

အာကာသာနဉ္စာယတန စုတိနောင် အရူပပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၈-ပါး။ ဝိညာဏဉ္စာယတနစုတိနောင် ဝိညာ, အာကိဉ်, နေဝ ဟူသော အရူပပဋိသန္ဓေ ၃-ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၇-ပါး။

အာကိဉ္စညာယတနစုတိနောင် အာကိဉ်, နေဝဟူသော အရူပပဋိသန္ဓေ ၂-ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄- ပါး၊ ပေါင်း ၆-ပါး။

နေဝသညာနာသညာယတနစုတိနောင် နေဝ ပဋိသန္ဓေ ၁-ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၅-ပါး။ (၁၃၂၉-ခု အလတ်တန်း)

http://www.dhammadownload.com



**☐ အာကာသာနဉ္စာယတနဖြစ်ဟွာသက်တမ်း**

မဟာကပ် ၆-သောင်း။ (၁၃၆၁-မှ အလတ်တန်း)

**☐ နှောင်းနိုင်သောပဋိသန္ဓေ**

အရူပ ပဋိသန္ဓေ ၄-ခု၊ ကာမတိဟိတ်ပဋိသန္ဓေ ၄- ခု၊ ပေါင်း ၈-ခု။

**☐ ရောက်နိုင်သောဘုံ**

အရူပ ၄-ဘုံ၊ ကာမသုဂတိ ၇-ဘုံ။

(၁၃၆၁-ခု အလတ်တန်း)

**☐ အရူပဗြဟ္မာများ ကာမဘုံ၌ လာဖြစ်ပါက တိဟိတ်သာ ဖြစ်ရခြင်းအကြောင်း**

ဥပစာရစျာန်အားကြီးသောကြောင့် ထိုဥပစာရ စျာန်၏အကျိုးဖြစ်သော ကာမတိဟိတ်သာ ဖြစ်ရပါသည်။

(၁၃၆၄-ခု အလတ်တန်း)

**☐ အထက်အရူပဘုံသို့ ရောက်နေသော အရူပဗြဟ္မာကြီးများ အောက် အရူပဘုံတို့၌ မဖြစ်နိုင်**

အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာ ရုပ္ပဝဇ္ဇိတာ။

ပရမာ ရုပ္ပသန္ဓိ စ၊ တထာ ကာမတိဟေတုကာ-

ကို ထောက်၍ မဖြစ်နိုင်ပါ။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



**❑ ရူပဗြဟ္မာများ စုတေပြီးနောက် တိရစ္ဆာန်ဘုံဘဝသို့ မရောက်နိုင်။**

ရူပါဝစရ စုတိယာ၊အဟေတုရဟိတာ သိယုံ-ကိုထောက်၍ ရူပစုတိနောင် အဟိတ် ပဋိသန္ဓေ မနှောင်းနိုင်သောကြောင့် ရူပဗြဟ္မာများ စုတေပြီးနောက် တိရစ္ဆာန်ဘုံဘဝ မရောက်နိုင်ပါ။ (၁၃၆၄-ခု အလတ်တန်း)

**❑ ရူပဗြဟ္မာများ သေလွန်သောအခါ တစ်ဖန် ဘဝသစ်တည်ဆောက်ရန် ဖြစ်ပေါ်လာသော တရားများ**

ရူပဘဝသစ်ထူထောင်ဖို့ ရူပဝိပါက် ၅-ခု၊ စေတသိက် ၃၅-ခု၊ စက္ခု, သောတ, ဝတ္ထုဒသက, ဇီဝိတနဝက ကလာပ်ရုပ်များ ဖြစ်ပေါ်လာသည်။

အရူပဘဝသစ်ထူထောင်ဖို့ အရူပဝိပါက် နာမက္ခန္ဓာ ဖြစ်ပေါ်လာသည်။

ကာမသုဂတိ ဘဝသစ်ထူထောင်ဖို့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ် ၇-စည်း။

ဂဗ္ဘသေယျကဖြစ်လျှင် ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ် ၃-စီး ဖြစ်ပေါ်လာသည်။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



❒ **အာကာသာနဉ္စာယတနဘုံမှ စုတေသောပုဂ္ဂိုလ်တို့ ရောက်နိုင်သော ဘုံများကို ပုဂ္ဂိုလ်အလိုက် ခွဲခြားချက်**

တိဟိတ်ပုထုဇဉ် ကာမသုဂတိ ၇-ဘုံ၊ အံရူပ ၄-ဘုံ၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက် အရူပ ၄-ဘုံ၊ ရဟန္တာ မရှိ။ (၁၃၅၂-ခု အကြီးတန်း)

❒ **နပုံပဏ္ဍုက်ဖြစ်ကြောင်း ကံ**

ဒွိဟိတ်ဩမက ကုသိုလ်ကံ ဖြစ်ပါသည်။

(၁၃၆၃-ခု အလတ်တန်း)

❒ **နပုံပဏ္ဍုက်များ၏ စုတိနောင် နောင်းနိုင်သော ပဋိသန္ဓေ**

ကာမပဋိသန္ဓေ ၁၀-ပါး ဖြစ်ပါသည်။

(၁၃၆၃-ခု အလတ်တန်း)

❒ **အညံ့ဆုံး မဟာကုသိုလ်ကံကြောင့် ရောက်နိုင်သောဘုံနှင့် ပဋိသန္ဓေစိတ်**

လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်။

❒ **ဖားသတ္တဝါသေလျှင် နတ်ပြည်၌ ဖြစ်နိုင်**

ကာမေ သွေ့ဝ ပနေတရာ-ကိုထောက်၍ ကာမ

http://www.dhammadownload.com


နိုင်ခြင်းကြောင့် ဖားသတ္တဝါသေလျှင် နတ်ပြည်၌ ဖြစ်နိုင်ပါသည်။ (၁၃၆၄-ခု အလတ်တန်း)

## ❒ ဘဝင်စိတ်၏ အဓိပ္ပာယ်

ဥပပတ္တိဘဝ၏အကြောင်းဖြစ်သောကြောင့် ဘဝင်စိတ် မည်ပါသည်။ (၁၃၃၂-ခု၊ ၆၁-ခု အငယ်တန်း)

## ❒ ဘုံအားလုံး၌ ဖြစ်နိုင်သောပုဂ္ဂိုလ်ထူး

သဗ္ဗာ ကာမတိဟေတုမှာ-ကိုထောက်၍ ကာမတိဟိတ် ပုဂ္ဂိုလ်သည် ဈာန်အားလုံး၊ မဂ်၊ ဖိုလ်အားလုံးကို ရနိုင်သူ ဖြစ်သောကြောင့် သေဆုံးပြီးနောက် မည်သည့်ဘုံ မဆို ရောက်နိုင်ပါသည်။ (၁၃၆၁-ခု အလတ်တန်း)

## ❒ ပဋိသန္ဓေနှင့် စုတိအကြားဖြစ်သော စိတ်များ

ဘဝင်စိတ်များသည် ပဋိသန္ဓေ စိတ်ချုပ်သည်မှစ၍ စုတိတိုင် အောင် ဝီထိစိတ်မဖြစ်သောအခါ ဘဝမပြတ်စဲဖို့ ဖြစ်ပေရသည်။ မြစ်ရေအလျဉ်ကဲ့သို့ ဖြစ်နေသည်။ ပဋိသန္ဓေ၏ အာရုံကိုပင် အာရုံပြုသည်။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


## ❐ နိရောဓသမာပတ်ဝင်စားသူနှင့် သေသောသူတို့ ခြားနားချက်

နိရောဓသမာပတ်ဝင်စားသူသည် ကမ္မဇရုပ် မချုပ်၊ ဥက္ကဋ္ဌ မပျက်စီး၊ သေသောသူသည် ကမ္မဇရုပ်လည်းချုပ်သည်။ ဥက္ကဋ္ဌလည်း ပျက်စီးသည်။ ဤသို့ ထူးပါသည်။

(၁၃၆၁-ခု အငယ်တန်း)

## ❐ စုတိအဓိပ္ပာယ်

ပစ္စာသန္နမရဏာသန္န တတ္ထ ဝီထိစိတ္တာဝသာနေ ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ-ကို ထောက်၍ သေဖို့ရာ အလွန်နီးကပ်နေသူ၏ တဒါရုံ၊ ဇောဟူသော ဝီထိစိတ်အဆုံး၌သော်လည်းကောင်း၊ ဘဝင်အဆုံး၌သော် လည်းကောင်း ရွေ့လျောစုတေသည်၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်သောစိတ်သည် စုတိစိတ်မည်ပါသည်။

(၁၃၆၁-ခု အငယ်တန်း၊ ၅၁-ခု အကြီးတန်း)

# ဝီထိမုတ်ပိုင်းမေးကွက်
# ပြီးပါပြီ

http://www.dhammadownload.com

# ၆ — ရုပ်ပိုင်းမေးဖြေ
# ရူပသမုဒ္ဒေသ

## ❐ နိဿယရုပ်

မဟာဘုတ် ၄–ပါး။

## ❐ နိဿိတရုပ်

ဥပါဒါရုပ် ၂၄–ပါး။ (၁၃၆၄–ခု အလတ်တန်း)

## ❐ မဟာဘုတ်တို့၏ဥပမာ

မဟာဘုတ်တို့သည် မျက်လှည့်သမားတို့နှင့် တူသည် (တစ်နည်း) ဘီလူးတို့နှင့် တူသည်။

(၁၃၆၃–ခု အလတ်တန်း)

## ❐ ဟဒယဝတ္ထုရုပ်၏မှီရာ

မဟာဘုတ်လေးခု၊

သင်္ဂဟာသာဓကေ– စတုန္နဥ္စ မဟာဘူတာနံ ဥပါဒါယရူပန္တိ။

(၁၃၆၃–ခု အလတ်တန်း)

http://www.dhammadowpload.com


## ❐ ကာယပသာဒ၏ တည်ရာဌာန

ကာယပသာဒသည် ကမ္ဗဇတေဇော၏ တည်ရာ အရပ်ကိုလည်းကောင်း၊ ဆံပင်များ, အမွေးများ, ခြေသည်း လက်သည်းများ, ခြောက်သောအရည်တို့ကို လည်းကောင်း ထား၍ ထိုမှကြွင်းသော တစ်ကိုယ်လုံးကို ပျံ့နှံ့၍ တည်သည်။ (၁၃၆၄-ခု အလတ်တန်း၊ အကြီးတန်း)

## ❐ သတ္တဝါတို့၏ သန္တာန်၌ရှိသော အကြည်ရုပ်များ

စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒတို့တည်း။

(၁၃၆၄-ခု အကြီးတန်း)

## ❐ မဟာဘုတ်တို့ ဥပါဒါရုပ် မမည်ခြင်းအကြောင်း

ဥပါဒါရုပ်၏လက္ခဏာကို အဋ္ဌကထာ၌ "စတုန္နံ့ မဟာဘူတာနံ ဥပါဒါယရူပံ-ဟု ဆိုထားသဖြင့် မဟာဘုတ် လေးပါးကို မှီမှသာလျှင် ဥပါဒါရုပ်မည်သည်၊ တစ်ပါး, နှစ်ပါး, သုံးပါးကို မှီရုံမျှဖြင့် ဥပါဒါရုပ် မမည်၊ မဟာ ဘုတ်တို့ကား အချင်းချင်းမှီသော်လည်း လေးပါးလုံးကို မမှီ၊ တစ်ပါး, သုံးပါး, နှစ်ပါးကိုသာ မှီသည်။ ထို့ကြောင့် ဥပါဒါရုပ်အမည် မရ။ (၁၃၃၃-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ ဓာတ်ကြီး ၄ ပါး

ပထဝီဓာတ် – မြေ၊ အာပေါဓာတ် – ရေ၊ တေဇောဓာတ် – မီး၊ ဝါယောဓာတ် – လေ။

(၁၃၄၈–ခု အခြေပြုတန်း)

## ❒ ဓာတ်ကြီးလေးပါးတို့၏ သဘောလက္ခဏာ

ပထဝီဓာတ် – ကထိနတ္တလက္ခဏာ ခက်မာသည်၏ အဖြစ်သဘော။

အာပေါဓာတ် – ဒ၀တ္တလက္ခဏာ ယိုစီးခြင်းသဘော။

တေဇောဓာတ် – ဥဏှတ္တလက္ခဏာ ပူခြင်းသဘော၊

ဝါယောဓာတ် – ဝိတ္ထမ္ဘနတ္တလက္ခဏာ တောင့်တင်း ခိုင်မာခြင်း သဘော။ (၁၃၆၃–ခု အကြီးတန်း)

## ❒ ဖောင်ဖွဲ့ရုံသည် ရုပ်သီးခြား မဟုတ်

အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောင်ဖွဲ့ဟူသော ပါဠိကိုထောက်၍ ဖောင်ဖွဲ့ရုံသည် ရူပါရုံ စသည်တို့ကဲ့သို့ ရုပ်သီးခြား မဟုတ်ပါ။

(၁၃၆၀–အခြေပြုတန်း)

http://www.dhammadownload.com



## ❏ ဖောဋ္ဌဗ္ဗာရုံဖွဲ့ရာ၌ အာပေါဓာတ်ကြဉ်ရခြင်းအကြောင်း

အာပေါဓာတ်သည် အလွန်သိမ်မွေ့သည့်အတွက် ထိတွေ့ခြင်းငှာ မတတ်ဆောင်သောကြောင့် ကြဉ်ရပါသည်။
(၁၃၆၃-ခု, ၆၄-ခု အလတ်တန်း၊ ၃၅-ခု, ၆၂-ခု, ၆၁-ခု အကြီးတန်း)

## ❏ မြေဓာတ်နှင့် ရေဓာတ်တို့၏ မတူထူးခြား ကွဲပြားဟန်

မြေဓာတ်သည် ဖောဋ္ဌဗ္ဗာရုံလည်းဖြစ် ,သြဠာရိကရုပ်လည်းဖြစ်သည်။ ရေဓာတ်ကား အလွန်သိမ်မွေ့သည် ဖြစ်၍ တွေ့ထိခြင်းငှာ မတတ်ကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံမထိုက်၊ သုခုမရုပ်သာ ဖြစ်သည်။

အထောက် - အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယ သင်္ခါတံ ဖောဋ္ဌဗ္ဗံ။ (၁၃၆၃-ခု အကြီးတန်း)

## ❏ အမျိုးသမီး, အမျိုးသားဟု ခွဲခြားသိနိုင်ခြင်းအကြောင်း

ဣတ္ထိဘာဝရုပ်ကြောင့် အမျိုးသမီးဟု ခွဲခြားသိနိုင်သည်။ ပုရိသဘာဝရုပ်ကြောင့် အမျိုးသားဟု ခွဲခြားသိနိုင်သည်။ (၁၃၅၂-ခု အကြီးတန်း)

## ❏ မိန်းမဟု သိရခြင်းအကြောင်းရင်းများ

သေးငယ်သော လက်အစရှိသော ပုံသဏ္ဌာန်သည် ဣတ္ထိလိင်္ဂမည်၏၊ ပြုံးရယ်ခြင်း အစရှိသော အမှတ်အသား

http://www.dhammadownload.com



သည် ဣတ္ထိနိမိတ္တမည်၏၊ ဗန်းငယ်, စကောငယ် အစရှိသည်ဖြင့် ငယ်စဉ်၌ ကစားခြင်းသည် ဣတ္ထိကုတ္တမည်၏။ မသန့်ရှင်းသော သွားခြင်း အစရှိသော အမူအယာသည် ဣတ္ထာကပ္ပမည်၏၊ ဤသို့သော ဣတ္ထိလိင် စသည်သည် မိန်းမဟု သိရကြောင်း ဖြစ်ပါသည်။

(၁၃၆၁–ခု, ၆၄–ခု အကြီးတန်း)

မှတ်ချက်။ ။အထက်ပါအဖြေကိုကြည့်၍ ဣတ္ထိလိင်္ဂ စသည်တို့၏ အဓိပ္ပါယ်ကိုသိပါ။

## ❑ ဘာဝရုပ်နှစ်ပါးတို့ တည်ရာအရပ်

ဘာဝရုပ်သည် ကာယပြန္ဒကဲ့သို့ တစ်ကိုယ်လုံးကို ပျံ့နှံ့၍ တည်သည်။ (၁၃၆၄–ခု အကြီးတန်း)

**(ဆောင်)** ဘော–ပသာဒ, ဇီဝိတ, သုက္ကသွေး သည်းခြေ။
အစိုကာယ, ရှိသမျှ, မုချ အနှံ့နေ။

## ❑ ဟဒယဝတ္ထု၏တည်ရာ

နှလုံးအိမ်၏အတွင်း၌ တလက်ဖက်၏ ထက်ဝက်မျှ ရှိသော သွေးကိုမှီ၍ တည်သည်။

(၁၃၆၁–ခု, ၆၄–ခု အလတ်တန်း)

http://www.dhammadownload.com



## ❒ ဟဒယဝတ္ထုရှိသင့်ပုံ

ကာမဘုံသားတို့၏ မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် စက္ခုဝိညာဏ်ဓာတ် စသည်တို့ကဲ့သို့ ရုပ်သို့အစဉ်လိုက်သော ဖြစ်ခြင်းရှိသောကြောင့် နိပ္ဖန္နရုပ်, ဥပါဒါရုပ် ဟူသော မှီရာရှိကုန်၏။ ထိုသို့ရုပ် ဟူသော မှီရာရှိသော်လည်း ပဉ္စပသာဒရုပ်တို့သည် ပဉ္စဝိညာဏ် ဟူသော တစ်ပါးသော မှီရာရှိသောကြောင့် လည်းကောင်း၊ ရူပါရုံ စသည်တို့သည်လည်း ဗဟိဒ္ဓသန္တာန်၌ဖြစ်သောကြောင့် လည်းကောင်း၊ ဝိဝိတိန္ဒြေသည်လည်း စောင့်ရှောက်ခြင်းကိစ္စတစ်မျိုးနှင့် ယှဉ်သောကြောင့် လည်းကောင်း၊ ဘာဝရုပ်မရှိသော်လည်း နပုံး, ပဏ္ဍုက်သန္တာန်၌ ရုပ်ဖြစ်နိုင်ခြင်းကြောင့် လည်းကောင်း၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် ပဉ္စပသာဒ, ပဉ္စာရုံ, ဇီဝိတိန္ဒြေ, ဘာဝရုပ် ဟူသော ဥပါဒါရုပ် ၁၃-ပါးကို မမှီပါ။ ထို ၁၃-ပါးကို မမှီသဖြင့် ထို ၁၃-ပါးမှကြွင်းသော ဟဒယဝတ္ထု, ဥပါဒါရုပ်မှီ၍ ဖြစ်ရသည်မှာ အလွန်ထင်ရှားလှပါသည်။ ထို့ကြောင့် ဟဒယဝတ္ထု ရှိသင့်ပါသည်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



### ❒ ထိုဟဒယဝတ္ထုရုပ်ကို မမွှသင်္ဂဟကြွဲ ဘုရား မဟော ပါဘဲလျက် အရှင်အနုရုဒ္ဓါထုတ်၍ ဆိုရခြင်းအကြောင်း

ဟဒယဝတ္ထုကို ရူပကဏ္ဍ၌ ဘုရားမဟောသော်လည်း အာဂုံအားဖြင့်လည်းကောင်း၊ ယုတ္တိအားဖြင့် လည်းကောင်း ထိုဟဒယဝတ္ထုရုပ် ရှိသည်၏အဖြစ်ကို သိမှတ်အပ်သောကြောင့် အရှင်အနုရုဒ္ဓါဆရာထုတ်၍ ဆိုထားသည်။ (၁၃၆၄-ခု အလတ်တန်း)

### ❒ ခန္ဓာကိုယ်တစ်ခုလုံး၌ ပျံ့နှံ့တည်နေသောရုပ်များ

ကာယပသာဒ၊ ဘာဝရုပ် ၂-ခု၊ ဇီဝိတရုပ်၊ ဩဇ ၄-ခုသည် တစ်ကိုယ်လုံး ပျံ့နှံ့တည်သည်။

(၁၃၆၄-ခု အကြီးတန်း)

### ❒ ကဗဠီကာရော အာဟာရော-၌ အာဟာရ ဟူသည်

ဆွမ်းလုပ်ကို အာဟာရရုပ်ဟု မမှတ်ရပါ။ ဩဇဋ္ဌမက ရုပ် ၈-ပါးနှင့်တကွသော ရုပ်အပေါင်းကို ခိုင်ခံ့စေခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အင်္ဂါကြီးငယ်သို့ လျှောက်၍ အရသာကို ဆောင်တတ်သော မျိုသုံးစားအပ်သော အာဟာရ၏ အဆီအစေး ဩဇာသည် အာဟာရ မည်သည်။

http://www.dhammadownload.com



## ❐ သဘာဝရုပ်

ကက္ခဠတ္တ-အစရှိသော မိမိ၏သဘောအားဖြင့် ရထိုက်သောကြောင့် သဘာဝရုပ် မည်ပါသည်။

## ❐ သလက္ခဏရုပ်

ဥပ္ပါဒ အစရှိသော (တစ်နည်း) အနိစ္စတာ အစရှိသော လက္ခဏာတို့နှင့် ယှဉ်သောကြောင့် သလက္ခဏရုပ် မည်ပါသည်။ (၁၃၆၃-ခု အလတ်တန်း)

## ❐ နိဗ္ဗိတရုပ်က စောင့်ရှောက်အပ်သောရုပ်

ကမ္မဇရုပ်များကို စောင့်ရှောက်ပါသည်။

အထောက် - ရူပဇီဝိတိန္ဒြိယံ ဥပါဒိန္နရူပါနံ၊ ကမ္မဇံ ဥပါဒိန္နရူပံ။ (၁၃၆၂-ခု အကြီးတန်း)

## ❐ ဇီဝိတက သဟဇာတ တရားတို့ကို စောင့်ရှောက်ပုံ

ကြာအစရှိသည်ကို စောင့်ရှောက်သော ရေကဲ့သို့ သဟဇာတတရားတို့ကို စောင့်ရှောက်သည်။ (နာမ်ဇီဝိတ)

အာဟာရအစရှိသော အကြောင်းသည် အာဟာရဇ ရုပ်စသည်တို့၏ဖြစ်ဆဲခဏ၌ ထင်ရှားရှိသကဲ့သို့ ကမ္မဇရုပ်၏ ဖြစ်ဆဲခဏ၌ ကံသည် ထင်ရှားမရှိတော့၊ ကံသည် တကွ ဖြစ်ဖက်ရုပ်တို့၏ တည်တံ့ခြင်းအကြောင်း မဟုတ်၊

http://www.dhammadownload.com


ဇီဝိတသည်သာ တကွဖြစ်ဖက်ရုပ်တို့၏ ဖြစ်တည်ခြင်း၏ အကြောင်းအဖြစ်ဖြင့် စောင့်ရှောက်သည်။ (ရုပ်ဇီဝိတ)

## ❐ အာဟာရော အာဟာရရုပ် ဟုသာ မဆိုဘဲ ကဗဠီကာရောကို ထည့်၍ ဆိုရခြင်းအကြောင်း

အာဟာရရုပ်ချည်းသက်သက် အပြခက်သောကြောင့် အစာတည်းဟူသော တည်ရာဝတ္ထုနှင့်တကွ ဖြစ်သည်ကိုပြ၍ ပရမတ္ထ အာဟာရကို ပြလိုသောကြောင့် ကဗဠီကာရော အာဟာရောဟု ဆိုသည်။

(၁၃၆၁-ခု အကြီးတန်း)

## ❐ မဟာဘုတ် အစ အာဟာရအဆုံး (၁၈)ပါးသောရုပ်တို့ ရနိုင်သော အမည်များ

သဘာဝရုပ်၊ သလက္ခဏရုပ်၊ နိပ္ဖန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်။ (၁၃၆၂-ခု အကြီးတန်း)

## ❐ ရုပ် ၂၈-ပါးတို့ကို အစစ်ရုပ် အတုရုပ်ခွဲ

အစစ်ရုပ် - နိပ္ဖန္နရုပ် ၁၈-ခု။

အတုရုပ် - အနိပ္ဖန္နရုပ် ၁၀-ခု။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



### ❒ ကိုင်တွယ်မရသော အာကာသဓာတ်သည် ရုပ်တရား

အာကာသဓာတု ပရိစ္ဆေဒရူပံနာမ-ကိုထောက်၍ အာကာသဓာတ်တို့ ရုပ်တရားဟု ခေါ်နိုင်ပါသည်။

(၁၃၆၄-ခု အငယ်တန်း)

### ❒ နိပ္ဖန္နရုပ်

ကံ အစရှိသော အကြောင်းတရားတို့သည် ဖြစ်စေအပ်သောကြောင့် နိပ္ဖန္နရုပ် မည်၏။

(၁၃၆၃-ခု အလတ်တန်း)

### ❒ သမ္မသန မမည်သောရုပ်

အနိပ္ဖန္နရုပ် ၁၀-ပါး၊ (၁၃၆၃-ခု အငယ်တန်း)

### ❒ ဝိပဿနာ မရှုကောင်းသောရုပ်များ

အနိပ္ဖန္နရုပ်များ ဖြစ်ပါသည်။

အထောက် - ဣတိ စ အဋ္ဌာရသဝိဓမ္ပေတံ ရူပံ သဘာဝရူပံ သလက္ခဏရူပံ နိပ္ဖန္နရူပံ ရူပရူပံ သမ္မသန ရူပန္တိ စ သင်္ဂဟတိ-၌ သမ္မသနရုပ်။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ အတုရုပ်

ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏာရုပ် အားဖြင့် အနိပ္ဖန္နရုပ် ၁၀–ပါး။

(၁၃၆၁–ခု အငယ်တန်း၊ ၆၁–ခု အကြီးတန်း)

## ❑ ရုပ်စစ် + ရုပ်တု

အနိပ္ဖန္နရုပ်သည် ရုပ်အတု၊ နိပ္ဖန္နရုပ်သည် ရုပ်အစစ်။

(၁၃၆၄–ခု အငယ်တန်း၊ ၅၇–ခု အကြီးတန်း)

## ❑ ရူပရုပ်ဟု ခေါ်ရခြင်းအကြောင်း

အချမ်း, အပူ အစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သည်၏ အဖြစ်၊ အချမ်းအပူအစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့သည် ဖောက်ပြန်စေအပ်သည်၏ အဖြစ်ကြောင့် ရူပရုပ်ဟု ခေါ်သည်။ (၁၃၆၀–ခု အခြေပြုတန်း)

## ❑ ဥပစယနှင့် သန္တတိအထူး

ပဋိသန္ဓေမှစ၍ စက္ခုဒသက စသည်တို့၏ ဖြစ်ရာကာလတိုင်အောင် ရှေးဦးစွာဖြစ်ခြင်းသည် ဥပစယ မည်ပါသည်။

http://www.dhammadownload.com


စက္ခုဒသကစသည်ဖြစ်သည်မှ နောက်၌ ဆက်လက်ဖြစ်ပေါ်ခြင်းသည် သန္တတိမည်ပါသည်။

(၁၃၃၄–ခု, ဖဲ၁–ခု အလတ်တန်း)

**(ဆောင်)** (က)တစ်ဘဝ၌, စ၍ဖြစ်အင်, မစုံခင်ဆက်, အထက်ထက်၌, တိုးတက်ဖြစ်မှု, ဥပါဒ်စု, ဥပစယခေါ်။
(ခ)တစ်ဘဝ၌ ဖြစ်ကြလေရိုး, ရုပ်မျိုးသီးသီး, စုံပြီးနောက်ထပ်, ဥပါဒ်လေဘိ, များစွာရှိ, သန္တတိချည်းခေါ်။

## ❑ သုတ္တန်ပါဠိတော်များ၌ ဇာတိ, ဇရာ, မရဏဟု ဟောထားပါလျက် သင်္ဂဟပါဠိ၌ ဇာတိရုပ် ထည့်မထားခြင်း အကြောင်း

ဖြစ်ပုံအခြင်းအရာ ထူးသောကြောင့် လည်းကောင်း၊ ဝေနေယျရှုသယအားဖြင့် လည်းကောင်း ဇာတိရုပ်ကိုပင် ဥပစယ, သန္တတိ အမည်ဖြင့် ဟောထားသောကြောင့် ဇာတိရုပ်ဟု တိုက်ရိုက်မဆိုပါ။

အကိုးပါဠိ။ ။ ဇာတိရူပမေဝ ပနေတ္ထ ဥပစယ သန္တတိ နာမေန ပဝုစ္စတီတိ။

## ❑ ဇာတိရုပ် တစ်ခုတည်းကိုပင် ဥပစယ, သန္တတိ နာမည်ဖြင့် ၂–ပါးခွဲဆိုခြင်းအကြောင်း

ပဌမဖြစ်ခြင်း, အထက်ထက်၌ ဖြစ်ခြင်းဟု ဆိုအပ်သော ဖြစ်ပုံအာကာရထူးခြားသဖြင့် ဝေနေယျတို့၏

http://www.dhammadownload.com


အစွမ်းကြောင့် ဥပစယ, သန္တတိအမည်ဖြင့် ၂-ပါးခွဲဆိုရပါသည်။ (၁၃၆၃-ခု, ၆၄-ခု အကြီးတန်း)

## ရူပဝိဘာဂ

### ☐ ရူပသမုဒ္ဒေသ၌ ကောဒသဝိဓေနဝယ် ကောဒသ သရုပ်

ဘူတရုပ်၊ ပသာဒရုပ်၊ ဝိသယရုပ်၊ ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏရုပ်အားဖြင့် ၁၁-ပါး။ (၁၃၃၇-ခု အလတ်တန်း)

### ☐ ဇီဝိတာဟာရ ရူပေဟိ အဋ္ဌာရသဝိဓံ အဋ္ဌာရသသရုပ်၌

ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဝိသယရုပ် ၇-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါ ၊ ဇီဝိတရုပ် ၁-ပါ ၊ အာဟာရရုပ် ၁-ပါ ၊ ပေါင်း ၁၈-ပါး။ (၁၃၆၄-ခု အလတ်တန်း)

### ☐ ရုပ် ၂၈-ပါးကို ကေကနည်းပြ

သဗ္ဗဥ္စ ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ စသော သင်္ဂဟပါဠိကို ထောက်၍ ကေကနည်းကို အရှင်အနုရုဒ္ဓါ ပြပါသည်။ (၁၃၄၈ ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ သဗ္ဗ ပနေတံ (ပ) သပ္ပစ္စယံ–ဝယ် သပ္ပစ္စယ အရတွင် မပါဝင်သောရုပ်

လက္ခဏာရုပ် ၄–ခု။

(အထောက်) – လက္ခဏာရူပါနိ န ကုတောစိ ဇာယန္တိ။ (၁၃၅၂–ခု အကြီးတန်း)

## ❐ သပ္ပစ္စယ–အရ လက္ခဏာရုပ် ၄–ပါး မပါဝင်ခြင်း အကြောင်း

လက္ခဏာရူပါနိ န ကုတောစိ ဇာယန္တိကို ထောက်၍ ကံ, စိတ်, ဥတု, အာဟာရတည်း ဟူသော အကြောင်းတရားလေးပါးတို့ကြောင့် မဖြစ်သော လက္ခဏာရုပ်လေးခု မပါဝင်သင့်ပါ။ (၁၃၆၃–ခု အလတ်တန်း)

## ❐ ရုပ် ၂၈–ပါးလုံး သပ္ပစ္စယ မဖြစ်ထိုက်

လက္ခဏာရူပါနိ န ကုတောစိ ဇာယန္တိ–ကိုထောက်၍ သပ္ပစ္စယ–အရ ရုပ် ၂၈–ပါးလုံး မဖြစ်ထိုက်ပါ။ လက္ခဏာရုပ်မှ ကြွင်းသော ၂၄–ပါးသာ ဖြစ်ထိုက်သည်။

## ❐ ပဓောဟထနှင့် အပ္ပဟာတဗ္ဗ မဆန့်ကျင်အောင်ယူပုံ

ရုပ်ပံ အပ္ပဟာတဗ္ဗမေဝ–ဟူသော စကားသည် မုချ တိုက်ရိုက်အားဖြင့် ဆိုသောစကားဖြစ်သည်။

http://www.dhammadownload.com


ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ (သင်တို့၏ ဥစ္စာမဟုတ်သော ရုပ်ကိုပယ်ကြလော့)ဟူသော ဘုရားစကားသည်ကား ဥပစာစကားမျှသာဖြစ်သည်။ မှန်၏- ရုပ်ကို ပယ်ရမည်မဟုတ်၊ ရုပ်၌တပ်သော တဏှာရာဂကိုသာ ပယ်ရမည်။ ထို့ကြောင့် မဆန့်ကျင်ပါ။

(၁၃၃၆-ခု အကြီးတန်း)

## ငါးပါးအာရုံ ကာမဂုဏ်ရုပ်တရားတို့ကို မပယ်အပ်

သဗ္ဗဥ္စ ပနေတံ ရူပံ (ပ) အပ္ပဟာတဗ္ဗမေဝ ကို ထောက်၍ ကာမဂုဏ်အာရုံရုပ်များကို မဂ် ၄-ပါးဖြင့် မပယ်အပ်ပါ။ (၁၃၆၄-ခု အလတ်တန်း)

## ပသာဒရုပ် ၅-ပါးကိုသာ အဇ္ဈတ္တိကရုပ်ဟု ခေါ်ခြင်း အကြောင်း

ရဟန္တာ၏အစွမ်းကြောင့်လည်းကောင်း၊ အတ္တဘောအား အလွန်အကဲ ကျေးဇူးများသောကြောင့်လည်းကောင်း၊ အတ္တဟုဆိုအပ်သော စိတ်ကိုမှီ၍ ထိုစိတ်၏ ဒွါရအဖြစ် အားဖြင့် ဖြစ်တတ်သောကြောင့် လည်းကောင်း ပသာဒရုပ် ငါးပါးကိုသာ အဇ္ဈတ္တိကရုပ်ဟု ခေါ်ပါသည်။

(၁၃၃၀-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ အစ္ဈတ္တိက မည်ခြင်းအကြောင်း

အတ္တဘောဟုဆိုအပ်သော ခန္ဓပဥ္စကကိုယ်ကို မိမိ၏ တည်ရာပြု၍ ဖြစ်သောကြောင့်လည်းကောင်း၊ အတ္တဘော အား လွန်ကဲစွာ ကျေးဇူးပြုတတ်သောကြောင့် လည်း ကောင်း၊ အတ္တဟုဆိုအပ်သော ပဥ္စဒွါရိကစိတ်ကို စွဲ၍ ထိုပဥ္စဒွါရိကစိတ်၏ ဖြစ်ကြောင်း၏အဖြစ်ဖြင့် ဖြစ်တတ် သောကြောင့် လည်းကောင်း အစ္ဈတ္တိကရုပ် မည်ပါသည်။

(၁၃၆၃–ခု အကြိုးတန်း)

**(ဆောင်)** (က) ခန္ဓာကိုယ်အား, ကျေးဇူးများသဖြင့်, မှတ်သားလေဘိ, အစ္ဈတ္တိက, မည်နာမ, ခေါ်ကြ အတွင်းရုပ်။

(ခ) ကျေးဇူးအင်အား, တယ်မများသဖြင့်, မှတ်သား ဘွယ်လျင်း, ကြွင်းဗာဟိယ, မည်နာမ, ခေါ်ကြ အပြင်ရုပ်။

## ❑ ခန္ဓာကိုယ်အား အလွန်အကဲကျေးဇူးများသောရုပ်များ

စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယပသာဒ။

(၁၃၆၁–ခု အလတ်တန်း၊ ၆၂–ခု အကြိုးတန်း)

## ❑ ဥပစယ, သန္တတိ ပါဝင်သည့် ရုပ်တို့၏ အမည်စာရင်း

(ရူပဝိဘာဂအတိုင်း)

ဗာဟိရ၊ အဝတ္ထု၊ အဒွါရ၊ အနိန္ဒြိယ၊ သုခုမ၊ ဒူရ၊ အပ္ပဋိဃ၊ အနုပါဒိန္န၊ အနိဒဿန၊ အဂေါစရဂ္ဂါဟိက၊ ဝိနိဗ္ဘောဂ။

(၁၃၆၄–ခု အကြိုးတန်း)

http://www.dhammadownload.com



❑ **ဒွါရသာမည်၍ ဣန္ဒြိယ မမည်သောရုပ်**

ဝိညက်ရုပ်

❑ **ဣန္ဒြိယသာမည်၍ ဒွါရမမည်သောရုပ်**

ဘာဝရုပ် ၂–ခု၊ ဇီဝိတရုပ်။

❑ **နှစ်ပါးစုံမည်သောရုပ်**

ပသာဒရုပ် ၅–ပါး။

❑ **ဣန္ဒြိယရုပ် ၈–ပါးတို့၏ အစိုးရရာဌာနများ**

ပသာဒရုပ် ၅–ပါးတို့သည် အသီးသီး ပဉ္စဝိညာဏ် ၅–ပါးတို့၌ အစိုးရပါသည်။ ဘာဝရုပ် ၂–ပါးသည် ဣတ္ထိလိင် စသည်တို့၌ အစိုးရပါသည်။

ဇီဝိတရုပ်သည် ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးရပါသည်။ (၁၃၆၃–ခု အလတ်တန်း)

❑ **အနီးရုပ်**

ပသာဒရုပ် ၅–ပါး၊ ဝိသယရုပ် ၇–ပါးအားဖြင့် ၁၂–ပါး ဖြစ်ပါသည်။ (၁၃၄၅–ခု အခြေပြုတန်း)

http://www.dhammadownload.com



## ❒ အစေးရုပ်

အာပေါ၊ ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရ ရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာအားဖြင့် ၁၆–ပါးဖြစ်ပါသည်။

(၁၃၄၅–ခု, ၆၀–ခု အခြေပြုတန်း)

## ❒ ရုပ်နုများ

အာပေါ, ဘာဝရုပ် ၂–ခု, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ဝိညတ်ရုပ် ၂–ခု၊ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, လက္ခဏာရုပ် ၄–ခု၊ ပေါင်း သုခုမရုပ် ၁၆–ခု။ (၁၃၆၁–ခု အလတ်တန်း)

## ❒ အနုပါဒိန္နသာဖြစ်၍ ဥပါဒိန္နမဖြစ်သောရုပ်

ကမ္မဇံ ဥပါဒိန္နရူပံ၊ ဉတရံ အနုပါဒိန္နရူပံ။

ဝိညတ္တိဒွယံ စိတ္တဇမေဝ၊ သဒ္ဒေါ စိတ္တောတုဇော။

လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ–တို့ကိုထောက်၍ ဝိညတ်ဒွေး, သဒ္ဒရုပ်, လဟုတာဒိတ္တယ အားဖြင့် ၆–ပါးတို့ဖြစ်ကြပါသည်။

E10A

http://www.dhammadownload.com


## ❐ အနုပါဒိန္န, ဥပါဒိန္နနှစ်ပါးစုံ, မဖြစ်သောရုပ်

လက္ခဏာရူပါနိ န ကုတော့စိ ဇာယန္တိ-ကိုထောက်၍ လက္ခဏာရုပ် ၄-ခု။ (၁၃၂၈-ခု အကြီးတန်း)

## ❐ ရူပါရုံကို သနိဒဿနဟုဆိုရခြင်းအကြောင်း

အခြားသောတရားတို့မှ ရူပါရုံကို အထူးပြုခြင်းငှာ တစ်မျိုး တစ်ခြားကဲ့သို့ပြု၍ ဆိုခြင်းငှာ သင့်သောကြောင့် သနိဒဿနဟု ဆိုသည်။ (၁၃၆၁-ခု အလတ်တန်း)

## ❐ မျက်စိဖြင့် မြင်ကောင်းသောရုပ်

ရူပါရုံ။

## ❐ မျက်စိဖြင့် မမြင်ကောင်းသောရုပ်

ကြွင်းသောရုပ် ၂၇-ခု။

သာဓက - ရူပါယတနံ သနိဒဿနရူပံ၊ ဣတရံ အနိဒဿနရူပံ။

## ❐ ရုပ်သံတို့သည် မျက်စိ, နားသို့ မရောက်

သာဓက - စက္ခာဒိဒွယံ အသမ္ပတ္တဝသေန ကိုထောက်ပါ။ (၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ ဂေါစရဂ္ဂါဟိကရုပ်တို့ အာရုံယူရာ၌ ထူးခြားပုံ

စက္ခု, သောတနှစ်ပါးသည် မရောက်သည်၏ အစွမ်းအားဖြင့် အာရုံကို ယူသည်။ ဃာန, ဇိဝှါ, ကာယ ၃–ပါးသည် ရောက်သည်၏ အစွမ်းအားဖြင့် အာရုံကို ယူသည်။ (၁၃၆၃–ခု အလတ်တန်း)

## ❒ ခြေထောက်၌ရှိသော မျက်စိက မမြင်ရဘဲ မျက်နှာ၌ရှိသော မျက်စိကသာမြင်ရခြင်း အကြောင်း

စက္ခာဒိဒွယံ အသမ္ပတ္တဝသေန, ဃာနာဒိတ္တယံ သမ္ပတ္တဝသေနာတိ ပဉ္စဝိဓမ္ပိ ဂေါစရဂ္ဂါဟိကရူပံ၊ ဣတရံ အဂေါစရဂ္ဂါဟိက ရူပံ–ကို ထောက်၍ မျက်နှာ၌ရှိသော မျက်စိဟူသော စက္ခုကသာ အာရုံကို ယူနိုင်သည်။ ခြေထောက်၌ရှိသော ခြေမျက်စိ ဟူသော ကာယပသာဒ စသော ရုပ်သည် အာရုံကို မယူနိုင်။ ထို့ကြောင့် မျက်စိကသာ မြင်သည်။ ခြေမျက်စိက မမြင်ပါ။

(၁၃၆၄–ခု အကြီးတန်း)

## ❒ အသမ္ပတ္တဂေါစရဂ္ဂါဟိကရုပ်

စက္ခု, သောတ

## ❒ သမ္ပတ္တဂေါစရဂ္ဂါဟိကရုပ်

ဃာန၊ ဇိဝှာ၊ ကာယ (၁၃၆၁–ခု အငယ်တန်း)

http://www.dhammadownload.com



## ❑ အသမ္ဗတ္တပြစ်ပုံ

ရူပါရုံ, သဒ္ဒါရုံတို့သည် စက္ခု, သောတပသာဒ၌ ထိရောက်ပြီး ကပ်နေလျှင် စက္ခုအတွက် အာလောက, သောတအတွက် အာကာသအင်္ဂါပျက်၍ မကပ်ငြိ မထိရောက်မှသာလျှင် အာလောက အာကာသ အင်္ဂါရနိုင်သောကြောင့်လည်းကောင်း၊ အခြားအကွယ်ရှိသော အာရုံ, လွန်ကဲကြီးမားသော အာရုံတို့၌လည်း စက္ခု, သောတဝိညာဏ်စိတ် ဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း စက္ခုသောတ နှစ်ပါးအပေါင်းသည် အသမ္ပတ္တအာရုံကို ယူရပါသည်။

## ❑ သမ္ပတ္တပြစ်ပုံ

ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗအာရုံတို့သည် ဃာန, ဇိဝှာ, ကာယပသာဒတို့၌ ထိရောက်ငြိကပ်မှသာလျှင် ဃာနအတွက် ဝါယောဓာတ်၊ ဇိဝှာအတွက် အာပေါဓာတ်၊ ကာယအတွက် ပထဝီဓာတ်ရရှိနိုင်သောကြောင့် ဃာနာဒိတ္တယသည် သမ္ပတ္တအာရုံကို ယူပါသည်။

(၁၃၃၇–ခု အကြီးတန်း)

## ❑ အနာရမ္မဏဟူသော စကားနှင့် ဝေါစရဂ္ဂါဟိကဟူသော စကား မဆန့်ကျင်

အာရုံကို မယူတတ်သောကြောင့် အနာရမ္မဏဆိုသော စကားသည် မှုချစကားဖြစ်သည်။ အာရုံကို

http://www.dhammadownload.com



ယူတတ်သော ဂေါစရဂ္ဂါဟိကရုပ်ဟူသော စကားသည်ကား ဥပစာအား ဖြင့် တင်စားဆိုသောစကားဖြစ်သည်။

(၁၃၆၁-ခု အလတ်တန်း)

## အနာရမ္မဏနှင့် ဂေါစရဂ္ဂါဟိက မဆန့်ကျင်အောင်ယူပုံ

အနာရမ္မဏ ဟူသော စကားသည် မုချစကား ဖြစ်သည်။

ဂေါစရဂ္ဂါဟိက ဟူသော စကားသည် ဥပစာစကား ဖြစ်သည် (ဌာနီဖြစ်သော ပဉ္စဝိညာဏ်တို့၏ ဂေါစရဂ္ဂါဟိက ဟူသော အမည်ကို ဌာနဖြစ်သော ပသာဒရုပ်၌ တင်စား၍ ဆိုထားခြင်း ဖြစ်သည်)။ ထို့ကြောင့် အချင်းချင်း မဆန့်ကျင်ပါ။

(၁၃၃၆-ခု အကြီးတန်း)

## အဝိနိဗ္ဘောဂရုပ် ၈-ပါးဟူသည်

ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောအားဖြင့် ၈-ပါးဖြစ်ပါသည်။

(၁၃၆၀-ခု အခြေပြုတန်း)

## ရေဥ္စ အဆင်း၊ အနံ့၊ အရသာ မရှိဟူသော စကား

ခွဲခြား၍မရသော အဝိနိဗ္ဘောဂရုပ်များတွင် ဝဏ္ဏ, ... ရောက်သည် ပါဝင်နေသောကြောင့် ရေဥ္စ အဆင်း

http://www.dhammadownload.com


မရှိ, အနံ့, အရသာ မရှိဟူသော စကားသည် အဘိဓမ္မာ သဘာဝနှင့် ညီညွတ်မှုမရှိပါ။

အထောက် – ဝဏ္ဏော ဂန္ဓော ရသော ဩဇာ ဘူတစ တုက္ကဉ္စေတိ အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂရူပံ။

## ❒ ရှဉ္စပါဝင်သောရုပ်

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ။ (၁၃၆၃–ခု အကြီးတန်း)

## ❒ အဆင်းသာရှိ၍ အနံ့မရှိသော ပန်းဟူသည် အဘိဓမ္မာနှင့် မညီ

ဝဏ္ဏော ဂန္ဓော ရသော ဩဇာ ဘူတစတုက္ကဉ္စေတိ အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂ ရူပံ နာမ–ကိုထောက်၍ အဆင်း ဝဏ္ဏ၊ အနံ့ ဂန္ဓတို့သည် ခွဲမရသော အဝိနိဗ္ဘော ဂရုပ်များ ဖြစ်သောကြောင့် "အဆင်းသာရှိ အနံ့မရှိသောပန်း" ဟူသော စကားသည် အဘိဓမ္မာ သဘာဝနှင့် မညီပါ။ (တနည်း) ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိနှင့်အညီ ရူပဗြဟ္မာတို့၌ ရူပါရုံသာရှိ၍ ဂန္ဓာရုံမရှိ သောကြောင့် အဆင်းသာရှိ၍ အနံ့မရှိသောပန်းဟူသော စကားသည် အဘိဓမ္မာနှင့် မဆန့်ကျင်ပါ။ (၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com

# ရူပသမုဋ္ဌာနနယ

## ❐ ရုပ်ကိုဖြစ်စေနိုင်သော အကြောင်းများ

ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့တည်း။

(၁၃၅၀-ခု အခြေပြုတန်း)

## ❐ စိတ်ပျို့ ကိုယ်နုဟူသောစကား မှန်/မမှန်

ကမ္မံ စိတ္တံ ဥတု အာဟာရော စေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ-ကိုထောက်၍ စိတ်လည်း ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတစ်မျိုးဖြစ်သောကြောင့် "စိတ်ပျို့ ကိုယ်နု၊ စိတ်ထောင်း ကိုယ်ကြေ"ဟူသော ဆိုရိုးစကား မှန်ပါသည်။

(၁၃၄၇-ခု၊ ၆၃-ခု အငယ်တန်း၊ ၆၂-ခု အကြီးတန်း)

## ❐ ကမ္မဇ ဥပါဒိန္နရုပ်-၌ ကမ္မ-အရ

အကုသိုလ်ကံ ၁၂-ခု၊ ကာမကုသိုလ်ကံ ၈-ခု၊ ရူပကုသိုလ်ကံ ၅-ခု၊ ပေါင်း ၂၅-ခု။

(၁၃၃၇-ခု, ၆၃-ခု အလတ်တန်း၊ ၆၁-ခု, ၆၂-ခု, ၆၃-ခု အကြီးတန်း)

မှတ်ချက်။ ။ ရုပ်ကိုဖြစ်စေနိုင်သော ကံတရားဟုလည်း မေးနိုင်သည်။

http://www.dhammadownload.com


## ❑ ထိုက်ာက အစပြု၍ ဖြစ်စေရာအခါ

ထိုက်ာသည် ကမ္မဇရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ အစပြု၍ ခဏတိုင်း ခဏတိုင်း၌ ဖြစ်စေသည်။

သာဓက – တတ္ထ ကာမာဝစရံ ရူပါဝစရဉ္စေတိ ပဉ္စ ဝီသတိဝိဓမ္ပိ ကုသလာကုသလကမ္မမဘိသင်္ခတံ အဇ္ဈတ္တိက သန္တာနေ ကမ္မသမုဋ္ဌာနရူပံ ပဋိသန္ဓိမုပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ။

## ❑ ဇာယန္တမေဝသမုဋ္ဌာပေတိဟု ဆိုသည့်အတိုင်း စိတ်သည် ရုပ်ကို ဖြစ်စေရာ၌ ဥပါဒ်ကာလ၌သာ ဖြစ်ရခြင်းအကြောင်း

အနန္တရ စသော ပစ္စည်းကိုရသဖြင့် ဥပါဒ်ခဏ၌သာလျှင် ရုပ်ကိုဖြစ်စေတတ်သော ဇနကသတ္တိနှင့် ယှဉ်ခြင်းကြောင့် စိတ်သည် ဥပါဒ်ခဏ၌သာ ရုပ်ကို ဖြစ်စေပါသည်။ (၁၃၆၄–ခု အလတ်တန်း)

## ❑ နာမ်ကြောင့် ဖြစ်သောရုပ်

ကမ္မဇရုပ်၊ စိတ္တဇရုပ်။

## ❑ ရုပ်ကြောင့် ဖြစ်သောရုပ်

ဥတုဇရုပ် အာဟာရဇရုပ်။ (၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ ရုပ်လေးပါးတို့ဖြစ်ပုံ

၁။ ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍

၂။ စိတ္တဇရုပ်သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍

၃။ ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဌီမှစ၍

၄။ အာဟာရဇရုပ်သည် ဩဇာပျံ့နှံ့ချိန်မှစ၍ ဆီမီးလျှံ ကဲ့သို့ လည်းကောင်း မြစ်ရေလျှင်ကဲ့သို့ လည်း ကောင်း အသက်ရှည်သမျှ ကာလပတ်လုံး ကာမဘုံ၌ မပြတ်ဖြစ်နေသည်။

(၁၃၆၁-ခု အလတ်တန်း)

## ❐ ကမ္မဇရုပ်ကို ဖြစ်စေသောကံ

အကုသိုလ်ကံ ၁၂-ပါး၊ မဟာကုသိုလ် ၈-ပါး၊ ရူပကုသိုလ် ၅-ပါး၊ ပေါင်း ၂၅-ပါး။

(၁၃၆၃-ခု အကြီးတန်း)

## ❐ ရုပ်ကိုဖြစ်စေနိုင်သော နာမ်တရား

အရူပဝိပါတ် ၄-ခု၊ ဒွေး ပဉ္စဝိညာဏ် ၁၀-ခု, ရဟန္တာတို့၏ စုတိကြဉ်သောစိတ် ၇၅-ပါး။

(၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com


## ❑ စိတ်က ရုပ်ကို ဖြစ်စေပုံ

၁။ မနောဓာတ် ၃–ခု, တဒါရုံ ၁၁–ခု၊ ရူပဝိပါက် ၅–ခုအားဖြင့် ၁၉–ခုသည် ရုပ်သာမညကိုသာ ဖြစ်စေသည်။

၂။ အဘိညာဉ်ဒွေးကြဉ်သော အပ္ပနာဇော ၂၆–ခုသည် ရုပ်သာမညကိုလည်း ဖြစ်စေသည်။ ဣရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်စေသည်။

၃။ မနောဒွါရဇ္ဈဖြစ်သော မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉–ခု, အဘိညာဉ်ဒွေးအားဖြင့် ၃၂–ခုသည် ရုပ်သာမည, ဣရိယာပုတ်, ဝိညတ်ကိုလည်း ဖြစ်စေသည်။

၄။ ထို ၃၂–ခုတို့တွင် သောမနဿ ၁၃–ခုသည် ရုပ်သာမည, ဣရိယာပုတ်, ဝိညတ်, ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေသည်။ (၁၃၆၄–ခု အငယ်တန်း)

## ❑ စိတ္တဇရုပ်ကို ဖြစ်စေသောစိတ်

အရူပဝိပါက် ၄–ခု၊ ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော စိတ် ၇၅–ခု။ (၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ စိတ္တဇရုပ် စဖြစ်ရာကာလ

ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်။

## ❐ နောက်ဆုံးချုပ်ရာကာလ

စုတိနောင် ခဏဝယ် ၄၈–ချက်ခန့် ကာလ။

(၁၃၆၃–ခု အကြိုးတန်း)

## ❐ စိတ်ထောင်းတော့ကိုယ်ကြေ၊ စိတ်ပျိုတော့ ကိုယ်နု ဟူသော စကားအရ ရုပ်ကို ဖြစ်စေနိုင်သော စိတ်များ

အရူပဝိပါက် ၄–ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာ တို့၏ စုတိ စိတ်ကြည်သောစိတ် ၇၅–ခု။

(၁၃၆၄–ခု အကြိုးတန်း)

## ❐ ရုပ်သက်သက်ကိုသာ ဖြစ်စေသောစိတ်

မနောဓာတ် ၃–ခု၊ တဒါရုံ ၁၁–ခု၊ ရူပဝိပါက် ၅–ခုအားဖြင့် ၁၉–ခု။

(၁၃၆၁–ခု အလတ်တန်း၊ ၃၀–ခု၊ ၆၃–ခု အကြိုးတန်း)

**(အဆောင်)** မနောဓာတုံ၊ တဒါရုံက၊ ရူပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း။

http://www.dhammadownload.com


## ❒ ရုပ်သာမညကိုသာ ဖြစ်စေနိုင်သောစိတ်

မနောဓာတ် ၃–ခု၊ သန္တီရဏ ၃–ခု၊ မဟာဝိပါက်စိတ် ၈–ခု၊ ရူပဝိပါတ် ၅–ခု၊ ပေါင်း ၁၉–ပါး ဖြစ်ပါသည်။ (၁၃၆၃–ခု အကြီးတန်း)

## ❒ ရုပ်နှင့် ဣရိယာပုတ်ကိုသာ ဖြစ်နိုင်သောစိတ်

အပ္ပနာဇော ၂၆–ခု။ (၁၃၆၄–ခု အလတ်တန်း)

## ❒ ရုပ်, ဣရိယာပုတ်, ဝိညတ်ကိုသာ ဖြစ်စေနိုင်သော စိတ်များ

ဝုဋ္ဌော, ကာမဥပေက္ခာဇော ၁၄–ခု၊ အဘိညာဉ်ဒွေ။

(၁၃၃၁–ခု, ၆၄–ခု အလတ်တန်း)

**(ဆောင်)** မနောဓာတုံ, တဒါရုံက, ရူပဝိပါက်, ဆယ့်ကိုးချက်မှာ, ရုပ်ကိုသာတည်း၊ အပ္ပနာဇဝန, ဆဗ္ဗီသကား, ယာပထလည်း, ဖွဲ့တည်းခိုင်စေ၊ တထွေ ဝုဋ္ဌော, ကာဇောဘိညာ, ဒွတ္တိံသာကား, နှစ်ဖြာဝိညတ်–ကိုလည်း တပ်၏၊ သောမနသ်ဟု, ဆယ့်သုံးခုကား, ရယ်မှုရွှင်ခြင်း,လည်း ပြုလျှင်း၏၊ ကြွင်းအာရုပ္ပ–ဝိပါကနှင့်, ပဉ္စဝိညာ, ဆယ့်လေးဖြာသည်, ဘယ်ဟာဖြစ်စေနိုင်ဖူးတည်း။

## ❒ ဝေါဋ္ဌဗ္ဗနကာမာဝစရ ဇဝနာဘိညာ ပန–၌ ယူရမည့် ဝုဋ္ဌော, ကာမဇော

ပဉ္စဒွါရ၌ဖြစ်သော ဝုဋ္ဌော, ကာမဇောတို့သည်

http://www.dhammadownload.com


အားနည်းသောကြောင့် ပဥ္စဒွါရ၌ဖြစ်သော ဝုဋ္ဌော, ကာမဇောတို့ကို မယူရ၊ မနောဒွါရ၌ဖြစ်သော ဝုဋ္ဌော, ကာမဇောတို့ကိုသာ ယူရမည်။ (၁၃၆၃-ခု အလတ်တန်း)

## ❒ အရူပဝိပါက်စိတ်တို့ ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

ရူပဝိရာဂဘာဝနာသည် ဖြစ်စေအပ်သော အရူပါဝစရကုသိုလ်ကံသည် ထိုရုပ်၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့် လည်းကောင်း၊ ရုပ်ဖြစ်ရာဘုံ မဟုတ်သောကြောင့် လည်းကောင်း အရူပဝိပါက်တို့သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

(၁၃၆၁-ခု အလတ်တန်း၊ ၆၂-ခု အကြီးတန်း)

## ❒ မြင်သိစိတ်က ရုပ်တရားကို ကြေအောင် မထောင်းနိုင်

အရူပဝိပါက ဒွိပဥ္စဝိညာဏဝဇ္ဇိတံ ပဥ္စသတ္တတိဝိဓမ္ပိ စိတ္တံ စိတ္တသမုဋ္ဌာန ရူပံ ပဌမဘဝင်္ဂမုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ-ကိုထောက်၍ မြင်သိစိတ် စက္ခုဝိညာဏ် ဟူသော ဒွေပဥ္စဝိညာဏ်သည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ရုပ်တရားကို ကြေအောင် မထောင်းနိုင်ပါ။

(၁၃၆၂-ခု အကြီးတန်း)

## ❒ ရုပ်ကို မဖြစ်စေနိုင်သောစိတ်

အရူပဝိပါက်စိတ် ၄-ပါး၊ ဒွေပဥ္စဝိညာဏ် ၁၀၊

http://www.dhammadownload.com


## ❑ ရဟန္တာတို့၏ စုတိစိတ် ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

ဝဋ်မြစ်ပြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်၍ အလွန်ငြိမ်သက်သော ဖြစ်ခြင်းရှိသောကြောင့် ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

(၁၃၆၃–ခု အလတ်တန်း)

## ❑ ပဋိသန္ဓေစိတ်များ ရုပ်ကိုမဖြစ်စေနိုင်ပါဘဲလျက် အရူပ ဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ–ဟုသာ ဆိုရခြင်းအကြောင်း

ပဋိသန္ဓေ, စုတိစိတ်များလည်း ဘဝင်စိတ်၌ အတွင်း ဝင်သောကြောင့် ၎င်းတို့ကို သီးခြားမကြဉ်ဘဲ အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံဟုသာ ဆိုရသည်။

(၁၃၃၃–ခု အလတ်တန်း)

## ❑ ပဋိသန္ဓေစိတ်တို့ကို ရုပ်ကို မဖြစ်နိုင်ခြင်းအကြောင်း

ပဋိသန္ဓေသည် ပစ္ဆာ ဇာတပစ္စည်းကင်းသောကြောင့် လည်းကောင်း၊ အာဟာရ, အတ္တိ, အဝိဂတပစ္စည်းတို့၏ အထောက်အပံ့မရသောကြောင့်လည်းကောင်း၊ အားနည်း သော ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်ရသောကြောင့် လည်းကောင်း၊ ပဋိသန္ဓေဟူသော မိမိသည်ပင်လျှင် ဘဝသို့ရောက်သစ် စ အာဂန္တုကဖြစ်သောကြောင့် လည်းကောင်း၊ ကမ္မဇရုပ် တို့သည် စိတ္တဇရုပ်၏ နေရာကို ယူ၍ တည်ရသောကြောင့်

http://www.dhammadownload.com


လည်းကောင်း ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ပါ။
(၁၃၆၃-ခု အကြီးတန်း)

## ❐ စိတ္တသမုဋ္ဌာနရုပ်-၌ စိတ္တ-အရ

အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ရဟန္တာတို့၏ စုတိကြဉ်သော ၇၅-ပါးသောစိတ်။
(၁၃၆၂-ခု အကြီးတန်း)

သာဓက - အရူပဝိပါက ဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တတိဝိဓမ္ပိ စိတ္တံ စိတ္တသမုဋ္ဌာနရူပံ။

## ❐ ဒွေးပဉ္စဝိညာဏ် ၁၀-တို့ ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း

ရုပ်ကိုဖြစ်စေခြင်း၌ ထူးသောအကြောင်းဖြစ်ကုန်သော ဈာနင်တို့နှင့် မယှဉ်သောကြောင့် ဒွေးပဉ္စဝိညာဏ် ၁၀-သည် ရုပ်ကိုမဖြစ်နိုင်ပါ။
(၁၃၆၃-ခု အလတ်တန်း၊ ၆၂-ခု, ၆၃-ခု အကြီးတန်း)

## ❐ ခဏ ၃-ပါးလုံး၌ ဖြစ်သောရုပ်

ကမ္မဇရုပ်

သာဓကေ- ကာယန္တ္တမေဝ သမုဋ္ဌာပေတိ၊

## ❐ ဥပါဒ်ခဏ၌ ဖြစ်သောရုပ်

စိတ္တဇရုပ်

http://www.dhammadownload.com


## ❒ ငွိစကာဉ် ဖြစ်သောရုပ်

ဥတုဇရုပ်, အာဟာရဇရုပ်

(၁၃၂၉-ခု, ၆၂-ခု အကြီးတန်း)

## ❒ ဇာဂရဏစိတ်

အပ္ပနာဇော ဆဗ္ဗီသ၊ ဝုဋ္ဌော၊ ကာမဇော ၂၉-ခု၊ အဘိညာဉ်ဒွေ အားဖြင့် ၅၈-ပါးဖြစ်ပါသည်။

(၁၃၆၂-ခု အကြီးတန်း)

## ❒ စကားသံဖြစ်စေသောစိတ်

ဝုဋ္ဌော၊ ကာမဇော ၂၉-ခု၊ အဘိညာဉ်ဒွေး၊ ပေါင်း ၃၀။

(၁၃၅၅-ခု အကြီးတန်း)

## ❒ ရယ်ရွှင်သောစိတ်များနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များ

ပုထုဇဉ် - လောဘမူသောမနဿ ၄-ပါး၊ မဟာကုသိုလ် သောမနဿ ၄-ပါး၊

သေက္ခ - လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿ ၂-ပါး၊ မဟာကုသိုလ်သောမနဿ ၄-ပါး၊

အသေက္ခ - သောမနဿဟသိတုပ္ပါဒ်၊ မဟာကြိယာ သောမနဿ ၄-ပါး၊ (၁၃၂၃-ခု အလတ်တန်း)

**(ဆောင်)** ရှစ် ပုထုဇန်, ခြောက် သေက္ခန်, ငါးတန် ရဟန္တာ၊ ဟာသအကြောင်း, ထူးပြားရှောင်း, စိတ်ပေါင်း တေရသာ။

http://www.dhammadownload.com


## ❒ ရှင်မောဂ္ဂလာန်၏ ပြုံးရယ်မှုကိုဖြစ်စေသောစိတ်များ

ရှင်မောဂ္ဂလာန်သည် ရဟန္တာဖြစ်သောကြောင့် ဟသိတုပ္ပါဒ်နှင့် မဟာကြိယာသောမနဿ ၄-ခု၊ ပေါင်း ၅-ခု။ (၁၃၆၁-ခု အကြီးတန်း)

## ❒ အရိယာတို့ ပြုံးရယ်သောစိတ်များကို ပုဂ္ဂိုလ်အလိုက်ခွဲပုံ

သေက္ခ= လောဘမူသော မနဿ ဒိဋ္ဌိဂတဝိပ္ပယုတ် ၂-ခု၊ မဟာကုသိုလ် သောမနဿ ၄-ခု၊

ရဟန္တာ။ ။ ဟသိတုပ္ပါဒ်၊ မဟာကြိယာ သောမနဿ ၄-ပါး၊ ပေါင်း ၅-ခု။ (၁၃၆၄-ခု အလတ်တန်း)

## ❒ ဋ္ဌီခဏာ၌ ဖြစ်သောရုပ်

ဥတုဇရုပ်၊ အာဟာရဇရုပ်

## ❒ တိဇရုပ်

လဟုတာ, မုဒုတာ, ကမ္မညတာ

(၁၃၆၂-ခု အကြီးတန်း)

## ❒ ဥတု-အရ

သီတဥတု, ဥဏှဥတု ဟုဆိုအပ်သော တေဇောဓာတ်

အထောင်း - သီတုဏှောတုသမညာတာ တေဇောဓာတု။

(၁၃၃၃-ခု အငယ်တန်း၊ ၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ တေဇောဟူသည်

သီတဥတု, ဥဏှဥတုသည် တေဇောမည်သည်။

(၁၃၆၁-ခု အငယ်တန်း)

## ❑ ဥတုက ရုပ်ကို ဖြစ်စေပုံ

သီတဥတု၊ ဥဏှဥတုဟု ဆိုအပ်သော တေဇောဓာတ်သည် ဋ္ဌီသို့ ရောက်သည်ဖြစ်၍သာလျှင် ဥတုဇရုပ်ကို အဇ္ဈတ္တသန္တာန်၌ လည်းကောင်း၊ ဗဟိဒ္ဓသန္တာန်၌ လည်းကောင်း ထိုက်သင့်သလို ဖြစ်စေသည်။

သာဓကေ။ ။ သီတုဏှောတု သမညာတာ တေဇောဓာတု ဋ္ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။ (၁၃၆၄-ခု အလတ်တန်း)

## ❑ ရုပ်၏ အကြောင်းရုပ်

သီတဥတု, ဥဏှဥတုဟု ဆိုအပ်သော တေဇောဓာတ် (ဥတုဇရုပ်၏အကြောင်း)၊

ဩဇာဟုဆိုအပ်သော အာဟာရ ရုပ် (အာဟာရဇ ရုပ်၏အကြောင်း)

အထောက်။ ။ သီတုဏှောတု သမညာတာ တေဇောဓာတု ဋ္ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။

http://www.dhammadownload.com

ဩဇာသင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာန
ရူပံ အဇ္ဈော ဟရဏကာလေ ဌာနပ္ပတ္တော၀ သမုဋ္ဌာပေတိ။
(၁၃၂၈–ခု အလတ်တန်း)

## ❒ ရုပ်၏ အကျိုးရုပ်

သဒ္ဒ,လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂရုပ် ၈–ခု၊ အာကာသဓာတ်ဟူသော ဥတုဇရုပ် တေရသ၊ လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂရုပ် ၈–ခု, အာကာသဓာတ် ဟူသော အာဟာရဇရုပ် ဒွါဒသ။ (၁၃၂၈–ခု အလတ်တန်း)

## ❒ အာဟာရ–အရ

ဩဇာသင်္ခါတော အာဟာရောနှင့်အညီ အာဟာရ အရ ဩဇာကို ယူရမည်။ (၁၃၆၄–ခု အကြီးတန်း)

## ❒ အာဟာရဇရုပ်ကို ဖြစ်စေပုံ

ဩဇာဟုဆိုအပ်သော အာဟာရသည် အာဟာရဇ ရုပ်ကို မျိုသုံးစားသောက်ရာကာလ၌ ဌီသို့ ရောက်သည် ဖြစ်၍သာလျှင် ဖြစ်စေသည်။ (၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ အစာအာဟာရက ရုပ်ကိုဖြစ်စေပုံ

ဩဇာဟုဆိုအပ်သော အစာအဟာရသည် အာဟာရ ကြောင့် ဖြစ်သောရုပ်ကို မျိုးသောကာလ၌ ဌီသို့ရောက်သည် ဖြစ်၍သာလျှင် အဇ္ဈတ္တိကသန္တာန်၌ ဖြစ်စေပါသည်။

(၁၃၆၀–ခု အခြေပြုတန်း)

## ❑ အစားကောင်းလျှင် ရုပ်ကြည်လင်

ဩဇာသင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာန ရူပံ၊ အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ–ကိုထောက်၍ အာဟာရသည် ရုပ်ကိုဖြစ်စေတတ်သောကြောင့် အစားကောင်းလျှင် ရုပ်ကြည်လင်ဟူသော စကား မှန်ပါသည်။ (၁၃၆၁–ခု အငယ်တန်း)

## ❑ အကြောင်းတစ်ပါးကြောင့် ဖြစ်သောရုပ်

ဟဒယရုပ်, ဣန္ဒြိယရုပ်, ဝိညတ်ရုပ်အားဖြင့် ၁၁– ပါး။ (၁၃၆၁–ခု အကြီးတန်း)

## ❑ အကြောင်း၂–ပါးကြောင့် ဖြစ်သောရုပ်

သဒ္ဒရုပ် ၁–ပါး။ (၁၃၆၁–ခု အကြီးတန်း)

## ❑ အကြောင်း ၃–ပါးကြောင့် ဖြစ်သောရုပ်

လဟုတာဒိ ၃–ပါး။

http://www.dhammadownload.com


## ❑ အကြောင်း ၄–ပါးကြောင့် ဖြစ်သောရုပ်

အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ အာကာသအားဖြင့် ၉–ပါး။ (၁၃၆၁–ခု အကြီးတန်း)

## ❑ ကေဇရုပ်စသည်

ကေဇရုပ် – ဟဒယရုပ်, ဣန္ဒြိယရုပ် ၈–ပါး၊ ဝိညတ် ရုပ် ၂–ပါး၊ ပေါင်း ၁၁–ပါး။

**ဒွိဇရုပ်** – သဒ္ဒရုပ် ၁–ပါး။

**တိဇရုပ်** – လဟုတာဒိ ၃–ပါး။

**စတုဇရုပ်** – အဝိနိဗ္ဘောဂရုပ် ၈–ပါး၊ အာကာသဓာတ် ပေါင်း ၉–ပါး။ (၁၃၃၆၊ ၆၃–ခု အငယ်တန်း)

## ❑ ကမ္မဇရုပ် ကေန်

| | |
|---|---|
| ဟဒယရုပ် | ၁–ခု |
| ဣန္ဒြိယရုပ် | ၈–ခု |
| ပေါင်း | ၉–ခု |

## ❑ စိတ်သက်သက်ကြောင့်သာဖြစ်သော ရုပ်များ

ဝိညတ်ဒွေ။

သာဓက– ဝိညတ္တိဒွယံ စိတ္တဇမေဝ။

(၁၃၆၄–ခု အငယ်တန်း)

http://www.dhammadownload.com


## ❐ ဝိညတ္တိဒွယံ စိတ္တဇမေဝ-၌ စိတ္တ-အရ

ဝုတ္တော၊ ကာမဓော ၂၉-ခု၊ အဘိညာဉ်ဒွေး။
(၁၃၃၄-ခု, ၆၂-ခု, ၆၃-ခု, ၅၂-ခု အကြိုးတန်း)

သာဓကေ - ဝေါဋ္ဌဗ္ဗန ကာမာဝစရ ဇဝနာဘိညာ ပန ဝိညတ္တိံပိ သမုဋ္ဌာပေန္တိ။

## ❐ မိုးချုန်းသံ, စကားပြောသံတို့ဖြစ်ခြင်း အကြောင်းရင်း

မိုးချုန်းသံသည် ဥတုကြောင့် ဖြစ်ပေါ်လာရသည်။ စကားပြောသံသည် စိတ်ကြောင့်ဖြစ်ပေါ်လာရသည်။ သာဓက။ ။ (သဒ္ဒေါ စိတ္တောတုဇော)
(၁၃၆၁-ခု အကြိုးတန်း)

## ❐ အသံကောင်း, မကောင်း

ပစ္စုပ္ပန်အကြောင်းကိုင်၍ အသံသည် စိတ်ကြောင့် ဖြစ်ရသော်လည်း အသံကောင်း, မကောင်းမှာ အသံဖြစ်ရာ ကမ္မဇပထဝီဓာတ်နှင့် မကင်းနိုင်သောကြောင့် အတိတ်ကံပေါ်မှာ မူတည်၍ အသံကောင်း, မကောင်း ဖြစ်ရသည်။
(၁၃၆၁-ခု အကြိုးတန်း)

## ❐ လဟုတာဒိတ္တယ ကမ္မဇရုပ်မဖြစ်ခြင်းအကြောင်း

လဟုတာဒိတ္တယသည် ပစ္စုပ္ပန်အကြောင်းကိုင်ခြင်း ရှိသည်၏ အဖြစ်ကြောင့် ကမ္မဇရုပ် မဖြစ်။
(၁၃၂၉-ခု၊ ၆၁-ခု အကြိုးတန်း)

http://www.dhammadownload.com



### ❒ အကြောင်း ၄-ပါးကြောင့်ဖြစ်သော ရုပ် ၉-ပါး

အဝိနိဗ္ဘောဂရုပ် ၈-ခု၊ အာကာသဓာတ် ၁-ခု၊ ပေါင်း ၉-ခု။

(၁၃၅၀-ခု အခြေပြုတန်း၊ ဖ၂-ခု အကြိုးတန်း:)

### ❒ နကုတောစိ သမုဋ္ဌာန်မည်သောရုပ်များ

လက္ခဏာရုပ် ၄-ပါးသည် သက်သက် ဖြစ်ဆဲအစရှိသော ရုပ်ကလာပ်တို့၏ သဘောတံထွာမမွတာ ဖြစ်သောကြောင့် "နကုတောစိသမုဋ္ဌာန်"မည်ပါသည်။

(၁၃၃၂-ခု, ၆၁-ခု အငယ်တန်း:)

### ❒ ကံ စသော အကြောင်းတရားကြောင့် မဖြစ်သောရုပ်

ဖြစ်ဆဲ အစရှိသောရုပ်တို့၏ သဘော တံထွာ ဓမ္မတာဖြစ်သောကြောင့် လက္ခဏာရုပ်လေးခုတို့သည် အကြောင်းတရားလေးပါးတို့ကြောင့် မဖြစ်ပါ။

(၁၃၆၄-ခု အငယ်တန်း:)

http://www.dhammadownload.com

# ရူပကလာပ

## ❒ ရူပကလာပအင်္ဂါများ

၁။ ကေပ္ပါဒ၊ ၂။ ကေနိရောဓ၊ ၃။ ကေနိသာယ၊ (မှတ်ချက်) သဟာဝုတ္တိနောကိုလည်း အင်္ဂါဟု ဆိုကြသေး၏။ (၁၃၅၀-ခု အငယ်တန်း၊ ၂၅-ခု အလတ်တန်း)

## ❒ အကြောင်းတရား ၄-ပါးကြောင့်ဖြစ်သော ရုပ်များ တစ်ပါးစီ မဖြစ်ကြ

ရုပ်တို့သည် တစ်ခုစီ မဖြစ်ကြပါ။ စိတ်, ဥတု, အာဟာရကြောင့်ဖြစ်သော ရုပ်တို့သည် အနည်းဆုံး အဝိနိဗ္ဘောဂရုပ် ၈-ခု တွဲ၍ ဖြစ်သည်။ ကမ္မဇရုပ်များကား ဇီဝိတနှင့်တကွ အနည်းဆုံးရုပ် ၉-ခု စုပေါင်းဖြစ်လေ့ ရှိကြသည်။

သာကေ- ကေပ္ပါဒါ ကေနိရောဓာ ကေနိဿယာ။ စတု သမုဋ္ဌာန ရူပကလာပသင်္ခတိ ကာမလောကေ ဒီပဇာ လာဝိယ နဒီသောတော ဝိယ စ ယာဝတာယုက မဗ္ဗော စ္ဆိန္နာ ပဝတ္တတိ။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ စေတသိက်လက္ခဏာ ၄–ပါးရှိသော်လည်း ရုပ်လက္ခဏာ ၃–ပါးသာ

သဗ္ဗည ပနေတံ ရူပံ (ပ) အနာရမ္မဏံကိုထောက်၍ ရုပ်သည် အနာရမ္မဏတရားဖြစ်၍ ကာလမ္မဏံ လက္ခဏာ မရနိုင်သောကြောင့် ရုပ်၌ ကိုယ်ပိုင်လက္ခဏာ သုံးပါးသာ ရှိရပါသည်။ (၁၃၅၁–ခု အကြီးတန်း)

## ❐ သဟဝုတ္တိနော အနက်ပေး

သဟဝုတ္တိနော – တကွပြဖြစ်ခြင်းရှိကုန်သော (ဝါ)အသီးသီး ကလာပ်၌တည်သော ရုပ်၏အစွမ်းဖြင့် တကွဖြစ်ကုန်သော။ (၁၃၃၆–ခု အငယ်တန်း)

## ❐ စိတ္တဇကလာပ် ၆–စည်း

၁။ သုဒ္ဓဋ္ဌက

၂။ ကာယဝိညတ္တိနဝက

၃။ ဝစီဝိညတ္တိသဒ္ဒဒသက

၄။ လဟုတာဒေ ကာဒသက

၅။ ကာယဝိညတ္တိလဟုတာ ဒေကာဒသက၊

၆။ ဝစီဝိညတ္တိသဒ္ဒ လဟုတာ ဒေကာဒသက

ကလာပ်တို့ ဖြစ်ပါသည်။

(၁၃၆၃–ခု အငယ်တန်း)

http://www.dhammadownload.com



## ❑ အသံနှင့်တကွ ဖွဲ့စည်းထားသော ရုပ်ကလာပ်များ

ဝိညတ္တိသဒ္ဒဒသကကလာပ်၊ ဝစီဝိညတ္တိ သဒ္ဒ လဟုတာဒိတေရသကကလာပ်ဟူသော စိတ္တဇ ကလာပ် ၂–စည်း၊ သဒ္ဒနဝကကလာပ်၊ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်ဟူသော ဥတုဇကလာပ် ၂ စည်း။

(၁၃၆၂–ခု အကြီးတန်း)

## ❑ အမည်တူ ရုပ်အဖွဲ့အစည်း

(၁) သုဒ္ဓဋ္ဌက (စိတ္တဇ, ဥတုဇ, အာဟာရဇ) လဟုတာဒေကာဒသက (စိတ္တဇ, ဥတုဇ, အာဟာရဇ)

## ❑ အမည်မတူ ရုပ်အဖွဲ့အစည်း

(၁) ကာယဝိညတ္တိနဝက (စိတ္တဇ)၊ (၂) ဝစီဝိညတ္တိ ဒသက (စိတ္တဇ)၊ (၃) ကာယဝိညတ္တိလဟုတာဒိဒွါဒသက (စိတ္တဇ)၊ (၄) ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက(စိတ္တဇ)၊ (၅) သဒ္ဒနဝက (ဥတုဇ)၊ (၆) သဒ္ဒလဟုတာဒိဒွါဒသက (ဥတုဇ)

(၁၃၅၆–ခု အကြီးတန်း)

## ❑ သဒ္ဒပါဝင်သော ရုပ်ကလာပ်

ဝစီဝိညတ္တိဒသကကလာပ်၊ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ်၊ သဒ္ဒနဝကကလာပ်၊ သဒ္ဒ လဟုတာဒိဒွါဒသက ကလာပ်။ (၁၃၆၃–ခု အငယ်တန်း)

http://www.dhammadownload.com



### ❐ စိတ္တကလာပ် ၆–စည်း၌ ပါဝင်သော ရုပ်တို့ကို သမုဋ္ဌာန်အားဖြင့် ခွဲပုံ

အဝိနိဗ္ဘောဂရုပ် ၈ ခုသည် စတုဇရုပ်၊ ဝိညတ်ဒွေသည် စိတ္တဇရုပ်၊ သဒ္ဒရုပ်သည် စိတ္တဇ, ဥတုဇရုပ်၊ လဟုတာ ဒိတ္တယသည် စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်။

(၁၃၃၁–ခု အကြိုးတန်း)

### ❐ အိပ်ပျော်နေသော သူ၏ ဟောက်သံတွင် ပါဝင်သောရုပ်နှင့် ကလာပ်အမည်

ဟောက်သံတွင် အဝိနိဗ္ဘောဂရုပ် ၈–ခုနှင့် သဒ္ဒဟူသော ရုပ် ၉–ခုပါဝင်၍ သဒ္ဒနဝကစိတ္တဇကလာပ်မည်သည်။

(၁၃၅၀–ခု အကြိုးတန်း)

### ❐ သစ်ခက်လှုပ်ရာ၌ ပါဝင်သောရုပ်များ

အဝိနိဗ္ဘောဂရုပ် ၈–ခုနှင့် သဒ္ဒ။

### ❐ လူသေကောင်၌ ပါဝင်သောရုပ်များ

အဝိနိဗ္ဘောဂရုပ် ၈–ခု (၁၃၄၁–ခု အလတ်တန်း)

http://www.dhammadownload.com



### ❑ သစ်ကိုင်းနှစ်ခုညှပ်၍ ဖြစ်ပေါ်လာသောအသံ၌ ပါဝင်သော ရုပ်များ

ဥတုဇဖြစ်သော အဋ္ဌကလာပ်ရုပ် ၈–ပါး၊ သဒ္ဒရုပ် ၁–ပါး၊ ပေါင်း ၉–ပါး ပါဝင်ပါသည်။

(၁၃၆၁–ခု, ၆၄–ခု အကြီးတန်း)

### ❑ နှင်းဆီပင်၌ အသက် မရှိ

တတ္ထ သုဒ္ဓဋ္ဌကံ, သဒ္ဒနဝကဉ္စေတိ ဒွေ ဥတုသမုဋ္ဌာန ကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ–ကိုထောက်ပါ။

(၁၃၆၁–ခု အငယ်တန်း)

### ❑ လေတိုက်နေသောသစ်ပင်၌ ဖြစ်နိုင်သောရုပ်များ

အဝိနိဗ္ဘောဂရုပ် ၈–ခု၊ သဒ္ဒရုပ်ဟူသော ဥတုဇ သဒ္ဒနဝက ကလာပ်ရုပ် ၉–ပါး။ (၁၃၃၄–ခု အကြီးတန်း)

### ❑ လေယူရာယိမ်းနွဲ့နေသော သစ်ပင်ကြီး၌ ဖြစ်နိုင်သော ရုပ်ကလာပ်

သုဒ္ဓဋ္ဌကနှင့် သဒ္ဒနဝဟူသော ဥတုဇကလာပ် ၂–စည်း။ (၁၃၃၆–ခု အလတ်တန်း)

http://www.dhammadownload.com



## ❏ ဥညြတွန်သံနှင့် မိုးထစ်ချုန်းသံခြားနားချက်

သဒ္ဒေါ စိတ္တောတုဇော ကိုယောက်၍ ဥညြတွန်သံသည် စိတ္တဇအသံ၊ မိုးထစ်ချုန်းသံသည် ဥတုဇအသံဖြစ်၍ ခြားနားပါသည်။ (၁၃၆၁–ခု အကြိုးတန်း)

## ❏ အနုမြူ၌ ပါဝင်သောရုပ်များ

ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ပထဝီ, အာပေါ, တေဇော, ဝါယော။ (၁၃၅၀–ခု အကြိုးတန်း)

## ❏ အနုမြူထက်သေးငယ်သော ပရမာအနုမြူလေး၌ ပါဝင်သော ရုပ်များ

ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ပထဝီ, အာပေါ, တေဇော, ဝါယောအားဖြင့် အဝိနိဗ္ဘောဂရုပ် ၈–ပါး။

(၁၃၆၄–ခု အကြိုးတန်း)

## ❏ အသေးဆုံး ရုပ်မှုန်တစ်ခု၌ ပါဝင်သော ရုပ်စု

ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ပေါင်း ၈–ခု။

(၁၃၆၃–ခု အလတ်တန်း)

http://www.dhammadownload.com


## ❑ လေတိုက်ခတ်နေသော ဝါးရုံတစ်ရုံ၌ ဖြစ်ပေါ်နေသော ရုပ်ကလာပ်စည်းများ

သုဒ္ဓဋ္ဌက, သဒ္ဒနဝက ဟူသော ဥတုဇကလာပ် ၂-စည်း။ (၁၃၆၄-ခု အလတ်တန်း)

## ❑ လူတို့စေခိုင်းသမျှ လုပ်ပေးနေသော ကွန်ပျူတာပစ္စည်း၌ အသက်ရှိ + မရှိ

အသက်ဟူသည် ရုပ်, နာမ် ဇီဝိတတည်း၊ ကွန်ပျူတာ၌ သုဒ္ဓဋ္ဌက ကလာပ်, သဒ္ဒနဝက ကလာပ် ဟူသော ဥတုဇကလာပ် ၂-စည်းသာ ရှိသည်။ အသက် ဇီဝိတ ဟူသော ကမ္မဇကလာပ် မရှိ။ ထို့ကြောင့် ကွန်ပျူတာပစ္စည်း၌ အသက်မရှိပါ။

သာဓကေ။ ။ တတ္ထ သုဒ္ဓဋ္ဌကံ, သဒ္ဒနဝကဉ္စေတိ ဒွေ ဥတု သမုဋ္ဌာန ကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ၊ အဝသေသာ ပန သဗ္ဗေပိ အဇ္ဈတ္တိက မေဝါတိ။

(၁၃၆၄-ခု အလတ်တန်း)

## ❑ စာဖြေနေသူ ငါ့ရှင်၏ ခန္ဓာကိုယ်ပြင်ပ၌ ရနိုင်သော ရုပ်ကလာပ်များ

သုဒ္ဓဋ္ဌက ကလာပ်, သဒ္ဒနဝက ကလာပ် ဟူသော ဥတုဇကလာပ် ၂-ပါး။ (၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com


## ❐ ဘောပင်၌ ရနိုင်သောရုပ်များ

ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ၊ ဩဇာဟူသော ဥတုဇ အဋ္ဌကလာပ်ရုပ် ၈–ခု။ သာစေ– သုဒ္ဓဋ္ဌကံ သဒ္ဒနဝကဥ္စေတိ ဒွေ ဥတုသမုဋ္ဌာန ကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။ (၁၃၆၁–ခု, ၆၄–ခု အငယ်တန်း)

## ❐ ထွက်သက်ဝင်သက်လေ၌ ပါဝင်သောရုပ်များ

အဝိနိဗ္ဘောဂရုပ် ၈– ခု၊ သဒ္ဒရုပ်အားဖြင့် ရုပ် ၉– ပါး ပါဝင်ပါသည်။ (၁၃၃၁–ခု အကြီးတန်း)

## ❐ ရုပ်ကလာပ်များကို သန္တာန်အားဖြင့် ခွဲခြားပုံ

အဇ္ဈတ္တသန္တာန်၌ ကလာပ် ၂၁–စည်းလုံးရသည်။ ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌက, သဒ္ဒနဝကဟူသော ဥတုဇ ကလာပ် ၂–စည်းသာရသည်။ (၁၃၃၇–ခု အလတ်တန်း)

## ❐ ကလာပ်အင်္ဂါတွင် မပါဝင်သောရုပ်များ

အာကာသဓာတ်သည် ကလာပ်တို့ကို ပိုင်းခြားကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ လက္ခဏာရုပ် ၄–ခုတို့သည် ကလာပ်တို့ကို မှတ်ကြောင်းမျှဖြစ်သော ကြောင့် လည်းကောင်း ကလာပ်၏အင်္ဂါဟု မဆိုထိုက်ပါ။
(၁၃၄၅–ခု, ၅၁–ခု အဖြေပြုတန်း၊ ၆၁–ခု, ၆၃–ခု အငယ်တန်း၊ ၂၅–ခု အလတ်တန်း၊ ၆၃–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ၃၁၀ ဆ စတုရော ဒွေတိ၌ စတုရော-အရ

သုဒ္ဓဋ္ဌက ကလာပ်၊ သဒ္ဒနဝက ကလာပ်၊ လဟုတာ ဒေကာဒသကကလာပ်၊ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်

(၁၃၆၁-ခု အလတ်တန်း)

## ❑ ကလာပ်မဖွဲ့စည်းကောင်းသော ကမ္မဇရုပ်

အာကာသဓာတ်သည် ကလာပ်တို့ကို ပိုင်းခြားကြောင်း ဖြစ်သောကြောင့် ရုပ်ကလာပ်မဖွဲ့စည်းကောင်းပါ။

(၁၃၆၁-ခု အငယ်တန်း)

## ❑ ကလာပ်ဖွဲ့ရာတွင် မပါဝင်သောရုပ်များ

ကလာပ်တို့ကို ပိုင်းခြားကြောင်း မှတ်ကြောင်း ဖြစ်သောကြောင့် အာကာသဓာတ်နှင့် လက္ခဏာရုပ်တို့ သည် ကလာပ်၏ အစိတ်အပိုင်းတွင် မပါဝင်ပါ။

(၁၃၆၄-ခု အငယ်တန်း၊ ၆၃-ခု အလတ်တန်း)

## ❑ ကလာပါနံ ပရိစ္ဆေဒလက္ခဏတ္တာ-စသော ဂါထာ၏ အဓိပ္ပာယ်

http://www.dhammadownload.com


လက္ခဏာရုပ်တို့သည် ရုပ်ကလာပ်တို့၏ ဖြစ်ခြင်း, တည်ခြင်း, ပျက်ခြင်းဟူသော အမှတ်အသားမျှသာ ဖြစ်သောကြောင့် ကလာပ်၏ အင်္ဂါမဖြစ်ပါ။

(၁၃၃၄-ခု အငယ်တန်း)

## ရူပပဝတ္တိက္ကမ

### ❑ စာဖြေပုဂ္ဂိုလ်၏သန္တာန်၌ ရုပ်အားလုံး မဖြစ်နိုင်

သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ အနူနာနိ ပဝတ္တိယံ ဥပလဗ္ဘန္တိ-ကိုထောက်ပါ။

(၁၃၆၁-ခု အငယ်တန်း)

### ❑ ကာမလောကေ ယထာရဟံ-၌ ယထာရဟဖြစ်ပုံ

အမဖြစ်လျှင် ပုရိသဘာဝရုပ် မရ၊ အထီးဖြစ်လျှင် ဣတ္ထိဘာဝရုပ် မရ၊ စက္ခု, သောတ စသည်ချို့တဲ့သူတို့၌ စက္ခု, သောတ စသောအချို့ရုပ်များ မရ။ ဤသို့ ထိုက်သင့်သလို ရသည်ကို ရည်ရွယ်၍ "ယထာရဟံ"ဟု ဆိုသည်။

(၁၃၃၇-ခု, ၆၄-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ အနုနာနိအဓိပ္ပာယ်

ထိုသို့ ပုဂ္ဂိုလ်အလိုက် အချို့ရုပ်များ မရထိုက်သော်လည်း ကာမဘုံအတွက်ကား ရုပ် ၂၈-ပါးလုံးပင် ရနိုင်သောကြောင့် "အနုနာနိ"မယုတ်လျော့ဟု ဆိုသည်။

(၁၃၃၇-ခု အကြီးတန်း)

## ❒ သံသေဒဇ, ဩပပါတိက သတ္တဝါတို့၏ ပဋိသန္ဓေအခါ ရကောင်းသော ရုပ်ကလာပ်များ

စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ်အားဖြင့် ကမ္မဇကလာပ် ၇-ပါး။

(၁၃၆၁-ခု အကြီးတန်း)

## ❒ စာတုမဟာရာဇ်နတ်တို့ ပဋိသန္ဓေအခါ ရနိုင်သောရုပ်များ

အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဇီဝိတရုပ် ၁-ခု၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဘာဝရုပ် ၂-ခု၊ ဟဒယဝတ္ထုအားဖြင့် ၁၇-ခု။

(၁၃၆၃-ခု အကြီးတန်း)

## ❒ ကမ္ဘာဦးအစ လူသားတို့သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ကလာပ်

ဥက္ကဋ္ဌအားဖြင့် စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဘာဝဝတ္ထု၊ ဩမကအားဖြင့် ကာယ, ဘာဝ, ဝတ္ထု။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


### ❏ သတကောတုနတ်သား၏ ပဋိသန္ဓေအခါ ရနိုင်သော ကလာပ်

စက္ခုဒသက ကလာပ်၊ သောတဒသက ကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ ကာယဒသက ကလာပ်၊ ပုမ္ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ် အားဖြင့် ၇–ပါး ရပါသည်။ (၁၃၆၀–ခု အခြေပြုတန်း)

### ❏ သံသေဒဇပုဂ္ဂိုလ်တို့အား ချို့တဲ့ကောင်းသောဒသက

စက္ခု, သောတ, ဃာန, ဘာဝဒသက ကလာပ် အားဖြင့် ၄–ပါး။

**(ဆောင်)** စက္ခုသောတ, ဃာနဘာဝါ, ချို့ကောင်းရာကား, နှစ်ဖြာဂဗ္ဘ, သံသေဒမှတ်၊ ဥပပါတ်မှာ, ပါယ်၌သာလျှင်, စက္ခုသောတ, ဘာဝချို့ဘိ၊ သုဂတိကား, ကပ်ဦးသား, ချို့ခြားဘောတစ်ခု။

### ❏ ပိုးလောက်လန်းသတ္တဝါတစ်ကောင်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်များ

ကာယ, ဘာဝ, ဝတ္ထု, စက္ခု, သောတ, ဃာန, ဇိဝှာဒသက အားဖြင့် ၇–စည်း။ (၁၃၆၄–ခု အလတ်တန်း)

### ❏ ကာမဘုံသား သံသေဒဇ, ဥပပတ် သတ္တဝါများ၌ ပဋိသန္ဓေအခါ ကလာပ်စည်း (၇) ပါးအထိ ရခြင်းအကြောင်း

ပြည့်စုံသော အာယတန၏အဖြစ်ဖြင့် ရနိုင်သော

http://www.dhammadownload.com



ကြောင့် (ဝါ) သံသေဒဇ, ဥပပတ် သတ္တဝါတို့အား ပဋိသန္ဓေအခါ၌ စက္ခာယတန စသည်တို့ အပြည့်အစုံ ရနိုင်ခြင်းကြောင့် ကလာပ် ၇–စည်းအထိ ရကြပါသည်။

(၁၃၆၄–ခု အကြီးတန်း)

## ❐ ပဋိသန္ဓေရုပ်ကလာပ်နှင့် ရုပ်များ

ကာမဘုံသား ဂဗ္ဘသေယျကပုဂ္ဂိုလ်အား ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ် ၃–စည်း။

ရုပ်ပေါင်းမှာ– အဝိနိဗ္ဘောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊
ကာယပသာဒ ၁၊ ဘာဝရုပ် ၂၊
ဟဒယဝတ္ထုအားဖြင့် ၁၃–ခု။

ကာမဘုံသား သံသေဒဇ, ဥပပါတ်ပုဂ္ဂိုလ်အား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ ဝတ္ထုဒသက ကလာပ်အားဖြင့် ကလာပ် ၇–စည်း။

ရုပ်ပေါင်းမှာ– အဝိနိဗ္ဘောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊
ပသာဒရုပ် ၅၊ ဘာဝရုပ် ၂၊ ဟဒယဝတ္ထု
အားဖြင့် ၁၇–ခု။

ရူပဘုံ၌ စက္ခု, သောတ, ဝတ္ထုဒသက, ဇီဝိတနဝက ကလာပ် ၄–စည်း၊

http://www.dhammadownload.com


ရုပ်ပေါင်းမှာ– အဝိနိဗ္ဘောဂရုပ် ၈၊ ဇီဝိတရုပ် ၁၊
စက္ခု၊ သောတ၊ ဟဒယဝတ္ထုအားဖြင့်
၁၂–ခု။

အသညသတ်ဘုံ၌ ဇီဝိတနဝကကလာပ် ၁–စည်း။

ရုပ်ပေါင်းမှာ– အဝိနိဗ္ဘောဂရုပ် ၈၊ ဇီဝိတအားဖြင့် ၉–
ခု။ (၁၃၆၃–ခု အလတ်တန်း)

## ❐ မိကျောင်းမှာ လျှာမရှိဟူသော စကား မမှန်

မိကျောင်းသည် ဂဗ္ဘသေယျက သတ္တဝါမျိုး ဖြစ်သည်။ ဂဗ္ဘသေယျက သတ္တဝါတို့အား ဇိဝှါမချို့ ကောင်းသောကြောင့် မိကျောင်းလျှာမရှိ ဟူသော စကား မမှန်ပါ။ (၁၃၆၄–ခု အငယ်တန်း)

## ❐ ဂဗ္ဘသေယျကပုဂ္ဂိုလ်အား ချို့တဲ့ကောင်းသောဒသက

ဘာဝဒသက ကလာပ်။ (၁၃၂၃–ခု အလတ်တန်း)

## ❐ ပဋိသန္ဓေအခါ၌ ရနိုင်သော ကလာ: ပ်စည်းများ

သံသေဒဇ, ဩပပါတိကပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ဃာန ဇိဝှာ, ကာယ, ဘာဝ, ဝတ္ထု ဒသက အားဖြင့် ၇–စည်း။

http://www.dhammadownload.com



ဂဗ္ဘသေယျက သတ္တဝါတို့အား ကာယ, ဘာဝ, ဝတ္ထု ဒသကအားဖြင့် ၃–စည်း။

အသညသတ်ကြဉ် ရူပဗြဟ္မာတို့အား စက္ခု, သောတ, ဝတ္ထု, ဇီဝိတနဝကအားဖြင့် ၄–စည်း။

အသညသတ်ဗြဟ္မာတို့အား ဇီဝိတနဝကကလာပ် ၁–စည်း။ (၁၃၃၀–ခု အလတ်တန်း)

## ဘဝသစ်ကိုဆက်စပ်ပေးသောစိတ်နှင့် သဟဇာတဖြစ်သော ရုပ်ကလာပ်တို့ကို ပုဂ္ဂိုလ်အားဖြင့် ခွဲခြားချက်

သံသေဒဇ၊ ဩပပါတိကပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ဃာန, ဇိဝှာ ကာယ, ဘာဝ ,ဝတ္ထုဒသကအားဖြင့် ၇–စည်း။

ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ်အားဖြင့် ၃–စည်း။

ရူပပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ဝတ္ထု, ဇီဝိတနဝကကလာပ်အားဖြင့် ၄–စည်း။

(၁၃၅၅–ခု အကြီးတန်း)

## ဒွိဟိတ်ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၏သန္တာန်ဝယ် ပဋိသန္ဓေ အခါ ရကောင်းသောရုပ်

ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကအားဖြင့် ကလာပ် သုံးစည်း။

http://www.dhammadownload.com



## ❑ ရကောင်းသော နာမ်

မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ ဝိရတီ, အပ္ပမညာ, ဉာဏ်ကြဉ် စေတသိက် ၃၂-ခု။

(၁၃၅၃-ခု အကြီးတန်း)

## ❑ အထက်ပါတရားတို့ကို အာယတနဖွဲ့ပုံ

ကာယပသာဒသည် ကာယာယတန၊ ဝဏ္ဏသည် ရူပါယတန၊ ဂန္ဓသည် ဂန္ဓာယတန၊ ရသသည် ရသာယတန၊ ပထဝီ, တေဇော, ဝါယောသည် ဖောဋ္ဌဗ္ဗာယတန။

အာပေါ, ဘာဝရုပ်, ဟဒယဝတ္ထု, ဇီဝိတ, ဩဇာဟူသော သုခုမရုပ် ၅-ခုနှင့် စေတသိက် ၃၂-ခုသည် ဓမ္မာယတန။

ဒွိဟိတ်ပဋိသန္ဓေစိတ် ၄-ပါး သည် မနာယတန

(၁၃၅၃-ခု အကြီးတန်း)

## ❑ တစ်ခါတစ်ရံ ယောကျ်ားလည်းမဟုတ်, မိန်းမလည်း မဟုတ်သော ကလေးငယ်များကို တွေ့ရသည်ဆိုသော စကား

တတ္ထာပိ ဘာဝဒသကံ ကဒါစိ န လဗ္ဘတိ-ကို ထောက်၍ မှန်ပါသည်။ (၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com



## ❒ သောတာပန် ဒါယကာ၏ ပဋိသန္ဓေအခါ ရနိုင်သောစိတ်, စေတသိက် ရုပ်များ

မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခု၊ စေတသိက် ၃၃-ခု၊ ကာယ, ဘာဝ, ဝတ္ထုဒသကဟူသော ကမ္မဇ ကလာပ် ၃-စည်း။ (၁၃၆၁-ခု အကြီးတန်း)

## ❒ ဂဗ္ဘသေယျ သတ္တဝါတို့အား ပဋိသန္ဓေအခါ ရကောင်းသော ရုပ်ကလာပ်များ

ဂဗ္ဘသေယျက သတ္တာန် ပန ကာယ, ဘာဝ, ဝတ္ထုဒသက သင်္ခါတာနိ တီဏိ ဒသကာနိ ပါတုဘဝန္တိ-ကို ထောက်၍ ပဋိသန္ဓေအခါ ရကောင်းသောရုပ်များကား- အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ကာယပသာဒရုပ် ၁-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယဝတ္ထု ၂-ပါး ပေါင်း ၁၃-ပါး။ ကလာပ်အားဖြင့် ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ် ၃-စည်း။

(၁၃၃၁-ခု အလတ်တန်း၊ ၆၁-ခု, ၆၄-ခု အကြီးတန်း)

## ❒ ဘုရားအလောင်း၏ လူ့ဘဝ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်

ကာယဒသကကလာပ်, **ပုမ္ဘာဝ**ဒသကကလာပ်, ဝတ္ထုဒသက ကလာပ်။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com



## ❑ ကာလလရေကြည်ဟူသည်

ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေအခိုက်၌ ဖြစ်သော ကာယ, ဘာဝ, ဝတ္ထုဒသက ကလာပ် ၃ စည်း, ရုပ် ၃၀–ကို ကလလရေကြည်ဟု ခေါ်သည်။

(၁၃၆၄–ခု အလတ်တန်း)

## ❑ ကလလရေကြည်၏ ပမာဏ

ယခုမွေးဖွားစသိုး၏ အမွေးတစ်ချောင်းကိုကြည်လင်သောဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ငြိကပ်နေသော ဆီပေါက်ပမာဏရှိသည်။ အလွန်ကြည်လင်သော သဘောရှိသည်။

## ❑ ရုပ် ၄–မျိုးတို့ စတင်ဖြစ်ပေါ်ပုံ

၁။ ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဖြစ်ပေါ်သည်။

၂။ စိတ္တဇရုပ်သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ ဖြစ်သည်။

၃။ ဥတုဇရုပ်သည် ပဋိသန္ဓေ၏ ဌီမှစ၍ ဖြစ်သည်။

၄။ အာဟာရဇရုပ်သည် ဩဇာပျံ့နှံ့ ရာအခါမှ စသည်။

(၁၃၆၁–ခု အလတ်တန်း၊ ၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ ရုပ်တို့၏ ဖြစ်စဉ်

၁။ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စုတိစိတ်မှ ပြန်၍ ရေတွက်သော် ၁၇–ချက်မြောက်သော စိတ်၏ ဥပါဒ်ကိုင်အောင် ခဏတိုင်းဖြစ်၍ စုတိစိတ်၏ဘင်၌ ချုပ်သည်။

၂။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ စုတိစိတ်၏ ဥပါဒ်တိုင်အောင် ဥပါဒ်တိုင်း ဖြစ်သည်။

၃။ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီမှစ၍ ဌီသို့ ရောက်တိုင်း သေ၍ အလောင်းကောင် ဖြစ်သည့်တိုင်အောင် ဖြစ်သည်။

(၁၃၆၃–ခု အကြီးတန်း)

## ❐ ရုပ်ကလာပ်များ ဖြစ်ပေါ်နေကြပုံ

လေးပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်ကလာပ်အဆက်ဆက်သည် ကာမဘုံ၌ ဆီမီးလျှံ, မြစ်ရေအလျင်ကဲ့သို့ အသက်ရှည်သမျှကာလပတ်လုံး မပြတ်ဖြစ်နေသည်။ (၁၃၆၁–ခု အကြီးတန်း)

## ❐ စိတ္တဇရုပ်ထက် ဥတုဇရုပ်က ရှေးဦးစွာဖြစ်

ဒုတိယစိတ္တုပ္ပါဒ၌ ယ စိတ္တသမုဋ္ဌာနာ၊ ဌီတိကာလမုပ္ပါဒ၌ ယ ဥတုသမုဋ္ဌာနာ–တို့ကိုထောက်၍ ဥတုဇရုပ်သည်

http://www.dhammadownload.com



ပဋိသန္ဓေစိတ်၏ ဌီမှစ၍ ဖြစ်သည်။ စိတ္တဇရုပ်သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှ စ၍ဖြစ်သည်။ ထို့ကြောင့် ဥတုဇက ရှေးဦးစွာဖြစ်ပါသည်။

(၁၃၆၂–ခု အကြိုးတန်း)

## ❒ အကြောင်းအရာ လေးပါးကြောင့်ဖြစ်သော ရုပ်တို့ စတင်ဖြစ်ပေါ်ပုံ၊ နောက်ဆုံး ချုပ်ပုံ

၁။ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ စ၍ ဖြစ်သည်။ စုတိစိတ်၏ ဘင်ခဏ၌ နောက်ဆုံး ချုပ်သည်။

၂။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှ စတင်ဖြစ်ကြ၍ စုတိပြီး နောက်ခဏယေ ၄၈–ချက်ခန့်ကြာမှ နောက်ဆုံး ချုပ်ကြသည်။

၃။ ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဌီမှစ၍ ဖြစ်သည်။ သေပြီးနောက် အလောင်းကောင် တိုင်အောင် ဆက်လက်ဖြစ်နေသည်။ နောက်ဆုံး ကမ္ဘာပျက်မှ ချုပ်သည်။

၄။ အာဟာရဇရုပ်သည် ဩဇာပျံ့နှံ့ရာ အချိန်မှစ၍ ဖြစ်သည်။ စုတိပြီးနောက် ခဏယေ ၅၀– ခန့်ကျမှ နောက်ဆုံးချုပ်သည်။

(၁၃၃၇–ခု အငယ်တန်း၊ ၆၁–ခု, ၆၂–ခု အကြိုးတန်း)

http://www.dhammadownload.com



**(ဆောင်)** ၁။ ကမ္မဇရုပ်, ချုပ်ပြီးနောက်မှ, စိတ္တဇတို့, ခဏအငယ်,
လေးဆယ်နှင့်ရှစ်, စေ့တုံလစ်, စိစစ်လေကွဲ့, ဆုံးသတဲ့။
၂။ ကမ္မဇရုပ်, ချုပ်ပြီးနောက်မှ, ဟာရဇတို့, ခဏအငယ်,
ငါးဆယ်ဝဒိတိ, ပြည့်တုံဘိ, တွက်သိလေကွဲ့, ဆုံးသတဲ့။
၃။ ကမ္မ-စိတ္တ, ဟာရဇတို့, ချုပ်ကြပြီးနောင်, အလောင်း
ကောင်မှ, စ၍ ဆက်ဆက်, ကမ္ဘာပျက်မှ, တိုင်အောင်မှ,
ဥတုဇချည်းတဲ့။

## ☐ ကမ္မဇရုပ် နောက်ဆုံးချုပ်ရာဌာန

ကမ္မဇရုပ်တို့သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ဥပါဒ်၌ နောက်ဆုံး ဖြစ်သည်။ (၎င်းသတ္တရသမစိတ်၏ ဌီမှစ၍ မဖြစ်တော့ဘဲ စုတိနှင့်ပြိုင်၍ ချုပ်ကြသည်။)

(၁၃၃၁-ခု, ၅၆-ခု အကြီးတန်း:)

သာဓက – စိတ္တသမုဋ္ဌာနရူပံ ပဌမဘဝင် မုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာမေတိ။

မရဏကာလေ ပန စုတိစိတ္တောပရိသတ္တရသမ စိတ္တဿ ဌိတိကာလမုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ၊ ပုရေတရ မုပ္ပန္နာ နိ စ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ ။

## ☐ သေသောအခါ ဤရုပ်ကောင်ကိုစွန့်သွားသောတရားများ

၁။ အာယု – ရုပ်နာမ်နှစ်ဝ ဇီဝိတဟူသော အသက်

http://www.dhammadownload.com



၂။ ဥသ္မာ – ကမ္မဇတေဇောဟူသော ကိုယ်ငွေ့၊
၃။ ဝိညာဏ – ဝိပါက်ဝိညာဏ်
(၁၃၆၁-ခု အကြီးတန်း)

## ❑ ဟဒယဝတ္ထု အစဆုံး/နောက်ဆုံး ဖြစ်ရာအခါ

ဟဒယဝတ္ထုသည် ပဋိသန္ဓေ၏ ဥပါဒ်၌ အစဆုံးဖြစ်သည်၊ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်၏ဥပါဒ်၌ နောက်ဆုံးဖြစ်သည်။ (၁၃၆၁-ခု အကြီးတန်း)

## ❑ ကမ္မဇရုပ်တို့ စတင်ဖြစ်ပေါ်ရာကာလ

ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ကမ္မဇရုပ်များ ဖြစ်ကြသည်။

## ❑ ကမ္မဇရုပ်တို့ လုံးဝမဖြစ်ရာကာလနှင့် ချုပ်ရာကာလ

စုတိစိတ်မှပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်၏ ဌီကာလမှစ၍ လုံးဝ မဖြစ်တော့။ စုတိစိတ်နှင့် အတူတကွ ချုပ်သည်။ (၁၃၂၉-ခု အလတ်တန်း)

## ❑ ကမ္မဇရုပ်တို့၏ (က) အစဦးဆုံးဖြစ်ရာကာလ (ခ) နောက်ဆုံးဖြစ်၍ရာကာလ (ဂ) နောက်ဆုံးချုပ်ရာကာလ

(က) ပဋိသန္ဓေစိတ်၏ ဥပါဒ်ကာလ။

http://www.dhammadownload.com


(ခ) စုတိစိတ်မှပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်၏ ဥပါဒ်ကာလ။

(ဂ) စုတိစိတ်၏ ဘင်ကာလ။ (၁၃၆၄–ခု အငယ်တန်း)

❑ **(က) လူနှင့်အတူသေသော ရုပ်**
**(ခ) လူသေသော်လည်း ခဏမျှကျန်ခဲ့သော ရုပ်**
**(ဂ) အချိန်ကြာမြင့်စွာ ဆက်လက် ဖြစ်ပေါ်နေသော ရုပ်**

(က) ကမ္မဇရုပ်

(ခ) စိတ္တဇ, အာဟာရဇရုပ်

(ဂ) ဥတုဇရုပ်။ (၁၃၆၄–ခု အကြီးတန်း)

❑ **သေသည်ဟုခေါ်ရာအခါ**

၁။ အာယုဟုခေါ်သော ရုပ်, နာမ်ဇီဝိတ၊

၂။ ဥသ္မာဟုခေါ်သော ကမ္မဇတေဇောဟူသော ကိုယ်ငွေ့၊

၃။ ဝိပါက်ဝိညာဉ်၊ ဤသုံးမျိုး ကိုယ်မှာမရှိလျှင် သေသည်ဟု ခေါ်သည်။

(၁၃၆၄–ခု အလတ်တန်း၊ ၆၃–ခု အကြီးတန်း)

http://www.dhammadownload.com


**❑ ကမ္မဇရုပ်တို့၏ နောက်ဆုံးဖြစ်ရာ ကာလနှင့် နောက်ဆုံးချုပ်ရာ ကာလ**

ကမ္မဇရုပ်တို့သည် စုတိစိတ်မှ ပြန်၍ရေသော် ၁၇–ချက်မြောက်သော စိတ်တို့၏ ဥပါဒ်ခဏ၌ နောက်ဆုံးဖြစ်သည်။ စုတိစိတ်၏ ဘင်ခဏ၌ နောက်ဆုံးချုပ်သည်။

(၁၃၆၄–ခု အလတ်တန်း)

**❑ ကမ္မဇရုပ်၏ နောက်ဆုံးဖြစ်ချိန်**

စုတိစိတ်မှပြန်၍ရေတွက်သည်ရှိသော် ၁၇–ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ နောက်ဆုံးဖြစ်ပြီး စုတိစိတ်နှင့် အတူတကွ ချုပ်ပါသည်။

(၁၃၆၄–ခု အကြီးတန်း)

**❑ ကလာပ်ဘာဝရုပ်၏ တည်ရာ, ရှေးဦးစွာဖြစ်ရာအခါ, နောက်ဆုံးဖြစ်ရာအခါ, နောက်ဆုံးချုပ်ရာအခါ**

ကလာပ်ဘာဝရုပ်သည် အစိုဓာတ်ရှိရာ တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်သည်။ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဖြစ်သည်။ စုတိစိတ်မှ ပြန်၍ရေတွက်သော် ၁၇–ချက်မြောက်သောစိတ်၏ ဥပါဒ်မှာ နောက်ဆုံးဖြစ်သည်။ စုတိစိတ်၏ဘင်မှာ နောက်ဆုံးချုပ်သည်။

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ကမ္မဇရုပ်၏ ကုန်ဆုံးပျက်စီးရာအခါ

ကမ္မဇရုပ်ဘို့သည် စုတိစိတ်၏ ဘင်ခဏာ၌ ကုန်ဆုံးပျက်စီးသည်။

သာဓက။ ။ ပုရေတရမုပ္ပန္နာနိ စ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ။

(၁၃၆၄–ခု အကြီးတန်း)

## ❑ လူတွေက "သေသည်ကို ကံကုန်သည်"ဟု ပြောကြသော စကား

ကမ္မဇရုပ်များသည် ကံအထင်အရှားရှိနေမှ ဖြစ်ပေါ်ကြ၏၊ ကံမရှိတော့လျှင် ကမ္မဇရုပ်များ မရှိတော့ပေ၊ အဘိဓမ္မာ သင်္ဂဟ၌ ကမ္မဇရုပ်များသည် စုတိစိတ်မှပြန်၍ ရေတွက်လျှင် ၁၇–ချက်မြောက်စိတ်၏ "ဌီ"ကာလမှစ၍ မဖြစ်တော့ဟု ဆိုထား၏၊ ထိုစကားအရ ထို "ဌီ"ကာလမှစ၍ ကံမရှိတော့ ကံကုန်ပြီဟု သိရ၏၊ အဘိဓမ္မာအရ စုတိစိတ် ဖြစ်ပေါ်မှ သေသည်ဟု သတ်မှတ်၏၊ ကံကား မသေမီ စိတ်လုံးရေ ၁၅၊ ခဏငယ် ၂–ချက်၊ တနည်း ခဏငယ်ပေါင်း ၄၇–ချက်စော၍ ကုန်နှင့်နေပြီ ဖြစ်၏၊ ထို့ကြောင့် အဘိဓမ္မာ သဘောအရ သေတာနှင့် ကံကုန်တာ မတူတတ်ပေ၊ ကံကား မသေမီ စော၍ ကုန်နှင့်နေပြီ ဖြစ်ပါသည်။

http://www.dhammadownload.com


သင်္ဂဟာအထောက်။ ။ မရဏကာလေ ပန စုတိစိတ္တော ပရိသတ္တ ရသမ စိတ္တသ ဌိတိကာလမုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ။ (၁၃၆၁–ခု အကြီးတန်း)

## ❑ ရူပဘုံ၌ ပဋိသန္ဓေအခါ ရကောင်းသော ကမ္မသမုဋ္ဌာန် ရုပ်ကလာပ်တို့၏ အမည်

ဘုရားဖူးခြင်း၊ တရားနာခြင်း အကျိုးများရှိသင့်သောကြောင့် စက္ခု, သောတ ကလာပ် ၂–စည်းကိုလည်းကောင်း၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာ တည်ရာ ဖြစ်သင့်သောကြောင့် ဝတ္ထုဒသကကလာပ်ကိုလည်းကောင်း၊ ကာယဒသကကလာပ်မရှိခြင်းကြောင့် ကာယဒသကကလာပ်အစား ဇီဝိတနဝကကလာပ်ကို လည်းကောင်း ဤကလာပ် ၄–စည်းကိုရပါသည်။

(၁၃၆၁–ခု အငယ်တန်း၊ ၄၀–ခု အလတ်တန်း၊ ၅၇–ခု, ၆၃–ခု အကြီးတန်း)

## ❑ ရူပဗြဟ္မာကြီး ပဋိသန္ဓေအခိုက်၌ ရထိုက်သောရုပ်တရားများ

အဝိနိဗ္ဘောဂရုပ် ၈–ခု၊ ဇီဝိတရုပ် ၁–ခု၊ စက္ခုပသာဒ ၁–ခု၊ သောတပသာဒ ၁–ခု၊ ဟဒယဝတ္ထု ၁–ခု။

(၁၃၅၀–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ရူပဘုံ၌ မရထိုက်သောရုပ်ကလာပ်

ဃာန, ဇိဝှါ, ကာယ, ဘာဝဒသက, အာဟာရဇကလာပ် အားဖြင့် ကမ္မဇကလာပ် ၅-စည်း။

(၁၃၃၄-ခု, ၆၃-ခု အငယ်တန်း)

## ❑ ရူပဗြဟ္မာဘုံ၌ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ မရှိဟုဆိုလျှင် လက်မခံသင့်

ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယ, ဘာဝရုပ် နှစ်ခု အားဖြင့် ၅-ခုမှတစ်ပါး ၂၃-ခုရသည်၊ ယင်း ၂၃-ခုတွင် အဝိနိဗ္ဘောဂရုပ် ၈-ခုထဲ၌ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ ပါဝင်သည်။ ထို့ကြောင့် လက်မခံသင့်ပါ။

သာဓကေ။ ။ ရူပလောကေ ပန ဃာနဇိဝှာကာယဘာဝဒသကာနိ စေဝ အာဟာရဇကလာပါနိ စ န လဗ္ဘန္တိ ။

ဟောန္တိ တေဝီသ ရူပိသု။ (၁၃၆၃-ခု အကြီးတန်း)

## ❑ ရူပဘုံ၌ ဘာဝရုပ် ၂-ခု မရနိုင်ခြင်းအကြောင်း

ဘာဝရုပ် ၂-ခုသည် ထူထဲသော ကာမရာဂ၏ မှီရာအကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ဗြဟ္မာတို့အား ကာမရာဂမရှိသောကြောင့် လည်းကောင်း ရူပဘုံ၌ ဘာဝရုပ် ၂-ခု မရနိုင်ပါ။

(၁၃၆၄-ခု အလတ်တန်း၊ ၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


**(ဆောင်)** ကာမစိတ်ခါတ်, ပွားစေတတ်သဖြင့်, ဃာနတွယ, ဘာဝနှစ်ထွေ, ဖြပ်ဟူဟြေ, မှတ်လေ မရထိုက်။

## ❑ ရူပဗြဟ္မာတို့၏ သန္တာန်၌ အာဟာရဇရုပ်ကလာပ် မရနိုင်ခြင်းအကြောင်း

စားမျိုအပ်သော ဗဟိဒ္ဓအာဟာရ မရှိခြင်းကြောင့် ကိုယ်၌တည်သော အဇ္ဈတ္တအာဟာရသည် ရုပ်ကို မဖြစ်စေနိုင်။ ဗဟိဒ္ဓအာဟာရ၏ ဥပနိဿယပစ္စည်းရမှသာလျှင် အဇ္ဈတ္တအာဟာရသည် ရုပ်ကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ရူပဗြဟ္မာတို့အား အာဟာရဇရုပ်ကလာပ် မရနိုင်ပါ။

(၁၃၆၄–ခု အကြီးတန်း)

## ❑ ရူပဗြဟ္မာကြီးများ ခဲဖွယ်ဘောဇဉ် စားမျိုခြင်း မရှိ

ရူပဗြဟ္မာကြီးများ ခဲဖွယ်ဘောဇဉ် စားမျိုခြင်း မရှိပါ။

သာဓက– ရူပလောကေ။ ပ။ အာဟာရဇကလာပါနိ စ န လဗ္ဘန္တိ။ (၁၃၆၄–ခု အကြီးတန်း)

## ❑ ရူပဗြဟ္မာများသန္တာန်၌ ရသင့်သောရုပ်နှင့် ကလာပ်

အသညသတ်ကြဉ်သော ရူပဗြဟ္မာများသန္တာန်၌ ဃာန, ဇိဝှါ, ကာယ, ဘာဝကြဉ်သော ရုပ် ၂၃–

http://www.dhammadownload.com


ပါးရသည်။ စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝက ကလာပ်အားဖြင့် ကမ္မဇ ကလာပ် ၄–စည်း၊ စိတ္တဇကလာပ် ၆–စည်း၊ ဥတုဇကလာပ် ၄–စည်း၊ ပေါင်းကလာပ် ၁၄–စည်းရသည်။ ပဋိသန္ဓေအခါ၌ကား စက္ခု, သောတ, ဝတ္ထု, ဇီဝိတနဝကကလာပ် အားဖြင့် ကမ္မဇကလာပ် ၄–စည်းရ၏။

အသညသတ်ပြဟ္မာတို့သည် ဇီဝိတနဝက ကလာပ်နှင့် သဒ္ဒကြဉ်သော ဥတုဇကလာပ် ၂–စည်းရသည်။ ရုပ်အားဖြင့် အဝိနိဗ္ဘောဂရုပ် ၈–ခု၊ ဇီဝိတရုပ် ၁–ခု၊ အာကာသဓာတ်၊ လဟုတာဒိတ္တယ ၃–ခု၊ လက္ခဏရုပ် ၄–ခု၊ ပေါင်း ၁၇–ခုရ၏။ (၁၃၆၂–ခု အကြီးတန်း)

## ❐ ရူပပြဟ္မာများသန္တာန်ဝယ် ပဋိသန္ဓေအခါ၌သာ ရနိုင်သော ကမ္မဇရုပ်များ

စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝက အားဖြင့် ကမ္မဇကလာပ် ၄–စည်း၊ ကမ္မဇရုပ် ပေါင်း ၃၀။

သာဂေ– တသ္မာ တေသံ ပဋိသန္ဓိကာလေ စက္ခုသောတ
ဝတ္ထုဝသေန တီဏိ ဒသကာနိ ဇီဝိတနဝ
ကဉ္စေတိ စတ္တာရော ကမ္မသမုဋ္ဌာနကလာပါ။

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ သုဒ္ဓါဝါသဘုံ၌ ရနိုင်သောဝတ္ထုရုပ်များ

စက္ခု, သောတ, ဟဒယ ၃–ပါးဖြစ်ပါသည်။

(၁၃၆၃–ခု အငယ်တန်း)

## ❑ မရနိုင်သော ဝတ္ထုရုပ်များ

ဃာန, ဇိဝှါ, ကာယ ၃–ပါးဖြစ်ပါသည်။

## ❑ အကနိဋ္ဌဗြဟ္မာကြီးသန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်များ

ဇီဝိတနဝကကလာပ်၊ ဝတ္ထုဒသကကလာပ်၊ စက္ခုဒသက ကလာပ်၊ သောတဒသကကလာပ်အားဖြင့် ၄–စည်း။

(၁၃၆၂–ခု အကြီးတန်း)

## ❑ ယောက္ခမ တေဝီသ ရူပိသု၌ တေဝီသ–အရ

အဝိနိဗ္ဘောဂရုပ် ၈–ခု၊ ဇီဝိတရုပ် ၁–ခု၊ စက္ခုပသာဒ ၁–ခု၊ သောတပသာဒ ၁–ခု၊ ဟဒယဝတ္ထုရုပ် ၁–ခု၊ ဝိညတ်ရုပ် ၂–ခု၊ လဟုတာဒိတ္တယ ၃–ခု၊ သဒ္ဒရုပ် ၁–ခု၊ လက္ခဏာရုပ် ၄–ခု၊ အာကာသဓာတ် ၁–ခု၊ ပေါင်း ၂၃–ခု။

(တစ်နည်း:) ဃာန, ဇိဝှါ, ကာယနှင့် ဘာဝရုပ်နှစ်ခု ကြဉ်သောရုပ် ၂၃–ပါး။ (၁၃၃၆–ခု အလတ်တန်း)

http://www.dhammadownload.com


❒ **၎င်းတို့ကို ကလာပ်ဖွဲ့လျှင် ရနိုင်သောကလာပ်စည်းများ**

ကမ္မဇကလာပ် ၄-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း။

❒ **နှလုံးသားမရှိကြသော ပုဂ္ဂိုလ်များ**

အရူပပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်။

(၁၃၆၂-ခု အကြီးတန်း)

❒ **နာမ်မဲ့သတ္တဝါ၏ ပဝတ္တိအခါ ရုပ်အဖွဲ့အစည်း**

ဇီဝိတနဝကကလာပ်နှင့် ဥတုဇဖြစ်သော သုဒ္ဓဋ္ဌက, လဟုတာဒေကာဒသကကလာပ်အားဖြင့် ၃-စည်း။

(၁၃၅၆-ခု အကြီးတန်း)

❒ **အသညသတ်ဗြဟ္မာကြီး၏ ပဝတ္တိအခါ ရနိုင်သော ကလာပ်**

သုဒ္ဓဋ္ဌကကလာပ်၊ လဟုတာဒေကာဒသကကလာပ် အားဖြင့် ၂-ပါး ရပါသည်။

(၁၃၆၀-ခု အခြေပြုတန်း၊ ၆၁-ခု အငယ်တန်း)

❒ **အသညသတ်ဘုံ၌ ရနိုင်သော ရုပ်ကလာပ်**

ဇီဝိတနကလာပ်၊ ဥတုဇသုဒ္ဓဋ္ဌကကလာပ်၊ ဥတုဇလဟုတာဒေကာဒသကကလာပ်၊ ပေါင်း ၃-စည်း၊

http://www.dhammadownload.com



သာဓက – အသညသတ္တာနံ ပန စက္ခု သောတ ဃာနဇိဝှာကာယ ဝတ္ထု သဒ္ဒါပိ န လဗ္ဘန္တိ တတ္ထ သဗ္ဗာနိပိ စိတ္တဇရူပါနိ။ တသ္မာ တေသံ ပဋိသန္ဓိကာလေ ဇီဝိတနဝကမေဝ သဒ္ဒဝဇ္ဇိတံ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စတိ။

(၁၃၆၂–ခု အကြိုးတန်း)

## ❐ အသညသတ်ဘုံ၌ ရနိုင်သော ဥတုအမျိုးအစား

သဒ္ဒကြဉ်သော ဥတုကို အသညသတ်ဘုံ၌ ရနိုင်သည်။

(၁၃၆၄–ခု အလတ်တန်း)

## ❐ ပုထုဇဉ်ဖြစ်ဟူ၍တစ်ဦးသာ ရနိုင်သောဘုံ, ရထိုက်သောရုပ်စု

အသညသတ်ဘုံဖြစ်သည်။ ထိုအသညသတ်ဖြစ်ဟူ၍ကြီးအား ပဋိသန္ဓေအခါ၌ ဇီဝိတနဝက ကလာပ်ရုပ်သာ ရသည်။ ပဝတ္တိအခါ၌ကား ဇီဝိတနဝက ကလာပ်နှင့်တကွ သဒ္ဒကြဉ်သော ဥတုဇကလာပ် ၂–စည်း ရသည်။

အထောက်ပါဠိ – အသညသတ္တာနံ ပန စက္ခု သောတဝတ္ထုသဒ္ဒါပိ န လဗ္ဘန္တိ၊ တထာ သဗ္ဗာနိပိ စိတ္တဇရူပါနိ၊ တသ္မာ တေသံ ပဋိသန္ဓိကာလေ ဇီဝိတနဝကမေဝ၊ ပဝတ္တိယဉ္စ သဒ္ဒဝဇ္ဇိတံ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စတိ။

(၁၃၆၁–ခု အကြိုးတန်း)

http://www.dhammadownload.com



## ❒ ပဋိသန္ဓေအခါ မရနိုင်သောရုပ်များ

သဒ္ဒရုပ် ၁ ပါး၊ ဝိကာရရုပ် ၅–ပါး၊ ဇရတာ ၁–ပါး၊ အနိစ္စတာ ၁–ပါး၊ ပေါင်း ၈–ပါး။

(၁၃၄၅–ခု, ၆၀–ခု အခြေပြုတန်း၊ ၄၇–ခု, ၆၃–ခု အငယ်တန်း၊ ၃၀–ခု, ၆၁–ခု, ၆၂–ခု, ၆၃–ခု အလတ်တန်း)

## ❒ သတ္တရသေ၀ သညီန်–၌ သတ္တရသ–အရ

အဝိနိဗ္ဘောဂရုပ် ၈–ခု၊ ဇီဝိတ ၁–ခု၊ လဟုတာဒိတ္တယ ၃–ခု၊ လက္ခဏာရုပ် ၄–ခု၊ အာကာသဓာတ် ၁–ခု၊ ပေါင်း ၁၇–ခု။ (၁၃၆၁–ခု, ၆၃–ခု အငယ်တန်း၊) ၃၄–ခု အလတ်တန်း)

**(ဆောင်)** အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့်၊ သုံး၀ လဟု၊ တာဒိရှု၍၊ စတုလက္ခဏာ၊ အာကာသာ၊ ပေါင်းပါ ဆယ့်ခုနစ်။

# နိဗ္ဗာန်

## ❒ နိဗ္ဗာန်အဓိပ္ပါယ်

ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟုဆိုပါသည်။

(၁၃၆၃–ခု အငယ်တန်း၊ ၆၁–ခု အကြီးတန်း)

http://www.dhammadownload.com


### ❐ နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ (ပ) နိဗ္ဗာနန္တိ ပဝုစ္စတိ၌ ပါသော နိဗ္ဗာနသဒ္ဒါ နှစ်ခုတို့အထူး

ပထမနိဗ္ဗာန သဒ္ဒါသည် နိဗ္ဗာန်သဘောကိုပြသော ဒဗ္ဗဝါစကပုဒ် ဖြစ်ပါသည်။ နိဗ္ဗာနသဒ္ဒါသည် နိဗ္ဗာန် အမည်ကိုပြသော နာမဝါစကပုဒ် ဖြစ်ပါသည်။ ဤသို့ ထူးသည်။ (၁၃၆၄-ခု အကြီးတန်း)

### ❐ ပုထုဇဉ်တို့ နိဗ္ဗာန်ကို တိုက်ရိုက်တွေ့မြင်နိုင်ခွင့် မရှိ

မဂ္ဂဖလာနမာရမ္မဏာဘူတံ-ကိုထောက်ပါ။

(၁၃၆၂-ခု အကြီးတန်း)

### ❐ နိဗ္ဗာန်သည် မျက်စိဖြင့်မြင်တွေ့နိုင်သော အာရုံမျိုးမဟုတ်

နိဗ္ဗာနံ ပန လောကုတ္တရာသင်္ခါတံ-စသော ပါဠိကို ထောက်ပါ။ (၁၃၆၁-ခု အလတ်တန်း)

### ❐ ဝါနမည်ပုံ

ခန္ဓာစသည် အပြားရှိသော တေဘူမကတရားတို့ကို အောက်အထက်၌ ဖြစ်ခြင်း၏အစွမ်းဖြင့် ချုပ်စပ်တတ်သောကြောင့် ဝါန။

### ❐ လွတ်မြောက်ပုံ

တဏှာ၏နယ်ကို ကျော်လွန်ခြင်း၏အစွမ်းဖြင့် တဏှာမှ လွတ်မြောက်သည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗံ – ပါဠိဖြင့် ပြအပ်သော အဓိပ္ပါယ်

နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက် အားဖြင့် သိအပ်သည်၏အဖြစ်ကို ပြသည်။

(၁၃၆၁-ခု အလတ်တန်း၊ ၃၄-ခု, ၆၄-ခု အကြီးတန်း)

## ❑ နိဗ္ဗာန်ကို မဂ်ဉာဏ် ၂ ပါးလုံးဖြင့် မျက်မှောက် မပြု

မဂ်ဉာဏ်လေးပါးဖြင့်သာ မျက်မှောက်ပြုပါသည်။

အထောက် – စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗံ။

(၁၃၆၃-ခု အကြီးတန်း)

## ❑ ပုထုဇဉ်များ ပစ္စက္ခအားဖြင့် နိဗ္ဗာန်ကို မမြင်နိုင်

စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗံ မဂ္ဂဖလာနမာရမ္မဏ ဘူတံ (ပ)နိဗ္ဗာနန္တိ ပဝုစ္စတိ-ကိုထောက်ပါ။

## ❑ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့်သာ မျက်မှောက်ပြု

သာဓက – စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗံ- ကိုထောက်ပါ။ (၁၃၆၁-ခု အကြီးတန်း)

## ❑ နိဗ္ဗာန်သည် လောကုတ္တရာ

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံကိုထောက်ပါ။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ မဂ္ဂါဖလလနှာမာရမ္မဏာဘူတ်ဖြင့် ပြအပ်သောအဓိပ္ပာယ်

ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ အနုမာနအားဖြင့် မှန်းဆ၍ အာရုံပြုနိုင်ပုံကို ပြသည်။

(၁၃၆၂–ခု, ၆၃–ခု, ၆၄–ခု အကြီးတန်း)

## ❐ ရာဂစသည် မရှိခြင်းမျှသည်လည်း နိဗ္ဗာန်မဟုတ်

နိဗ္ဗာန်သည် ရာဂ စသည် မရှိခြင်းမျှ ကုန်ခန်းခြင်းမျှ မဟုတ်၊ မဂ်လေးပါးဖြင့် မျက်မှောက်ပြု၍ရသော မဂ်ဖိုလ်တို့၏အာရုံဖြစ်သော ထင်ရှားရှိသော တရားဖြစ်သည်။

အာဂမယုတ္တိ– နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ၊ မဂ္ဂဖလာန မာရမ္မဏာ ဘူတံ။

(၁၃၆၄–ခု အကြီးတန်း)

## ❐ နိဗ္ဗာန်၏ အမည်များ

သဉပါဒိသေသ (ခန္ဓာအကြွင်းအကျန်ရှိသော) နိဗ္ဗာန်၊ အနုပါဒိသေသ (ခန္ဓာအကြွင်းအကျန်မရှိသော) နိဗ္ဗာန်ဟူ၍ ပရိယာယအားဖြင့် နှစ်ပါး။

သုညတ၊ အနိမိတ္တ၊ အပ္ပဏိဟိတဟူ၍ အခြင်းအရာ အာကာရအားဖြင့် ၃–ပါး။ (၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ သုညတနိဗ္ဗာန် စသည်တို့အထူး

အာရုံအားဖြင့် လည်းကောင်း၊ သမ္ပယုတ်အားဖြင့် လည်းကောင်း ရာဂ ဒေါသ မောဟတို့မှ ကင်းဆိတ်သောကြောင့် နိဗ္ဗာန်သည် သုညတ မည်သည်။

ရာဂ အစရှိသော နိမိတ်မှ ကင်းသောကြောင့် နိဗ္ဗာန်သည် အနိမိတ္တ မည်သည်။

ရာဂ အစရှိသော တောင့်တတတ်သော တရားမှ ကင်းသောကြောင့် နိဗ္ဗာန်သည် အပ္ပဏိဟိတ မည်ပါသည်။

တစ်နည်း– အလုံးစုံသော သင်္ခါရတို့မှ ကင်းဆိတ်သောကြောင့် နိဗ္ဗာန်သည် သုညတ မည်ပါသည်။

အလုံးစုံသော သင်္ခါရနိမိတ် မရှိသောကြောင့် နိဗ္ဗာန်သည် အနိမိတ္တ မည်သည်။

တောင့်တတတ်သော တဏှာမရှိသောကြောင့် နိဗ္ဗာန်သည် အပ္ပဏိဟိတ မည်ပါသည်။

(၁၃၆၄-ခု အငယ်တန်း၊ ၆၄-ခု အလတ်တန်း)

**(ဆောင်)** ၁။ ရာဂဒေါသ, မောဟလည်းဆုံး, ရုပ်နာမ်သုဉ်းသဖြင့်, လုံးလုံးသုည, ပုံတမျှ, သုညတနိဗ္ဗာန်ခေါ်။

၂။ အလည်ပုံဟန်, သဏ္ဌာန်အရိပ်, နိမိတ်ခေါ်ဘိ, လျှင်းမရှိ, အနိမိတ္တခေါ်။

၃။ တဏှာသဘော, အာသဝေါဖြင့်, မက်မောလေအပ်, တောင့်တတတ်သည့်, ပဏိဟိတ, ကင်းရှင်းစွ, အပ္ပဏိဟိတခေါ်။

http://www.dhammadownload.com


## ❑ နိဗ္ဗာန်ဘုံ မရှိ

တထာ သုညတံ အနိမိတ္တံ ဟု ဆိုသောကြောင့် နိဗ္ဗာန်ဘုံ မရှိပါ။ (၁၃၆၄–ခု အကြီးတန်း)

## ❑ နိဗ္ဗာန်၏ ဂုဏ်အင်္ဂါများ

၁။ အစ္စုတံ – စုတေရွေ့လျောခြင်းမရှိသောတရား

၂။ အစ္စန္တံ – စုတိဟုဆိုအပ်သော အဆုံးကို လွန်သောတရား

၃။ အသင်္ခတံ – ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ မပြုပြင်အပ်သောတရား။

၄။ အနုတ္တရံ – အတုမရှိ လွန်မြတ်သောတရား။

၅။ ပဒံ – အရိယာပုဂ္ဂိုလ်တို့ ရောက်အပ်သောတရား။ (၁၃၆၂–ခု, ၆၃–ခု အကြီးတန်း)

**ရုပ်ပိုင်းမေးကွက်**
**ပြီးပါပြီ**

http://www.dhammadownload.com

# ၇–သမုစ္စည်းပိုင်းမေးကွက်

## ❒ ဒွါသတ္တတိဝိဓာ ဝုတ္တာ–၌ ဒွါသတ္တတိ–အရ

အာရုံကိုသိခြင်း လက္ခဏာရှိသောစိတ် ၁–ပါး၊ ဖုသန စသော လက္ခဏာရှိသော စေတသိက် ၅၂–ပါး၊ ကက္ခဠတ္တစသောလက္ခဏာရှိသော နိပ္ဖန္နရုပ် ၁၈–ပါး သန္တိလက္ခဏာရှိသော နိဗ္ဗာန် ၁–ပါး၊ ပေါင်း ၇၂–ပါး။

(၁၃၆၃–ခု, ၆၄–ခု အငယ်တန်း)

**(ဆောင်)** နာမ်–တေပည်, ရုပ်နိပ္ဖန်, နိဗ္ဗာန်ယှဉ်ဘိ, ဒွါသတ္တတိ။

## ❒ ဝတ္ထုဓမ္မာ သလက္ခဏာ–အရ

အာရုံကို သိခြင်းလက္ခဏာရှိသော စိတ် ၁–ပါး၊ ဖုသနစသော လက္ခဏာရှိသော စေတသိက် ၅၂–ပါး၊ နိပ္ဖန္နရုပ် ၁၈–ပါး၊ နိဗ္ဗာန် ၁–ပါး၊ ပေါင်း ၇၂–ပါး။

(၁၃၆၁–ခု အကြီးတန်း)

## ❒ ဝတ္ထုဓမ္မာသ လက္ခဏာ–၌ မယူရမည့် ပရမတ္ထ

အနိပ္ဖန္နရုပ် ၁၀–ခု (၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com


### ❏ ရုပ် ၂၈-ပါးတွင် ပရမတ်စစ်စစ် ရုပ်များ

ဒွါသတ္တဝိဓိဓာ ၀ုတ္တာ ၀တ္ထုဓမ္မာ သလက္ခဏာ-ကို ထောက်၍ နိပ္ဖန္နရုပ် အဋ္ဌာရသသည်သာ ပရမတ်စစ်စစ် ရုပ်ဖြစ်ပါသည်။ (၁၃၃၃-ခု အလတ်တန်း)

### ❏ တေပညာသ သဘာ၀တော-၌ တေပညာသအရတွင် စိတ် ၁-ခု၊ စေတသိက် ၅၂-ခု ဖြစ်ပုံ

စိတ်အားလုံးသည် အာရမ္မဏဝိဇာနနသဘော အားဖြင့် တူကြသောကြောင့် စိတ်ကို တစ်ခုတည်းယူသည်၊ စေတသိက်များသည်ကား ဖဿသည် ဖုဿန လက္ခဏာ ရှိသည်။ ဝေဒနာသည် ဝေဒယိတလက္ခဏာရှိသည် စသည်ဖြင့် စေတသိက် ၅၂-ပါး သည် လက္ခဏာသဘာ၀ ၅၂-မျိုး ပြားသောကြောင့် စေတသိက် ၅၂-ခု ဖြစ်ရသည်။ (၁၃၆၁-ခု အလတ်တန်း)

### ❏ ပရမတ္ထအစစ်, ပရမတ္ထအတု

အနိပ္ဖန္နရုပ်များသည် ပရမတ္ထအတု၊ (တစ်နည်း) အတ္တပညတ်သည် ပရမတ္ထအတု၊ စိတ်,စေတသိက်, နိပ္ဖန္နရုပ်, နိဗ္ဗာန်တို့သည် ပရမတ္ထအစစ်။

(၁၃၅၇-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ အနိပ္ဖန္နရုပ်တို့ ဒွါသတ္တတိအရတွင် မပါဝင်ခြင်းအကြောင်း

"ဝတ္ထုဓမ္မာ သလက္ခဏာ"ကိုထောက်၍ မိမိတို့ကိုစွ လက္ခဏာအားဖြင့် အထည်ကိုယ်ဒြပ်ရှိသော တရားများသာ ဒွါသတ္တတိ အရတွင် ပါဝင်နိုင်သောကြောင့်လည်းကောင်း၊ "ဣတိ စ အဋ္ဌာရသဝိဓမ္ပေတံ ရူပံ သဘာဝ ရူပံ သလက္ခဏရူပံ နိပ္ဖန္နရူပံ, သမ္မသနရူပန္တိ စ"၌ "သဘာဝရူပံ သလက္ခဏရူပံ ရူပရူပံ"တို့ကိုထောက်၍ နိပ္ဖန္နရုပ်များသာ သဘော လက္ခဏာ ထင်ရှားရှိသော ရုပ်စစ်များဖြစ်၍ အနိပ္ဖန္နရုပ်များသည် သဘောလက္ခဏာ ထင်ရှားရှိသော ရုပ်စစ်မဟုတ်သောကြောင့် လည်းကောင်း ဒွါသတ္တတိ အရတွင် အနိပ္ဖန္နရုပ်များ မပါဝင်နိုင်ပါ။

(၁၃၃၉-ခု အလတ်တန်း)

## ❒ ဒွါသတ္တတိအရတွင် မပါဝင်သော ပရမတ်အစစ် မဟုတ်သော တရား

အနိပ္ဖန္နရုပ် ၁၀-ခု။

သာဓက- ဣတိ စ အဋ္ဌာရသဝိဓမ္ပေတံ ရူပံ သဘာဝရူပံ သလက္ခဏရူပံ နိပ္ဖန္နရူပံ ရူပရူပန္တိ စ သင်္ဂဟံ ဂစ္ဆတိ။

(၁၃၆၄-ခု အလတ်တန်း)

F14B

http://www.dhammadownload.com


## ❒ သမုစ္စယသင်္ဂဟဖြင့် ပေါင်းအပ်သော သဘောတရား

၁။ အာရုံကိုသိတတ်သောစိတ် ၁-ပါး၊ ၂။ ဖုဿန စသော လက္ခဏာရှိသော စေတသိက် ၅၂-ပါး၊ ၃။ ကက္ခဠ စသော လက္ခဏာရှိသော နိပ္ဖန္နရုပ် ၁၈ ပါး၊ သန္တိ လက္ခဏာရှိသော နိဗ္ဗာန် ၁-ပါး၊ ပေါင်း ၇၂-ပါး။

(၁၃၆၃-ခု အကြီးတန်း)

## ❒ ၎င်းတရားတို့၏ ကိုယ်ပိုင်လက္ခဏာ

၁။ စိတ်သည် အာရုံကိုသိခြင်းလက္ခဏာရှိသည်၊ ၂။ စေတသိက်တို့တွင် ဖဿသည် ဖုဿနလက္ခဏာ၊ ဝေဒနာသည် ဝေဒယိတလက္ခဏာစသည်၊ နိပ္ဖန္နရုပ်တို့တွင် ပထဝီသည် ကက္ခဠလက္ခဏာ၊ အာပေါသည် ပဂ္ဃရဏ လက္ခဏာ စသည်၊ နိဗ္ဗာန်သည် သန္တိလက္ခဏာ။

(၁၃၆၃-ခု အကြီးတန်း)

## ❒ လောဘ, ဒိဋ္ဌိ, မာနတို့သာ အာသဝမည်ခြင်းအကြောင်း

အတ္တ, အတ္တနိယဟု ယူခြင်း၏အစွမ်းအားဖြင့် အလွန်ပြန့်နှံ့သောကြောင့်လည်းကောင်း၊ မှူးယစ်ခြင်းကို ပြုတတ်သဖြင့် အရက်နှင့်တူသောကြောင့် လည်းကောင်း လောဘ, ဒိဋ္ဌိ, မောဟတရားသုံးပါးသည်သာ အာသဝ အမည်ရသည်။ (၁၃၄၈-ခု, ၆၄-ခု အကြီးတန်း)

http://www.dhammadownload.com

# အကာသလသင်္ဂဟ

## ❒ ကာမာသဝ, ဘဝါသဝတို့၌ ကာမ, ဘဝ–တို့အရ

ကာမ–အရ ကာမတဏှာ။

ဘဝ–အရ ဘဝတဏှာ။

## ❒ ရရှိသော လူ့ဘဝကို သာယာနှစ်သက်မှုလောဘသည် ဘဝါသဝဖြစ်+မဖြစ်

မိမိရရှိသော လူ့ဘဝကို သာယာနှစ်သက်မှုလောဘသည် ဘဝါသဝ မဖြစ်ပါ။

ရူပါရူပဘဝေသု ဆန္ဒရာဂေါ ဘဝါသဝေါ (ဋီ)။

(၁၃၆၄–ခု အကြီးတန်း)

## ❒ ကာယဂန္ထ အဓိပ္ပာယ်

နာမကာယနှင့် ရူပကာယကိုလည်းကောင်း၊ ပစ္စုပ္ပန္နကာယနှင့် အနာဂတကာယကိုလည်းကောင်း ဖြေနိုင်ခက်အောင် ထုံးဖွဲ့ရစ်ပတ်တတ်သောကြောင့် ကာယဂန္ထမည်ပါသည်။

## ❒ သီလဗ္ဗတပရာမာသ အဓိပ္ပာယ်

နွားခွေးတို့၏ အလေ့, နွားခွေးတို့၏ အကျင့်သဘောစသည်ဖြင့် သံသရာမှ စင်ကြယ်သည်ဟု သဘော

မဟုတ်သောအားဖြင့် သုံးသပ်မှတ်ထင်ခြင်းသည် သီလဗ္ဗတ ပရာမာသ မည်၏။ (၁၃၃၆-ခု အကြီးတန်း)

## ဥပါဒါန်အဓိပ္ပာယ်

ဖားကို မြွေဖမ်းသကဲ့သို့ ပြင်းထန်မြဲမြန်စွာ အာရုံကို ယူတတ်သောကြောင့် ဥပါဒါန်မည်ပါသည်။

(၁၃၆၂-ခု, ၆၄-ခု အကြီးတန်း)

**(ဆောင်)** ဖားကို မြွေငန်း, မြဲစွာ ဖမ်းသို့, စွဲလမ်းသမှု, အာရုံပြု, ဥပါဒါန်ဟု ခေါ်။

## မဖြတ်နိုင်လောက်အောင် ဆေးလိပ်စွဲပုံ

ကာမုပါဒါန်မျိုးဖြစ်ပါသည်။(၁၃၆၂-ခု အကြီးတန်း)

## တဏှာနှင့် ကာမုပါဒါန်တို့အထူး

အားနည်းသောတဏှာသည် တဏှာ၊ အားကြီးသော တဏှာသည် ကာမုပါဒါန်။

(တစ်နည်း) အမိုက်မှောင်၌ သူခိုးတို့၏လက်ကို ဆန့်တန်းသကဲ့သို့ မရောက်သေးသောအာရုံကို တောင့်တခြင်းသည် တဏှာ၊ သူခိုးတို့လက်သို့ ရောက်ပြီးသော ဥစ္စာကို ကိုင်ခြင်းသကဲ့သို့ ရပြီးရောက်ပြီးသော အာရုံကို ယူခြင်းသည် ကာမုပါဒါန်၊

http://www.dhammadownload.com


(တစ်နည်း) အပ္ပိစ္ဆတာ၏ ဆန့်ကျင်ဘက်သည် တဏှာ၊ သန္တောသ၏ ဆန့်ကျင်ဘက်သည် ကာမုပါဒါန်၊

(တစ်နည်း) ပရိယေသနဒုက္ခ၏ အကြောင်းရင်းသည် တဏှာ၊ အာဟာရဒုက္ခ၏ အကြောင်းရင်းသည် ကာမု ပါဒါန်။ (၁၃၆၂-ခု အကြီးတန်း)

## ❒ ဒိဋ္ဌုပါဒါန်-၌ ဒိဋ္ဌိ-အရ

ပြင်းထန်မြဲမြံစွာ စွဲလန်းသော ဥပါဒါန်ဒိဋ္ဌိဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိကို ယူရမည်။ (၁၃၄၈-ခု အကြီးတန်း)

## ❒ သီလဗ္ဗတုပါဒါန်

"ဤသို့သော နွား, ခွေး စသည်တို့၏ အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်လွတ်မြောက်နိုင်၏"ဟု မှားယွင်း မြဲမြံစွာ ယူခြင်း, စွဲလန်းခြင်း။ (၁၃၅၆-ခု အကြီးတန်း)

## ❒ သီလဗ္ဗတပရာမာသ သံယောဇဉ်၏တရားကိုယ် ဒိဋ္ဌိစေတသိက်

သာဓက- သီလဗ္ဗတပရာမာသော ဣဒံသစ္စာဘိနိဝေသော အတ္တဝါဒုပါဒါဝ စ တထာ ပဝတ္တံ ဒိဋ္ဌိဂတမေဝ ပဝုစ္စတိ။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



### ❐ ကာမစ္ဆန္ဒနီဝရဏ၌ ကာမ-အရ

ကာမဂုဏ်ငါးပါးတို့၌ လွန်ကဲသော တပ်မက်ခြင်း ရာဂ။ (၁၃၆၄-ခု အကြီးတန်း)

### ❐ ဗျာပါဒနီဝရဏ၏ တရားကိုယ်

ဒေါသစေတသိက်။ (၁၃၆၄-ခု အငယ်တန်း)

### ❐ ဥပေက္ခာဈာန်၏ ဆန့်ကျင်ဘက် နီဝရဏ

ဥပေက္ခာဈာန်သည် ငြိမ်သက်ခြင်းသဘော၊ အေးမြခြင်းသဘောရှိသောကြောင့် မငြိမ်းအေးခြင်းသဘော၊ နှောင်တပူပန်ခြင်းသဘောရှိသော ဥဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ (၁၃၆၄-ခု အကြီးတန်း)

### ❐ သမာဓိ၏ ကာမစ္ဆန္ဒနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ရခြင်း အကြောင်း

ကာမဂုဏ်အာရုံတို့၌တောင့်တတတ်သော ရာဂ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သမာဓိသည် ကာမစ္ဆန္ဒနီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်သည်။

(၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ ထိနနှင့် မိဒ္ဓ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့ကို နီဝရဏတစ်ပါးတည်း ဟောရခြင်းအကြောင်း

ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်တူသောကြောင့် နီဝရဏ တစ်ပါးတည်းစီပြု၍ ဟောထားပါသည်၊ မှန်ပါသည်– ထိုထိနမိဒ္ဓ သည် စိတ်စေတသိက်တို့၏ တွန့်ဆုတ်ခြင်းသို့ ရောက်စေခြင်း ကိစ္စအားဖြင့် တူသည်။ဥဒ္ဓစ္စကုက္ကုစ္စတို့သည် စိတ်၏မငြိမ်းအေးသည်၏အဖြစ်ကို ပြုခြင်းကိစ္စအားဖြင့် တူသည်။

ထိနမိဒ္ဓတို့သည်ပျင်းရိခြင်း, ကိုယ်လက်ဆန့်တန်းခြင်းဟူသော အကြောင်းအားဖြင့် တူသည်၊ ဥဒ္ဓစ္စကုက္ကုစ္စတို့သည် ဉာတိဗျသနအစရှိသည်ကို ကြံခြင်း အကြောင်းအားဖြင့် တူသည်။

ထိန မိဒ္ဓတို့သည် သမာဓိ၏ ဆန့်ကျင်ဘက်အားဖြင့် တူသည် ဥဒ္ဓစ္စကုက္ကုစ္စတို့သည် သမထ၏ ဆန့်ကျင်ဘက်အားဖြင့် တူသည်။ (၁၃၆၂–ခု အကြီးတန်း)

**(ဆောင်)** ထိ–မိဒ်နှစ်ခု, တွန့်တိုမှုနှင့်, ဥဒ်–ကုအတွက်, မငြိမ်သက်ဟု, တချက်ကိစ္စ, တူပြိုင်ကြ၏၊ ဖြစ်ကြောင်းကလည်း, တကွမကောင်း, ပျင်းရိခြင်းနှင့်, ချို့ယွင်းသမှု, ဗျသနစုကို, တွေးရှုကြံလစ်, စဉ်တိုင်းဖြစ်၏၊ စိစစ်ဘွယ်ချက်, ဆန့်ကျင်ဘက်ကား, ဆက်ဆက်ဝီရိယ, သမထဟု, ကိစ္စလည်းတူ, အကြောင်းတူလျက်, ဆန့်ကျင်ဘက်အား, တူလေငြား၍, နှစ်ပါးတရားကိုယ်, တစ်နီဝရဏဆိုသည်, သွင်းသို စိတ်ဝယ် မြဲမြဲတည်း။

http://www.dhammadownload.com


❒ **ထိန, မိဒ္ဓစေတသိက် နှစ်ပါးတို့ကို နီဝရဏတစ်မျိုးတည်း ယူရခြင်း အကြောင်း**

ကိစ္စ,အကြောင်း,ဆန့်ကျင်ဘက်တူသောကြောင့် ထိန, မိဒ္ဓတို့ကို နီဝရဏတစ်မျိုးတည်း ယူရသည်။
(၁၃၆၁-ခု, ၆၂-ခု အကြီးတန်း)

❒ **ထိန, မိဒ္ဓတို့ ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်တူပုံ**

ထိနသည် စိတ်၏ တွန့်ဆုတ်ခြင်းသို့ ရောက်စေခြင်းကိစ္စ ရှိသည်၊ မိဒ္ဓသည် စေတသိက်တို့၏ တွန့်ဆုတ်ခြင်းသို့ ရောက်စေခြင်းကိစ္စ ရှိသည်။

ထိန,မိဒ္ဓသည် ပျင်းရိခြင်း, ကိုယ်တဆန့်ဆန့်ရှိခြင်းဟူသော အကြောင်းတူသည်။

ထိန, မိဒ္ဓသည် သမာဓိ၏ ဆန့်ကျင်ဘက်ခြင်း တူသည်။ (၁၃၆၁-ခု၊ ၆၃-ခု အကြီးတန်း)

❒ **ဥဒ္ဓစ္စ, ကုက္ကုစ္စတို့၏ ကိစ္စ,အကြောင်း,ဆန့်ကျင်ဘက်**

ဥဒ္ဓစ္စတို့သည် မငြိမ်သက်မှုကို ပြုခြင်းကိစ္စ၊ ဉာတိဗျသန စသည်ကို ကြံစည်ခြင်းအကြောင်း သမထ၏ ဆန့်ကျင်ဘက် တူကြသည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ သံယောဇဉ်မည်ပုံ

သတ္တဝါတို့ကို ဝဋ်ဘဝမှ မလွတ်ရအောင် ချည်တုတ်ဖွဲ့နှောင်တတ်သောကြောင့် သံယောဇဉ်မည်သည်။

(၁၃၆၃-ခု, ၆၄-ခု အကြီးတန်း)

## ❒ သုတ္တန်နည်း သံယောဇဉ် ၁၀-ပါး တရားကိုယ်

လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, မောဟ။ (၁၃၂၆-ခု အငယ်တန်း)

## ❒ ကာမဘုံနှင့် မဆက်သွယ်ထားသော သံယောဇဉ်များ

ဥဒ္ဓစ္စ, ရူပရာဂ, အရူပရာဂ, မာန, အဝိဇ္ဇာ။

(၁၃၆၄-ခု အကြီးတန်း)

## ❒ ကိလေသာမမည်သော အကုသိုလ် စေတသိက်များ

ကုက္ကုစ္စ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန အားဖြင့် ၄-ပါး။ (၁၃၆၄-ခု အငယ်တန်း)

## ❒ ကိလေသာမည်ထိုက်သော သံယောဇဉ်

ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ သီလဗ္ဗတ ပရာမာသ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ။

http://www.dhammadownload.com



❑ **သုတ္တန်နည်းမှာသာပါ၍ အဘိဓမ္မာနည်း၍ မပါဝင်သော သံယောဇဉ် တရားကိုယ်**

ဥဒ္ဒစ္စ။ (၁၃၆၄-ခု အငယ်တန်း)

❑ **အဘိဓမ္မာနည်း၌သာ ပါဝင်၍ သုတ္တန်နည်း၌ မပါဝင်သော တရားကိုယ်**

ဣဿာ, မစ္ဆရိယ။ (၁၃၆၄-ခု အငယ်တန်း)

❑ **သံယောဇဉ်ရှိလို့ ဝန်တိုသည်ဟူသော စကား**

အဘိဓမ္မာနည်းသံယောဇဉ်ဘွင် ဣဿာသံယောဇဉ် ပါဝင်သောကြောင့် သံယောဇဉ်ရှိလို့ ဝန်တိုသည်ဟုဆိုက ယုတ္တိရှိပါသည်။ (၁၃၆၃-ခု အလတ်တန်း)

❑ **ကိလေသာ မမည်ထိုက်သော သံယောဇဉ်**

ဣဿာ၊ မစ္ဆရိယ။ (၁၃၆၃-ခု အကြီးတန်း)

❑ **ထိန, မိဒ္ဓ, ဥဒ္ဒစ္စ, ကုက္ကုစ္စတို့ တူသော အချက် (၃)ချက်**

(၁) ကိစ္စ (၂) အကြောင်း (၃) ဆန့်ကျင်ဘက်

http://www.dhammadownload.com



## ❐ တူပုံ

(၁) ထိန, မိဒ္ဓနှစ်ပါးသည် ယှဉ်ရာစိတ္တုပ္ပါဒ်ကို တွန့်ဆုတ် အောင်ပြုခြင်းကိစ္စအားဖြင့် သဘောတူသည်။

(၂) ဥဒ္ဓစ္စ, ကုက္ကုစ္စနှစ်ပါးသည် မငြိမ်သက်ခြင်း, မငြိမ်းချမ်း ခြင်းကိစ္စအားဖြင့် သဘောတူသည်။

(၃) ထိန, မိဒ္ဓ နှစ်ပါးသည် ပျင်းရိခြင်း၊ ကိုယ် တဆန့်ဆန့်ဖြစ်ခြင်း အကြောင်းအားဖြင့် သဘောတူသည်။ ဥဒ္ဓစ္စ, ကုက္ကုစ္စ နှစ်ပါးသည် ဉာတိဗျသန စသည်ကို ကြံစည်ခြင်းအကြောင်း အားဖြင့် သဘောတူသည်။

(၄) ထိန, မိဒ္ဓနှစ်ပါးသည် ဝီရိယ၏ ဆန့်ကျင်ဘက် အားဖြင့် သဘောတူသည်။ ဥဒ္ဓစ္စ, ကုက္ကုစ္စနှစ်ပါးသည် သမထ၏ ဆန့်ကျင်ဘက် အားဖြင့် သဘောတူသည်။

(၁၃၅၀–ခု အကြီးတန်း)

## ❐ အဘိဓမ္မာ သံယောဇဉ် ၁၀–ပါးနှင့် တရားကိုယ်များ

| | | |
|---|---|---|
| ကာမရာဂ သံယောဇဉ် | – | လောဘ |
| ဘဝရာဂ ။ | – | လောဘ |
| ပဋိဃ ။ | – | ဒေါသ |
| မာန ။ | – | မာန |
| ဒိဋ္ဌိ ။ | – | ဒိဋ္ဌိ |
| သီလဗ္ဗတပရာမာသ။ | – | ဒိဋ္ဌိ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ဝိစိကိစ္ဆာ | ॥ | - | ဝိစိကိစ္ဆာ |
| ကြဿော် | ॥ | - | ကြဿော |
| မစ္ဆရိယ | ॥ | - | မစ္ဆရိယ |
| အဝိဇ္ဇာ | ॥ | - | မောဟ |

(၁၃၄၅-ခု အခြေပြုတန်း)

**(ဆောင်)** လော-ဒေါ-မာ-ဒိဋ္ဌိ, ဝိစိကိစ်နှင့်, ဥဒ်-ကြသ်-မစ္ဆရိ, မောဟထည့်, မှတ်ဘိ တရားကိုယ်။

## ❐ သုတ္တန်နည်း၌ မပါဝင်ဘဲ အဘိဓမ္မာနည်း၌သာ ပါဝင်သော သံယောဇဉ်တရားများ

ဘဝရာဂသံယောဇဉ်, ကြဿာသံယောဇဉ်, မစ္ဆရိယ သံယောဇဉ်တို့ ဖြစ်ပါသည်။

(၁၃၃၁-ခု အလတ်တန်း၊ ၆၂-ခု အကြီးတန်း)

## ❐ သံယောဇဉ်မမည်သော အကုသိုလ်စေတသိက်

အဟိရိက, အနောတ္တပ္ပ, ကုက္ကုစ္စ, ထိန, မိဒ္ဓ။

## ❐ တဗ္ဗတ္ထုကော တဏှာ အမိပ္ပေတာ-ဖြင့် သိစေအပ်သော အဓိပ္ပာယ်

ကာမသဒ္ဒါသည် ဝတ္ထုအာရုံ ကာမဂုဏ်ကို ဟောရင်း ဖြစ်သော်လည်း ကာမ-အရ ထိုဝတ္ထုအာရုံကာမဂုဏ်ကို

http://www.dhammadownload.com



တိုက်ရိုက် မယူဘဲ ထိုဝတ္ထု၊ အာရုံ၊ ကာမဂုဏ်၌ တည်သော ကာမတဏှာကို ဥာနူပစာအားဖြင့် ကောက်ယူရမည်။

(၁၃၃၇-ခု အကြီးတန်း)

## ❐ တထာပဝတ္တံ-ဖြင့် သိစေအပ်သောအဓိပ္ပာယ်

ဒိဋ္ဌိစေတသိက်တစ်ခုတည်းသည်ပင် သီလဗ္ဗတပရာမာသ အခြင်းအရာ၊ ဣဒံသစ္စာဘိနိဝေသ အခြင်းအရာ၊ အတ္တဝါဒုပါဒါန်အခြင်းအရာအားဖြင့် ဖြစ်သည်ကို ရည်ရွယ်၍ "တထာပဝတ္တံ"ဟု ဆိုသည်။

(၁၃၃၇-ခု အကြီးတန်း)

## ❐ အကျယ်ရှင်းပုံ

ဒိဋ္ဌိစေတသိတ်သည်-

(၁) "နွား, ခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်၊ သံသရာမှ လွတ်မြောက်လွယ်၏" ဟု ယူသောအခါ သီလဗ္ဗတပရာမာသဒိဋ္ဌိဖြစ်သည်။

(၂) "ဤငါ့အယူသာ အမှန်၊ ကျန်အယူအဆတွေ အမှားချည်းပဲ" ဟု စွဲမြဲစွာ ယူသောအခါ ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိဖြစ်သည်။

(၃) "အတ္တရှိ၏"ဟု စွဲလန်းသောအားဖြင့် ယူသောအခါ အတ္တဝါဒုပါဒါန်ဒိဋ္ဌိဖြစ်သည်။

(၁၃၃၇-ခု အကြီးတန်း)

http://www.dhammadownload.com


## ❐ ဈာန်တရားများဖြစ်ခွင့်မရအောင် ပိတ်ပင်တတ်သော ကိလေသာ

ကာမစ္ဆန္ဒ (လောဘ)၊ ဗျာပါဒ (ဒေါသ)၊ ထိန၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ နီဝရဏတရားများ ဖြစ်သည်။

(၁၃၂၈–ခု အကြီးတန်း)

## ❐ နောက်ဆုံးကိလေသာ ၅–ပါး

ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့ ဖြစ်ပါသည်။ (၁၃၆၀–ခု အခြေပြုတန်း)

## ❐ ကိလေသာ

စိတ်ကို ညစ်နွမ်းစေတတ်သောကြောင့် ကိလေသာ။

(၁၃၆၃–ခု အကြီးတန်း)

**(ဆောင်)** လော–ဒေါ–မာနေ, စထွေထွေတို့, ညစ်ပေစေမှု, စိတ်ကိုပြု, မှတ်ရှု ကိလေသာ။

## ❐ ကိလေသာသာမည်၍ အနုသယ မမည်သောတရား

ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ။

(၁၃၆၃–ခု အလတ်တန်း)

## ❐ ကိလေသာမည်သော အကုသိုလ်စေတသိက်

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မိဒ္ဓ ၄–ပါး။

(၁၃၃၂–ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ အနုသယမည်, မမည်သော ကိလေသာ

လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ ကိလေသာတို့သည် အနုသယမည်သည်၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့သည် အနုသယ မမည်ပါ။

(၁၃၆၃-ခု အလတ်တန်း)

## ❒ ကိလေသာ, သံယောဇဉ်နှစ်မည်ရ တရား

လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟ, ဥဒ္ဓစ္စ။

(၁၃၆၁-ခု အလတ်တန်း)

## ❒ အကုသလသာဓာရဏ ၄-ပါး၏ အကုသလသင်္ဂဟ၌ ပါဝင်သော အမည်

မောဟသည် အဝိဇ္ဇာသဝ, အဝိဇ္ဇောဃ, အဝိဇ္ဇာနီဝရဏ, အဝိဇ္ဇာသံယောဇဉ်, မောဟကိလေသာဟူသော ၅-ဌာနတို့ဖြင့် လည်းကောင်း၊ အဟိရိကနှင့် အနောတ္တပ္ပတို့သည် အဟိရိကကိလေသာ, အနောတ္တပ္ပကိလေသာဟူသော ၁-ဌာနစီဖြင့်လည်းကောင်း၊ ဥဒ္ဓစ္စသည် ဥဒ္ဓစ္စသံယောဇဉ်, ဥဒ္ဓစ္စကိလေသာဟူသော ၂-ဌာနဖြင့် လည်းကောင်း အကုသလသင်္ဂဟ၌ ပါဝင်ကြပါသည်။

(၁၃၆၃-ခု အကြိုးတန်း)

http://www.dhammadownload.com


## ၄။ သမုစ္စည်းပိုင်း အကုသလသင်္ဂဟ၌လာ ကာမတရားကိုယ်

တဏှာ (လောဘ)

သာဓက– အာသဝါဒီသုံ ပနေတ္ထ ကာမဘဝနာမေန
တဗ္ဗတ္ထုကာ တဏှာ အဓိပ္ပေတာ။

(၁၃၆၃–ခု အလတ်တန်း)

## ။ တစ်ဌာနသာရသော အကုသလသင်္ဂဟတရားများ

ကုက္ကုစ္စ, မိဒ္ဓ, အဟိရိက, အနောတ္တပ္ပ, ဣဿာ,
မစ္ဆရိယ

(ဆောင်) လောကုတ်မည်ရှိ၊ ဒိဋ္ဌိရှစ်မည်၊ ခုနစ်မည် မောဟ၊ ငါး၀
ဒေါသာ၊ ကန်ါလေးထုတ်၊ မနုဒ္ဒဿ၊ သုံးမည် ရဏ်ါ။ ထိန
နှစ်မည်၊ ကြွင်းသည် ခြောက်၀၊ တစ်မည်ရ၊ ပေါင်းကစုဒ္ဒသ။

(ရှေး)

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဒေါသမူစိတ္တုပ္ပါဒ်၏ ဈာနင်၊ မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်တို့၌ ရသင့်သောအမည်များ

ဒေါသမူစိတ္တုပ္ပါဒ်သည် ဈာနင်အားဖြင့် ဝိတက်, ဝိစာရ, ဧကဂ္ဂတာ, ဒေါမနဿဈာနင်အမည်ရနိုင်သည်။

မဂ္ဂင်အားဖြင့် မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ, မဂ္ဂင် အမည်ရနိုင်သည်။

ဣန္ဒြေအားဖြင့် ဝီရိယိန္ဒြေ၊ မနိန္ဒြေ၊ ဒေါမနဿိန္ဒြေ အမည် ရနိုင်သည်၊ ဗိုလ်အားဖြင့် ဝီရိယ, သမာဓိ, အဟိရိက, အနောတ္တပ္ပ ဗိုလ်အမည်ရနိုင်သည်။

(၁၃၃၇-ခု အလတ်တန်း)

## ❑ ဈာန်

အာရုံသို့ကပ်၍ ရှုတတ်သောကြောင့်လည်းကောင်း၊ ဆန့်ကျင်ဘက်တရားတို့ကို လောင်မြိုက်စေတတ်သော ကြောင့် လည်းကောင်း ဈာန်မည်ပါသည်။

(၁၃၆၃-ခု အကြီးတန်း)

## ❑ ဥပေက္ခာဈာနင်-အရ

စက္ခု, သောတ, ဃာန, ဇိဝှါဝိညာဏ်ကြဉ်သော

http://www.dhammadownload.com


ဥပေက္ခာ ၄၇-၌ရှိသော ဝေဒနာ။
သာဓက- ပဋ္ဌဝိညာဏေသု ဈာနင်္ဂါနိ။

(၁၃၆၄-ခု အငယ်တန်း)

## ကြက်တစ်ကောင်ကိုသတ်နေစဉ် ရနိုင်သောဈာန်

ကြက်တစ်ကောင်ကို သတ်လျှင် ဒေါသစိတ်ဖြင့် သတ်ရ၏။ ထို့ကြောင့် ထိုအခိုက်၌ ဒေါသမူစိတ် ဖြစ်နေရပါသည်။

ထိုဒေါသမူစိတ်၌ ယှဉ်သည့် စေတသိက်များတွင် "ဈာန်အင်္ဂါ"ထိုက်သည့်တရားတို့မှာ (၁) ဝိတက်၊ (၂)ဝိစာရ၊ (၃) ဝေဒနာ (ဒေါမနဿ)၊ (၄) ဧကဂ္ဂတာတို့ ဖြစ်ပါသည်။ ဈာန်အင်္ဂါ(၄)ပါးရှိလျှင် ဒုတိယဈာန်ဟု ဆိုသောကြောင့် ကြက်တစ်ကောင်သတ်နေစဉ် ဒုတိယဈာန် ရနိုင်ပါသည်။ သင်္ဂဟ၌လည်း "သတ္တ ဈာနင်္ဂါနိ ဝိတက္ကော ဝိစာရော ပီတိ ဧကဂ္ဂတာ သောမနဿံ ဒေါမနဿံ ဥပေက္ခာ" ဟု ဒေါသမူစိတ်၌ "ဈာန်အင်္ဂါ" (၄)ပါး ရှိကြောင်း ပြဆိုထားပါသည်။

(၁၃၆၁-ခု အကြီးတန်း)

## နဝဓာ ပါပသင်္ဂဟ၌ နဝ-အရ

အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်၊ ကိလေသာ။

http://www.dhammadownload.com


## ❒ အကုသလသင်္ဂဟ–၌ ဍာနကြီး ၉–ပါး

အာသဝ, သြဃ, ယောဂ, ဂန္ထ, ဥပါဒါန်, နီဝရဏ, အနုသယ, သံယောဇန, ကိလေသာအားဖြင့် ကိုးဍာန။

## ❒ မောဟပါဝင်သော ဍာနများ

အာသဝ, သြဃ, ယောဂ, နီဝရဏ, အနုသယ, သံယောဇန, ကိလေသာအားဖြင့် ၇–ဍာန။

(၁၃၃၀–ခု အကြီးတန်း)

## ❒ အပါယ်ဘုံသို့ ပို့သောမဂ္ဂင်

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ။

(၁၃၅၀–ခု အကြီးတန်း)

## ❒ မိစ္ဆာဒိဋ္ဌိ စသော ၄–ပါးတို့ မဂ္ဂင်မည်ခြင်းအကြောင်း

မိစ္ဆာဒိဋ္ဌိ စသည်တို့သည် ဒုဂ္ဂတိသို့ ရောက်ကြောင်း ဖြစ်သောကြောင့် မဂ္ဂင်မည်သည်။

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com

## အပါယ်လားကြောင်း မဂ္ဂင်

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ။ (၁၃၆၃-ခု အကြီးတန်း)

## တိရစ္ဆာန်နှင့် မဂ္ဂင်

တိရစ္ဆာန်များသန္တာန်၌ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ ဟူသော အကုသိုလ်မဂ္ဂင်များ ဖြစ်နိုင်ပါသည်။

**(တစ်နည်း)** တိရစ္ဆာန်များသန္တာန်၌ ဆိုခဲ့ပြီးသော အကုသိုလ်မဂ္ဂင်လေးပါးသာ အဖြစ်များသည်၊ မဟာကုသိုလ် မှာယှဉ်သော လောကီကုသိုလ်မဂ္ဂင်ဖြစ်သော သမ္မာဒိဋ္ဌိ စသော မဂ္ဂင် ၈-ပါးတို့လည်း ရံခါ ရနိုင်ပါသည်။

## ရှင်းလင်းချက်

တိရစ္ဆာန်ဖြစ်သော အလောင်းတော်ယုန်မင်း, အလောင်းတော် သခ်ပါလနဂါးမင်းတို့ ပါရမီကုသိုလ်တို့ကို ဖြည့်ကျင့်သော ထုံးရှိသောကြောင့်လည်းကောင်း၊ တိရစ္ဆာန် ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်တို့သန္တာန်မှာ မဟာကုသိုလ်စိတ် ဖြစ်နိုင်သောကြောင့်လည်းကောင်း မဟာကုသိုလ်မှာ ယှဉ်သည့် သမ္မာဒိဋ္ဌိစသော လောကီကုသိုလ်မဂ္ဂင်တို့လည်း တိရစ္ဆာန်များသန္တာန်မှာ ရနိုင်ပါသေးသည်။

http://www.dhammadownload.com


သာဓက - လောကိယေပိ ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။ (၁၃၃၃-ခု အကြီးတန်း)

## ❑ မိဿကသင်္ဂဟလာ သမ္မာသမာဓိမဂ္ဂင်အရ

သောဘနစိတ် ၅၉-ခု၌ရှိသော ဧကဂ္ဂတာ။

(၁၃၆၄-ခု အလတ်တန်း)

## ❑ မဂ္ဂင်များသည် သတ္တဝါများကို အပါယ်သို့လည်း ပို့ဆောင်နိုင်သည် ဟူသောစကား

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ တို့သည် ဒုဂ္ဂတိသို့ ရောက်ကြောင်း အကုသိုလ်မဂ္ဂင်များ ဖြစ်သောကြောင့် လက်ခံရမည်။ (၁၃၃၄-ခု အကြီးတန်း)

## ❑ သမ္မာဒိဋ္ဌိတရားကိုယ်

ကာမာဝစရသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂-ခု၊ မဟဂ္ဂုတ်, လောကုတ္တရာ ၃၅-ခုအားဖြင့် တိဟိတ်စိတ် ၄၇-ပါး၌ရှိသော ပညာစေတသိက်။ (၁၃၆၂-ခု အကြီးတန်း)

## ❑ မိစ္ဆာသမာဓိတရားကိုယ်

ဝိစိကိစ္ဆာကြဉ် အကုသိုလ်စိတ် ၁၁-ခု၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် မိစ္ဆာသမာဓိမည်၏။

http://www.dhammadownload.com


**အထောက်** တထာ ဝိစိကိစ္ဆာစိတ္တေ ကေဂ္ဂတာ မဂ္ဂင်္ဂြိယဗလဘာဝံ န ဂစ္ဆတိ။

(၁၃၆၃-ခု အငယ်တန်း၊ ၄၀-ခု, ၆၄-ခု အလတ်တန်း၊ ၆၃-ခု အကြီးတန်း)

## ❐ အရိယာ့ဣန္ဒြေ

အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ။ (၁၃၅၇၊ ၆၃-ခု အကြီးတန်း)

## ❐ ရုပ်သက်သက် ဣန္ဒြေ

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ပေါင်း ၇-ပါး။

(၁၃၆၄-ခု အငယ်တန်း)

## ❐ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏ ကိုယ်ပိုင်ဣန္ဒြေ

အနညာတညဿာမိတိန္ဒြေ။

(၁၃၆၃-ခု အငယ်တန်း)

## ❐ အရိယာတို့နှင့်သာဆိုင်သော ဣန္ဒြေများနှင့် တရားကိုယ်

အနညာတညဿာမိတိန္ဒြေ- သောတာပတ္တိမဂ်ဉာဏ်။

အညာတာဝိန္ဒြေ - အရဟတ္တဖိုလ်ဉာဏ်၊

http://www.dhammadownload.com



အညိန္ဒြေ - အလယ်လောကုတ္တရာ ဉာဏ် ၆-ခု။

သာဓက- ဣန္ဒြိယေသု ပနေတ္ထ သောတာပတ္တိမဂ္ဂဉာဏံ အနညာတညဿာမီတိန္ဒြိယံ၊ အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ၊ မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စန္တိ။ (၁၃၆၄-ခု အကြီးတန်း)

**အရိယာဣန္ဒြေ**

အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ။ (၁၃၆၃-ခု အလတ်တန်း)

**အရိယာပုဂ္ဂိုလ်များသာရနိုင်သော ဣန္ဒြေများနှင့် ပုဂ္ဂိုလ်များ**

အနညာတညာဿာမီတိန္ဒြေ- သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။

အညတာဝိန္ဒြေ - အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။

အညိန္ဒြေ - အထက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်၊ အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်။

(၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com



### ❑ ပုထုဇဉ်မရထိုက်သော ဉာဏ်တို့များနှင့် တရားကိုယ်

အနညာတညဿာမီတိန္ဒြေ=သောတာပတ္တိ မဂ်ဉာဏ်၊

အညိန္ဒြေ= အလယ်လောကုတ္တရာဉာဏ် ၆– ပါး၊

အညာ တာဝိန္ဒြေ=အရဟတ္တဖိုလ်ဉာဏ်။

(၁၃၆၁–ခု, ၆၃–ခု အငယ်တန်း)

### ❑ လောကုတ္တရာနယ်ပယ် အရိယာတို့သန္တာန်၌ဖြစ်သော ဉာဏ်တို့များအရ

အနညာတညဿာမီတိန္ဒြေအရ–သောတာပတ္တိမဂ်၌ ပညာ၊

ပညိန္ဒြေ–အရ အလယ်လောကုတ္တရာ ၆–ပါး၌ပညာ

အညာတာဝိန္ဒြေ–အရ အရဟတ္တဖိုလ်ပညာ။

(၁၃၆၃–ခု အငယ်တန်း)

### ❑ သေက္ခ, အသေက္ခ ပုဂ္ဂိုလ်တို့နှင့်သာဆိုင်သော ဉာဏ်တို့၏ တရားကို ပြပါ၌

ဣန္ဒြိယေသု ပနေတ္ထ သောတာပတ္တိမဂ္ဂဉာဏံ အနညာတညဿာမီတိန္ဒြိယံ။ (သေက္ခ)

http://www.dhammadownload.com



အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ။ (အသေက္ခ)
မဂ္ဂျေ ဆ ဉာဏာနိ အညိန္ဒြိယာနိတိ ပဝုစ္စန္တိ။
(သေက္ခ)
(၁၃၂၈-ခု အလတ်တန်း)

## ❑ အညာတာဝိန္ဒြေတရားကိုယ်

အရဟတ္တဖိုလ်၌ရှိသော ပညာသည် အညာတာဝိန္ဒြေ မည်သည်။

သာဓက - အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ။
(၁၃၆၃-ခု အငယ်တန်း)

## ❑ ကာမဘုံသားများဆိုင်သော ဈာနင်္ဂ

ဃာန၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိ၊ ပုရိသ၊ သုခ၊ ဒုက္ခ၊ ဒေါမနဿ။
(၁၃၆၃-ခု အကြီးတန်း)

## ❑ သတ္တဝါဟု ခေါ်ဝေါ်ပညတ်ခြင်း၌ အထူးအရေးပါသည့် ဣန္ဒြေ

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေအားဖြင့် ၆-ပါး။
(၁၃၅၅-ခု အကြီးတန်း)

http://www.dhammadownload.com



**❐ ပုထုဇဉ်အပျိုစင်တစ်ယောက်၏ သန္တာန်၌ မရနိုင်သော ကူစိတ်များ**

ပုရိသိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေတို့ ဖြစ်ပါသည်။

(၁၃၆၀–ခု အခြေပြုတန်း)

**❐ မိန်းမချောလေးတစ်ယောက်၌ ရနိုင်သောရုပ်ကူစိတ်များ**

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ဇီဝိတိန္ဒြေ။

**❐ ပုထုဇဉ်မိန်းမသား၌ ရထိုက်သော ကူစိတ်များ**

စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဣတ္ထိ, ဇီဝိတ, မန, သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟူသော ကူစိတ် ၁၈–ပါး။

(၁၃၅၂–ခု အကြိုတန်း)

**❐ လောကီသက်သက်ကူစိတ်များ**

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေ။

(၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



### ❑ ပုထုဇဉ်မရနိုင်သော ဣန္ဒြေများ

အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ။ (၁၃၆၁-ခု အလတ်တန်း)

### ❑ လောကီ, လောကုတ် နှစ်မျိုးပါဝင်သော ဣန္ဒြေများ

ဇီဝိတ, မန, သောမနဿ, ဉပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ ဤ ၈-ပါးသည် လောကီလောကုတ္တရာ အရောဖြစ်သည်။ (၁၃၂၈-ခု အကြီးတန်း)

### ❑ နာမ်ဣန္ဒြေများ

ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဉပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေအားဖြင့် ၁၂-ပါး။

(၁၃၆၁-ခု အငယ်တန်း)

### ❑ ဗောဓိဣန္ဒြေ

အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ။

(၁၃၅၆-ခု အကြီးတန်း)

### ❑ ရုပ်၊ နာမ် နှစ်ပါးစုံ ရသော ဣန္ဒြေ

ဇီဝိတိန္ဒြေ

http://www.dhammadownload.com



အထောက် - ဇီဝိတိန္ဒြိယဥ္စ ရူပါရူပဝသေန ဒွေဓိ ဟောတိ။ (၁၃၆၃-ခု အငယ်တန်း)

## ❑ အခြားဣန္ဒြေထိုက်သော စေတသိက်များ ရှိပါလျက် ဇီဝိတနှင့် ပညာကိုသာ ဇီဝိတိန္ဒြေ,ပညိန္ဒြေဟု ဆိုရခြင်း အကြောင်း

အခြားစေတသိက်များထက် လွန်လွန်ကဲကဲ မိမိတို့ ကိစ္စ၌ အစိုးရသောကြောင့် ဇီဝိတနှင့် ပညာကိုသာ ဇီဝိတိန္ဒြေ, ပညိန္ဒြေဟု ဆိုရသည်။ (၁၃၆၁-ခု အငယ်တန်း)

## ❑ ညစ်နွမ်းကြောင်းဣန္ဒြေ

ဝေဒနိန္ဒြေ ၅-ပါး

## ❑ ဖြူစင်ကြောင်း ဣန္ဒြေများ

သဒ္ဓိန္ဒြေစသော ၅-ပါး။ (၁၃၆၃-ခု အကြီးတန်း)

## ❑ တရားကိုယ်အားဖြင့် တစ်ပါးတည်းသာဖြစ်ပါလျက် ပညိန္ဒြေ စသည်ကို လေးပါးခွဲ၍ ဟောရခြင်းအကြောင်း

ဓမ္မသရူပဝိဘာဝန (တရားသရုပ်ထင်ရှားပြခြင်း) အကျိုးငှာ ပညိန္ဒြေကို ဟောသည်။ ပုဂ္ဂလဇ္ဈာသယ, ကိစ္စ ဝိသေသနဝိဘာဝန (ပုဂ္ဂိုလ်၏အလို အဇ္ဈာသယ

http://www.dhammadownload.com



ကိစ္စ အထူးကို ထင်ရှားပြခြင်း) အကျိုး၄ာ အနညာတ ညသာ မိတိန္ဒြေ စသော သုံးပါးကိုဟောသည်။

(၁၃၅၄–ခု၊ ၆၁–ခု၊ ၆၂–ခု၊ ၆၃–ခု အကြိုးတန်း)

## ☐ ဣန္ဒြေ ၂၂–ပါး ရှိပါလျက် ဣန္ဒြေတရားကိုယ် ၁၆–ပါးသာ ရှိခြင်းအကြောင်း

ဝေဒနိန္ဒြေ ၅–ပါးတို့ကို ဝေဒနာတရားကိုယ် ၁–ပါးအဖြစ်ဖြင့်လည်းကောင်း၊ ပညိန္ဒြေ စသော ၄–ပါးတို့ကို ပညာတရားကိုယ် ၁–ပါးအဖြစ်ဖြင့်လည်းကောင်း၊ ဇီဝိတိန္ဒြေကို ရုပ်ဇီဝိတ, နာမ် ဇီဝိတ တရားကိုယ် ၂–ပါး အဖြစ်ဖြင့်လည်းကောင်း ယူရသောကြောင့် ဣန္ဒြေ တရားကိုယ် ၁၆–ပါးသာ ဖြစ်ရပါသည်။

(၁၃၆၃–ခု အကြိုးတန်း)

## ☐ ဣတ္ထိန္ဒြိယရုပ်နှင့် ဇီဝိတိန္ဒြိယရုပ်တို့ အစိုးရရာဌာန

ဣတ္ထိန္ဒြိယသည် ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပတို့၌ အစိုးရ၏ ဇီဝိတိန္ဒြိယသည် မိမိနှင့် ဖြစ်ဖက် ကမ္မဇရုပ်များကို အစိုးရ၏။

(၁၃၂၅–ခု အလတ်တန်း)

## ☐ အစိုးရပုံ အထူး

ဣတ္ထိလိင် စသည်တို့၌ (မိမိတို့၏ ကံစသော အကြောင်းကြောင့် ဖြစ်ရသော်လည်း) များသောအားဖြင့်

http://www.dhammadownload.com



ဘာဝရုပ်ရှိသူ သန္တာန်၌သာလျှင် လက်,ခြေ ပုံသဏ္ဌာန်ကြီးခြင်း၊ ငယ်ခြင်း စသော အခြင်းအရာအားဖြင့် ဖြစ်ရသည်။

ဣတ္ထိဘာဝရုပ်ရှိသူ သန္တာန်မှာ ဣတ္ထိဘာဝရုပ်၏ အမိန့် အာဏာအတိုင်း ဣတ္ထိလိင်စသည်တို့ ဖြစ်ရသည်ဟုလို။ ဤသို့ ဣတ္ထိန္ဒြိယသည် ဣတ္ထိလိင် စသည်၌ အစိုးရသည်။

ဇီဝိတရုပ်က စောင့်ရှောက်ထောက်ပံ့မှုကြောင့်သာ ကမ္မဇရုပ်များ ခဏငယ် ၅၁-ချက်ခန့် အသက်ရှည်နိုင်ကြသည်။ ဤသို့ ဇီဝိတိန္ဒြိယသည် ကမ္မဇရုပ်များကို စောင့်ရှောက်ခြင်း ကိစ္စ၌ အစိုးရသည်။

(၁၃၂၅-ခု အလတ်တန်း)

## ❒ အနညာတညဿာမီတိန္ဒြေ စသည်တို့ အဓိပ္ပာယ်

အနမတဂ္ဂသံသရာ၌ မသိအပ်ဖူးသေးသော နိဗ္ဗာန်ကိုလည်းကောင်း၊ သစ္စာတရားကိုလည်းကောင်း သိအောင်အားထုတ်အံ့ဟူသော အဇ္ဈာသယဖြင့် ကျင့်သော ပုဂ္ဂိုလ်၏ ဣန္ဒြေသည် အနညာတညဿာမီတိန္ဒြေမည်၏။

ပဌမမဂ်သည် မြင်အပ်ပြီးသော သစ္စာလေးပါး အပိုင်းအခြားကို မလွန်မူ၍ သိတတ်သော ဣန္ဒြေသည် အညိန္ဒြေမည်၏။

http://www.dhammadownload.com


သစ္စာလေးပါးတို့ကို ထိုးသွင်းကာ သိပြီး၍တည့်သော ရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေသည် အညာတာဝိန္ဒြေ။
(၁၃၆၂-ခု အကြီးတန်း)

## ❑ မိဿက သင်္ဂဟလာ သမာဓိဗိုလ်အရ

သမာဓိဗိုလ်အရ ဝီရိယ မယှဉ်သောစိတ် ၁၆-ခုနှင့် ဝိစိကိစ္ဆာ ပေါင်း ၁၇-ခုတို့မှ ကြွင်းသော စိတ် ၇၂-ခု၌ရှိသော ဧကဂ္ဂတာ။ (၁၃၆၄-ခု အလတ်တန်း)

## ❑ သမာဓိဗိုလ် မရသောတရား

ဝီရိယမယှဉ်သောစိတ် ၁၆-ခုနှင့် ဝိစိကိစ္ဆာ၊ ပေါင်း ၁၇-ခု။ (၁၃၆၁-ခု အကြီးတန်း)

## ❑ သူပုဂ္ဂိုလ်: ဗိုလ်ဖြစ်နိုင်/မဖြစ်နိုင်

လူပုဂ္ဂိုလ်များ ဗိုလ် မဖြစ်နိုင်ပါ။

သာဓက - အဝီရိယေသု ဗလာနိ န လဗ္ဘန္တိ။ (၁၃၆၁-ခု အကြီးတန်း)

## ❑ ဗိုလ်မဖြစ်နိုင်သော စိတ်

ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃-ခုအားဖြင့် ၁၆-ပါးဖြစ်သည်။
(၁၃၆၁-ခု အလတ်တန်း)

http://www.dhammadownload.com


## ❏ ပဉ္စဝိညာဏသည် ဈာနင်္ဂါနိဖြင့် သိစေအပ်သောအဓိပ္ပာယ်

ပဉ္စဝိညာဏ်တို့သည် ဝိတက်ကင်းသည့်အတွက် အာရုံတို့၌ ရေးရှုကျကာမျှ ဖြစ်သောကြောင့် ထိုပဉ္စဝိညာဏ်တို့၌ ရှိသော ဥပေက္ခာ, သုခ, ဒုက္ခတို့ကို ဥပနိဇ္ဈာနာကာရ မရှိခြင်းကြောင့် ဈာနင်အဖြစ်ဖြင့် မထုတ်ဆောင်အပ်ကြ။

(၁၃၆၁–ခု အကြီးတန်း)

## ❏ ဈာနင်မရထိုက်သော စိတ်များ

ဒွေပဉ္စ ဝိညာဏ် ၁၀–တို့သည် ဈာနင်မရထိုက်ပါ။

အထောက် – ပဉ္စဝိညာဏကာသု ဈာနင်္ဂါနိ။

(၁၃၆၁–ခု အငယ်တန်း)

## ❏ ပဉ္စဝိညာဏ်သု ဈာနင်္ဂါနိ အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ၏အဓိပ္ပာယ်

ဒွေပဉ္စဝိညာဏ် ၁၀–တို့သည် ဝိတက်ကင်းသဖြင့် အာရုံ၌ ရေးရှုကျရောက်ခါမျှဖြစ်၍ ထိုပဉ္စဝိညာဏ် ၁၀–တို့၌ ဥပေက္ခာ,သုခ,ဒုက္ခတို့ရှိသော်လည်း ဥပနိဇ္ဈာန အခြင်းအရာ မရှိသောကြောင့် ဒွေပဉ္စဝိညာဉ် ၁၀–တို့၌ ဈာနင် မရအပ်ကုန်။

ဟိတ်ကင်းသောကြောင့် အဟိတ်စိတ်တို့၌ မဂ္ဂင် မရအပ်ကုန်။ (၁၃၃၃–ခု အလတ်တန်း)

http://www.dhammadownload.com


❒ **ဝီရိယဗိုလ်-အရ**

ဝီရိယနှင့်ယှဉ်သောစိတ် ၇၃-ခု၌ရှိသော ဝီရိယ စေတသိက်။ (၁၃၆၃-ခု အကြီးတန်း)

❒ **ရဟန္တာသုံးပါး၌ ယုံမှားမှုနှင့်ယှဉ်သော ဧကဂ္ဂတာ အပါယ် ဒုဂ္ဂတိလမ်းကြောင်း မဖြစ်နိုင်**

တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ န ဂစ္ဆတိကို ထောက်ပါ။

(၁၃၆၃-ခု အကြီးတန်း)

❒ **ဝိစိကိစ္ဆာ၌ရှိသော ဧကဂ္ဂတာ မဂ္ဂင်, ဣန္ဒြေ, ဗိုလ်မထိုက်ခြင်း အကြောင်း**

အဓိမောက္ခမှ ကင်းသည့်အတွက် စိတ်၏ တည် ကြည်ရုံမျှသာ ဖြစ်သောကြောင့် မိစ္ဆာသမာဓိ၊ သမာဓိန္ဒြေ, သမာဓိဗိုလ်အဖြစ်သို့ မရောက်ပါ။

(၁၃၆၂-ခု အကြီးတန်း)

❒ **မိဿကသင်္ဂဟ၌ ပညိန္ဒြေပါဝင်သော သင်္ဂဟများ**

အမောဟဟိတ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဝီမံသာဓိပတိအားဖြင့် ၅-မျိုး။ (၁၃၃၆-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ အဓိပတိ ၄-ပါးတို့၏ တရားကိုယ်

၁။ ဆန္ဒာဓိပတိ – ဒွိဟိတ်, တိဟိတ် ဟူသော သာဓိပတိဇော ၅၂-ခု၌ ရှိသော ဆန္ဒစေတသိက်။

၂။ ဝီရိယာဓိပတိ – ဒွိဟိတ်, တိဟိတ်ဟူသော သာဓိပတိဇော ၅၂-ခု၌ ရှိသော ဝီရိယ စေတသိက်။

၃။ စိတ္တာဓိပတိ – ဒွိဟိတ်, တိဟိတ် ဟူသော သာဓိပတိဇော ၅၂-ခု။

၄။ ဝီမံသာဓိပတိ – သာဓိပတိ တိဟိတ်ဇော ၃၄-ခု၌ရှိသော ပညာ။

အကိုးပါဠိ – ဒွိဟေတုက တိဟေတုကဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဓေကာဝ လဗ္ဘတိ။

(၁၃၆၄-ခု အငယ်တန်း)

## ❒ စိတ္တာဓိပတိအမည်ရသော ဖိုလ်စိတ်

ဖိုလ်စိတ် ၄-ခု၊

အထောက် – ဒွိဟေတုကတိ ဟေတုကဇဝနေသွေ ယထာသမ္ဘဝံ အဓိပတိ ဓေကာဝ လဗ္ဘတိ။

(၁၃၆၃-ခု အငယ်တန်း)

F16A

http://www.dhammadownload.com


## ❑ ဝီရိယာဓိပတိ-အရ

သာဓိပတိဇော ၅၂-ခု၌ရှိသော ဝီရိယစေတသိက်

(၁၃၆၃-ခု အကြီးတန်း)

## ❑ အသိစိတ်ဖြင့် တံတားဆောက်သော အကြီးအကဲ၏ စိတ်သည် အဓိပတိထိုက်

"အသိစိတ်ဖြင့်"ဟုဆိုသောကြောင့် တိဟိတ်ဇော ဖြစ်သည်။ တိဟိတ်သည် အဓိပတိထိုက်ပါသည်။

သာဓကေ - ဒွိဟေတုကတိဟေတုကဇဝနေသွေဝ ပ ကာ သမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ။

(၁၃၆၃-ခု အလတ်တန်း)

## ❑ အဓိပတိရထိုက်သောစိတ်

ဒွိဟိတ် ဇော ၁၈-ပါး၊ တိဟိတ်ဇော ၃၄-ပါး အားဖြင့် သာဓိပတိ ဇော ၅၂-ပါး။

(၁၃၆၁-ခု အငယ်တန်း)

## ❑ အဓိပတိ မရထိုက်သောစိတ်

မောဟမူစိတ် ၂-ပါး၊ အဟိတ် ၁၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉-ပါး၊ ပေါင်း ၃၇-ပါး။

http://www.dhammadownload.com



အထောက် - ဒွိဟေတုက တိဟေတုကဇဝနေ သွေဝ ယထာသမ္ဘဝံ အဓိပတိ ဓောဝ လဗ္ဘတိ။

(၁၃၆၃-ခု အကြီးတန်း)

## ☐ ဒွိဟေတုကတိဟေတုကစသည်၌ ဇဝန စသည်ဖြင့် ပယ်မြစ်အပ်သောတရား

ဇဝနသဒ္ဒါဖြင့် လောကီဝိပါက်တို့ကို တားမြစ်သည်။ ဒွိဟေတုက, တိဟေတုက သဒ္ဒါဖြင့် ကေဟိတ်ဇော, အဟိတ်ဇော တို့ကို တားမြစ်သည်။

## ☐ ပယ်မြစ်ခြင်းအကြောင်း

လောကီဝိပါက်စိတ်တို့သည် ဆန္ဒစသည်ကို ရှေ့သွားပြု၍ မဖြစ်သောကြောင့်လည်းကောင်း၊ ကေဟိတ်ဇော, အဟိတ်ဇောတို့သည် ဆန္ဒနှင့် မယှဉ်သောကြောင့်လည်းကောင်း ယင်းတရားတို့ကို ပယ်မြစ်ရပါသည်။

(၁၃၆၁-ခု အကြီးတန်း)

## ☐ ဒွိဟေတုကတိဟေတုကသဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်

ကေဟိတ်ဇောတို့၌ အဓိပတိမရှိသည်ကို သိစေသည်။

http://www.dhammadownload.com


## ❒ ဝေသဒ္ဓါဖြင့်

လောကီဝိပါက်စိတ်တို့၌ အဓိပတိမဖြစ်သည်ကို သိစေသည်။ (၁၃၃၃-ခု အကြီးတန်း)

## ❒ ဒွိဟေတုကတိဟေတုကဇနေသွေ၀ ယထာသမ္ဘဝံ၌ ယထာသမ္ဘဝံ အဓိပ္ပာယ်

ဒွိဟိတ်ဇောတို့၌ ဝီမံသာဓိပတိမဖြစ်သင့်သော ကြောင့် လည်းကောင်း၊ စိတ္တာဓိပတိသင်္ဂါဂြိုဟ်ရ ဥပနိဿယ၏ ဒွိဟိတ်ဇော တိဟိတ်ဇောအားဖြင့် ဖြစ်သင့်သည် အားလျော်စွာ ဖြစ်ခြင်းကြောင့်လည်းကောင်း သင့်လျော်သည့်အဓိပတိ တစ်ပါးပါး ကိုသာလျှင် ရအပ်သည်၏ အဖြစ်ကို ရည်ရွယ်၍ ယထာ သမ္ဘဝံဟု ဆိုသည်။ (၁၃၃၄-ခု အကြီးတန်း)

## ❒ ဧကောဝအဓိပ္ပာယ်

တိုင်းပြည်တစ်ပြည်မှာ ရှင်ဘုရင်တစ်ပါးသာ ရှိသကဲ့သို့ အထက်သန်ဆုံး တရားတစ်ပါးသည်သာ အဓိပတိထိုက်သည်ဟုသိစေခြင်းငှာ ဧကောဝဟု ဆိုသည်။

(၁၃၃၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ ဗိုလ်အမည်ရခြင်း အကြောင်း

အဿဒ္ဓိယ, ကောသဇ္ဇ, ပမာဒ, ဥဒ္ဓစ္စ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပဟု ဆိုအပ်ကုန်သော ဆန့်ကျင်ဘက် တရားတို့ကြောင့် မတုန်လှုပ်တတ်သော အနက်သဘော ကြောင့်လည်းကောင်း၊ သမ္ပယုတ် တရားတို့၌ မြဲမြံခိုင်ခန့် သည်၏ အဖြစ်ကြောင့်လည်းကောင်း သဒ္ဓါ စသော ၇- ပါး သည် ဗိုလ်မည်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

## ❒ အဟိရိက, အနောတ္တပ္ပတို့ ဗိုလ်မည်ခြင်းအကြောင်း

သမ္ပယုတ်တရားတို့၌ မြဲမြံသည်၏အဖြစ်ဟု ဆိုအပ် သောအကြောင်းကြောင့် အဟိရိက, အနောတ္တပ္ပတို့သည် ဗိုလ် မည်ပါသည်။ (၁၃၆၃-ခု အကြီးတန်း)

## ❒ သမာဓိဗိုလ်၏ တရားကိုယ်

ဒွေပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခု၊ ဝိစိကိစ္ဆာကြဉ်သောစိတ် ၇၂-ခု၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမာဓိဗိုလ်မည်၏။

(၁၃၃၃-ခု အလတ်တန်း)

## ❒ ဗိုလ်တရား

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရိဗိုလ်, ဩတ္တပ္ပဗိုလ်။

(၁၃၅၀-ခု အငယ်တန်း)

http://www.dhammadownload.com



## ❒ စိတ္တာဓိပတိ-၌ စိတ္တ-အရ

ဒွိဟိတ်ဇော ၁၈-ခု၊ တိဟိတ်ဇော ၃၄-ခုဟု ဆိုအပ်သော သာဓိပတိဇော ၅၂-ခုကို ယူရမည်။

သာဓကေ - ဒွိဟေတုကတိဟေတုကဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ။

(၁၃၆၂-ခု အကြီးတန်း)

## ❒ အဓိပတိနှင့် ဣန္ဒြေတို့အထူး

မိမိမှအခြားသော အဓိပတိဖြစ်နိုင်သော တရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်ခြင်း၏အစွမ်းအားဖြင့် အစိုးရခြင်းသည် အဓိပတိမည်၏။

အခြားသော ဣန္ဒြေတို့ရှိလျက် မြင်ခြင်းအစရှိသော ကိစ္စတို့၌ စက္ခုဝိညာဏ်အစရှိသော တရားတို့ကို မိမိအလိုသို့ လိုက်စေခြင်းအားဖြင့် အစိုးရခြင်းသည် ဣန္ဒြေ မည်ပါသည်။ (ဝါ) ကိုယ့်ဆိုင်ရာ ကိစ္စ၌ ကိုယ်သာအစိုးရ၍ သူတစ်ပါးကိစ္စ တို့၌ အစိုးရခြင်းကို မတားမြစ်သောအားဖြင့် အစိုးရခြင်း သည် ဣန္ဒြေမည်၏။ ဤသို့ ထူးသည်။

(၁၃၆၁-ခု၊ ၆၂-ခု၊ ၆၃-ခု အကြီးတန်း)

**(ဆောင်)** အဓိပတိမျိုး၊ အုပ်ချုပ်စိုးကား၊ ပြိုင်ရိုးမရှိ၊ တပါးတည့်ပေ၊ ဘုရင်အနေတည်း၊ ဣန္ဒြေကား၊ မှူးမတ်လားသို့၊ သူများကိစ္စ၊ သူ့အလိုကျအောင်၊ လိုက်ရပြီးကာ၊ ကိုယ့်ဆိုင်ရာဝယ်၊ ကိုယ်သာလွှမ်းမိုး၊ အုပ်ချုပ်စိုးသည်၊ နှစ်မျိုးသည်ပုံ ကွဲသတည်း။

http://www.dhammadownload.com



## ❏ အာဟာရ ၄–ပါး၏ တရားကိုယ်

| | | |
|---|---|---|
| ၁။ ကဗဠီကာရာဟာရ | – | ဩဇာလျှင် ၈–ခု မြောက် ရှိသော အာဟာရရုပ်၊ |
| ၂။ ဖဿာဟာရ | – | ဖဿစေတသိက် |
| ၃။ မနောသဉ္စေတနာဟာရ | – | လောကီ ကုသိုလ် အကုသိုလ် စေတနာ စေတသိက်၊ |
| ၄။ ဝိညာဏာဟာရ | – | ပဋိသန္ဓေစိတ် ၁၉– ပါး၊ |

(၁၃၆၄–ခု အငယ်တန်း)

## ❏ အာဟာရဆောင်ကြောင်းတရားများ

ကဗဠီကာရာဟာရသည် ဩဇဋ္ဌမကရုပ်ကို ဆောင်သည်။

ဖဿာဟာရသည် ဝေဒနာ ၃–ပါးကို ဆောင်သည်။

(ဖဿပစ္စယာ ဝေဒနာ)

မနောသဉ္စေတနာဟာရသည် ဘဝ ၃–ပါး၌ ပဋိသန္ဓေဝိညာဉ်ကိုဆောင်သည်။ (သင်္ခါရ ပစ္စယာ ဝိညာဏံ)

http://www.dhammadownload.com



ဝိညာဏာဟာရသည် သဟဇာတနာမ်ရုပ်ကို ဆောင်သည်။ (ဝိညာဏပစ္စယာ နာမရူပံ)

(၁၃၂၉-ခု, ၅၁-ခု, ၆၁-ခု, ၆၃-ခု အကြီးတန်း)

**(ဆောင်)** ဩဇာဋ္ဌမကရူပံ ဃေ, ဝေဒနံ ပဋိသန္ဓိကံ။

နာမရူပံ အာဟရန္တိ, တသ္မာ'ဟာရာတိ ဝုစ္စရေ။

## ☐ လောဘဟိတ် စသည်တို့လည်း မိမိဆိုင်ရာ အကျိုးတရားများကို ဆောင်ကြ၍ အာဟာရဟု ခေါ်သင့်+ မခေါ်သင့်

အဇ္ဈတ္တိကသန္တာန်၌ ထူးသောအကြောင်းဖြစ်သောကြောင့် ဤလေးပါးကိုသာ အာဟာရဟု ခေါ်သင့်သည်။ အခြားတရားတို့ကို အာဟာရဟု မခေါ်သင့်ပါ။

(၁၃၆၄-ခု အကြီးတန်း)

## ☐ ကဗဠီကာရာဟာရသည် ကာမသတ္တဝါများအတွက် ထူးသော အကြောင်းဖြစ်ရခြင်းအကြောင်း

ကာဗဠီကာရ ဟာရာရုပ်ဟူသော အထောက်အပံ့၏အစွမ်းကြောင့်သာလျှင် (၁၀) နှစ်အရွယ်စသော ဖြစ်ပေါ်မှု ဖြစ်သင့်သောကြောင့် ကာဗဠီကာရာဟာရသည် ရူပကာယ၏ ထူးသောအကြောင်းဖြစ်သည်။

မှန်ပါသည် - ရူပကာယသည် ကံကြောင့် ဖြစ်သော်လည်း ကံချည်းသက်သက် မတည်နိုင်။ ကဗဠီကာရာဟာရ

http://www.dhammadownload.com



ဟူသော အစာကို စားရမှသာ အသက်ဆုံးတိုင် တည်တံ့နိုင်သည်။ (၁၃၅၀-ခု အကြိုးတန်း)

## ☐ ရုပ်သက်သက်ဖြစ်သော အသညသတ်ဗြဟ္မာတို့ အာဟာရဖြင့် တည်နေနိုင်ကြပုံ

သဗ္ဗေ သတ္တာ, အာဟာရဋ္ဌိတိကာ-အရ ရုပ်သက်သက်ဖြစ်သော အသညသတ်ဗြဟ္မာတို့အား ရှေးဘဝက ပြုခဲ့ဖူးသော မနောသဉ္စေတနာဟာရဟူသော ကံတရားရှိ၏။ ထိုကံနှင့်တကွဖြစ်သော ဖဿာဟာရ, ဝိညာဏာဟာရများလည်း ရှိကြ၏။ ထိုတွင် ဖဿာဟာရ, ဝိညာဏာဟာရ တို့သည် ပကတူပနိဿယသတ္တိဖြင့်လည်းကောင်း, မနောသဉ္စေတနာဟာရသည် နာနာက္ခဏိကကမ္မ ပကတူပနိဿယ သတ္တိဖြင့်လည်းကောင်း အသညသတ် ရုပ်တရားများကို ကမ္ဘာငါးရာတိုင်အောင် ကျေးဇူးပြုသောကြောင့် အသညသတ်ဗြဟ္မာများ တည်နိုင်သည်။

(၁၃၃၇-ခု အကြိုးတန်း)

## ☐ သောဠသိန္ဒြိယမ္မော စ-၌ သောဠသ-အရ

ရုပ်က္ခန္ဓာတရားကိုယ် ၇-ပါး၊ နာမ်က္ခန္ဓာတရားကိုယ် ၇-ပါး၊ ရုပ်+နာမ်က္ခန္ဓာတရားကိုယ် ၂-ပါး၊ ပေါင်း ၁၆-ပါး။ (၁၃၆၂-ခု အကြိုးတန်း)

http://www.dhammadownload.com



## ❒ မိဿကသင်္ဂဟဝယ် ၂-ဌာနရေတွက်ရသောတရားများ

စိတ်သည် ဝိတက်ဈာနင်, သမ္မာသင်္ကပ္ပမဂ္ဂင်အားဖြင့် ၂-ဌာန၊ ဝေဒနာသည် ဈာနင်, ဣန္ဒြေအားဖြင့် ၂-ဌာန၊ သဒ္ဓါသည် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်အားဖြင့် ၂-ဌာန။

(၁၃၆၃-ခု' အကြီးတန်း)

## ❒ ဇီဝိတိန္ဒြေသရုပ်

ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ (ဝါ) ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်။

သာကေ။ ။ ဇီဝိတိန္ဒြိယဉ္စ ရူပါရူပဝသေန ဒုဝိဓံ ဟောတိ။

(၁၃၆၄-ခု အလတ်တန်း)

## ❒ ဈာနင်, ဗိုလ်, မဂ္ဂင် မထိုက်သော စိတ်များ

ပဉ္စဝိညာဉ်စိတ်၌ ဈာနင်မရ၊ ဝီရိယမယှဉ်သောစိတ် ၁၆-ခုတို့၌ ဗိုလ်မရ၊ အဟိတ်စိတ်၌ မဂ္ဂင်မရ။

(၁၃၆၄-ခု အလတ်တန်း)

## ❒ ဈာနင်မထိုက်သော စေတသိက်

ဒွေးပဉ္စဝိညာဏ် ၁၀-ပါး၌ယှဉ်သော စေတသိက်။

(၁၃၆၄-ခု အငယ်တန်း)

http://www.dhammadownload.com



❑ **မဂ္ဂင်, ဈာန်, ဗိုလ်မဖြစ်ထိုက်သော စေတသိက်**

ဝီရိယမယှဉ်သော စိတ် ၁၆–ခုနှင့် ဝိစိကိစ္ဆာ၊ ဤ ၁၇–ခုရှိသော စေတသိက်သည် မဂ္ဂင်, ဈာန်, ဗိုလ်မထိုက်။

(၁၃၆၄–ခု အငယ်တန်း)

❑ **ဇောမထိုက်သော ဒွိဟိတ်စိတ်**

မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄–ခု။

(၁၃၆၄–ခု အလတ်တန်း)

❑ **အဓိပတိတပ်နိုင်သောစိတ်များ**

ဒွိဟိတ်ဇော ၁၈–ခု၊ တိဟိတ်ဇော ၃၄–ခု၊ ပေါင်း ၅၂–ခု။ (၁၃၆၄–ခု အလတ်တန်း)

❑ **အဓိပတိတရားကိုယ်**

ဒွိဟိတ်ဇော တိဟိတ်ဇော ဟူသော သာဓိပတိဇော ၅၂–ခု၌ရှိသော ဆန္ဒ, စိတ္တ, ဝီရိယ တရားသည်သာ အဓိပတိ မည်သည်။ (၁၃၆၃–ခု အလတ်တန်း)

❑ **အဇ္ဈတ္တသန္တာန်၌ ဝီရိယာဓိပတိ မယှဉ်သော စိတ်**

မဟာဝိပါက်ဉာဏ သမ္ပယုတ် ၄–ခု၊ မဟဂ္ဂုတ် ဝိပါက် ၉–ခု၊ ပေါင်း ၁၃–ခု။ (၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ နှစ်ပါးစုံ ယှဉ်သောစိတ်

မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် ၈-ပါး၊ အပ္ပနာဇော ၂၆၊ ပေါင်း ၃၄-ခု။

(၁၃၆၄-ခု အကြီးတန်း)

## ❑ နှစ်ပါးစုံမယှဉ်သောစိတ်

အသောဘနစိတ် ၃၀၊ ကာမာဝစရဉာဏဝိပ္ပယုတ်စိတ် ၁၂-ခု၊ ပေါင်း ၄၂-ခု။ (၁၃၆၄-ခု အကြီးတန်း)

## ❑ မိဿကသင်္ဂဟတွင် မပါဝင်သော ပရမတ်

သညာ,မနသိကာရ, အဓိမောက္ခဟူသော အညသမာန်း စေတသိက် ၃-ပါး၊ ဥဒ္ဓစ္စ, မာန, ထိနသော, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာဟူသော အကုသိုလ် စေတသိက် ၈-ပါး၊ တတြမဇ္ဈတ္တတာစသော သောဘနသာဓာရဏ စေတသိက် ၁၃-ပါး၊ အပ္ပမညာ စေတသိက် ၂-ပါး၊ ပေါင်း စေတသိက် ပရမတ် ၂၆-ပါး၊ အနိပ္ဖန္နရုပ် ဟူသော ရုပ်ပရမတ် ၈-ပါး၊ နိဗ္ဗာန်ပရမတ် ၁-ပါး။ (၁၃၃၉-ခု အလတ်တန်း)

http://www.dhammadownload.com

# ဗောဓိပက္ခိယသင်္ဂဟ

## ❒ သတိစေတသိက်သည် တစ်ပါးတည်းဖြစ်ပါလျက် သတိပဋ္ဌာန်လေးပါး ပြားရခြင်းအကြောင်း

ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့၌ အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ အခြင်းအရာကို ယူသည်၏ အစွမ်းအားဖြင့်လည်းကောင်း၊ သုဘ,သုခ,နိစ္စ,အတ္တ, သညာဝိပ္ပလ္လာသကို ပယ်ခြင်း၏ အစွမ်းအားဖြင့်လည်း ကောင်း လေးပါးပြားခြင်းကြောင့် သတိပဋ္ဌာန် ၄-ပါး ပြားရပါသည်။
(၁၃၃၁-ခု, ၃၂-ခု, ၅၀-ခု, ၆၂-ခု, ၆၃-ခု, ၆၄-ခု အကြီးတန်း)

**(ဆောင်)** သတိတစ်သာ, ဖြစ်တုံပါလည်း, ယူရာအာရုံ, လေးပါးစုံခဲ့၊ ယူပုံခြင်းရာ, လေးမျိုးသာတည်း၊ ပယ်ခွာကိစ္စ, ဖြစ်ပြန်ကလျှင်, လေးပါးပင်မို့, တို့ရှင်ပင်စော, လေးမျိုးဟောသည်, မှတ်သောသတိပဋ္ဌာန်တည်း။

## ❒ ဓမ္မာနုပဿနာ သတိပဋ္ဌာန်-၌ ဓမ္မ-အရ

သညက္ခန္ဓာနှင့် ဖဿအစရှိသော သင်္ခါရက္ခန္ဓာတို့ကိုသာ ပါဠိရှိသေသနည်းအားဖြင့် ဓမ္မအရ ယူရမည်။
(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


**❑ ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော-၌ ဥပ္ပန္နကုသလ-အရ မဂ်ကုသိုလ် မပါဝင်**

စတ္တာရော ပန မဂ္ဂုပ္ပါဒါ ကေစိတ္တက္ခဏိကာ-ကို ထောက်၍ မဂ်စိတ်သည် တစ်ကြိမ်သာဖြစ်သောကြောင့် မဂ်ကုသိုလ် မပါဝင် နိုင်ပါ။ (၁၃၆၂-ခု အကြီးတန်း)

**❑ လူကောင်းဖြစ်ကြောင်း ကောင်းစွာအားထုတ်ခြင်းလေးမျိုး**

ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ် ခြင်း၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ် တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ်ခြင်း၊ ဖြစ်ပြီး သောကုသိုလ်တရားတို့ကို အလွန်များစေခြင်းငှာ အားထုတ် ခြင်း တို့ ဖြစ်ပါသည်။ (၁၃၅၂-ခု အငယ်တန်း)

**❑ ဝီရိယတစ်ပါးတည်းကို သမ္မပ္ပဓာန် ၄-ပါး ခွဲဟောရခြင်း အကြောင်း**

ဖြစ်ပြီးသော အကုသိုလ်များကို ပယ်ခြင်းစသော ကိစ္စလေးမျိုးပြားသောကြောင့် သမ္မပ္ပဓာန်လေးမျိုး ခွဲဟောရသည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



**(ဆောင်)** ၁။ ကုသိုလ်စိတ်၌, ယှဉ်နိုက်ကြံမှ, ဝီရိယ, သမ္မပ္ပဓာန်ကောက်။
၂။ ဝီရိယတစ်ပါး, ဖြစ်တုံငြားလည်း, လေးပါးကိစ္စ, ပြီးစေရသဖြင့်, သမ္မပ္ပဓာန်, လေးမျိုးဖန်, ဟောဟန် သဘောပေါက်။

## သမုစ္စည်းပိုင်းလာ သဒ္ဒါနှင့် နှစ်ခုတို့အထူး

မိဿက သင်္ဂဟလာ သဒ္ဒါနှင့်အရ သောဘန စိတ်အကျဉ်း ၅၉၊ အကျယ် ၉၁–ပါး၌ရှိသော သဒ္ဒါစေတသိက်။

ဗောဓိပက္ခိယသင်္ဂဟလာ သဒ္ဒါနှင့်အရ မဟာကုသိုလ်, မဟာကြိယာ, အပ္ပနာဇော ဟူသော သောဘနဇော ၄၂–ပါး၌ရှိသော သဒ္ဒါစေတသိက်။

(၁၃၆၄–ခု အလတ်တန်း)

## ဣဒ္ဓိပါဒ်လေးပါးနှင့် ဆိုင်ရာ တရားကိုယ်များ

၁။ ဆန္ဒိဒ္ဓိပါဒ် – ဆန္ဒစေတသိက်။
၂။ ဝီရိယိဒ္ဓိပါဒ် – ဝီရိယစေတသိက်။
၃။ စိတ္တိဒ္ဓိပါဒ် – (ကုသိုလ်) စိတ်။
၄။ ဝီမံသိဒ္ဓိပါဒ် – ပညာစေတသိက်။

(၁၃၅၀–ခု အခြေပြုတန်း)

http://www.dhammadownload.com


**❒ ယခုခေတ်လူများ ကမ္ဘာဦးကလူတို့ကဲ့သို့ ဈာန်ဖြင့် ကောင်းကင် မပျံနိုင်ကြခြင်းအကြောင်း**

ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ ထက်မြက်မှု လျော့နည်းခြင်း၊ အားနည်းခြင်းတို့ကြောင့် ကမ္ဘာဦးက လူတို့ကဲ့သို့ ဈာန်ဖြင့် ကောင်းကင်တွင် မပျံသန်းနိုင်ဘဲ ယခုအခါ လူများ အဆင့်နိမ့်ကျ သွားရပါသည်။

(၁၃၅၁-ခု အကြီးတန်း)

**❒ ဝီရိယိန္ဒြိယ-အရ**

ကုသိုလ်စိတ်ကေဝီသဒ္ဒရှိသော ဝီရိယ။

**❒ မဂ္ဂဝိစယသမ္ဗောဇ္ဈင်-အရ**

မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်, အပ္ပနာဇောဒ္ဒ ရှိသော ပညာစေတသိက်။

**❒ ဥပေက္ခာသမ္ဗောဇ္ဈင်-အရ**

မဟာကုသိုလ်, မဟာကြိယာ, အပ္ပနာဇောဒ္ဒရှိသော တတြမဇ္ဈတ္တတာ စေတသိက်။ (၁၃၅၅-ခု အကြီးတန်း)

**(ဆောင်)** ၁။ ပဋ္ဌာန်သတိ, ဣန္ဒြိပြင်, ဗိုလ်ဗောဇ္ဈင်, မဂ္ဂင်တရားကိုယ်။

၂။ ကုသိုလ်မဟာ, ကြိယာနှင့်, အပ္ပနာဇဝန, ယှဉ်သမျှ ကောက်ပြကြစေလို။

http://www.dhammadownload.com


၃။ ပဓာန်သမ္ဗပ်, ဣန္ဒြိပါဒ်တို့, ကောက်အပ်လေရာ,
ကုသိုလ်သာ, မှတ်ပါ ကျမ်းအဆို။

## ❒ ဓမ္မဝိစယမည်ပုံ

တေဘူမကတရားတို့ကို အနိစ္စစသည်တို့၏ အစွမ်းဖြင့် ဆင်ခြင်တတ်သောကြောင့် ဝိပဿနာပညာသည် ဓမ္မဝိစယ မည်ပါသည်။ (၁၃၅၂–ခု အကြီးတန်း)

## ❒ ဥပေက္ခာရှုနင်နှင့် ဥပေက္ခာသမ္ဗောဇ္ဈင်တို့အထူး

ဥပေက္ခာရှုနင်ဟူသည် စက္ခု, သောတ, ဃာန, ဇိဝှါဝိညာဏ်ကြဉ်သော ဥပေက္ခာသဟဂုတ် ၄၇–ခုၶရှိသော ဥပေက္ခာဝေဒနာဖြစ်ပါသည်။

ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသည် သောဘနဇော ၄၂–ခုၶရှိသော တတြမဇ္ဈတ္တတာစေတသိက်ဖြစ်ပါသည်။ ဤသို့ထူးပါသည်။ (၁၃၆၀–ခု အကြီးတန်း),

## ❒ ဗောဓိပက္ခိယတရားတို့တွင် သမာဓိနှင့်စပ်သော အမည်များ

သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိ။ (၁၃၆၄–ခု အလတ်တန်း)

http://www.dhammadownload.com


**❐ ပညာ၏တည်ရာ ၅–ဌာန**

ဝီမံသိဒ္ဓိပါဒ်, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယ သမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိမဂ္ဂင်အားဖြင့် ၅–ဌာန။

(၁၃၆၁–ခု, ၆၄–ခု အငယ်တန်း)

**❐ သတိပဋ္ဌာန်တရားကိုယ်**

သမ္မာသတိ (သတိစေတသိက်) ဖြစ်သည်။

သာဝကေ– တွေ့ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဧကောဝ ပဝုစ္စတိ။ (၁၃၆၃–ခု အလတ်တန်း)

**❐ သတိ သမာဓိ စတုပဉ္စ ပညာ၌ ပဉ္စ–အရ**

ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်။ (၁၃၆၄–ခု အကြီးတန်း)

**❐ ဧကဂ္ဂတာပါဝင်သည့် ဗောဓိပက္ခိယဌာနများ**

(၁) သမာဓိန္ဒြေ၊ (၂) သမာဓိဗိုလ်၊ (၃) သမာဓိ သမ္ဗောဇ္ဈင်၊ (၄) သမ္မာသမာဓိမဂ္ဂင်၊ ပေါင်း ၄–ဌာန။

(၁၃၃၆–ခု အငယ်တန်း)

**❐ စုဒ္ဒသေတော သဘာဝတော၌ စုဒ္ဒသ–အရ**

ဝီရိယ၊ သတိ၊ ပညာ၊ ဧကဂ္ဂတာ၊ သဒ္ဓါ၊ ဆန္ဒ၊

http://www.dhammadownload.com



စိတ္တ၊ ပီတိ၊ ပဿဒ္ဓိ၊ တတြ မဇ္ဈတ္တတာ၊ ဝိတက်၊ ဝိရတီ သုံးခုအားဖြင့် ၁၄-ပါး။ (၁၃၆၄-ခု အကြီးတန်း)

## ❒ ဗောဓိပက္ခိယတရားတို့ကို ကောဋ္ဌာသအားဖြင့်

သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်။ (၁၃၆၄-ခု အကြီးတန်း)

## ❒ ပဘေဒအားဖြင့်

သတိပဋ္ဌာန်-၄၊ သမ္မပ္ပဓာန်-၄၊ ဣဒ္ဓိပါဒ်-၄၊ ဣန္ဒြေ-၅၊ ဗိုလ်-၅၊ ဗောဇ္ဈင-၇၊ မဂ္ဂင်-၈၊ ပေါင်း ၃၇-ပါး။

**(ဆောင်)** သတိ-သမ္မပ်၊ ဣဒ္ဓိပါဒ်တို့၊ လေးရပ်စီသား ဤ ဗိုလ်မှာကား၊ ငါးစီထား၍၊ ခုနစ်ပါးဗောဇ္ဈင်၊ မဂ်ရှစ်အင်၊ ပေါင်းလျှင်ဗောဓိ သုံးခွန်ရှိ။ (အဘိလက်ဆောင်)

(၁၃၆၄-ခု အကြီးတန်း)

## ❒ နဝကောဋ္ဌာနှာ ဝီရိယံ နဝဋ္ဌ-၌ နဝ ၂-ခုတို့၏အထူး

နဝကောဋ္ဌာန - ဆန္ဒ, စိတ္တ, ပီတိ, ပဿဒ္ဓိ, တတြမဇ္ဈတ္တတာ, ဝိတက်, ဝိရတီ ၃။

http://www.dhammadownload.com


ဝီရိယံ န၀ - သမ္မပ္ပဓာန် ၄၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ သမ္မာဝါယာမမဂ္ဂင်အားဖြင့် ၉-ပါး။ (၁၃၆၃-ခု အလတ်တန်း)

## ❑ သဘာဝအားဖြင့် ဗောဓိပက္ခိယတရားများ

ဆန္ဒ၊ စိတ္တ၊ တတြမဇ္ဈတ္တုပေက္ခာ၊ သဒ္ဓါ၊ ပဿဒ္ဓိ၊ ပီတိ၊ သမ္မာဒိဋ္ဌိ၊ သင်္ကပ္ပ၊ ဝါယာမ၊ ဝိရတီ ၃-ခု၊ သမ္မာသတိ၊ သမာဓိ၊ ပေါင်း ၁၄-ပါး။

(၁၃၆၃-ခု အငယ်တန်း)

## ❑ ပညာ၏ ဗောဓိပက္ခိယအမည်များ

ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်။

(၁၃၃၁-ခု, ၄၇-ခု, ၆၁-ခု, ၆၃-ခု အငယ်တန်း)

## ❑ ဝီရိယဋ္ဌာနများ

ဝီရိယသည် သမ္မပ္ပဓာန် ၄-ပါး, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်အားဖြင့် ၉-ဋ္ဌာန ပါဝင်သည်။

(၁၃၃၁-ခု, ၃၂-ခု အလတ်တန်း၊ ၆၁-ခု, ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


## ❐ နဝေကဋ္ဌာနာ–၌ နဝ–အရ

ဝိတက်, ပဿဒ္ဓိ, ပီတိ, တတြမဇ္ဈတ္တတာ, ဆန္ဒ, လောကုတ္တရာစိတ်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝအားဖြင့် သုံးပါ။

## ❐ ဝီရိယံ နဝဋ္ဌ–၌ နဝ–အရ

သမ္မပ္ပဓာန် ၄–ပါး, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမ မဂ္ဂင်အားဖြင့် ၉ ပါ။ (၁၃၆၃–ခု အငယ်တန်း၊ ၅၀–ခု, ၆၃–ခု အကြီးတန်း)

## ❐ သဒ္ဓါနှင့် သမာဓိတို့၏ ဗောဓိပက္ခိယဋ္ဌာန

သဒ္ဓါသည် သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်အားဖြင့် ၂–ဋ္ဌာန သမာဓိသည် သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိမဂ္ဂင် အားဖြင့် ၄–ဋ္ဌာန ပါဝင်သည်။ (၁၃၆၁–ခု အကြီးတန်း)

## ❐ လောကုတ္တရာဈာန်၌ ရနိုင်သော ဗောဓိပက္ခိယတရား

လောကုတ္တရာ ပထမဈာန်၌ ဗောဓိပက္ခိယတရား အားလုံး ရသည်။ လောကုတ္တရာဒုတိယဈာန်၌ ဝိတက် ကြဉ်သော ဗောဓိပက္ခိယတရားများရသည်။ လောကုတ္တရာ စတုတ္ထဈာန်၌ ဝိတက်, ပီတိကြဉ်သော ဗောဓိပက္ခိယ တရားများရသည်။ (၁၃၆၁–ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ ဗောဓိပက္ခိယတရားတို့ လောကီသောဘနစိတ်၌ ဖြစ်ရာအခါ

သီလဝိသုဒ္ဓိ စသော ၆-ပါးသော ဝိသုဒ္ဓိတို့ဖြစ်ရာ အခါ။ (၁၃၆၃-ခု အကြီးတန်း)

## ❒ ဗောဓိပက္ခိယတရားနှင့် လောကုတ္တရာစိတ်

လောကုတ္တရာပဌမဈာန်စိတ်၌ ဗောဓိပက္ခိယတရား အားလုံး ရနိုင်ပါသည်။ လောကုတ္တရာ ဒုတိယဈာန်၌ သင်္ကပ္ပမှတစ်ပါးသော ဗောဓိပက္ခိယတရားများ ရနိုင်ပါသည်။

လောကုတ္တရာ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဥ္စမဈာန်တို့၌ သင်္ကပ္ပနှင့် ပီတိမှတစ်ပါးသော ဗောဓိပက္ခိယတရားများ ရနိုင်ပါသည်။ (၁၃၅၁-ခု အကြီးတန်း)

## ❒ နဝ သင်္ကပ္ပပီတိယော အဓိပ္ပာယ်

လောကုတ္တရာ ဒုတိယဈာန်စသည်၌ သင်္ကပ္ပခေါ်သော ဝိတက် မယှဉ်နိုင်။ စတုတ္ထဈာန်, ပဥ္စမဈာန်တို့၌ ပီတိမယှဉ်နိုင်။ ဤသို့ သင်္ကပ္ပ (ဝိတက်)နှင့် ပီတိတို့သည် အချို့သော လောကုတ္တရာ စိတ်၌ မရထိုက်ဟူလို။ (၁၃၃၃-ခု, ၆၁-ခု အလတ်တန်း)

http://www.dhammadownload.com

# သဗ္ဗသင်္ဂဟာ

## ခန္ဓာဟူသည်

အတိတ်, အနာဂါတ်, ပစ္စုပ္ပန် စသည်အပြားဖြင့် ပြားကုန်သော ထိုထိုသို့သော သဘောတူဖြစ်ကုန်သော တရားတို့ကို ပညာဖြင့် အပေါင်းတည်း ပေါင်းစုအပ်သော ကြောင့် ခန္ဓာ မည်ပါသတည်း။ (၁၃၆၄-ခု အကြီးတန်း)

## ခန္ဓာ ၅-ပါးနှင့် တူသော အရာဝတ္ထုများ

ရုပ်သည် ဝေဒနာ၏ မှီရာဖြစ်သောကြောင့် တည်ရာ အိုးခွက်နှင့် တူသည်။ ဝေဒနာသည် ခံစားထိုက်သောကြောင့် ဘောဇဉ်နှင့် တူသည်၊ သညာသည် ဝေဒနာ၌ သာယာခြင်းကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် ဟင်းလျာနှင့် တူသည်။ သင်္ခါရတို့သည် ပြုစီရင်တတ်သောကြောင့် ထမင်းချက်သမားနှင့် တူကြသည်။ ဝိညာဏ်သည် သုံးဆောင်ခံစားတတ်သောကြောင့် စားတတ်သူနှင့် တူသည်။ (၁၃၆၁-ခု အကြီးတန်း)

## ခန္ဓာ ၅-ပါးနှင့် ဥပမာများ

ရူပက္ခန္ဓာသည် အိုးခွက်နှင့်တူသည်၊ ဝေဒနာသည် ဘောဇဉ်နှင့် တူသည်၊ သညာသည် ဟင်းလျာနှင့်တူသည်၊

http://www.dhammadownload.com


သင်္ခါရတို့သည် စားဖိုသည်နှင့် တူသည်၊ ဝိညာဏ်သည် စားတတ်သူနှင့် တူသည်။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ဝေဒနာ, သညာတို့ကို သီးခြားခန္ဓာဖွဲ့ရခြင်းအကြောင်း

ဝဋ်တရားတို့၌ သာယာအပ်သော ဝေဒနာကို လည်းကောင်း၊ ထိုဝေဒနာ၌ သွန်းလောင်းထည့်ခပ်အပ်သော သညာကိုလည်းကောင်း သီးခြားခွဲထုတ်၍ ညွှန်ပြလိုသောကြောင့် ဝေဒနာ,သညာတို့ကို သီးခြားခန္ဓာဖွဲ့ရပါသည်။ (၁၃၃၂-ခု, ၆၃-ခု, ၆၄-ခု အကြီးတန်း)

## ❑ ဝိပဿနာရှုရမည့်ခန္ဓာ

ဥပါဒါနက္ခန္ဓာ (၁၃၆၂-ခု အကြီးတန်း)

## ❑ ပဉ္စက္ခန္ဓာဟု ဟောတော်မူပြီးပါလျက် ပဉ္စုပါဒါနက္ခန္ဓာဟု ဟောရခြင်းအကြောင်း

သဘာဝဓမ္မအားလုံးကို သိမ်းယူခြင်းအကျိုးငှာ သာသဝတရားတို့ကိုလည်းကောင်း၊ အနာသဝတရားတို့ကိုလည်းကောင်း သာမညအားဖြင့် ပဉ္စက္ခန္ဓာဟု ဟောတော်မူသည်။ ဝိပဿနာဘူမိကို ပြခြင်းအကျိုးငှာ သာသဝတရားတို့ကိုသာ ဥပါဒါနက္ခန္ဓာဟု ဟောတော်မူသည်။

http://www.dhammadownload.com


အကျိုးကို ရည်မျှော်၍ ပဥ္စက္ခန္ဓာဟု ဟောပြီးဖြစ်သော်လည်း ပဥ္စုပါဒါနက္ခန္ဓာဟု ဆိုရပြန်သည်။

(၁၃၅၁–ခု အကြီးတန်း)

(ဆောင်)၁။ လောကီလောကုတ်, မယုတ်မကြွင်း, ခန္ဓာတွင်း၌, သိမ်သွင်း၍ယူ, ပြတော်မူ, မှတ်ယူ ခန္ဓဒေသနာနည်း။

၂။ ဝိပဿနာ, ရှုသို့ငှာလျှင်, ဥပါဒါနက်, လောကီ တွက်, သက်သက် ဟောရပြန်သတည်း။

## ❒ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့အထူး

အလုံးစုံသဘောတူ လောကီလောကုတ္တရာ တရားအပေါင်းကို သိမ်းယူခြင်းအကျိုးငှာ သာမညအားဖြင့် ဟောတော်မူအပ်သော သာသဝ, အနာသဝဖြစ်သော တရားတို့သည်၊ ခန္ဓာဖြစ်ပါသည်။

ဝိပဿနာ၏ တည်ရာ လောကီတရားတို့ကို ပြခြင်းအကျိုးငှာ အထူးအားဖြင့် ဟောတော်မူအပ်သော အာသဝ၏ အာရုံဖြစ်သော အလုံးစုံသော လောကီတရားတို့သည် ဥပါဒါနက္ခန္ဓာ ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

(၁၃၆၂–ခု, ၆၃–ခု အကြီးတန်း)

## ❒ ခန္ဓာနှင့် အာယတနဒေသနာများ ရည်ရွယ်ချက်

(က) နာမ်၌ တွေဝေသောပုဂ္ဂိုလ်, တိက္ခိန္ဒြိယပုဂ္ဂိုလ်, သံခိတ္တရုစိ ပုဂ္ဂိုလ်တို့အတွက် ခန္ဓဒေသနာကို ဟောတော်မူသည်။

http://www.dhammadownload.com


(ခ) ရုပ်၌တွေဝေသောပုဂ္ဂိုလ်, နာတိတိက္ခိန္ဒြိယပုဂ္ဂိုလ်, မန္ဒြိမပုဂ္ဂိုလ်တို့ အတွက် အာယတနဒေသနာကို ဟောတော်မူသည်။ (၁၃၆၁-ခု အကြီးတန်း)

## ဓမ္မာရမ္မဏနှင့် ဓမ္မာယတနတို့အထူး

ဓမ္မာရမ္မဏ - ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်အားဖြင့် ၆-ပါး။

ဓမ္မာယတန - စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်အားဖြင့် ၆၉-ပါး။ (၁၃၆၄-ခု အငယ်တန်း)

## မနောဓာတု, မနောဝိညာဏဓာတု တို့၌ပါသော မနနှစ်ခုတို့ အထူး

မနောဓာတု၌ မနသည် သိကာမျှဖြစ်သည်၊ အထူးမသိ၊ မနောဝိညာဏဓာတု၌ ပါသော မနကား မနောဓာတ်ထက် ထူးသော သိခြင်းကိစ္စနှင့် ယှဉ်ခြင်းကြောင့် အထူးသိသည်၊ ဤသို့ ထူးပါသည်။ (၁၃၆၃-ခု အလတ်တန်း)

## နာမ်ဓာတ်များ

စက္ခုဝိညာဏဓာတ်၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဓာတ်၊ မနောဝိညာဏဓာတ်အားဖြင့် ၇-ပါး။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ အာဝဇ္ဇန်းနွေ၏ ဓာတ် စသည်

(က) ပဉ္စဒွါရာဝဇ္ဇန်းသည် - မနောဓာတ်

မနောဒွါရာဝဇ္ဇန်းသည် - မနောဝိညာဏဓာတ်

(ခ) မနောဓာတ်သည် - သိရုံမျှသိသည်

မနောဝိညာဏဓာတ်သည် - ထူးထူးခြားခြားသိသည်။

ပဉ္စဒွါရာဝဇ္ဇန်းသည် - အာဝဇ္ဇန်းတစ်ကိစ္စသာတပ်သည်။

မနောဒွါရာဝဇ္ဇန်းသည် - မနောဒွါရ၌ အာဝဇ္ဇန်းကိစ္စ၊ ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စအားဖြင့် နှစ်ကိစ္စတပ်သည်။

(၁၃၅၀-ခု အကြီးတန်း)

## ❑ မနာယတနကို ဓာတ်ခွဲပုံ

စက္ခုဝိညာဏ်နွေးသည် စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏ်နွေးသည် သောတဝိညာဏဓာတ်၊ ဃာနဝိညာဏ်နွေးသည် ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဏ်နွေးသည် ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏ်နွေးသည် ကာယဝိညာဏဓာတ်၊ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းနွေးသည် မနောဓာတ်၊ ကြွင်းသော စိတ် ၇၆-ခုသည် မနောဝိညာဏဓာတ်။ (၁၃၆၇-ခု အငယ်တန်း)

## ❑ ဒေသနာနှင့် သတ္တဝါတွဲပုံ

(၁) ခန္ဓဒေသနာ - နာမသမ္မူဠ္ဍ, တိက္ခိန္ဒြိယ, သံခိတ္တရုစိ၊ (၂) အာယတနဒေသနာ - ရူပသမ္မူဠ္ဍ,မုဒိန္ဒြိယ,

http://www.dhammadownload.com



ဝိဋ္ဌာရရုစိ၊ (၃) ဓာတု ... ှာ – တဒုဘယ သမ္မူဠ္ဌ, မုဒိန္ဒြိယ, ဝိဋ္ဌာရရုစိ။ (၁၃၆၃–ခု အႀကိဳးတန္း)

## ❑ ခႏၶာ, အာယာတန, ဓာတ္တို႔ကို အႀကိမ္ႀကိမ္ေဟာ ရေၾကာင္း

နာမ္၌ ေတြေဝေသာပုဂၢိဳလ္, ႐ုပ္၌ ေတြေဝေသာ ပုဂၢိဳလ္, ႐ုပ္– နာမ္ ၂ ပါး၌ ေတြေဝေသာပုဂၢိဳလ္ ဟူေသာ ပုဂၢိဳလ္၃–မ်ိဳး၊ တိကၡိႏၵြိယပုဂၢိဳလ္, နာတိတိကၡိႏၵြိယ ပုဂၢိဳလ္, မုဒိႏၵြိယပုဂၢိဳလ္ ဟူေသာ ပုဂၢိဳလ္ ၃–မ်ိဳး၊ သံခိတၱရုစိပုဂၢိဳလ္, မဇၩိမရုစိပုဂၢိဳလ္, ဝိတၳာရရုစိပုဂၢိဳလ္ ဟူေသာ ပုဂၢိဳလ္ ၃–မ်ိဳး၊ ဤသို႔ ပုဂၢိဳလ္ ၃–မ်ိဳးစီကို ခ်ီးေျမႇာက္ လိုေသာေၾကာင့္ ခႏၶာ, အာယတန, ဓာတ္တို႔ကို အႀကိမ္ႀကိမ္ ေဟာရသည္။
(၁၃၆၁–ခု အႀကိဳးတန္း)

## ❑ အဆုံး၌ သစၥာေဒသနာကို ေဟာရျခင္းအေၾကာင္း

ပဝတၱိ, ပဝတၱိေဟတု, နိဝတၱိ, နိဝတၱိေဟတုတို႔၏ အစြမ္းအားျဖင့္ မဂ္ဉာဏ္ျဖင့္ ဒိ႒မျမင္အပ္ေသာ ခႏၶာ, အာယတန, ဓာတ္သုံးမ်ိဳးသည္ မဂ္,ဖိုလ္, နိဗၺာန္အက်ိဳးကို ေဆာင္နိုင္သည္၊ အျခားေသာ အျခင္းအရာအားျဖင့္ မေဆာင္နိုင္ဟု သိေစလိုေသာေၾကာင့္ ေဟာသည္။
(၁၃၆၃–ခု အႀကိဳးတန္း)

http://www.dhammadownload.com


## ❐ အရိယသစ္စာမည်ခြင်း အကြောင်း

အရိယာအဖြစ်ကို ပြုတတ်ပြီး မှန်ကန်သောကြောင့် အရိယသစ္စာမည်ပါသည်။

(တစ်နည်း) အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်သော အမှန်တရားများ ဖြစ်သောကြောင့် အရိယသစ္စာမည်ပါသည်။

(တစ်နည်း) အရိယာဖြစ်တော်မူသော မြတ်စွာဘုရားဟောကြားအပ်သည့် အမှန်တရားဖြစ်သောကြောင့် အရိယသစ္စာမည်ပါသည်။ (၁၃၅၂–ခု အကြီးတန်း)

## ❐ အရိယာသစ္စာ ၄–မျိုးပြရပုံ

သံကိလိဋ္ဌဖလ, သံကိလိဋ္ဌဟေတု, အသံကိလိဋ္ဌဖလ, အသံကိလိဋ္ဌဟေတုတို့၏ အပြားအားဖြင့် သစ္စာလေးပါး ပြားရပါသည်။ (၁၃၆၄–ခု အကြီးတန်း)

## ❐ သံကိလိဋ္ဌ သစ္စာတို့ကို အကြောင်းအကျိုးခွဲ

သမုဒယ = အကြောင်း၊ ဒုက္ခ = အကျိုး။

(၁၃၆၄–ခု အကြီးတန်း)

## ❐ အသံကိလိဋ္ဌ သစ္စာတို့ကို အကြောင်းအကျိုးခွဲ

မဂ္ဂ = အကြောင်း၊ နိရောဓ – အကျိုး။

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ခန္ဓာ, အာယတန, ဓာတုဒေသနာတို့ကို ဟောခဲ့သော် သတ္တဝါတို့၏ အကျိုးပြည့်စုံပြီး ဖြစ်ပါလျက် သစ္စဒေသနာ တော်ကို ဟောတော်မူရခြင်းအကြောင်း

သမုဒယကြောင့်ဖြစ်သော ဒုက္ခ၊ ဒုက္ခ၏ ဆုတ်နစ်ရာ ဆုတ်နစ်ကြောင်းဖြစ်သော နိဗ္ဗာန်၊ ထိုဒုက္ခ, နိဗ္ဗာန် နှစ်ပါးတို့၏ အကြောင်းဖြစ်သော သမုဒယ, မဂ္ဂတို့၏ အစွမ်းဖြင့် ဝေနေယျသတ္တဝါတို့သည် မဂ်ဉာဏ်တည်းဟူသော မျက်စိဖြင့် မြင်အပ်သည်သာလျှင်ဖြစ်သော ထိုခန္ဓာ, အာယတန, ဓာတ်တို့သည် မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော ကျေးဇူးကို အထူးဆောင်နိုင်သည်။ တစ်ပါးသော အခြင်းအရာအားဖြင့် မြင်အပ်သော ထိုခန္ဓာ, အာယတန, ဓာတ်တို့သည် မဂ်, ဖိုလ်, နိဗ္ဗာန် ဟူသော ကျေးဇူးကို အထူးမဆောင်နိုင်ပါ။ ထို့ကြောင့် ခန္ဓာ, အာယတနဓာတ်တို့၏ အခြားမဲ့၌ သစ္စာကို လေးပါးအပြားအားဖြင့် အချုပ်ပြု၍ ဟောတော်မူသည်။

(၁၃၆၄-ခု အကြိုးတန်း)

## ❑ ဒုက္ခမည်ကြောင်း နှစ်ပါး

စက်ဆုတ်အပ်သောကြောင့်လည်းကောင်း၊ အချည်းနှီး ဖြစ်သောကြောင့် လည်းကောင်း ဒုက္ခမည်ပါသည်။

(၁၃၆၂-ခု, ၆၄-ခု အကြိုးတန်း)

http://www.dhammadownload.com



## ❒ တဏှာကိုသာ သမုဒယဟုဆိုရခြင်းအကြောင်း

ပဓာနအကြောင်းဖြစ်သောကြောင့် တဏှာကိုသာ သမုဒယဟု ဆိုသည်။

(၁၃၃၁-ခု, ၅၀-ခု, ၆၃-ခု အကြီးတန်း)

## ❒ တဏှာကိုသာ သမုဒယသစ္စာဖွဲ့ရခြင်းအကြောင်း

ပဓာနအကြောင်းဖြစ်သောကြောင့် တဏှာကိုသာ သမုဒယသစ္စာ ဖွဲ့ရပါသည်။ (၁၃၆၂-ခုံ အကြီးတန်း)

## ❒ တဏှာအစစ် တစ်ရာ့ရှစ်

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဤ သုံးပါးကို အာရုံ ၆-ပါးဖြင့်မြှောက် ၁၈-ပါး၊ ယင်း ၁၈-ပါးကို အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန် နှစ်ပါးနှင့်မြှောက် (၁၈x၂) ၃၆-ပါး၊ ယင်း ၃၆-ပါးကို ကာလ ၃-ပါးနှင့် မြှောက်လျှင် (၃၆x၃) ၁၀၈၊ တဏှာအပြား ၁၀၈- ပါး ဖြစ်ပါသည်။ (၁၃၆၁-ခု, ၆၂-ခု အကြီးတန်း)

**(ဆောင်)** တဏှာသုံးတန်၊ အရင်းခံ၊ အာ-ကာ-သန်နှင့် မြှောက်၊ တဏှာအစစ်, တစ်ရာ့ရှစ်၊ ဖြစ်လစ် ကိုယ်မှာရောက်။

http://www.dhammadownload.com



## ❑ သစ္စာ ၄-ပါးတို့ကို ဟေတု, ဖလအားဖြင့် ခွဲခြားချက်

ဟေတု - သမုဒယ, မဂ္ဂသစ္စာ၊

ဖလ-ဒုက္ခ,နိရောဓ သစ္စာ။ (၁၃၆၁-ခု အလတ်တန်း)

## ❑ နိဗ္ဗာန်ကို ခန္ဓာ၌ ထည့်သွင်းမရေတွက်ရခြင်းအကြောင်း

ပစ္စုပ္ပန်, အတိတ်, အနာဂါတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက ဟူသော ၁၁-ပါးသော အပြားမရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာ၌ ထည့်သွင်းမရေတွက်ရပါ။

(ဆောင်) ၁။ ကာလသုံးရပ်, အဇ္ဈတ်-ဗဟိ, ဩဠာရိက, သုခုမနှင့်, ဟီန-ပဏီတေ, ဒူရေ-သန္တိက, ကွဲပြားမှ, ခန္ဓဖွဲ့ကောင်းသည်။

၂။ နိဗ္ဗာန်သည်ကား, နှစ်ပါးမကွဲ, မြဲဗဟိဒ္ဓ, သုခုမနှင့် ပဏီတ-ယေ, ဒူရေတွက်မှု, တဘာက်ရ, ခန္ဓဝိမုတ်မည်။

## ❑ သောဒါဘာဝေန နိဗ္ဗာန်၌ သောဒအရ

ပစ္စုပ္ပန်, အတိတ်, အနာဂါတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကအားဖြင့် ၁၁-ပါး။ (၁၃၆၄-ခု အကြီးတန်း)

http://www.dhammadownload.com


## ❐ သစ္စာဝိမုတ်တရားများ

မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု။

(၁၃၆၄-ခု အလတ်တန်း၊ ၆၁-ခု အကြီးတန်း)

## ❐ စိတ်၌ ဓာတ် ၇-မျိုး ပြားရခြင်းအကြောင်း

သိကာမတ္တသိရုံမျှဖြစ်သောကြောင့် မနောဓာတ်မည်၏။ မနောဓာတ်ထက် ထူးသောအားဖြင့် သိတတ်သောဓာတ်ဖြစ်သောကြောင့် ပဉ္စဝိညာဏဓာတ်မည်၏။ မနောဓာတ်, ပဉ္စဝိညာဏ်ဓာတ်တို့ထက် သာလွန်ထူးကဲသောအားဖြင့် သိတတ်သောဓာတ်ဖြစ်သောကြောင့် မနောဝိညာဏ ဓာတ်မည်၏။ ဤသို့ သိပုံသဘောသွား ၇-မျိုးပြားရခြင်း ကြောင့် ဓာတ် ၇-မျိုး ကွဲပြားရသည်။

(၁၃၃၆-ခု အကြီးတန်း)

## ❐ ဒွါရာလမ္ဗတဒုပ္ပန္န-၌ တဒုပ္ပန္နဓာတ်များ

ဝိညာဏဓာတ်များဖြစ်သည်။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


## ☐ အာရမ္မဏသင်္ဂဟလာ မဂ္ဂင်ရုံနှင့် ဒွါရာလမ္မဏဘောဒေနဌ ပါသော မဂ္ဂင်ရုံတို့အထူး

အာရမ္မဏသင်္ဂဟလာမဂ္ဂင်ရုံကား- ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်ပညတ်အားဖြင့် ၆-ပါး။

ဒွါရာလမ္မဏလာမဂ္ဂင်ရုံကား- စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်အားဖြင့် ၃-ပါး။ (၁၃၆၃-ခု အကြီးတန်း)

## ☐ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး ပြားရခြင်းအကြောင်း

ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး ပြားခြင်းကြောင့် အာယတန ၁၂-ပါး ပြားရပါသည်။

ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ထိုဒွါရ, အာရုံကို မှီ၍ဖြစ်သော ဝိညာဉ် ၆-ပါးပြားခြင်းကြောင့် ဓာတ် ၁၈-ပါး ပြားရပါသည်။ (၁၃၆၃-ခု အငယ်တန်း)

## ☐ သစ္စာဝိမုတ် စသည်တို့ကို သစ္စာ၌ သွင်ယူရခြင်းအကြောင်း

သစ္စာမှလွတ်သော နေယျတရားမည်သည်မရှိ၊ သစ္စာဒေသနာဖြင့် တရားအားလုံးကို သိမ်းယူသင့်သော ကြောင့် ဖိုလ်စိတ်၌ယှဉ်သော သမ္မာဒိဋ္ဌိ စသော ၈-ပါး ကို မဂ္ဂသစ္စာ၌ သွင်းယူရသည်။ ကြွင်းသော မဂ်စိတ္တုပ္ပါဒ်

http://www.dhammadownload.com



တို့ကို သင်္ခါရက္ခန္ဓာအဖြစ်အားဖြင့် တူသောကြောင့် ဒုက္ခသစ္စာ၌ သွင်းယူရသည်။

(၁၃၆၃-ခု အကြီးတန်း)

**(ဆောင်)** ဖိုလ်စိတ်ယှဉ်ထ, မဂ္ဂင်ကို, မဂ္ဂ၌သွင်း၊ ကြွင်းသည့်မဂ်ဖိုလ်, စိတ္တုပ်ကိုကား, ထိုထိုဒုက္ခ, သင်္ခါရမို့, ဒုက္ခသစ္စာ, သွင်းယူရာသည်, နည်းလာ သုတ္တန်သဘောတည်း။

## သမုစ္စည်းပိုင်းမေးကွက်
## ပြီးပါပြီ

http://www.dhammadownload.com

# ၈–ပစ္စည်းပိုင်းမေးကွက်

### ❒ ယေသံ သင်္ခတမဗ္ဘာန်နှင့် ယေဗမ္ဘာ–တို့၌ ဗမ္ဘနှစ်ခုအထူး

ယေသံ သင်္ခတမဗ္ဘာန်–၌ ဗမ္ဘ–အရ သင်္ခတဖြစ်သော ပစ္စုပ္ပန်တရား ရ၏။ ယေ ဗမ္ဘာ၌ ဗမ္ဘ–အရ သင်္ခတ၊ အသင်္ခတဖြစ်သော ပစ္စည်းတရား ရ၏။

(၁၃၅၀–ခု အကြီးတန်း)

### ❒ နိဗ္ဗာန်သည် ပစ္စယုပ္ပန်မဟုတ်

ယေသံ သင်္ခတမဗ္ဘာန်–ကိုထောက်၍ အကျိုးပစ္စယုပ္ပန်တရားသည် သင်္ခတတရားသာ ဖြစ်ရမည် ဖြစ်သောကြောင့် နိဗ္ဗာန်သည် အကျိုးပစ္စယုပ္ပန္နတရား မဟုတ်ပါ။

(၁၃၆၄–ခု အကြီးတန်း)

### ❒ ယေသံ သင်္ခတမဗ္ဘာန်–အရ နိဗ္ဗာန် မပါဝင်

သင်္ခတမဗ္ဘာန်ဟုဆိုခြင်းကြောင့် အသင်္ခတဖြစ်သော နိဗ္ဗာန်သည် ဗမ္ဘာန်အရ မပါဝင်နိုင်ပါ။

(၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ နိဗ္ဗာန်သည် အကြောင်းတရား

ယေသံ သင်္ခတဓမ္မာနံ၊ ယေ ဓမ္မာ ပစ္စယာ ယထာနှင့်အညီ ပစ္စယုပ္ပန်တရားသည် သင်္ခတသာဖြစ်ရမည်၊ ပစ္စည်းတရားကား သင်္ခတ, အသင်္ခတ ၂–မျိုးလုံးဖြစ်နိုင်သည်။ ထို့ကြောင့် သင်္ခတဖြစ်သော နိဗ္ဗာန်သည် အကြောင်းပစ္စည်းတရားသာ ဖြစ်သည်။ အကျိုးပစ္စယုပ္ပန် မဖြစ်နိုင်။

(၁၃၆၁–ခု, ၆၂–ခု အကြိုးတန်း)

## ❒ ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းအထူး

ထိုအဝိဇ္ဇာအစရှိသော အကြောင်းတို့၏ ဖြစ်သဖြင့် ဖြစ်လေ့ရှိသော သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်သော အခြင်းအရာမျှဖြင့် မှတ်အပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်း မည်၏။

အထူးပြု၍ဖြစ်သော ပစ္စည်းဟုဆိုအပ်သော တည်ရာကို အကြောင်းပြု၍ ဆိုအပ်သောနည်းသည် ပဋ္ဌာန်းနည်း မည်၏။ (၁၃၃၃–ခု, ၆၄–ခု အလတ်တန်း၊ ၆၃–ခု အကြိုးတန်း)

**(ဆောင်)** ၁။ အကြောင်းပစ္စယ, ဖြစ်တုံကမူ, ဖြစ်ကြလေရိုး, ကျိုးပစ္စယုပ္ပန်, ပြင်းဟန်လောက်မျှ, ထုတ်ဖော်ပြ၍, ပစ္စယသတ္တိ, မပြဘိ, မှတ်သိ ပဋိစ္စ–သမုပ္ပါဒ။

၂။ ပစ္စည်း ပစ္စယုပ္ပန်, ဖြစ်ဟန်မက, ပစ္စယ၏, သတ္တိထူးလည်း, တပါတည်း, ပြနည်း ပဋ္ဌာန။

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်နည်း

## ❒ အဝိဇ္ဇာအဓိပ္ပာယ်

မသိတတ်သောကြောင့်လည်းကောင်း၊ မရထိုက်သော ကာယဒုစရိုက် စသည်ကို ရယူတတ်သောကြောင့် လည်းကောင်း၊ ရယူထိုက်သော ကာယသုစရိုက် စသည်ကို မရယူတတ်သောကြောင့် လည်းကောင်း၊ သိထိုက်သော သစ္စာလေးပါး စသည်ကို ထင်ရှားအောင် မပြတတ်သော ကြောင့်လည်းကောင်း၊ ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော ဣတ္ထိ, ပုရိသ စသည်၌ ပြေးသွားစေတတ်သော ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ခန္ဓာစသည်၌ မပြေးလွှားစေတတ် သောကြောင့်လည်းကောင်း အဝိဇ္ဇာမည်ပါသည်။

(၁၃၅၀-ခု, ၆၃-ခု အကြီးတန်း)

## ❒ အဝိဇ္ဇာ–အရ

သစ္စာလေးတန်, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်၊ ဤရှစ်ဌာနတို့၌ မသိသောမောဟကို အဝိဇ္ဇာ–အရ ယူရပါမည်။

(၁၃၅၀-ခု, ၅၇-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ မသိတိုင်း အဝိဇ္ဇာဟု မခေါ်နိုင်

သစ္စာ ၄-ပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်၊ ဤ ၈-ဌာန၌ မသိခြင်းကိုသာ အဝိဇ္ဇာ ဟု ခေါ်သည်။ (၁၃၆၃-ခု အကြီးတန်း)

## ❒ မေးခွန်းအဖြေမှန် မသိခြင်းကို အဝိဇ္ဇာဟု မခေါ်

သစ္စာလေးပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်၊ ဤ ၈-ရပ်၌ မသိသော မောဟသည်သာလျှင် အဝိဇ္ဇာမည်။ ထို့ကြောင့် အဖြေမှန်ကို မသိခြင်းကို အဝိဇ္ဇာဟု မခေါ်နိုင်ပါ။ (၁၃၆၁-ခု အကြီးတန်း)

## ❒ အဝိဇ္ဇာ၏ ဖုံးလွှမ်းရာဌာနများ

သစ္စာလေးပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်အားဖြင့် ရှစ်ဌာန။ (၁၃၆၂-ခု အကြီးတန်း)

## ❒ ဘုရားကဲ့သို့ အားလုံးမသိကြသော ရဟန္တာကြီးများ အဝိဇ္ဇာ မကင်းသေးပါသလော

သစ္စာလေးပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်၊ ဤရှစ်ဌာနတို့၌ မသိခြင်းကိုသာ အဝိဇ္ဇာဟု ခေါ်သည်။ အခြားအရာတို့၌ မသိခြင်းမှာ အဝိဇ္ဇာ မဟုတ်ပါ၊ ထို့ကြောင့် ရဟန္တာကြီးများမှာ အဝိဇ္ဇာမကင်း ...ဟု မဆိုရပါ။ (၁၃၅၄-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ အဝိဇ္ဇာ စသည်တို့ကိုသာ ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းဟု ဟောခြင်းအကြောင်း

ပြဋ္ဌာန်းသည်၏အဖြစ်ကြောင့် လည်းကောင်း၊ ထင်ရှားသည်၏အဖြစ်ကြောင့်လည်းကောင်း အဝိဇ္ဇာ စသည်တို့ကိုသာ ပဋိစ္စသမုပ္ပါဒ်၏ အကြောင်း တရားဟု ဟောတော် မူသည်။ (၁၃၆၁-ခု အကြီးတန်း)

## ❒ ကွန်ပျူတာနည်းပညာကို မသိမှုသည် အဝိဇ္ဇာ မဟုတ်

သစ္စာလေးပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် ဤရှစ်ဌာန၌ မသိခြင်းကိုသာ အဝိဇ္ဇာဟု ခေါ်သည်။ ကွန်ပျူတာ နည်းပညာကို မသိခြင်းသည် အဝိဇ္ဇာ မဟုတ်ပါ။ (၁၃၆၂-ခု အကြီးတန်း)

## ❒ သင်္ခါရအဓိပ္ပာယ်

ပြုစီရင်အပ်သည့် ဝိပါက်, နာမက္ခန္ဓာ, ကဋတ္တာရုပ် အကျိုး တရားတို့ကို ပြုစီရင်တတ်သောကြောင့် လောကီ ကုသိုလ်, အကုသိုလ် စေတနာ ၂၉-ခုသည် သင်္ခါရ မည်ပါသည်။

## ❒ သရုပ်နှင့် အရေအတွက်

ပုညာဘိသင်္ခါရ-ကာမကုသိုလ်၊ ရူပကုသိုလ် စေတနာ ၁၃-ခု၊

http://www.dhammadownload.com



အပုညာဘိသင်္ခါရ—အကုသိုလ်စေတနာ ၁၂—ခု၊
အာနေဉ္ဇာဘိသင်္ခါရ—အရူပကုသိုလ် စေတနာ
၄—ခု။

(၁၃၅၆—ခု, ၆၁—ခု, ၆၂—ခု, ၆၃—ခု အကြိုးတန်း)

❒ **သင်္ခါရပစ္စယာ ဝိညာဏံ—၌ ဝိညာဏ—အရ ဋီကာအလို**

ပဋိသန္ဓေ၏အစွမ်းအားဖြင့် ၁၉—ပါး၊ ပဝတ္တိ၏ အစွမ်းအားဖြင့် ၃၂—ပါးသော လောကီဝိပါက်သည် ဝိညာဏ—အရ ဖြစ်ပါသည်။

(၁၃၆၁—ခု, ၆၃—ခု အကြိုးတန်း)

❒ **သင်္ခါရပစ္စယာ ဝိညာဏံ၌ ဝိညာဏံ—အရ**

အကုသလဝိပါက် ၇—ပါးကို ယူရပါမည်။

(၁၃၆၃—ခု အကြိုးတန်း)

❒ **သင်္ခါရပစ္စယာ ဝိညာဏံ၌ သင်္ခါရ—အရ အပုညာဘိသင်္ခါရကို ယူခဲ့သော် ဝိညာဏအရယူသင့်သော ဝိညာဉ်**

အကုသလဝိပါက် ၇—ခု ဖြစ်ပါသည်။

(၁၃၆၄—ခု အကြိုးတန်း)

http://www.dhammadownload.com



## ❒ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ

(၁) ပုညာဘိသင်္ခါရကြောင့် ကာမသုဂတိ ပဋိသန္ဓေ ၉–ခု၊ ရူပပဋိသန္ဓေ ၅–ခုအားဖြင့် ၁၄–ပါးသော ပဋိသန္ဓေ ဝိညာဏ်နှင့် လောကီကုသလဝိပါက် ၂၅–ပါး**ဟူသော** ဝိပါက်ဝိညာဏ်တို့ ဖြစ်ကြသည်။

(၂) အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ပဋိသန္ဓေဝိညာဏ်နှင့် အကုသလဝိပါက် ၇–ခု ဝိပါက်ဝိညာဏ်တို့ဖြစ်ကြသည်။

(၃) အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပဝိပါက် ၄–ခု ပဋိသန္ဓေ, ပဝတ္တိဝိပါက်ဝိညာဏ်တို့ဖြစ်ကြသည်။

(၁၃၆၁–ခု, ၆၂–ခု အကြီးတန်း)

## ❒ ဝိညာဏပစ္စယာ–၌ အကြောင်းဝိညာဏ်

ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ၁၉–ပါး၊ ပဝတ္တိ၏ အစွမ်းအားဖြင့် လောကီဝိပါက် ၃၂–ပါးတို့သည် ဝိညာဏ် မည်ပါသည်။

## ❒ နာမရူပံ–၌ အကျိုးနာမ်ရုပ်

ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော ဝေဒနာ**စသော ခန္ဓာသုံးပါးအပေါင်းသည်** နာမ၊ ဘူတရုပ်, ဥပါဒါ**ရုပ်အား ဖြင့်ပြားသော** ကမ္မဇရုပ်သည် ရူပမည်ပါသည်။

(၁၃၄၈–ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ နာမရူပပစ္စယာ သဠာယတနံ-၌ နာမစသည် အရ

ဝေဒနာစသော ခန္ဓာသုံးပါးအပေါင်းသည် နာမ၊

ဘူတရုပ်, ဥပါဒါရုပ်အားဖြင့် နှစ်ပါးသော ကမ္မဇရုပ်သည် ရူပ၊

အဇ္ဈတ္တိကာယတနခြောက်ပါး၊ ကေစိဝါဒအလို ဗာဟိရာယတန ၆-ပါးသည် သဠာယတန။

(၁၃၆၂-ခု အကြီးတန်း)

## ❐ သဠာယတန

စက္ခုစသော အဇ္ဈတ္တိကာယတန ၆-ပါး၊

တစ်နည်း - ရူပစသော ဗာဟိရာ ယတန ၆-ပါးသည်လည်းကောင်း၊ ဆဋ္ဌဖြစ်သော မနာယတနသည် လည်းကောင်း သဠာယတန မည်ပါသည်။

(၁၃၆၁-ခု အကြီးတန်း)

## ❐ ဝေဒနာပစ္စယာ တဏှာဖြစ်ပုံ ဋီကာအလိုကျ

ခံစားအပ်သော အာရုံတရားတို့၌ သာယာဖွယ်ဟု အဖန်ဖန် ရှုလေ့ရှိသော ပုဂ္ဂိုလ်အား ဝေဒနာလျှင် အကြောင်း ရှိသော တဏှာဖြစ်ရသည်။ ထို့ကြောင့် ဝေဒနာပစ္စယာ တဏှာဟု ဆိုပါသည်။ (၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ ဝေဒနာသုံးပါးကြောင့် တဏှာဖြစ်ပုံ

ဒုက္ခရောက်နေသူသည် သုခကို တောင့်တလိုချင်၏။ ဤသို့ ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်ပါသည်။

ချမ်းသာသောသူကလည်း ထိုထက်ချမ်းသာမှုကို လိုလား၏။ ဤသို့ သုခဝေဒနာကြောင့် တဏှာဖြစ်သည်။ ငြိမ်သက်သော သဘောရှိသောကြောင့် ဥပေက္ခာကို သုခ၌ သွင်း၍ သုခဝေဒနာကဲ့သို့ မှတ်ရမည်။

(၁၃၃၃-ခု အကြီးတန်း)

## ❐ ရောဂါ, ဝေဒနာတို့၏ အကြောင်းအရင်း

ရောဂါ၏ အကြောင်းအရင်းကား - ဇာတိဖြစ်ပါသည်။

သာဓက-ဇာတိပစ္စယာ ဇရာမရဏံ၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ တစ်နည်း-ရောဂါ ၏ အကြောင်းအရင်းကား ကံ, စိတ်, ဥတု, အာဟာရများ ဖြစ်သည်။ သာဓက-ကမ္မံ စိတ္တံ ဥတု အာဟာရောစေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ။

ဝေဒနာ၏အကြောင်းအရင်းကား- ဖဿဖြစ်သည်။ သာဓက - ဖဿပစ္စယာ ဝေဒနာ။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ တဏှာ၏နီးကပ်သော အကြောင်းတရား

ဝေဒနာပစ္စယာ တဏှာ-ကိုထောက်၍ ဝေဒနာ ဖြစ်ပါသည်။ (၁၃၆၁-ခု အကြီးတန်း)

## ❒ တဏှာနှင့် ဥပါဒါန်တို့အထူး

အားနည်းသောတဏှာသည် တဏှာ၊ အားကြီးသော တဏှာသည် ဥပါဒါန်။

(တစ်နည်း) အမိုက်မှောင်၌ ခိုးရန် လက်ကိုဆန့်တန်း ခြင်းကဲ့သို့ မရအပ်သေးသောအာရုံကို တောင်းတခြင်းသည် တဏှာ၊ ခိုးသူများ လက်ထဲသို့ရောက်ပြီးသောပစ္စည်းကို ကိုင်ထားခြင်းကဲ့သို့ ရအပ်ပြီးသော အာရုံကိုယူခြင်းသည် ဥပါဒါန်။

(တစ်နည်း) တဏှာသည် အပ္ပိစ္ဆတာဂုဏ်၏ ဆန့်ကျင်ဘက်ဖြစ်၍ ဥပါဒါန်သည် သန္တောသဂုဏ်၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။

(တစ်နည်း) တဏှာသည် ပရိယေသနဒုက္ခ၏ အရင်းခံဖြစ်၍ ဥပါဒါန်သည် အာရက္ခနဒုက္ခ၏ အရင်းခံတည်း၊ ဤသို့ ထူးပါသည်။

(၁၃၆၃-ခု အကြီးတန်း)

**(ဆောင်)** ချင်းချင်းထောက်ဆ, ရှေးရှေးကျသည့်, ဒုဗ္ဗလဟု, လိုချင်မှုကို, တဏှာဆိုလော့၊ ထိုထိုနောက်မှ, ဗလဝဖြစ်ပြန်, ဥပါဒါန် တည်း၊ တစ်ဖန်ဆိုကြ, ကေစနကား, မရသေးခင်, တောင့်တ

http://www.dhammadownload.com


အင်ကို, ခေါ်တွင်တဏှာ, ရခဲ့ပါတုံ, စုံစုံမက်မက်, နှစ်သက်သမှု, ပါဒါန်ပြု၏၊ နှစ်ခုခွဲကြိတ်, ဆန့်ကျင် ရိုပ်ကား, အပွဲ့ထွာ, သန္တာ့ပြဌာတည်း၊ ဒုက္ခာမျိုး တွေ့, ရေတွက်လေသော်, ရှာဖွေတောင့်တ, တကြောင့်ကြဟု, စောင့်ရှောက်မှုသည်, တဏှာ ပါဒါန် အခွဲတည်း။

## ❒ ဘဝအဓိပ္ပာယ်

အကျိုးဖြစ်ပေါ်ကြောင်းဖြစ်သောကြောင့် လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉–ခုဟူသော ကမ္မဘဝသည် ဘဝမည်ပါသည်။

ကာမဘဝ စသော ဥပပတ္တိ ဘဝ ၉–ပါး သည်ကား ဖြစ်ပေါ်တတ်သောကြောင့် ဘဝမည်ပါသည်။

(၁၃၅၀–ခု အကြီးတန်း)

## ❒ အကြောင်းဘဝ

ဘဝပစ္စယာ ဇာတိ–၌ပါသော ဘဝသည် ကမ္မဘဝဟူသော အကြောင်းဘဝတစ်မျိုးသာ ဖြစ်သည်။

(၁၃၅၀–ခု အကြီးတန်း)

## ❒ အကျိုးဘဝ

ဥပါဒါန ပစ္စယာ ဘဝေါ–၌ ပါသော အကျိုးဘဝကား ကမ္မဘဝ၊ ဥပပတ္တိဘဝနှစ်မျိုးလုံး ဖြစ်သည်။

(၁၃၅၀–ခု အကြီးတန်း)

http://www.dhammadownload.com


## ❐ ဘဝပစ္စယာ ဇာတိ-၌ ကမ္မဘဝကိုသာ ကောက်ယူရခြင်း အကြောင်း

ကမ္မဘဝသည်သာ ဇာတိ၏ အကြောင်းဖြစ်၍ ဥပပတ္တိဘဝသည် ဇာတိ၏ အကြောင်းမဟုတ်သောကြောင့် ဘဝပစ္စယာ ဇာတိ-၌ ဘဝ-အရ ကမ္မဘဝကိုသာ ယူရသည်။ (၁၃၆၁-ခု, ၆၄-ခု အကြီးတန်း)

## ❐ ကမ္မဘဝနှင့် သင်္ခါရတို့အထူး

အနာဂါတ်ဘဝ၌ ဖြစ်လတ္တံ့သော ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စေတနာ သည် ကမ္မဘဝ မည်ပါသည်။

ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ပဋိသန္ဓေ၏ အကြောင်း ဖြစ်သော အတိတ်ဘဝ၌ဖြစ်သော စေတနာသည် သင်္ခါရ မည်ပါသည်။

(၁၃၃၀-ခု, ၃၂-ခု, ၆၁-ခု, ၆၂-ခု, ၆၃-ခု, ၆၄-ခု အကြီးတန်း)

**(ဆောင်)**ကမ္မဘဝ, သင်္ခါရတို့, ကောက်ပြဘွယ်ဟူ, အရ တူလည်း, ခုမှုဘဝ, ဖြစ်ကြွေလာ, စေတနာကို, သေချာကမ္မ, ဘဝမှတ်ရေး၊ အတိတ်ရှေးဟု, စေတနာစုကို, ခေါ်မှုတင်သ, သင်္ခါရသည်, ကာလသည်ပုံ-ကွဲသတည်း။

http://www.dhammadownload.com


## ❐ ဘဝနှစ်ခုတို့အထူး

ဥပါဒါနပစ္စယာ ဘဝေါ-၌ ဘဝ-အရ ကမ္မဘဝ, ဥပပတ္တိဘဝနှစ်မျိုးလုံးကိုပင် ယူရမည်။ ဘဝပစ္စယာ ဇာတိ-၌ ဇာတိ၏အကြောင်းဖြစ်သော ကမ္မဘဝကိုသာ ယူရပါမည်။ ဥပပတ္တိဘဝကို မယူရ။ ရှေးဦးစွာဖြစ်သော ခန္ဓာတို့၏ သဘောဟူသော ဥပပတ္တိဘဝသည်ပင် ဇာတိမည်သည်၊ ယင်းဇာတိသည်ပင် ဇာတိ၏ အကြောင်းမဖြစ်နိုင်သောကြောင့် ဘဝပစ္စယာ ဇာတိ-အရ ဥပပတ္တိဘဝကို မယူရ။

(၁၃၃၀-ခု, ၃၂-ခု, ၅၄-ခု, ၆၁-ခု, ၆၂-ခု, ၆၃-ခု အကြီးတန်း)

## ❐ သံသရာလည်ခြင်း၏ လက်သည်တရားခံ

အဝိဇ္ဇာနှင့် တဏှာဖြစ်ပါသည်။

(၁၃၆၃-ခု အကြီးတန်း)

## ❐ ဇာတိ၏ အကျိုးနှစ်ပါး

ဇရာ၊ မရဏ (၁၃၆၂-ခု အကြီးတန်း)

## ❐ အိုနာသေ၏ လက်ရင်းတရားခံ

ဇာတိ (ဇာတိပစ္စယာ ဇရာမရဏံ)

F19B

http://www.dhammadownload.com


## ❒ ယင်း၏ အကျိုးဆက်

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ။

(၁၃၆၁-ခု အငယ်တန်း၊ ၆၃-ခု အကြီးတန်း)

## ❒ ဇာတိ၏ (က) အကျိုးရင်း (ခ) အကျိုးဆက်

(က) ဇရာ, မရဏ

(ခ) သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။

(၁၃၆၄-ခု အလတ်တန်း)

## ❒ အဝိဇ္ဇာနှင့် တဏှာတို့ အကြောင်းရင်းဖြစ်ပုံ

အဝိဇ္ဇာသည် ပုဗ္ဗန္တ၏ အကြောင်းရင်း၊ တဏှာသည် အပရန္တ၏ အကြောင်းရင်း။ (၁၃၆၂-ခု အကြီးတန်း)

## ❒ သတ္တဝါများကို ထာဝရဘုရားသခင် ဖန်ဆင်းသည် မဟုတ်

ဝေမေတသ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ-ကိုထောက်၍ အဝိဇ္ဇာ အစရှိသော အကြောင်း အဆက်ဆက်ကြောင့် သင်္ခါရ, ဝိညာဏ် စသော အကျိုး အဆက်ဆက်ဖြစ်ခြင်းမျှသာ ဖြစ်သည်။ ထာဝရဘုရား သခင်, တန်ခိုးရှင်, ဗြဟ္မာနှင့်မဟာနဖုဂ္ဂိုလ်တို့ ဖန်ဆင်းထား သောကြောင့် ဖြစ်ပေါ်လာရခြင်း မဟုတ်ပါ။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


## လူ့ခန္ဓာများ ဖြစ်ပေါ်လာရခြင်းအကြောင်း

ဇေမေတဿ ကောဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောတို့ကိုထောက်၍ အဝိဇ္ဇာစသော အကြောင်းဆက်ဆက်ကြောင့် ဖြစ်ပေါ်လာရသည်။ တန်ခိုးရှင်ဖန်ဆင်း၍ ဖြစ်ပေါ်လာရသည် လုံးဝ မဟုတ်။

(၁၃၆၃-ခု အကြီးတန်း)

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ရပ်ကို အကြောင်းအကျိုးခွဲပုံ

| | အကြောင်း | အကျိုး |
|---|---|---|
| (၁) | အဝိဇ္ဇာ | သင်္ခါရ |
| (၂) | သင်္ခါရ | ဝိညာဏ် |
| (၃) | ဝိညာဏ် | နာမ်ရုပ် |
| (၄) | နာမ်ရုပ် | သဠာယတန |
| (၅) | သဠာယတန | ဖဿ |
| (၆) | ဖဿ | ဝေဒနာ |
| (၇) | ဝေဒနာ | တဏှာ |
| (၈) | တဏှာ | ဥပါဒါန် |
| (၉) | ဥပါဒါန် | ဘဝ |
| (၁၀) | ဘဝ | ဇာတိ |
| (၁၁)/(၁၂) | ဇာတိ | ဇရာ, မရဏ။ |

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ ဥပါဒါန်ကို အစွန့်စသည်၌ သွင်းပုံ

ပစ္စုပ္ပန်အစွန့်, ပစ္စုပ္ပန်အကြောင်းချင်းရာ, ပစ္စုပ္ပန်အဖို့ အစုအလွှာ, ကိလေသဝဋ်။ (၁၃၃၆-ခု အကြီးတန်း)

## ❒ အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ-ဟုဆိုသော်လည်း ယခုဘဝ သင်္ခါရတို့ သန္တာန်၌ အဝိဇ္ဇာရှိ

မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါကိုလည်းကောင်း၊ တဏှာ တဏှုပါဒါနဘဝဂ္ဂဟဏေန အဝိဇ္ဇာသင်္ခါရာကို လည်းကောင်း၊ ဣဒါနိ ဟေတဝေါပဉ္စ-ကိုလည်းကောင်း ယောက်၍ ပစ္စုပ္ပန်အင်္ဂါ တဏှာ, ဥပါဒါန်, ဘဝကိုယူလျှင် အဝိဇ္ဇာသင်္ခါရကိုလည်း ယူပြီးဖြစ်သောကြောင့် အဝိဇ္ဇာမရှိဟု မမှတ်ရပါ။ (၁၃၆၂-ခု အကြီးတန်း)

## ❒ အဝိဇ္ဇာနှင့် သင်္ခါရတို့ကို အတီတဒ္ဓဟု ခေါ်နိုင်ပုံ

"အတီတဒ္ဓ"ဟူသည် ကာလဖြစ်၏၊ ကာလကို "ဌာန"ဟုခေါ်နိုင်၏။ "ဌာန"ဟူသည် ဖြစ်ရာ, တည်ရာ အခါတည်း၊ တသ္မိံသမယေ "ထိုအခါ၌"ဟူသော စကားကို ယောက်၍ ကာလကို ဌာနဟု ယူနိုင်ကြောင်း သိပါ၊ အဝိဇ္ဇာနှင့် သင်္ခါရကား ကာလမဟုတ်၊ ကာလ၌ ဖြစ်သည့် ဓမ္မများဖြစ်၍ ကာလဝန္တ(ဌာနီ) များဖြစ်၏၊ ထို့ကြောင့် ဌာန၏ "အတီတဒ္ဓ"အမည်ကို ဌာနီ၌

http://www.dhammadownload.com



တင်စား၍ ဌာနီဖြစ်သည့် အဝိဇ္ဇာနှင့် သင်္ခါရတို့ကို အတီတဒ္ဓဟု အရှင်အနုရုဒ္ဓါက ဆိုထားပါသည်။

(၁၃၆၁–ခု အကြီးတန်း)

## ❐ သောကစသည်ကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါ၌ မထည့်ခြင်းအကြောင်း

သောကစသည်တို့သည် ဇာတိ၏ မုချအကျိုး မဟုတ်၊ အကျိုးဆက်မျှသာဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါအဖြစ် မထည့်သွင်းပါ။

(၁၃၂၄–ခု, ၆၁–ခု အလတ်တန်း၊ ၆၃–ခု အကြီးတန်း)

## ❐ ဇာတိ, ဇရာ, မရဏတို့ကိုယူသဖြင့် ဝိညာဏ် စသောအကျိုး ငါးပါးကို ယူရခြင်းအကြောင်း

ဇာတိ, ဇရာ, မရဏဟူသည် ဝိညာဏ် စသော ၅– ပါး၏ ဖြစ်ခြင်းသဘော, ရင့်ခြင်းသဘော, ပျက်ဆီးခြင်း သဘောမျှသာ ဖြစ်သောကြောင့် ဇာတိ, ဇရာ, မရဏတို့ကို ယူသဖြင့် ဝိညာဏ်စသော အကျိုး ၅–ပါးကို ယူရသည်။

(၁၃၆၃–ခု အကြီးတန်း)

## ❐ အဝိဇ္ဇာနှင့် သင်္ခါရကို ယူဉ်သဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝ တို့ကို ယူရခြင်းအကြောင်း

အဝိဇ္ဇာ တဏှုပါဒါနာ စ ကိလေသဝဋ္ဋံ၊ ကမ္မဘဝ သင်္ခါတော ဘဝေကဒေသော သင်္ခါရာ စ ကမ္မဝဋ္ဋံ–

http://www.dhammadownload.com



ကိုထောက်၍ အဝိဇ္ဇာနှင့် တဏှာ, ဥပါဒါန်တို့သည် ကိလေသာဝဋ်အားဖြင့် တူကြသည်။ သင်္ခါရနှင့် ကမ္မဘဝ တို့လည်း ကမ္မဝဋ်အားဖြင့် တူကြသည်။ ထို့ကြောင့် အဝိဇ္ဇာကိုယူ သဖြင့် အဝိဇ္ဇာနှင့် ကိလေသာဝဋ်ခြင်းတူသော တဏှာ, ဥပါဒါန်တို့ကိုလည်းကောင်း၊ သင်္ခါရကိုယူသဖြင့် သင်္ခါရနှင့် ကမ္မဝဋ်ခြင်းတူသော ကမ္မဘဝကိုလည်းကောင်း ယူရသည်။ (၁၃၆၂–ခု အကြီးတန်း)

(ဆောင်) အတိတ်ခွန့်မှာ, အဝိဇ္ဇာကို, တိုက်ရိုက်ဆိုသဖြင့်, ထိုနှင့်မသွေ့, ကိလေသေဟု, ဝဋ်တူပြုလျက်, တဏှာပါဒါန်, ယူရပြန်၏၊ တစ်ဖန်စဉ်ပြ, သင်္ခါရဖြင့်, ကမ္မဝဋ်တူ, ဘဝယူ–ဟု, တို့သူ နှောင်လာ, သိစိမ့်ငှာဖြင့်, အဝိနာဘော, နည်းပြဟောသည်, မှတ်လော ယူရိုးယူစဉ်တည်း။

## ❒ တဏှာ, ဥပါဒါန်ကိုယူသဖြင့် အဝိဇ္ဇာကိုပါ ယူရခြင်းအကြောင်း

ကိလေသာဝဋ်အဖြစ်တူသောကြောင့် တဏှာ, ဥပါဒါန်ကို ယူသဖြင့် အဝိဇ္ဇာကိုပါ ယူရသည်။

(၁၃၆၄–ခု အကြီးတန်း)

## ❒ အချင်းရာ ၂၀

အတိတ်အကြောင်း ၅–ပါး၊ ပစ္စုပ္ပန်အကျိုး ၅–ပါး၊ ပစ္စုပ္ပန်အကြောင်း ၅–ပါး၊ အနာဂါတ်အကျိုး ၅–ပါး၊ ပေါင်း ၂၀–ပါး။

(၁၃၆၁–ခု အလတ်တန်း၊ ၃၄–ခု အကြီးတန်း)

http://www.dhammadownload.com


**❐ အတိတ်အကြောင်း ၅–ပါး**

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

(၁၃၆၄–ခု အကြိုးတန်း)

**❐ ပစ္စုပ္ပန်အကျိုး ၅–ပါး**

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

(၁၃၆၃–ခု, ၆၄–ခု အကြိုးတန်း)

**❐ ပစ္စုပ္ပန်ဘဝ၏အကြောင်းတရား ၅–ပါး**

တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ။

သင်္ဂဟပါဠိ– တထာ တဏှုပါဒါနဘဝဂ္ဂဟဏေန စ အဝိဇ္ဇာ သင်္ခါရာ။ (၁၃၆၄–ခု အကြိုးတန်း)

**❐ အနာဂါတ်အကျိုး ၅–ပါး**

ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။

သာဓက– ဇာတိဇရာ မရဏဂ္ဂဟဏေန စ ဝိညာဏာဒိ ဖလ ပဉ္စကမေဝ။ (၁၃၆၄–ခု အကြိုးတန်း)

http://www.dhammadownload.com



## ❒ အတီတေ ဟေတဝေါ ပဉ္စ ပဉ္စ-အရ

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ။

အကိုးပါဠိ။ ။ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါန ဘဝါပိ ဂဟိတာ ဘဝန္တိ။

(၁၃၆၄-ခု အလတ်တန်း)

## ❒ ဣဒါနိ ဟေတဝေါပဉ္စ ပဉ္စ-အရ

တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ။

အကိုးပါဠိ။ ။ တထာ တဏှုပါဒါန ဘဝဂ္ဂဟဏေန စ အဝိဇ္ဇာ သင်္ခါရာ။ (၁၃၆၄-ခု အလတ်တန်း)

## ❒ အာယတိံ ဖလပဉ္စကံ-၌ ပဉ္စ-အရ

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော အနာဂတ်အကျိုး ၅-ပါး ဖြစ်ပါသည်။

(၁၃၆၃-ခု အလတ်တန်း)

## ❒ ဝိပါကဝဋ်ဖြစ်သင့်သော ပဋိစ္စသမုပ္ပါဒ်တရားများ

ဥပပတ္တိဘဝတစ်စိတ်နှင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ တို့သည် အကျိုးတရားများ ဖြစ်ကြသည်။ မှန်ပါသည်။

http://www.dhammadownload.com



ဝိညာဏ် စသော ငါးပါးသည် ပစ္စုပ္ပန်အကျိုး ဖြစ်သည်။ ဇာတိ, ဇရာ, မရဏတို့သည် အနာဂါတ်အကျိုး ဖြစ်သည်။ ဥပပတ္တိဘဝတစ်စိတ်သည်လည်း နာမ်ရုပ် ဟူသော အကျိုးတရားပင် ဖြစ်သည်။ ထို့ကြောင့် ထိုတရားအားလုံးသည် ဝိပါကဝဋ်တရား ဖြစ်သည်။ (၁၃၆၄-ခု အကြီးတန်း)

## ❒ တိသန္ဓိ-အရ အစပ်သုံးပါး

(၁) အတိတ်အကြောင်း၏အဆုံး သင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး၏အစ ဝိညာဏ်တို့၏အကြားသည် ဟေတုဖလ ၁-စပ်။

(၂) ပစ္စုပ္ပန်အကျိုး၏အဆုံး ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း၏ အစ တဏှာတို့၏ အကြားသည် ဟေတုဖလ ၁-စပ်၊

(၃) ပစ္စုပ္ပန်အကြောင်း၏ အဆုံးကမ္မဘဝနှင့် အနာဂတ် အကျိုး၏အစ ဇာတိတို့၏အကြားသည် ဟေတုဖလ ၁-စပ်။

**(ဆောင်)** သင်္ခါရနှင့် ဝိညာဏသာ၊ ဝေ, တဏှာမှ၊ ဘဝ, ဇာတိ၊ တိသန္ဓိ၊ စပ်ဘိ မြဲသေချာ။

(၁၃၃၄-ခု, ၆၁-ခု, ၆၃-ခု အလတ်တန်း၊ ၄၈-ခု, ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ ပဋ္ဌနှစ်ခုတို့အထူး

ဣ္ဒြိယနိ ဟေတဝေါ ပဋ္ဌ-၌ ပဋ္ဌ

တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ။

အာယတိံ ဖလပဋ္ဌကံ-၌ ပဋ္ဌ

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။ (၁၃၆၁-ခု အလတ်တန်း)

## ❐ ဘဝေကဒေသော ပါဠ်ဖြင့် သိစေအပ်သော အဓိပ္ပာယ်

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝဟု ၂ မျိုးရှိ၏။ ထို ၂ မျိုးတို့တွင် ဘဝနှစ်မျိုးလုံးကို မယူဘဲ ကမ္မဝဋ်၌ ကမ္မဘဝ ဟူသော တစ်စိတ်တစ်ပိုင်းကိုသာ ယူသောကြောင့် "ကမ္မဘဝသင်္ခါတော ဘဝေကဒေသော"ဟု ဆိုသည်။

ဘဝနှစ်မျိုးရှိသည်တွင် ဝိပါကဝဋ်၌ ဥပပတ္တိဘဝ ဟူသော တစ်စိတ်တစ်ပိုင်းကိုသာ ယူသောကြောင့် "ဥပပတ္တိ ဘဝသင်္ခါတော ဘဝေကဒေသော"ဟု ဆိုသည်။

(၁၃၃၇-ခု အကြီးတန်း)

## ❐ ပဋိစ္စသမုပ္ပါဒ်အရ

မပြတ်လည်သော အစမထင်သော တေဘူမကဝဋ် တရားသည် ပဋိစ္စသမုပ္ပါဒ်မည်၏။

http://www.dhammadownload.com



❒ **အဝိဇ္ဇာ၏ အကြောင်းခံတရား**

အာသဝများဖြစ်သည်။

❒ **ယင်းအကြောင်းခံတရားကို မရှုပြနိုင်က ရောက်နိုင်သော အပြစ်**

ပဋိစ္စသမုပ္ပါဒ်စက်ဆက်စပ်မှုမရှိဘဲ ဖြစ်သွားနိုင်သည် ဟူသော အပြစ်ရောက်သည်။

(၁၃၃၃–ခု, ၆၂–ခု အကြိမ်တန်း)

❒ **တီဏိ ဝဋ္ဋာနိ၌ တီဏိ–အရ**

ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်။

(၁၃၆၄–ခု အကြိမ်တန်း)

❒ **သံသရာလည်ခြင်း၏ အရင်းခံအကြောင်း ၂–ပါး**

၁။ အဝိဇ္ဇာ ၂။ တဏှာ။

သာဓက – အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ။

(၁၃၆၄–ခု အကြိမ်တန်း)

http://www.dhammadownload.com



## ❐ ဝိပါကဝဋ်တရားကိုယ်

ဥပပတ္တိဘဝတစ်စိတ်နှင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ။

(၁၃၆၃–ခု အလတ်တန်း)

## ❐ ဝဋ်တရားသရုပ်

(၁) ကိလေသဝဋ် – အဝိဇ္ဇာ, တဏှာ, ဥပါဒါန်၊

(၂) ကမ္မဝဋ် – သင်္ခါရနှင့် ကမ္မဘဝတစ်စိတ်၊

(၃)ဝိပါကဝဋ် – ဥပပတ္တိဘဝတစ်စိတ်, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ။

(၁၃၆၁–ခု, ၆၃–ခု အကြီးတန်း)

## ❐ ပဋိစ္စသမုပ္ပါဒ်၌ ဒေါမနဿ, ဥပါယာသတို့၏ အကျိုးဆက်

အာသဝဖြစ်သည်။

သာဓက– ဇရာမရဏမုစ္ဆာယ၊ ပီဠိတာန မဘိဏှ သော။ အာသဝါနံ သမုပ္ပါဒါ။ (၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ အဝိဇ္ဇာ တဖန် ဖြစ်ပေါ်ရခြင်း၏အကြောင်း

ဇရာ, မရဏ မုစ္ဆာသည် နှိပ်စက်အပ်သော သတ္တဝါတို့အား ကာမာသဝ – စသော အာသဝေါများဖြစ်ခြင်းကြောင့် တဖန် အဝိဇ္ဇာ ဖြစ်ရသည်။

(၁၃၆၃–ခု အကြီးတန်း)

## ❒ အဝိဇ္ဇာဖြစ်ကြောင်းတရား

အာသဝ ဖြစ်ပါသည်။

သာဓက။ ။ အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။

(၁၃၆၄–ခု အကြီးတန်း)

## ❒ ဇရာမရဏ မုစ္ဆာယ – နှင့် မုစ္ဆာမည်သောတရား

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။

(၁၃၆၂–ခု, ၆၃–ခု အကြီးတန်း)

http://www.dhammadownload.com

# ပဋ္ဌာန်းနည်း

## ❑ စိတ်စေတသိက်တို့က တကွဖြစ်ဖက်ရုပ်တရားတို့အား သမ္ပယုတ္တပစ္စည်း မတပ်ရခြင်းအကြောင်း

ဧကုပ္ပါဒအစရှိသော သမ္ပယောဂလက္ခဏာ ၄-ပါး မရှိသောကြောင့် စိတ်, စေတသိက်တို့သည် အတူတကွ ဖြစ်သော ရုပ်တို့အား သမ္ပယုတ္တပစ္စည်း မတပ်ပါ။

(၁၃၅၂-ခု, ၆၃-ခု အကြီးတန်း)

## ❑ လောကုတ္တရာဇောများ အာသေဝနပစ္စည်း မတပ်ခြင်း အကြောင်း

လောကုတ္တရာဇောတို့ကို အာသေဝနပစ္စည်း အဖြစ်ဖြင့် ပဋ္ဌာန်းပါဠိတော်၌ ထုတ်ပြတော်မမူအပ်သောကြောင့် အာသေဝနပစ္စည်း မတပ်ပါ။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ဟေတုနှင့် ပစ္စယတို့အနက်

အမြစ်အရင်း၏အဖြစ်ဟူသော သဘောသည် ဟေတု၊ ကျေးဇူးပြုတတ်သော အနက်သဘောသည် ပစ္စယ။

(၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


## ကျေးဇူးပြုဟူသည်

အကြောင်းတရားတို့က အကျိုးတရားတို့အား ဖြစ်စေရန်, တည်တံ့စေရန် ကျေးဇူးပြုသည်။

**(ဆောင်)** ဖြစ်စေ တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု။

(၁၃၆၁–ခု, ၆၂–ခု အကြီးတန်း)

## ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ–၌ ဇဝနာနိ–အရ

အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ။ (၁၃၆၂–ခု အကြီးတန်း)

## ဇဝနာနံ–အရ

ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောဧကပညာသ။ (၁၃၆၂–ခု အကြီးတန်း)

## သဟဇာတရုပ်များ သမ္ပယုတ္တပစ္စည်း မတပ်ခြင်းအကြောင်း

ကေနိရောဓ, ကောလမ္ဗဏအင်္ဂါချို့တဲ့သဖြင့် သမ္ပယောဂ လက္ခဏာမရှိသောကြောင့် သဟဇာတရုပ်များအား သမ္ပယုတ္တပစ္စည်း မတပ်ပါ။ (၁၃၃၄–ခု အကြီးတန်း)

http://www.dhammadownload.com



### ❒ ပဋ္ဌာန်းပစ္စည်းသဟဇာတမျိုး၌ သဟဇာတ ရူပအရ

ပဝတ္တိအခါ စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ကဋတ္တာ (ကမ္မဇ) ရုပ်။ (၁၃၆၄–ခု အကြီးတန်း)

### ❒ စေတနာ၏အကျိုးနှင့် ပစ္စယသတ္တိ

အကျိုးတရား–ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာ၊ ကဋတ္တာ ရုပ်၊

ပစ္စယသတ္တိ–နာနာက္ခဏိက ကမ္မသတ္တိ၊ (တစ်နည်း) ကမ္မ, အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတအားဖြင့် ၆–ပစ္စယသတ္တိ။ (၁၃၆၁–ခု အလတ်တန်း)

### ❒ အာသေဝနပစ္စည်း

အဆုံးဇော, ရှေးရှေးသော လောကီဇော ၄၇–ပါး, စေတသိက် ၅၂–ပါး။

### ❒ ပစ္စယုပ္ပန်

ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ၅၁–ပါး၊ စေ ၅၂–ပါး။ (၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com


**❒ ကောင်းကျိုးနှစ်တန် အတိတ်ကံက ပေးစွမ်းနိုင်သော အကျိုးများ**

ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ပစ္စယသတ္တိကား – နာနာက္ခဏိက ကမ္မသတ္တိ။

(၁၃၆၂–ခု အကြီးတန်း)

**❒ ဝိပါကက္ခန္ဓာ၌ ဝိပါကအရ ကမ္မဇရုပ်များကို မယူသင့်**

နာမ်တရား၏အဖြစ်ဖြင့်လည်းကောင်း၊ အာရုံကို ယူတတ်သောတရား၏အဖြစ်ဖြင့်လည်းကောင်း အကြောင်းကံနှင့် တထပ်တည်းတူကုန်သော နာမ်တရား တို့၌သာလျှင် ဝိပါကသဒ္ဒါ ထင်ရှားသောကြောင့် ကမ္မဇရုပ်ကို ဝိပါကအရ မယူသင့်ပါ။

(၁၃၆၁–ခု အကြီးတန်း)

**❒ ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံ**

ဟိတ် ၆–ပါး ပစ္စည်းတရားတို့သည် သဟိတ်စိတ် ၇၁–ပါး၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ၅၂–ပါး၊ ပဝတ္တိသဟိတ် စိတ္တဇရုပ်နှင့် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့ အား ဖြစ်ပေါ်, တည်တန့်, တိုးတက်စည်ပင် အောင် ကျေးဇူးပြုသည်။ ဥပမာ – ရေသောက်မြစ်သည် သစ်ပင်ကို ဖြစ်ပေါ်တည်တံ့တိုးပွားအောင် ကျေးဇူးပြု သကဲ့သို့တည်း။

(၁၃၆၃–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ပဋ္ဌာ နာမရူပိန့်–၌ ပဋ္ဌာ–အရ

ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါက။

(၁၃၃၆–ခု အလတ်တန်း)

## ❑ ပစ္ဆာဇာတဝယ် အကြောင်းတရားမရှိဘဲ ကျေးဇူးပြုနိုင်ခြင်း အကြောင်း

အစဉ်အဆက်ဖြစ်တည်ခြင်း၏ အကြောင်းဖြစ်ဖို့ရန် ထောက်ပံ့ခြင်း၌ ဤပစ္ဆာဇာတပစ္စည်း၏ ဗျာပါဒဖြစ်နိုင်သောကြောင့် (ဝါ) အစဉ်အဆက်တည်တံ့အောင် ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုနိုင်သောကြောင့် နောက်ဖြစ်သော ပစ္ဆာဇာတသည် ရှေ့ဖြစ်သော အကျိုးတရားတို့အား ကျေးဇူးပြုနိုင်သည်။ (၁၃၆၁–ခု အကြီးတန်း)

## ❑ နောက်ဖြစ်သောတရားက ရှေ့ဖြစ်သောတရားအား ကျေးဇူးပြုပုံ

ရှေ့၌ဖြစ်နှင့်သော လင်းတငယ်လေးတို့၏ ကိုယ်ကာယအား နောက်ဖြစ်သော အာဟာရ၌ တွယ်တာသော စေတနာက ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်သော စိတ်, စေတသိက်တရားတို့က ပစ္ဆာဇာတပစ္စည်းမရှိသော အစဉ် သန္တာန်တည်ခြင်း၏ အကြောင်း အဖြစ်သို့ မရောက်သော

http://www.dhammadownload.com


ရှေ့ဖြစ်နှင့်သော ရုပ်အပေါင်းကို ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသည်။ (၁၃၆၃-ခု အကြိုးတန်း)

❒ **ဝတ္ထုပုရေဇာတ ပစ္စယသတ္တိ၏ အကြောင်းတရားများ**

ဆ ဝတ္ထု ဖြစ်ပါသည်။ (၁၃၆၁-ခု အကြိုးတန်း)

❒ **မြင်းစွာဘုရားကို ရှိခိုးပါ၏ဟူသောစကား**

မြတ်စွာဘုရားသည် အာရမ္မဏပစ္စည်း၊ ရှိခိုးခြင်းဟူသော ကာမကုသိုလ်စိတ်သည် ပစ္စယုပ္ပန်။ (၁၃၆၂-ခု အကြိုးတန်း)

❒ **ပစ္စုပ္ပန်ဓမ္မာရုံသည် မနောဝိညာဏဓာတ်ထိအား အာရမ္မဏ ပုရေ ဇာတသတ္တိဖြင့် ကျေးဇူးမပြုနိုင်ဟူသောစကား**

သောတ္တာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ-စသည်ဖြင့် သာမညအားဖြင့် ပစ္စုပ္ပန်စက္ခု စသည်တို့၏လည်း ဝါ-တို့ကိုလည်း ယူအပ်သောကြောင့် အာရမ္မဏပုရေဇာတဖြစ်သော ဓမ္မာရုံကိုလည်း မနောဝိညာဏဓာတ်ထိအတွက် ရနိုင်သည်၊ ထို့ကြောင့် လက်မခံနိုင်ပါ။ (၁၃၆၂-ခု အကြိုးတန်း)

http://www.dhammadownload.com


## ❒ ရုပ် နာမသ သေကဓာ-၌ ရုပ်-အရ

ဆဝတ္ထု

## ❒ နာမသ-အရ

ပဝတ္တိအခါ သတ္တဝိညာဏဓာတ်

## ❒ ဓေကဓာ-အရ

ဝတ္ထုပုရေဇာတ (၁၃၅၇-ခု အကြိုးတန်း)

## ❒ ဥပနိဿယအပြား

အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ။ (၁၃၆၄-ခု အကြိုးတန်း)

## ❒ ပကတူပနိဿယပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်

သဒ္ဓါ စသော ကုသိုလ်တရားများ၊ ရာဂ စသော အကုသိုလ်တရားများ၊ သုခ, ဒုက္ခ, ဥတု, ဘောဇန, ပုဂ္ဂလ, သေနာသန ဤတရားတို့သည် ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်၌ ကုသိုလ်စသည်ကိုအား လည်းကောင်း၊ ဗလဝဖြစ်သော ကုသိုလ်, အကုသိုလ်ကံသည့် ဝိပါက်နာမက္ခန္ဓာတို့အား လည်းကောင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

(၁၃၆၄-ခု အကြိုးတန်း)

http://www.dhammadownload.com


□ **လူတစ်ယောက် တိုးတက်ကြီးပွားနိုင်ရန် အစားအသောက် အနေအထိုင်နှင့် ပတ်သက်သည်ဟူသောစကားမှန်ကန်**

ဘောဇနံ ဥတု သေသနာသနဥ္စ ယထာရဟံ အစ္ဆတ္တဥ္စ ဗဟိဒ္ဓါ စ ကုသလာဒိဓမ္မာနံ, ကမ္မံ ဝိပါကာနဉ္စ ဗဟုဓာ ဟောတိ ပကတူပနိဿယော-ကို ထောက်ပါ။

(၁၃၄၈-ခု အကြီးတန်း)

□ **အပေါင်းအသင်းမကောင်း၍ ပျက်စီးရသည်ဟူသော စကားမှန်**

ပုဂ္ဂလော(ပ)ပကတူပနိဿယောကိုထောက်ပါ။

(၁၃၅၀-ခု အကြီးတန်း)

□ **ဒုဝိဓာ ဒွယံ ဒွယဿ နဝဓာ-ဣ နဝသရုပ်**

အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။

(၁၃၄၁-ခု အလတ်တန်း)

□ **နာမ်ရုပ်နှစ်ပါးက နာမ်ရုပ်နှစ်ပါးအား ကျေးဇူးပြုနိုင်သော ပစ္စည်းများ**

အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတအားဖြင့် ၉-ပစ္စည်း။

http://www.dhammadownload.com



အထောက်- အဝိပတိသဟဇာတ။ ပ။ ပစ္စယာ ဘဝန္တိ။

(၁၃၆၃-ခု အလတ်တန်း)

## ☐ အာရမ္မဏပစ္စည်း၏ ပစ္စုပ္ပန်မဖြစ်သောတရား

ရုပ်၊ နိဗ္ဗာန်၊ ပညတ်။ (၁၃၆၃-ခု အကြီးတန်း)

## ☐ အညမညပစ္စည်းကိုပြရာ၌ သဟဇာတရူပါနဥ္စ မထည့်ဘဲ စိတ္တ စေတသိကာဓမ္မာ အညမည် ဟုသာ ဆိုခြင်းအကြောင်း

အချင်းချင်း ထောက်ပံ့ခြင်းအစွမ်းကြောင့်သာလျှင် အညမညပစ္စည်း၏ အဖြစ်မည်၏။ တကွဖြစ်ခြင်းမျှကြောင့် အညမညပစ္စည်းအဖြစ် မဟုတ်၊ ထို့ကြောင့် စိတ္တစေတသိကာ ဓမ္မာ အညမည် ဟူသော စကားလောက်ကိုသာ ဆိုပါသည်။ (၁၃၆၂-ခု အကြီးတန်း)

## ☐ အသံနှင့် စိတ် အတူတကွဖြစ်

အသံနှင့်စိတ်တို့ သဟဇာတမျိုးဖြစ်၍ အတူတကွ ဖြစ်ပေါ်ခြင်း ရှိပါသည်။

အထောက်- စိတ္တစေတသိကာ ဓမ္မာ အညမည် သဟ ဇာတရူပါနဥ္စ (ပ) တိဝိဓော ဟောတိ သဟဇာတ ပစ္စယော။ (၁၃၅၅-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ အောက်ပါ အညမည် သုံးခုတို့အထူး

(က) စိတ္တစေတသိကာ ဓမ္မာ အညမညံ

(ခ) မဟာဘူတာ အညမညံ

(ဂ) ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ နံ အညမညံ

(က) နာမက္ခန္ဓာအချင်းချင်း၊ (ခ) မဟာဘုတ်အချင်းချင်း၊ (ဂ) ပဥ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယ ဝတ္ထု အချင်းချင်း။ (၁၃၆၄-ခု အလတ်တန်း)

## ❒ သဟဇာတနှင့် အညမညတို့အထူး

ဆီမီးသည် မိမိထင်ရှားရှိခိုက် အရောင်အလင်း ဖြစ်ပေါ်လာအောင် တစ်ခဲနက် ကျေးဇူးပြုသကဲ့သို့ ပစ္စုပ္ပန် တရားတို့နှင့်တကွဖြစ်၍သာ ကျေးဇူးပြုသောပစ္စည်း သည် သဟဇာတပစ္စည်း မည်၏။

ထိပ်ခြင်းထိ၍ ထောင်ထားအပ်သော သစ်သားသုံးခု သည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အချင်းချင်း အပြန်အလှန်ဖြစ်၍ ကျေးဇူးပြုသော ပစ္စည်းသည် အညမည ပစ္စည်းမည်၏။ ဤသို့ ထူးပါသည်။

(၁၃၅၁-ခု, ၆၃-ခု, ၆၄-ခု အကြီးတန်း)

http://www.dhammadownload.com


❒ **အရူပိနော အာဟာရာ သဟဇာတတာန် နာမရူပါန်–၌ အသညသတ်သတ္တဝါတို့အား သဟဇာတ အာဟာရမရှိခြင်းကြောင့် သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ ဟူသော ပါဠိတော်နှင့် ဆန့်ကျင်သည် မဟုတ်ပါလော–**

မနောသဉ္စေတနာဟာရသည် ကမ္မသတ္တိ, ဥပနိဿယသတ္တိ နှစ်မျိုးဖြင့် လည်းကောင်း၊ ဖဿာဟာရ, ဝိညာဏာဟာရတို့သည် ဥပနိဿယသတ္တိဖြင့် လည်းကောင်း ကျေးဇူးပြုသည်၏အဖြစ်ဟူသော ပရိယာယ်ကိုယူ၍ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာဟု ဟောတော်မူသည်။ အာဟာရပစ္စည်းကြောင့် ဟောသည်မဟုတ်၊ ထို့ကြောင့် မဆန့်ကျင်ပါ။ (၁၃၆၄–ခု အကြီးတန်း)

❒ **ဣန္ဒြိယပစ္စည်း တပ်သော ရုပ်တရား**

ပသာဒရုပ် ၅–ခု၊ ဇီဝိတရုပ် ၁–ခု။

(၁၃၆၃–ခု အကြီးတန်း)

❒ **အတ္ထိနှင့် အဝိဂတပစ္စည်းနှစ်ခုတို့အထူး**

မိမိ ပရမတ္ထအထည်ကိုယ်ထင်ရှားရှိသည်၏ အဖြစ်မျှဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်သည် အတ္ထိပစ္စည်းဖြစ်ပါသည်။ ချုပ်ခြင်းသို့ မကပ်ရောက်ခြင်း၏ အစွမ်းအားဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်သည် အဝိဂတပစ္စည်း ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

(၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


## ❐ အတ္ထိပစ္စည်းသရုပ်

သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ။ (၁၃၆၂–ခု အကြီးတန်း)

## ❐ နိဗ္ဗာန် အတ္ထိပစ္စည်းမတပ်ခြင်းအကြောင်း

အချင်းခပ်သိမ်းဖြစ်လေ့ရှိသည်ဖြစ်၍ လည်းကောင်း၊ ဥပါဒ်, ဋ္ဌီ, ဘင် ခဏနှင့် မယှဉ်သည်ဖြစ်၍လည်းကောင်း အတ္ထိပစ္စည်းသဘော မရှိသောကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း၌ မပါဝင်ပါ။ (၁၃၃၀–ခု အကြီးတန်း)

## ❐ အကြောင်းတရားထင်ရှားရှိစဉ် အချိန်၌သာ ကျေးဇူးပြုနိုင်သည့် ပဋ္ဌာန်းပစ္စည်းများ

သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိအားဖြင့် ၅–ပါး။

သာဂေ။ ။သဟဇာတံ ပုရေဇာတံ၊
ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊
ရူပဇီဝိတ မိစ္စယန္တိ၊
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော။
(၁၃၅၅–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ပဋ္ဌာန်းပစ္စည်းအားလုံးတို့ကို အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိဟူသော လေးပစ္စည်းတို့၌ ပေါင်းယူနိုင်ခြင်း အကြောင်း

စိတ်စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည် မရှိသောကြောင့် လည်းကောင်း၊ မိမိတို့၏ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ မှီရာအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည် မရှိသောကြောင့် လည်းကောင်း၊ အတ္တဘောဟု ဆိုအပ်သော သင်္ခါရလောကဖြစ်ခြင်း၏ ကုသိုလ် အကုသိုလ်ကံလျှင် အကြောင်းရှိသည်ဖြစ်၍ အကြောင်း၏ အမည်ကို အကျိုး၌ တင်စားသဖြင့် အလုံးစုံသောပစ္စည်းတို့သည် ကံ၏အဖြစ်ကို မလွန်နိုင်သောကြောင့် လည်းကောင်း၊ အလုံးစုံသော ပစ္စည်းတို့သည် ပရမတ္ထအားဖြင့် (ဝါ) လောကသမုတိ၏ အစွမ်းဖြင့် ထင်ရှားရှိသောကြောင့် လည်းကောင်း ထိုအလုံးစုံသော ပစ္စည်းတို့ကို အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိပစ္စည်းတို့၌ ပေါင်းယူနိုင်ပါသည်။

(၁၃၆၃-ခု, ၆၄-ခု အကြီး တန်း)

## ❑ ၂၄-ပစ္စည်းကို အကျဉ်းချုပ်က ရနိုင်သောပစ္စည်းများ

အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ၊

သာဂေ- အာရမ္မ ဏူပနိဿယ ကမ္မတ္ထိပစ္စယေသု

http://www.dhammadownload.com



စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။

(၁၃၆၂–ခု အကြိုးတန်း)

## ❑ ပဋ္ဌာန်းပစ္စည်းအနှစ်ချုပ်

ပညတ္တိနာမရူပါနံ၊ ဝသေန တိဝိဓာ ဌိတာ– ဟူသော ပါဌ်ကို ထောက်၍ ပညတ်+နာမ်+ရုပ် ၃–ပါးတို့သည် ပစ္စည်းအနှစ်ချုပ် ဖြစ်၏။

(၁၃၆၃–ခု အလတ်တန်း၊ ၅၀–ခု, ၆၂–ခု, အကြိုးတန်း)

## ❑ ပဋိသန္ဓေအခါ၌ စိတ္တဇရုပ် မဖြစ်ခြင်းအကြောင်း

ပဋိသန္ဓေအခါ၌ စိတ္တဇရုပ်မရှိခြင်းကြောင့် ပဋိသန္ဓေအခါ၌ စိတ္တဇရုပ် မဖြစ်ပါ။ (၁၃၅၄–ခု အကြိုးတန်း)

မှီရာဝတ္ထုရုပ်အားနည်းသည်ဖြစ်၍ လည်းကောင်း၊ ဘဝသို့ ရောက်သစ်စ အာဂန္တုကမျှသာဖြစ်၍ ခိုင်ခိုင်မာမာ မရပ်တည်နိုင်သေးသောကြောင့်လည်းကောင်း၊ ပစ္စယသတ္တိ အထောက်အပံ့များ မရသေးသောကြောင့်လည်းကောင်း ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ ထိုသို့ ပဋိသန္ဓေစိတ်က စိတ္တဇရုပ်ကို မဖြစ်စေနိုင်ခြင်းကြောင့် ပဋိသန္ဓေအခါ၌ စိတ္တဇရုပ် မရှိနိုင်၊ မဖြစ်နိုင်ပါ။

http://www.dhammadownload.com



## ❒ ပဝတ္တိအခါ၌ ကမ္မဇရုပ် မဖြစ်ခြင်းအကြောင်း

ပဝတ္တိအခါ ကမ္မဇရုပ်တို့သည် စိတ်၊ စေတသိက်တို့နှင့် အတူတကွဖြစ်မှု မမြဲသောကြောင့် ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့ မဖြစ်ပါ။ (၁၃၅၄–ခု အကြီးတန်း)

## ❒ ပဋ္ဌာန်း ၂၄–ပစ္စည်းကို ကာလအားဖြင့် ခွဲဖန်ပုံ

အတိတ် ၅ ပစ္စည်း– အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတအားဖြင့် ၅–ပစ္စည်း၊

ပစ္စုပ္ပန်အတိတ် ၁–ပစ္စည်း– ကမ္မ၊

တိကာလ, ကာလဝိမုတ္တ ၃–ပစ္စည်း– အာရမ္မဏ, အဓိပတိ, ဥပနိဿယအားဖြင့် ၃–ပစ္စည်း။

ပစ္စုပ္ပန် ၁၅–ပစ္စည်း

ဟေတု, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန,မဂ္ဂ,သမ္ပယုတ္တ,ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, အားဖြင့် ၁၅–ပစ္စည်း။

(၁၃၆၁–ခု အလတ်တန်း၊ ၁၃၆၁–ခု, ၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



❐ **ပဉှာန်း ၂၄–ပစ္စည်းတို့တွင် (က) အတီတကာလိက ပစ္စည်း (ခ) ဒွိကာလိကပစ္စည်း (ဂ) တိကာလိကပစ္စည်း (ဃ) ပစ္စုပ္ပန္န ကာလိက ပစ္စည်းများ**

(က) အနန္တရ၊ သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ အားဖြင့် ငါးပစ္စည်း။

(ခ) ကမ္မပစ္စည်း (ပွန်+တီ)

(ဂ) အာရမ္မဏ, အဓိပတိ, ဥပနိဿယ၊

(ဃ) (က–ခ–ဂ မှ ကြွင်းသော) ၁၅–ပစ္စည်း။

(၁၃၆၄–ခု အကြီးတန်း)

❐ **သဟဇာတရူပါနံ–အရ**

သဟဇာတရူပန္တိ ပနေတ္ထ သဗ္ဗထာပိ ပဝတ္တေ စိတ္တသမုဋ္ဌာနံ ပဋိသန္ဓိယံ ကဋတ္တာရူပါနဥ္စ ဝသေန ဒုဝိဓံ ဟောတီတိ ဝေဒိတဗ္ဗံကို ထောက်၍ ပဝတ္တိအခါ စိတ္တဇရုပ်၊ ပဋိသန္ဓိ ကမ္မဇရုပ် ဤနှစ်မျိုးကို သဟဇာတရူပ–အရ ယူရသည်။ (၁၃၅၂–ခု အကြီးတန်း)

❐ **တရားဘာဝနာရှုပွားရာ၌ သိသင့်သိထိုက်သော ရုပ်တရား**

ရူပက္ခန္ဓာ။

နာမ်တရားဟူသည် စိတ်, စေတသိက်ဟူသော နာမက္ခန္ဓာ ၄–ပါးနှင့် နိဗ္ဗာန်။

http://www.dhammadownload.com


သာဓက။ ။ တတ္ထ ရူပမေ္မာ။ ပ။ နာမန္တိ စ ပဝုစ္စတိ။ (၁၃၆၄-ခု အကြီးတန်း)

### အရူပတရား

စိတ်, စေတသိက်-ဟူသော နာမက္ခန္ဓာ ၄-ပါးနှင့် နိဗ္ဗာန်။ (၁၃၆၃-ခု အကြီးတန်း)

### နိဗ္ဗာန်သည် နာမ်အထူး

နိဗ္ဗာန်တရားကို နာမ်အထူးဟုဆိုက မှန်ပါသည်။

သာဓက- စိတ္တစေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ နိဗ္ဗာနဥ္စေတိ ပဥ္စဝိဓမ္ပိ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ။ (၁၃၃၇-ခု, ၆၃-ခု အကြီးတန်း)

## အတ္ထပညတ်အပြား

### အတ္ထပညတ်နှင့် သဒ္ဒပညတ်အထူး

အပြားအားဖြင့် သိစေအပ်သောပညတ်သည် အတ္ထပညတ်။

အပြားအားဖြင့် သိစေတတ်သော ပညတ်သည် သဒ္ဒပညတ်။ (၁၃၆၄-ခု အလတ်တန်း)

http://www.dhammadownload.com



## ❐ ပရမတ္ထမှထူးသော အဘိဓမ္မတ္ထတရားဟူသည်
ပညတ်

## ❐ ပညတ်ဟူသည်

သိစေတတ်သော သဒ္ဒါ(ဝါ) သိအောင်[illegible]ပ်သော ဝေါဟာရသည်လည်းကောင်း၊ သိစေအပ်သော အနက်(ဝါ) သိစရာ အကြောင်းအရာများ သည်လည်းကောင်း ပညတ်မည်ပါသည်။ (၁၃၆၂–ခု အကြီးတန်း)

## ❐ ပရမတ္ထဓမ္မအနှစ်ချုပ်

ပရမတ္ထဓမ္မများကို အနှစ်ချုပ်ပါက ရုပ်, နာမ်နှစ်ပါးသာ ရှိပါသည်။ (၁၃၅၁–ခု အကြီးတန်း)

သာဓက– ပညတ္တိနာမရူပါနံ၊ ဝသေန တိဝိဓာ ဠိတာ၊ တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓော ဝ (ပ) နာမန္တိ စ ပဝုစ္စတိ။

## ❐ မြေ, အိမ် စသည်ကို ပညတ်ဟု ခေါ်ရပုံ

(၁) ထိုထိုမဟာဘုတ်တို့၏ ဖောက်ပြန်သော အခြင်းအရာကိုစွဲ၍ မြေကို ပညတ်ဟုခေါ်သည်။

(၂) သစ်,မြေစိုင် အစရှိသော အဆောက်အဦးတို့၏ စုဝေးသော အခြင်းအရာကိုစွဲ၍ အိမ်ကို ပညတ်ဟု ခေါ်သည်။

http://www.dhammadownload.com



(၃) ခန္ဓာငါးပါးအပေါင်း အစုကိုစွဲ၍ ယောကျ်ားကို ပညတ်ဟုခေါ်သည်။

(၄) လ, နေ, နက္ခတ်တို့၏ မြင့်မိုရ်တောင်ကို လက်ယာရစ် လှည့်၍ သွားခြင်း အစရှိသော အခြင်းအရာကိုစွဲ၍ အရပ်မျက်နှာကို ပညတ်ဟုခေါ်သည်။

(၅) ရုပ်ကလာပ်တို့သည် မတွေ့ထိအပ်သော အခေါင်းအစရှိသော အခြင်းအရာကိုစွဲ၍ တွင်းကို ပညတ်ဟုခေါ်သည်။

(၆) ထိုထိုသို့သော အခြင်းအရာအားဖြင့် ထင်သော ပထဝီကသိုဏ်း အစရှိသော နိမိတ်ကို လည်းကောင်း၊ ပရိကမ္မ စသည်ဖြင့် ပြားသော ဘာဝနာ၏အစဉ်ဟူသော အထူးကို လည်းကောင်း စွဲ၍ ကသိုဏ်းနိမိတ်စသည်ကို ပညတ်ဟုခေါ်သည်။ (၁၃၂၇-ခု အလတ်တန်း)

## ❑ တောင်

မဟာဘုတ်တို့၏ ဖောက်ပြန်သောအချင်းအရာကို စွဲ၍ ပညတ်အပ်သောကြောင့် သဏ္ဌာနပညတ်။

(၁၃၅၆-ခု အကြီးတန်း)

## ❑ အိုး

အဆောက်အဦးတို့၏ စုဝေးသောအခြင်းအရာကို စွဲ၍ ခေါ်ဝေါ်ပညတ်အပ်သောကြောင့် သမူဟပညတ်။

http://www.dhammadownload.com


❒ **နံနက်ခင်း**

လ, နေ, နက္ခတ်တို့၏ လှည့်လည်သောအခြင်းအရာကို စွဲ၍ ခေါ်ဝေါ်ပညတ်အပ်သောကြောင့် ကာလပညတ်

❒ **အသုဘကောင်**

ဘူတနိမိတ်၊ အသုဘဘာဝနာအထူးကိုစွဲ၍ ခေါ်ဝေါ်ပညတ်အပ်သောကြောင့် အသုဘနိမိတ္တပညတ်။

(၁၃၅၆–ခု အကြီးတန်း)

❒ **မောင်ဖြူ, မောင်ညိုစသော အမည်များကြောင့် ဖြစ်နိုင်သည့် ပရမတ္ထတရားများ**

ရုပ်, နာမ်ခန္ဓပဉ္စက၊ (ခန္ဓပဉ္စကမုပါဒါယ ပုရိသပုဂ္ဂလာဒိကာ) (၁၃၆၄–ခု အကြီးတန်း)

❒ **(က) အိုး (ခ) နံနက်အချိန် (ဂ) အသုဘနိမိတ်တို့၏ အတ္ထပညတ်အမည်များ**

(က)သမူဟပညတ် – သမ္ဘာရသန္နိဝေသာကာရ မုပါဒါယ ဂေဟရထသကဋာဒိကာ။

(ခ)ကာလပညတ် – စန္ဒာဝဋ္ဋနာဒိကမုပါဒါယ ဒိသာကာလာဒိကာ။

http://www.dhammadownload.com



(ဂ)နိမိတ္တပညတ် - တံတံ ဘူတနိမိတ္တံ ဘာဝနာဝိ သေသဉ္စ ဥပါဒါယ ကသိဏာ နိမိတ္တာဒိကာ။

(၁၃၆၄-ခု အကြီးတန်း)

## နာမနာမကမ္မာဒိ-၌ အာဒိဝန်

နာမဓေယျ, နာမနိရုတ္တိ, နာမဗျဉ္ဇန, နာမာဘိလာပ ဟူသော ၄-ပါး။ (၁၃၃၇-ခု အကြီးတန်း)

## သဒ္ဒပညတ် နာမမည်ခြင်းအကြောင်း

ဘူမိသဒ္ဒါသည် မြေကြီးဟူသော အနက်ကို ဟောဖို့ရာ အမြဲညွတ်နေ(ဦးလှည့်နေ)သောကြောင့် နာမ-အနက်သို့ ညွတ်သည် မည်ပါသည်။

ဘူမိသဒ္ဒါက မြေကြီးဟူသော အနက်ကို မိမိ၏ ဟောနက်အဖြစ်ဖြင့် အမြဲကိုင်းရှိုင်းစေတတ်သောကြောင့် နာမ=မိမိသို့ အနက်ကို ညွတ်စေတတ်သည်မည်သည်။

(၁၃၃၇-ခု အကြီးတန်း)

## နာမကမ္မမည်ခြင်းအကြောင်း

ဘူမိဟူသော သဒ္ဒါနာမသည်ပင် အရေးပါအရာ ရောက်သော ရှေးပညာရှိတို့ ပြုအပ်သော နာမည်ဖြစ်သော ကြောင့် နာမကမ္မ မည်ပါသည်။ (အခြေပြုသင်္ဂြိုဟ်)

(၁၃၃၇-ခု အကြီးတန်း)

http://www.dhammadownload.com


## သောတဝိညာဏ်၌ ဖြစ်သင့်သော သဒ္ဒပညတ်

သောတနှင့် ဝိညာဏနှစ်မျိုးစလုံးပင် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇာမာနေန ဝိဇ္ဇာမာန ပညတ် ဖြစ်ပါသည်။ (၁၃၆၂-ခု အကြီးတန်း)

## သဒ္ဒပညတ်အပြားနှင့် ပုံစံများ

(၁) ဝိဇ္ဇမာနပညတ်–ရူပ,ဝေဒနာ စသည်၊
(၂) အဝိဇ္ဇမာနပညတ် – ဘူမိ, ပဗ္ဗတစသည်၊
(၃) ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် – ဆဠဘိညော၊
(၄) အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် – ဣတ္ထိသဒ္ဒေါ၊
(၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် – စက္ခုဝိညာဏံ၊
(၆) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် – ရာဇပုတ္တော။
(၁၃၆၁–ခု အကြီးတန်း)

## (က) ခေါင်းလောင်းသံ (ခ) စာဖြေအရှင်တို့၏ ပညတ် အမည်များ

(က) အဝိဇ္ဇမာနေ န ဝိဇ္ဇမာနပညတ် (ခ) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ (၁၃၆၄–ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ ဖုံကြီးသံဟူသောစကား၌ ရနိုင်သော ပညတ်အမျိုးအစား

ဖုံကြီးသံ ဟူသော စကား၌ ဖုံကြီးသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ အသံသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

(၁၃၆၃-ခု အလတ်တန်း)

## ❑ ဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာနပညတ် ခွဲနည်း

ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရူပ, ဝေဒနာ စသည်သည် ဝိဇ္ဇမာန၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဘူမိ, ပဗ္ဗတ စသည်သည် အဝိဇ္ဇမာနပညတ်။

(၁၃၆၃-ခု အလတ်တန်း)

## ❑ မိန်းမအသံ

မိန်းမသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ အသံသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည်။ ထို့ကြောင့် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

## ❑ မင်းသား

မင်းသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ သားသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ထို့ကြောင့် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ (၁၃၆၃-ခု အလတ်တန်း)

http://www.dhammadownload.com


## ❒ ကုဋ္ဋိသဒ္ဒေါ၌ ဖြစ်နိုင်သော သဒ္ဒပညတ်

ကုဋ္ဋိ (မိန်းမ)ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနမည်၏။ သဒ္ဒေါ (အသံသဒ္ဒရုပ်) ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနမည်၏။ ထို့ကြောင့် "ကုဋ္ဋိသဒ္ဒေါ"သည် အဝိဇ္ဇမာနေန ဝိဇ္ဇမာနသဒ္ဒပညတ်မည်၏။

(၁၃၃၂-ခု, ၆၁-ခု, ၆၃-ခု အကြီးတန်း)

## ❒ (က) ကြက်တွန်သံ၊ (ခ)မင်္ဂပုဂ္ဂိုလ် (ဂ) လောဘ,ဒေါသ ဟူသော ဝေါဟာရတို့၌ ဖြစ်သင့်သော သဒ္ဒပညတ်

(က) ကြက်တွန်သံ၌ ကြက်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ အသံသည် သဒ္ဒရုပ်ဟူသော ပရမတ္ထအားဖြင့် ထင်ရှားရှိသည်။ ထို့ကြောင့် အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်။

(ခ) မဂ်ပုဂ္ဂိုလ်-၌ မဂ်သည် ပရမတ္ထအားဖြင့် အထင်အရှားရှိ၍ ပုဂ္ဂိုလ်သည် ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

(ဂ) လောဘ, ဒေါသ၌ လောဘလည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၊ ဒေါသလည်း ပရမတ္ထအားဖြင့် ထင်ရှား ရှိသည်။ ထို့ကြောင့် ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


❑ **ကြောက်တတ် ရန်ကင်း၌ ဖြစ်သင့်သော သဒ္ဒပညတ်**

ကြောက်တတ် – ဟူသော ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ရန်ကင်းဟူသော ပညတ်သည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ (၁၃၆၃–ခု အကြီးတန်း)

❑ **ပထမပြန်စာမေးပွဲ၌ ပါဝင်သော သဒ္ဒပညတ်**

ပထမပြန်ဟူသော ဝေါဟာရသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ စာမေးပွဲဟူသော ဝေါဟာရသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ (၁၃၆၂–ခု အကြီးတန်း)

❑ **သူဌေးသား၌ ရရှိသော သဒ္ဒပညတ်**

အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

(၁၃၆၂–ခု အကြီးတန်း)

❑ **အသံတစ်ခုကို ကြားရာ၌ သဒ္ဒပညတ်နှင့် အတ္ထပညတ် ၂–ပါး ကို သိပုံ**

(၁) ပထမဆုံးဖြစ်သော သောတဒွါရ ဝီထိစိတ်ဖြင့် ပစ္စုပ္ပန် သဒ္ဒါရုံ(အသံ)ကို သိသည်။

(၂) ဒုတိယဖြစ်သော တဒနုဝတ္တက မနောဒွါရဝီထိ စိတ်ဖြင့် လွန်ပြီးသော အတိတ် သဒ္ဒါရုံကိုသိသည်။

http://www.dhammadownload.com



(၃) တတိယဖြစ်သော သုဒ္ဓမနောဒွါရ ဝီထိစိတ်ဖြင့် နာမ(သဒ္ဒ) ပညတ်ကို သိသည်။

(၄) စတုတ္ထ ဖြစ်သော သုဒ္ဓမနောဒွါရ ဝီထိစိတ်ဖြင့် အတ္ထပညတ်ကို သိပါသည်။

## ပစ္စည်းပိုင်းမေးကွက်
## ပြီးပါပြီ

http://www.dhammadownload.com

# ၉ – ကမ္မဋ္ဌာန်းပိုင်းမေးခွန်း

## သမထကမ္မဋ္ဌာန်း

❒ **သမထကမ္မဋ္ဌာန်းအဓိပ္ပာယ်**

နီဝရဏတို့ကို ငြိမ်းစေတတ်သောကြောင့် သမထ မည်ပါသည်။ အရ– သမာဓိ ရ၏။

ယင်းသမထဘာဝနာ၏ ဖြစ်ရာဌာန ဖြစ်သော ကြောင့်လည်းကောင်း၊ နောက်နောက် အားထုတ်မှု၏ နီးစွာသောအကြောင်း ဖြစ်သောကြောင့်လည်းကောင်း သမထကမ္မဋ္ဌာန်း မည်ပါသည်။

အရကား – အာရုံနှင့် ဘာဝနာဝီထိ ရ၏။

(၁၃၆၃–ခု အကြီးတန်း)

❒ **သမထ**

နီဝရဏကို ငြိမ်းစေတတ်သောကြောင့် သမထ၊

❒ **ဝိပဿနာ**

အနိစ္စ, ဒုက္ခ, အနတ္တတည်းဟူသော အခြင်းအရာ အားဖြင့် ရှုတတ်သောကြောင့် ဝိပဿနာ။

(၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



## ❐ ဘာဝနာ

နိဗ္ဗာနကို ငြိမ်းစေသောအားဖြင့် လည်းကောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တတည်းဟူသော အခြင်းအရာကို ရှုသောအားဖြင့်လည်းကောင်း ဖြစ်ပွားစေတတ်သောကြောင့် ဘာဝနာ။ (၁၃၆၂–ခု အကြီးတန်း)

## ❐ ကမ္မဋ္ဌာန်း

နှစ်ပါးပြားရှိသော ဘာဝနာကံ၏ တည်ရာဖြစ်သောကြောင့် လည်းကောင်း၊ နောက်နောက်သော ဘာဝနာကံ၏ နီးစွာသော အကြောင်းဖြစ်သောကြောင့် လည်းကောင်း ဈာနသုခ, ဖလသုခ, နိဗ္ဗာနသုခ စသည်၏ အကြောင်း ဖြစ်သောကြောင့်လည်းကောင်း ကမ္မဋ္ဌာန်းမည်၏။ (၁၃၆၂–ခု အကြီးတန်း)

## ❐ သမထနှင့် ဝိပဿနာတို့အကျိုး

သမထအားထုတ်သဖြင့် ဈာန်, အဘိညာဏ်အကျိုး ရနိုင်သည်။ ဝိပဿနာအားထုတ်သဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန် အကျိုး ရနိုင်သည်။ (၁၃၆၁–ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ ဝိထိမုတ်ပိုင်းနှင့် ကမ္မဋ္ဌာန်းပိုင်းတို့၌ ပါသော ဘာဝနာနှစ်ခုတို့အထူး

ဝိထိမုတ်ပိုင်းလာ ဘာဝနာ၂-အရ အပ္ပနာသို့ မရောက်သော ဂေါတြဘုအဆုံးရှိသော ကာမာဝစရ စေတနာကို ယူရမည်။

ကမ္မဋ္ဌာန်းပိုင်းလာ ဘာဝနာ-အရ သမထ, ဝိပဿနာ ဘာဝနာနှစ်မျိုးကို ယူရမည်။

တစ်နည်း- ဝိထိမုတ်ပိုင်းလာ ဘာဝနာ-အရ ဘာဝနာ၏အစွမ်းအားဖြင့်ဖြစ်သော အပ္ပနာအပတ္တ ကာမာဝစရကုသိုလ်ကံ၊ အပ္ပနာပတ္တ ရူပါဝစရ, အရူပါဝစရ ကုသိုလ်ကံများကို ယူရမည်။

ကမ္မဋ္ဌာန်းပိုင်း၌လာ ဘာဝနာ-အရ သမထ ဝိပဿနာဘာဝနာဖြစ်သည့် အပ္ပနာအပတ္တ ကာမာဝစရ ကုသိုလ်ဘာဝနာ၊ အပ္ပနာပတ္တ ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာ ဘာဝနာများကို ယူရမည်။

(၁၃၆၁-ခု အကြီးတန်း)

## ❒ မေတ္တာအဓိပ္ပာယ်နှင့် လက္ခဏာ

ချစ်ခင်တတ်သောကြောင့်လည်းကောင်း၊ မိတ်ဆွေတို့၌ ဖြစ်တတ်သောကြောင့်လည်းကောင်း မေတ္တာမည်ပါသည်။

http://www.dhammadownload.com



ထိုမေတ္တာသည် သတ္တဝါတို့၏ ဟိတသုခကို ကပ်ဆောင်ခြင်း လက္ခဏာရှိသည်။ (၁၃၆၁–ခု အကြီးတန်း)

## ❒ မေတ္တာ

ချစ်ခင်သောသဘော၊ မိတ်ဆွေတို့၌ဖြစ်သော သဘောသည် မေတ္တာ။

ထိုမေတ္တာသည် စီးပွားချမ်းသာကို ကပ်ဆောင်ခြင်း လက္ခဏာရှိသည်။ (၁၃၆၃–ခု အကြီးတန်း)

## ❒ မိဘတို့က သားသမီးတို့အပေါ် ထားသော မေတ္တာသည် အခါခပ်သိမ်း မေတ္တာစစ် မေတ္တာမှန် မဖြစ်နိုင်

အတိုင်းအဆမရှိသော သတ္တဝါအားလုံးအပေါ် အကျိုးလိုလားသော မေတ္တာသည်သာ မေတ္တာစစ် မေတ္တာမှန် ဖြစ်သည်။ အသမ္ဘာခံ အဝေရမသပတ္တံနှင့်အညီ မေတ္တာသည် ကျဉ်းမြောင်းမှု မရှိပါ၊ မိမိသားသမီးအပေါ်သာ ကွက်၍ ထားခြင်းသည် မပြည့်စုံ မလုံလောက်ပါ။ ထို့ကြောင့် မေတ္တာစစ် မဖြစ်နိုင်။ (၁၃၆၃–ခု အကြီးတန်း)

## ❒ မေတ္တာ, ကရုဏာ, မုဒိတာတို့၏ ဗျာပါရများ

မေတ္တာ၏ ဗျာပါရကား – ဒေါမနဿနှင့်တကွ ဖြစ်သော ဗျာပါဒကိုပယ်ခြင်း။

http://www.dhammadownload.com



ကရုဏာ၏ ဗျာပါရကား – ဝိဟိံသာကိုပယ်ခြင်း။
မုဒိတာ၏ ဗျာပါရကား – အနဘိရတိကိုပယ်ခြင်း။
(၁၃၅၅–ခု အကြီးတန်း)

## ❒ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ပရမတ္ထကမ္မဋ္ဌာန်းများ

ဗုဒ္ဓါနုဿတိစသော ၈–ပါး၊ သညာ, ဝဝတ္ထာန် ၂–ပါး၊ ဝိညာ, နေဝါ ၂–ပါး၊ ပေါင်း ၁၂–ပါး၊ ထိုကမ္မဋ္ဌာန်းတို့၌ နိမိတ် ၃–ပါးလုံး မရထိုက်ပါ။

(၁၃၃၈–ခု အလတ်တန်း)

**(ဆောင်)** ကသိုဏ်းဆယ်ဝ, အသုဘနှင့်, ကာယဂတာသတိ, အာနာပါန, ဗြဟ္မဝိဟာ, ထိုလေးဖြာ၏ သတ္တဝါပညတ်, လေးရပ်–ဟုပြ, အာရုပ္ပဝယ်, နှစ်သွယ်ပုတ, ဋ္ဌမ္ဘိသတို့, မုချပညတ်, အာရုံမှတ်လော့၊ ကြွင်းလတ်ဆယ့်နှစ်, ပရမတ်စစ်သည်, ခွဲလှစ်လေးဆယ် ကမ္မဋ္ဌာန်းတည်း။

## ❒ စရိုက်နှင့် ဝါသနာတို့သဘော

ပင်ကိုယ်ရိုးရာ သူတကာဖြစ်နေကျထက် ပိုမိုလွန်ကဲ၍ အဖြစ်များခြင်းသည် စရိုက်မည်ပါသည်။

သတ္တဝါတို့သန္တာန်၌ အနုသယဓာတ်ကဲ့သို့ ဘဝတိုင်းမှာ စွဲကပ်ပါနေတတ်သော သဘောသည် ဝါသနာမည်ပါသည်။ (၁၃၆၂–ခု အကြီးတန်း)

http://www.dhammadownload.com



## ❒ ဝိက္ခိတ္တကအစီပွာယ်

ခွေး, မြေခွေး အစရှိသည်တို့သည် အထူးထူးသော အခြင်း အရာအားဖြင့် အပိုင်းပိုင်းဖြတ်လျက် ထိုထိုသော အရပ်၌ ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်သည် ဝိက္ခိတ္တကမည်၏။ (၁၃၂၅–ခု အလတ်တန်း)

## ❒ ဝိက္ခိတ္တက ကမ္မဋ္ဌာန်းနှင့် သင့်လျော်သော ပုဂ္ဂိုလ်နှင့်ပဋိပတ် အရသာ

ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်အား ပထမဈာန် ပဋိပတ္တိအရသာတိုင်အောင် ခံစားစေနိုင်ပါသည်။

(၁၃၂၅–ခု အလတ်တန်း)

## ❒ ဗုဒ္ဓါနုဿတိပွားများနည်း

အရဟတာ အစရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို အဖန်တလဲလဲ အောက်မေ့ခြင်း။

(၁၃၆၂–ခု အကြီးတန်း)

## ❒ ပွားများရမည့်အချိန်နှင့် ရနိုင်သည့် သမာဓိ

ပွားများစအချိန်မှစ၍ စိတ်၌ စွဲမြဲစွာ မတည်မီ ပရိကမ္မသမာဓိသာ ရပါသည်။

http://www.dhammadownload.com



မျက်စိဖြင့် မြင်နေသကဲ့သို့ စိတ်ဖြင့် ကောင်းစွာယူနိုင်သောအခါ ဥပစာရသမာဓိဖြစ်ပါသည်။

(၁၃၆၂-ခု အကြီးတန်း)

## ❑ ဒေဝတာနုဿတိ အဓိပ္ပာယ်

ယခုခေတ် ငှက်ပျောပွဲ၊ အုန်းပွဲ စသည်တို့ဖြင့် ပူဇော်ပသကြသော ပုဂ္ဂိုလ်တို့၏ နတ်သတိရမှုမျိုးကို ဒေဝတာနုဿတိဟု မဆိုလိုပါ။ "နတ်အဖြစ်သို့ ရောက်ကြကုန်သော နတ်တို့၏ သဒ္ဓါစသော ဂုဏ်များသည် ငါ့မှာလည်းရှိသည်"ဟု နတ်တို့ကို သက်သေ အရာ၌ထားလျက် မိမိ၏သဒ္ဓါစသောဂုဏ်ကို အမှတ်ရမှုမျိုးကိုသာ ဒေဝတာနုဿတိ ဟုဆိုပါသည်။ (၁၃၅၆-ခု၊ ၆၃-ခု အကြီးတန်း)

## ❑ တောင်ပြိုးမင်းညီနောင်ကို အမြဲသတိရနေခြင်းသည် ဒေဝတာနုဿတိ မဖြစ်

"သဒ္ဓါ အစရှိသောဂုဏ်နှင့် ပြည့်စုံသော နတ်တို့သည် နတ်၏အဖြစ်သို့ ရောက်ကုန်၏။ ထိုသဒ္ဓါ အစရှိသောဂုဏ် တို့သည် ငါ၌လည်းရှိကုန်၏"ဟု ထိုနတ်တို့ကိုသက်သေအရာ၌ထား၍ နတ်တို့၏သဒ္ဓါ အစရှိသောဂုဏ်နှင့်တူသော မိမိ၏သဒ္ဓါအစရှိသောဂုဏ်ကို အဖန်

http://www.dhammadownload.com


တလဲလဲ အောက်မေ့ခြင်းသည်သာ ဒေဝတာနုဿတိ ကမ္မဋ္ဌာန်း မည်သည်။ တောင်ပြုန်းမင်းညီနောင် စသော နတ်ကို အမြဲသတိရနေခြင်းကို ဒေဝတာနုဿတိဟု မဆိုလို၊ ထို့ကြောင့် မဖြစ်ပါ။ (၁၃၅၀-ခု အကြီးတန်း)

## ❐ အာဟာရေ ပဋိကူလသညာဖြစ်အောင် ဆင်ခြင်နည်း

သွားရခြင်း, ရှာမှီးရခြင်း, သုံးဆောင်ရခြင်းတို့ကို ဆင်ခြင်သည်။ (၁၃၅၆-ခု အကြီးတန်း)

# သပ္ပါယဘေဒ

## ❐ ကမ္မဋ္ဌာန်းဟူသည် ပုဂ္ဂိုလ်အားလုံးနှင့် သင့်လျော်ပါလျက် သပ္ပါယဘေဒကို ဆိုခြင်းအကြောင်း

ဖြောင့်ဖြောင့်ဆန့်ကျင်သည်ဖြစ်၍ သက်ဆိုင်ရာ စရိုက် ရှိသူနှင့် အလွန်သင့်လျော်သော ကမ္မဋ္ဌာန်းများကို ခွဲဝေပြလိုသောကြောင့် သပ္ပါယဘေဒကို ဆိုသည်။

(၁၃၆၃-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ အစွဲလန်းကြီးသူအား သင့်လျော်မည့်ကမ္မဋ္ဌာန်း

စံရိတ္တာသု ပန ဒသ အသုဘာ ကာယဂတာ သတိ သင်္ခါတာ ကောဋ္ဌာသဘာဝနာ ရာဂစရိတဿ သပ္ပါယာ-ကို ထောက်၍ အသုဘ ၁၀-ပါး၊ ကာယဂတာသတိဟု ဆိုအပ်သော ကောဋ္ဌာသဘာဝနာ ၁-ပါး၊ ပေါင်း ၁၁-ပါး။ (၁၃၆၁-ခု အလတ်တန်း)

## ❒ လောဘရမ္မက်ငြိမ်းရန် အားထုတ်သင့်သော ကမ္မဋ္ဌာန်း

အသုဘ ၁၀-ပါး၊ ကာယဂတာသတိ။

(၁၃၆၁-ခု အကြီးတန်း)

## ❒ မော်ဒယ်ဂဲလ်ကို စွဲလန်းနေသော ဦးလေးကြီးနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း

အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ ပေါင်း ၁၁- ပါး။

## ❒ ဟာကျောကင်းပျောက်ရန် ပွားများရမည့် ကမ္မဋ္ဌာန်း

အသုဘ ၁၀-ပါး၊ ကာယဂတာသတိ ဟူသော ကောဋ္ဌာသဘာဝနာ ၁-ပါး၊ ပေါင်း ၁၁-ပါး။

(၁၃၆၁-ခု အကြီးတန်း)

http://www.dhammadownload.com


## ❑ အသုဘကမ္မဋ္ဌာန်း ပေးသင့်သူ

ရာဂ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ရာဂစရိုက်ရှိသူအား အသုဘကမ္မဋ္ဌာန်း ပေးသင့်ပါသည်။ (၁၃၆၁-ခု အကြီးတန်း)

## ❑ ကာမဂုဏ်ခင်မင်သူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း

အသုဘ ၁၀-ပါး၊ ကာယဂတာသတိ။

မှတ်ချက်။ ။ အများဆိုင်ဖြစ်သော ဘူတကသိုဏ်း ၄-ပါး၊ အာကာသ၊ အာလောက၊ အာရုပ္ပ ၄-ပါး၊ ဤ ၁၀-ပါးလည်း ရနိုင်ပါသည်။ (၁၃၆၂-ခု အကြီးတန်း)

## ❑ ရာဂစရိုက်ရှိသူစသည်တို့အား သင့်လျော်သော ကမ္မဋ္ဌာန်းများ

ရာဂစရိုက်ရှိသူသည် ရာဂအားကြီးသောကြောင့် ဗီဒီယို ရုပ်ပုံလွှာများကို သုဘအားဖြင့် ရှုမြင်ပါသည်။ မောဟစရိုက်ရှိသူသည် မောဟအားကြီးသောကြောင့် တွေဝေငိုက်မျဉ်း နေတတ်သည်။ ဝိတက်စရိုက်ရှိသူသည် ဝိတက်အားကြီးသောကြောင့် တောင်တောင် ဤဤ ကြံစည်စဉ်းစားနေတတ်ပါသည်။ သဒ္ဓါစရိုက်ရှိသူကား လှူဒါန်းလိုစိတ် ဝမ်းသာစိတ်များ ဖြစ်နေတတ်ပါသည်။

(၁၃၆၂-ခု အကြီးတန်း)

http://www.dhammadownload.com


## ❒ ရာဂကိလေသာစရိုက်ရှိသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းများ

အသုဘ ၁၀-ပါး၊ ကာယဂတာသတိ။

(၁၃၅၄-ခု အကြီးတန်း)

## ❒ ဒေါသကိလေသာစရိုက်ရှိသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းများ

နီလစသော အရောင်ကသိုဏ်း ၄-ပါး၊ အပ္ပမညာ ၄-ပါး။

(၁၃၅၄-ခု, ၆၂-ခု အကြီးတန်း)

## ❒ စရိုက်ရှိသူများနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းများ

၁။ အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိသည် ရာဂ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ရာဂစရိုက်ရှိသူနှင့် သင့်လျော်သည်။

၂။ နီလ စသော အရောင်ကသိုဏ်း ၄-ပါးနှင့် အပ္ပမညာ ၄-ပါးတို့သည် ဒေါသကိုပယ်ကြောင်းလည်း ဖြစ်၊ မညှင်းဆဲမှုကိုလည်း အာရုံပြုသောကြောင့် ဒေါသ စရိုက်ရှိသူနှင့် သင့်လျော်သည်။

၃။ အာနာပါနဿတိသည် ပညာ၏ အာရုံအဖြစ်ဖြင့် မောဟ၏ ဆန့်ကျင်ဘက်လည်းဖြစ်, ဝိတက်ပြေးသွားမှုကို တားမြစ်တတ်သည်လည်းဖြစ်သောကြောင့် မောဟစရိုက် ရှိသူ, ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်သည်။

http://www.dhammadownload.com


၄။ ဗုဒ္ဓါနုဿတိ စသော ၆-ပါးသည် သဒ္ဓါ ပွားကြောင်းဖြစ်သောကြောင့် သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်သည်။

၅။ မရဏာနုဿတိ, ဥပသမာနုဿတိ, သညာ, ဝဝတ္ထာန်အားဖြင့် ၄-ပါးသည် နက်နဲ၍ ဉာဏ်ပညာအရာ ဖြစ်သောကြောင့် ဗုဒ္ဓိစရိုက်ရှိသူနှင့် သင့်လျော်သည်။

၆။ ပ, အာ, တေ, ဝါ ဟူသော ဘူတကသိုဏ်း ၄-ပါး၊ အာကာသ, အာလောက, အာရုပ္ပ ၄-ပါးအားဖြင့် ၁၀-ပါးသည် စရိုက်အားလုံးနှင့် သင့်လျော်သည်။

(၁၃၆၁-ခု, ၆၂-ခု, ၆၃-ခု အကြီးတန်း)

## ၁ စရိုက် ၆-ပါးကို ကမ္မဋ္ဌာန်း ၄၀ နှင့် တွဲစပ်ပုံ

ရာဂစရိုက် – အသုဘ ၁၀-ပါး,ကာယဂတာသတိ။

ဒေါသစရိုက် – အပ္ပမညာ ၄-ပါး, နီလစသော ကသိုဏ်း ၄-ပါး၊

မောဟစရိုက်, ဝိတက်စရိုက် – အာနာပါန၊

သဒ္ဓါစရိုက် – ဗုဒ္ဓါနုဿတိ စသော ၆-ပါး၊

ဗုဒ္ဓိစရိုက်–မရဏာနုဿတိ, ဥပသမာနုဿတိ, သညာ, ဝဝတ္ထာန်။

ကြွင်းသော ၁၀-ပါးသည် စရိုက်အားလုံးနှင့် သက်ဆိုင်သည်။ (၁၃၃၉-ခု အငယ်တန်း)

http://www.dhammadownload.com


## ❑ သံသဂ္ဂ၏ အစွမ်းဖြင့်ရှိသော စရိုက်များ

သမာနဝါဒအားဖြင့် စရိုက် ၆၃-ပါး၊ ကေစိဝါဒ အားဖြင့် စရိုက် ၆၄-ပါး။ (၁၃၆၃-ခု အကြီးတန်း)

## ❑ အဖြူရောင်နှင့် ငြိမ်းချမ်းရေး

အပွမညာလေးပါးနှင့် နီလစသော အရောင်က သိုဏ်းများသည် ဒေါသစရိုက်ရှိသူနှင့် သင့်လျော် သောကြောင့် အဖြူရောင်သည် ငြိမ်းချမ်းရေးသဘောကို ဆောင်သည် ဆိုသောစကား မှန်ပါသည်။

သာဓက - စတဿော အပ္ပမညာယော နီလာဒီနိ စ စတ္တာရိ ကသိဏာနိ ဒေါသစရိတဿ။

(၁၃၆၁-ခု အကြီးတန်း)

## ❑ ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း ၆-ပါး သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်ခြင်းအကြောင်း

သဒ္ဓါပွားခြင်း၏ အကြောင်းဖြစ်သောကြောင့် ဗုဒ္ဓါ နုဿတိ စသော ၆-ပါးသည် သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်သည်။ (၁၃၆၁-ခု အကြီးတန်း)

## ❑ မေတ္တာတရား လက်ကိုင်ထားသင့်သောပုဂ္ဂိုလ်

ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်။

http://www.dhammadownload.com


### ❑ မေတ္တာစွမ်းအင်ကြောင့် ရနိုင်သောဈာန်

အောက်ဈာန်လေးပါးကို ရစေနိုင်သည်။

(၁၃၆၁-ခု အကြီးတန်း)

### ❑ အာနာပါနုဿတိကမ္မဋ္ဌာန်း ပေးသင့်သူ

ဉာဏ်ပညာ၏ အာရုံဖြစ်သည့်အတွက် မောဟ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် မောဟစရိုက်ရှိသူအား လည်းကောင်း၊ ဝိတက်ပြေးသွား.ခြင်းကို တားမြစ်တတ်သောကြောင့် ဝိတက်စရိုက်ရှိသူအားလည်းကောင်း အာနာပါနကမ္မဋ္ဌာန်းကို ပေးသင့်ပါသည်။

(၁၃၆၁-ခု အကြီးတန်း)

### ❑ မောဟစရိုက်ရှိသူအတွက် ပုထုလကသိုဏ်းဝန်း သင့်လျော်ခြင်းအကြောင်း

ကျဉ်းမြောင်းသောအရပ်၌ စိတ်သည် အတိုင်းထက် အလွန် တွေဝေတတ်သောကြောင့် မောဟစရိုက် ရှိသူ အတွက် ပုထုလကသိုဏ်းဝန်းသင့်လျော်သည်။

(၁၃၅၀-ခု, ၆၁-ခု အကြီးတန်း)

http://www.dhammadownload.com



## ❑ ဝိတက်စရိုက်ရှိသူအတွက် ခုဒ္ဒက ကသိုဏ်းဝန်း သင့်လျော်ခြင်းအကြောင်း

ကျယ်သောအာရုံသည် ဝိတက်တည်းဟူသော ပြေးသွားခြင်း၏အကြောင်းဖြစ်သောကြောင့် ဝိတက်စရိုက်ရှိသူအတွက် ခုဒ္ဒက ကသိုဏ်းဝန်း သင့်လျော်သည်။

(၁၃၅၀-ခု, ၆၁-ခု အကြီးတန်း)

## ❑ သောတာနီ ပန သမ္ဗာနိပိ ကမ္မဋ္ဌာနာနိတို့၌ သေသအပါဒါန်

အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အပ္ပမညာ၄-ပါး၊ နီလစသော ဝဏ္ဏကသိုဏ်း ၄-ပါး၊ အာနာပါန၊ ဗုဒ္ဓါနုဿတိ ၆-ပါး၊ မရဏာနုဿတိ၊ ဥပသမာနုဿတိ သညာ၊ ဝဝတ္ထာန် ပေါင်း ၃၀-ပါး။

သေသအရ-ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဘူတကသိုဏ်း ၄-ပါး၊ အာကာသ၊ အာလောက၊ အာရုပ္ပ ၄-ပါး၊ ပေါင်း ၁၀-ပါး။

(၁၃၆၃-ခု အကြီးတန်း)

## ဘာဝနာဘေဒ

## ❑ ချာန်မရနိုင်သော ကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ စသော ၈-ပါး၊ သညာ၊ ဝဝတ္ထာန်၊ ပေါင်း ၁၀-ပါး။ (၁၃၆၁-ခု, ၆၂-ခု အကြီးတန်း)

http://www.dhammadownload.com



### ❐ ဈာန်ရနိုင်သော ကမ္မဋ္ဌာန်း

ကြွင်းသောကမ္မဋ္ဌာန်း ၃၀-တို့ဖြစ်ပါသည်။

(၁၃၆၂-ခု, ၆၁-ခု အကြီးတန်း)

### ❐ ဘုရားဂုဏ်တော်များကို ပွားများလျှင် ဈာန်, မဂ်, ဖိုလ် မရ

